နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## လယ်တီဘဒ္ဒန္တ ဇောဂရာဘိဝံသ မဟာထေရ်



# လယ်တီဝိပဿနာအမှတ်(၉)

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

အမှန်တရားသည်အောင်ခြင်း

သစ္စာ မေတ္တာ

မိခင်ရေဝတီ

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၂၀၁၆၁၀၃၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၁၇၃၀၃၀၈ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ရက်စွဲ | ၂၀၀၈ခုနှစ်၊ ဩဂုတ်လ။ |
| တန်ဖိုး | ၃၅၀၀ ကျပ် |
| စီစဉ်သူ | ဒေါ်ရွှေဝါစိုး<br>**(မိခင်ရေဝတီစာအုပ်တိုက်)** |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း (မြဲ-၀၃၉၈၁) |
| ကွန်ပျူတာစာစီ | နာဂလိုဏ်ဂူကျောင်းတိုက် |
| မျက်နှာဖုံးဒီဇိုင်း | အောင်ကိုမင်း |
| အတွင်းဖလင် | ကိုဦး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေခြသေ့်ပုံနှိပ်တိုက် (မြဲ-၀၅၄၁၇) |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |



Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**


11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website:http://www.budaedu.org


**This book is strictly for free distribution, it is not for sale.**

ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာစခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီးနောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ်ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော် အသစ်တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသောအဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန်သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်းကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော်အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင်ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါလိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်းနည်းဟောင်းသာ ဖြစ်ပါသည်။

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ **“လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်”။**

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသင်္ချေအနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ဗြဟ္မာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်းတစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စားကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန်သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသောအချိန်ကစ၍ စက်ရှိန်စက်အားဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဃရီမိတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသအရှင်မြတ်က- **"ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ**

**နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏"**ဟူ၍ အာသဘိဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျှက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်းပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့၊ ကလေးဝ တောရစာသင်တိုက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရင်တတ်မြောက် ရောက်ရှိ ရရှိတော်မူလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဒွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် **"သူမတူ"** တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်(၇)ရက် တရားစခန်း (၁၀၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ **"သူမတူ"** တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်း ဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသ တရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၃၃/က) လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားခန်းများ ကျင်းပရာတွင် ပဋ္ဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီး ဖြစ်ပါသည်။

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌမတွဲ၊ သတ္တမတွဲ၊ အဋ္ဌမတွဲကို ဓမ္မဒါန ထုတ်ဝေပြီး ဖြစ်ပါသည်။ ယခု တစ်ဖန် လယ်တီဝိပဿနာ အမှတ်(၉)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာ အရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာ အရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရား အားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော

ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင်လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်း အနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့ဩစွာ တွေ့ရှိရပါသည်။

- သတိပေးနေပြီ
- သတိပဋ္ဌာန်တရားက အဓိက
- သိဒ္ဓိဆေး
- မထေရ်သုံးပါး
- မကောင်းကျောင်းပို့

- မြေငလျှင်လှုပ်
- အလိမ္မာ (၂)မျိုး
- သာမညဖလအခါတော်နေ့
- ဒေဝဒတ်ရဲ့အမှားကြီး (၉)မျိုး
- ခင်ပွန်းကြီး (၁၀)ပါး
- အဇာသတ်ဆရာရွေးပွဲ

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရ သည်။

**မဟာကာရုဏိကံ နာထံ**
**ဉေယျသာဂရ ပါရဂုံ**
**ဝန္ဒေနိပုဏ ဂမ္ဘီရံ**
**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာ တော်ကို -

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊
(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော့။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ် ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္ထ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊
(၂) သဗျဉ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

(၃) ကေဝလပရိပုဏ္ဏ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံ ပြည့်ဝခြင်း၊

(၄) ပရိသုဒ္ဓ ဗြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သောပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ- ပထမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္ထဒီပနီကျမ်းပြု မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာဓက စသော စကားဝါကျ အသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ် ထပ်၊ ပုဒ်ဟောစပ်"** ဟူသော ပဒဝါကျ သမ္ဗန္ဓယောဇနာ နည်းစနစ် (၆)မျိုးကို

ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထား ခွဲခြားစေ့စပ် သပ်ရပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိဿယကို ကောင်းစွာ အာဂုမ်ရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ၊ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကဓရ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမား လယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ်ထပ်၍ ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမတော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များအား မီးလောင်ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏားဆဲသမျှလက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီအား သူတို့ထက် အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်းပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှုတ်လုံးသွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူလေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည် -

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မူ ကျင့်သူကင်းလိမ့်မည်။

- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏ သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ သည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(က) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာပဲ။

( ခ) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာပဲ။

( ဂ) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူ သည်။

ဤသို့စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင် ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ်ကြည်ညို မှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါ သည်။

**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ကေမူလာ ကေက္ခန္ဓော၊ တထောသာခါ ပဘိင္ကရေ**
**တထာပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိင္ကရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတု၊ နဟိသေဝေယျ သင္ကနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်

သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျားၵ္မှုကား -

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + သြနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွှတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲဆည်းကပ် ကျင့်သုံးရာ၏။

သောဂတ + အည + သြနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွှတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်၊ မုံရွာမြို့။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရကျောင်းစာသင်တိုက်
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဇဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)
မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်
ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၏

## ဘဝဖြစ်စဉ်

**ဇာတိဌာန မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဥ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် - မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာ ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်သည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တ ကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်)

- အရှင်ဩဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်း တိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဓ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသီရိ (ယခု နိုင်ငံတော် ဩဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီ တိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ် တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှ အဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ်နှင့် ညဥ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့် ဖြစ်သည်။

**ရဟန်းဒါယကာ ဒါယိကာမများ**

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင် ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဇေယျသုခဆန်စက် ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်း လေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၈)ကြိမ်တိုင်တိုင် သိက္ခာ ထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရဟန်း(၁)ဝါရတွင် ပထမဆုံး ရဟန်းဒါယကာက ဝိဇ္ဇာမဂ္ဂဒီပနီတိုက် စာချကျောင်း ဆောက်လုပ်လှူဒါန်း ခဲ့သည်။

**ပခုက္ကူစာသင်နည်း**

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင် ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျှက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ **“သုဝဏ္ဏဝတီတိုက်”**ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာယိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်

တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူ ရရှိခဲ့သည်။

**မန္တလေးစာသင်နည်း**

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း၊ ရွှေရေးဆောင် နည်းကို သင်ယူခဲ့သည်။

**လားရှိုးမြို့**

၁၃၂၁ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သောစာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် **"ပထမ"**ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် **"ပထမငယ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမလတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့၊ သပြေပင်တောရ ကျောင်း ပါဠိပါဠိမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမ အဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင် ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန် နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း(၁)ဝါရတွင် **"ပါရာဇိကဏ်"**ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း(၂)ဝါရအတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ် သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံ လက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ"** ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"** ရေးဖြေ စာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကာကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပချီးမြှောက်မှုခံခဲ့ရသည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ(၂၂၆၀)ပါရှိသော ဝိနယပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနဓဇအောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း(၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ်ပါရှိသော သာသနဓဇ အောင်လံတော် **"ဝိနယကောဝိဒ"** ဘွဲ့ပုံလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် **"ဂုဏ်ပြုပူဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီနိကာယဉက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဉက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဉက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြု လက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ

ကျရှုံးခြင်းမရှိပဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ငြားလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"

"လူအညံ့စား ကိုယ့်အားမပိုင်"

"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"

"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့် ပေးတော်မူခဲ့သည်။

**နိုင်ငံတော်အစိုးရထံမှရရှိခဲ့သည့်ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၄)ခု ဂုဏ်ပြုဘွဲ့တံဆိပ်များ**

ပရိယတ္တိစာပေများ နှစ်ပေါင်း(၄၀)ကျော် ပို့ချလျက် သာသနာ့ တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့် -

- ၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့က **"အဂ္ဂမဟာဂန္ထဝါစက"** ပထမစာချဘွဲ့ တံဆိပ်တော်၊
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော် များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ**

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် **"ရာပြည့် အထိမ်းအမှတ်" "မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ**

**ဂဏအနု နာယက"** ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့် အထိမ်းအမှတ် **"မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏမဟာနာယက"** ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓာတ်ပုံကြီး(၄)ပုံ ကူးယူပူဇော်ခဲ့သည်။

**မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏဝိသိဋ္ဌဘွဲ့**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီးသည် ပရိယတ္တိသာသနာတော်အကျိုး ဆောင်သယ်ပိုးရန် ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သကျသီဟ အသင်းကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေးဝဆရာတော်အား **"ပရိယတ္တိသာသနဟိတဓရ"**ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)ဖြစ်၍

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

**ကျမ်းဂန်ရေးသားပြုစုခြင်း**

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) တို့ကို ရေးသားပြီး ဓမ္မဒါန လှူဒါန်းခဲ့သည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း**

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်းအာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင်ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ်ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထားကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့၊ မြသိန်းတန် စာသင်တိုက်၊

- ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့၊ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့၊ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း၊ ယောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ၊ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့၊ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့၊ သမဂ္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးဗြဲ လယ်တီတောရရိပ်သာ၊
- တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်း၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း(၄)ဝါရမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

## နာဂလိုဏ်ဂူ ကလေးဝဆရာတော်
## ယနေ့ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း(၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ **"ကျောင်း"**အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

ကျောင်း(၅)မျိုးက-

၁။ တရားရိပ်သာကျောင်း၊

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်ကြီးများ၊

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ၊

၄။ အကြည်ညိုခံသာသနာပြုကျောင်း၊

၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ်(၁၊ ၃၊ ၄၊ ၅) အမျိုးအစားကျောင်းတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂)အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မား စေတော်မူလျှက် ရှိသည်။

**နံပါတ်(၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်းဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား

ကလေးသူငယ်များအား **“စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ”** ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျက် ရှိသည်။

**နံပါတ်(၁)တရားရိပ်သာကျောင်း**

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်းတစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခေတ်အလင်းရောင်ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၁၁၅)ကြိမ်၊ အခြားဌာနပေါင်း (၁၄၀)ကျော်တို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

**နံပါတ်(၄)အမျိုးအစားစာသင်တိုက်**

၀၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်းသင်ပြခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူသည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် ပထမအကြိမ်မြို့နယ်ဝန်ဆောင်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် (၁၆-၆-၉၁)နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့၊ (၅-၃-၂၀၀၁)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက် စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၄-၃-၂၀၀၅)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင်(၁)

တာဝန်ထပ်မံထမ်းဆောင်တော်မူသည်။ ဆဋ္ဌမအကြိမ်၊ ပဌမ ၂၅ ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ ၁၃၆၈ ခု၊ တပေါင်းလဆန်း (၁၄)ရက် (၁-၄-၂၀၀၇)နေ့မှစ၍ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန်ကို ထပ်မံ ထမ်းဆောင်တော်မူသည်။

**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး သည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့် အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာဓာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကား ပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက် ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူလျှက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ် ဓမ္မဒါနပြုတော် မူသည်။ မစိုးရိမ်ရာပြည့်ပွဲ ၌ ဒီပနီပေါင်းချုပ် အင်္ဂလိပ်-မြန်မာ (၃)ကျမ်းတွဲကို အုပ်ရေ(၂၀၀၀) ရိုက်နှိပ် ဓမ္မဒါနပြုတော်မူခဲ့သည်။

**လယ်တီဝိပဿနာပြန့်ပွားအရေးအဖွဲ့**

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူ ခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူ ခဲ့သည်။ ဌာနပေါင်း (၁၄၀)ကျော် တို့၌ တရားစခန်းများ ဖွင့်စေတော်မူ ခဲ့သည်။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည်တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများ ပြုပြင်ထီးတော်တင်ခြင်း၊ အစိုးရ အထက်တန်းကျောင်းခွဲဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက် ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အန္တယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်း စောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျွတ္တဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရည်ဝါသီ ဓုတင်္ဂရေ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ် ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ (၁၉-၁၀-၂၀၀၂)နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျှက် သာသနာ တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ ပေးစွန့်ချီးမြှင့်တော်မူခဲ့သော ဘုရား၊ ကျောင်းတိုက်များနှင့် နိုင်ငံတော်အစိုးရနှင့် ဒကာဒကာမများ လှူဒါန်းသော ကျောင်းများကို လက်ခံရယူ၍ အမျိုးဘာသာသာသနာအကျိုး မျှော်ကိုးပြီး -

- စာသင်တိုက်
- တရားရိပ်သာ
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
- အမျိုးသမီးသီလရှင်ပညာရေးကျောင်းများ ဖွင့်လှစ်၍ စွယ်စုံသာသနာပြုတော်မူသည်။

ရရှိထားသော ကျောင်းတိုက်များနှင့် ပတ်သက်၍လည်း သူပိုင်ငါပိုင် ငြင်းခုန်ခြင်းဝိဝါဒ ဘေးကင်းဝေးစေရန် ကြိုတင်ဆောင်ရွက် စီမံတော်မူထားသည်။

၁။ ကျေးဇူးတော်ရှင် သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကို စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ပညာရေးကျောင်းဟု သုံးဌာနနယ်မြေ သီးခြားသတ်မှတ်ပေးလျှက် ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်တို့ အမြဲသုံးလျှက် ပညာရင်နို့သောက်စို့စေတော်မူသည်။

**စာသင်တိုက်**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးကို အလယ်ဗဟိုပြု ဦးခိုက်လျှက် ဘုရားမြောက်ဖက်ပိုင်း၌ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ယူပို့ချရာ "ကလေးဝတောရကျောင်းစာသင်တိုက်"ကို ၁၉၇၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သီးခြားစည်းမျဉ်းရေးဆွဲ၍ စာချစာသင် သီးခြားလက်ခံပြီး အုပ်ချုပ်ရေးသီးခြားထားလျှက် ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေး အားပေးဆောင်ရွက်တော်မူသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း**

နယ်စပ်ဒေသ၊ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ "နယ်စပ်ဒေသနှင့်တောင်းတန်းဒေသ ကလေးသူငယ်များ ကလေးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း"ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပြီး အာရာမာဓိပတိဆရာတော်၊ ပဓာနနာယကဆရာတော်တို့၏ လမ်းညွှန်မှုကို ခံယူလျှက် ကျောင်းအုပ်ဆရာတော်အား တာဝန်ယူစေသည်။ စေတီတော်မြတ်ကြီး၏ တောင်ဖက်ပိုင်း သီးခြားနယ်မြေထားလျှက် အစိုးရကျောင်းများနည်းတူ ကျောင်းသားလက်ခံသင်ကြားတော်မူသည်။ "စာကြိုးစား စကားနားထောင်"ဟူသော ဆောင်ပုဒ်ဖြင့် အုပ်ချုပ်စေလျှက် အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်တော်မူသည်။

**အမျိုးသမီးသီလရှင်ပညာရေးကျောင်း**

နာဂလိုဏ်ဂူဘုရားကုန်းမြေ၏ အဂ္ဂိထောင့် (၂)ဧကခန့်ရှိ မြေနေရာ၌ "နယ်စပ်ဒေသနှင့်တောင်တန်းဒေသဖွံ့ဖြိုးရေး" အမျိုးသမီးသီလရှင်သင်ပညာရေးကျောင်း နန္ဒမူရိပ်သာကို ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီးများ၊ ဆရာမကြီးများ အနီးကပ်အုပ်ချုပ်လျှက် "စားဝတ်နေ

ကျန်းမာပညာ” တာဝန်ယူလက်ခံသင်ကြားပြုစုပျိုးထောင်ပေးလျှက်ရှိသည်။

အဆိုပါသုံးဌာနတို့၌ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား ချီးမြှင့်ခဲ့သောကျောင်းများစွာ ရှိခဲ့သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်၏ နန်းစံသက် (၅၀)ပြည့် အထိမ်းအမှတ် ကထိန်ပွဲတော်ကျင်းပပြီး လှူဒါန်းအပ်သော အလျားပေ(၁၀၀)၊ အနံပေ( ၃၄)ရှိ (၂)ထပ်တိုက်၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “သုကုမာရမဂ္ဂဒီပနီကျောင်းဆောင်”

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “ဥတ္တမပုရိသဒီပနီသုံးထပ်ကျောင်းဆောင်”အတွက် သိန်း(၁၅၀)ကျော် လှူဒါန်းပြီးလျှင် ဆောက်လုပ်အပ်သော “သမ္မာဒိဋ္ဌိဒီပနီတိုက်ကျောင်း”

ဦးမောင်မောင်ခဆွေ + ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီးကေခိုင်ခ တို့က ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားကျောင်းတိုးချဲ့ဆောင်။

စက်ဘ်ပူရွှေကျောင်းဆရာတော်နှင့် တပည့်များက ဆောက်လုပ်လှူဒါန်းသော (၂)ထပ်တိုက်။

ထိုင်ဝမ် ထိုင်လံကျူစီအဖွဲ့က ဆောက်လုပ်လှူဒါန်းသော တစ်ထပ်တိုက်နှစ်လုံး အပါအဝင် (၃)ဌာနရှိ သာသနိကအဆောက်အဦတို့ကို အနွယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကဆရာတော်များအဖွဲ့အား နောက်ဆံမတင်းရန် လွှဲအပ်ထားပြီး၊ ယခုအခါကပင် သင်ကြားစီမံအုပ်ချုပ်ရေး ကျင့်သားရအောင် ဆောင်ရွက်တော်မူထားသည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ

ဓမ္မာစရိယအား လွှဲအပ်၍ ကျောင်းသား(၇၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေးဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် ရွှေရေးဆောင်ကျောင်းတိုက်၊ သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့အား တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ တောင်ကြီးမြို့ စွယ်တော်ကျောင်းတိုက်ကို (၂)ပါးပိုင်အပ်သဖြင့် ၁၃၆၈ ခုနှစ်မှစ၍ ဘ-က ပညာရေးကျောင်းဖွင့်ထားပါသည်။

၁၂။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆို အပ်နှံလှူဒါန်းခဲ့သည်ကို လက်ခံလျှက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်းအဆင့်မြင့် (၄၇)စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုမ်သင် အဆုံးအဖြတ်ခံယူ၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၁၀၀)ကြိမ်မြောက် ရှိခဲ့ပြီ။ အဆိုပါလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်အကောင်အထည်ဖော်ပြီး အန္ခယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ လွှဲအပ်ထားပြီးဖြစ်သည်။ အန္ခယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက်စေလျှက်ရှိသည်။

ဤသို့လျှင် ကလေးဝတောရဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန်

သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **“စွယ်စုံသာသနာပြု”** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

**ဆရာတော်၏အစိဋ္ဌာန် (၁)**

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်းငှါကြောင့်
အေးစေမည်။ ။

**ဆရာတော်၏အစိဋ္ဌာန် (၂)**

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငှါတန်ခိုးဖြင့်
ငှါမျိုးငှါဆွေ ငှါတိုင်းပြည်နှင့်
ငှါမြေကမ္ဘာ ငှါခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့.**

# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပုခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံ ထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန်ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

**ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး**

နေဝန်း၊ လဝန်း၊ ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါ

သည်။ သာသနာတော်တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

## အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ်အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာအမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ်ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဉ္စလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျှက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင်မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြရသည်။

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျှင်လျှင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၆)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဉာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမူ ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေဌာ ပြုကျင့် ရာ၏။

၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလို ဆန္ဒ ပြည့်ဝစေငှာ ဗောဓနေယျံ ဂါထာပြန်လျှင် အံ့ဝင်ခွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး -

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**
**ခဏေန ဥပဂန္တွ၊ ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင်ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမျုးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာ၀သီ သမ္မီဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွှတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း။
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။

## "ဤခေတ်ဖွားရှင် သတိဆင်လော့"


ကျောက်သံကြေးဟူ အဏုမြူဟု
နူးကလီးယားခေတ်စားစား၌ ခေတ်အားလျှော်စွာ
ပညာနုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံလျှက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျှက်

(43)

# နိဒါန်း (ကည)

ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ဓာတ်မှန်ခေတ်တည့်
လျှပ်စစ်လှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နို့သက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ
ငါနှင့်မတူ င့ါရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမူ သယမ္ဘူနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

# ခြင်္သေ့ပုံရှိ မြတ်ယောဂီ



တိတ္ထိအယူမှား ရောင်ကြည်ရှား၍
ဘုရားသာသနာ ကြည်ညိုလာသည့်
ဓမ္မာသောက မင်းမြတ်လုသည်
ရှင်ပြကြည်ပွား ယုံကြည်အားကြောင့်
တရားအစ အာရုံပြုရည်
စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်
ကျောင်းပေါင်း ရှစ်သောင်းလေးထောင်
ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်
များမြောင်ဒါန ပြုပြီးမှလျှင်
တတိယသင်္ဂါယနာ ဒါယကာခံယူ ကျောက်စာထူခဲ့
ဘုရားသာသနာ ပြုကြရာဝယ်
လေးဖြာဝန်ထမ်း ပုံရိပ်မှန်းဖို့
ထူးဆန်းအံ့လောက် ပုံတည်ဆောက်စေ့
ခြင်္သေ့ဂုဏ်ရှိန် ချင့်နိူင်းချိန်သော်

၁။ ရောင်ရှိန်ဖြူဖွေး ညစ်ကြေးမတင် သန့်ရှင်းစင်သို့
မတင်ညစ်ကြေး ဖြူဖြူဖွေးသည့် ညစ်ကြေးကင်းရှင်း
ဖြူစင်စိတ်ထား ယုံမှားတွေဝေ ကင်းစင်စေ၏။
၂။ လေးချောင်းအခြေ ရဲရင့်လေ၍ မသွေလမ်းကြောင်း
သွားလာမောင်းသို့ ခြေကောင်းဣဒ္ဓိ လေးအင်ရှိရ။
၃။ လှုပတင့်တယ် ရှုစဖွယ်တည့် လည်ဆံရှိသို့ လှဘိသီလ။
၄။ သက်မျှသေစေ မညွှတ်လေသို့ လေးထွေပစ္စည်း
ရှားပါးနည်းလည်း မည်သည့်အောက်မျှ မညွှတ်ခရာ။
၅။ ရလာသမျှ ပစ္စည်းမသိမ်းဆည်း ရောင်ကြည်။

၆။ စဉ်တိုင်းသာဖြင့် ရရာရာလွေး သားမရွေးသို့ ရောက်ရေးအိမ်စဉ် မကျော်လွန်ပဲ ခန္ဓာဝန်မျှရုံ သုံးဆောင်တုံ၏။

၇။ ရ,တုံမရ ပူတောင့်တကင်း ခြသေ့်မင်းသို့ ဉာဏ်သွင်းပညာ ဆင်ခြင်ကာဖြင့် ရလာသမျှ ပစ္စည်း ဗူးသီးကြွက်ကိုက် အလိုက်အထိုက် သုံးဆောင်ကြိုက်ဟု အမြိုက်ခေါင်ဖျား မြတ်ဘုရားဟော-

**သန္တုဋ္ဌော ယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန ပိဏ္ဍပါတေန ဣတရီတရပိဏ္ဍပါတ သန္တုဋ္ဌိယာစ ဝဏ္ဏဝါဒီ။ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပဋိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊ လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော အာဒီနဝဒဿဝီ နိဿရဏပညော ပရိဘုဥ္ဇတိ။**

စရိုဒေသနာ လေးမြတ်စွာဖြင့် (၇)ဖြာဂုဏ်အင် ပြည့်စုံလင်ရေး ဦးစားပေး အလေးထားခါ ကျင့်ကြံကုန်ရာသတည်း။

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာစာတ်အလင်းရောင်ပေးတော်မူခဲ့သော
လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

## ' ပိဋကတ်သုံးပုံ ဓမ္မစေတီ'

## ဘုရားရှိခိုးကြီး

တေန ဘဂဝတော ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊
၂။ မဇ္ဈေ ကလျာဏာနိ၊
၃။ ပရိယောသာန ကလျာဏာနိ၊
၄။ သာတ္ထာနိ၊
၅။ သဗျဉ္ဇနာနိ၊
၆။ ကေဝလပရိပုဏ္ဏာနိ၊
၇။ ပရိသုဒ္ဓါနိ၊
၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊
၉။ အတ္ထဂမ္ဘီရာနိ၊
၁၀။ ဓမ္မဂမ္ဘီရာနိ၊
၁၁။ ဒေသနာဂမ္ဘီရာနိ၊
၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊
၁၃။ သီလက္ခန္ဓ ဘာဇနာနိ၊
၁၄။ သမာဓိက္ခန္ဓ ဘာဇနာနိ၊

၁၅။ ပညက္ခန္ဓဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္ဘောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေ ကလျာဏာနံ ပရိယာသာနကလျာဏာနံ သာတ္ထာနံ သဗျဥ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံ ဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္ဘောဓသံဝတ္တနိကာနံ ဝိရာဂသံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တ နိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျှက်ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ-

## မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

### ဝိနယ

| | |
|---|---|
| ၁။ ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ |
| ၂။ ပါစိတ္တိယပါဠိ | ၄၇၀ |
| ၃။ မဟာဝဂ္ဂပါဠိ | ၅၁၁ |
| ၄။ စူဠဝဂ္ဂပါဠိ | ၅၀၈ |
| ၅။ ပရိဝါရပါဠိ | ၃၉၀ |
| | ၂၂၆၀ |

♣♣♣♣♣

### မဇ္ဈိမနိကာယ

| | |
|---|---|
| ၉။ မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၁၀။ မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၁၁။ ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| | ၁၂၀၆ |

♣♣♣♣♣

### ဒီဃနိကာယ

| | |
|---|---|
| ၆။ သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ |
| ၇။ မဟာဝဂ္ဂပါဠိ | ၂၈၃ |
| ၈။ ပါထိကဝဂ္ဂပါဠိ | ၂၆၀ |
| | ၇၇၉ |

♣♣♣♣♣

### သံယုတ္တနိကာယ

| | | |
|---|---|---|
| ၁၂။ သံယုတ္တပါဠိ | (ပ) | ၄၇၂ |
| ၁၃။ ။ | (ဒု) | ၅၆၇ |
| ၁၄။ ။ | (တ) | ၄၁၅ |
| | | ၁၄၆၄ |

♣♣♣♣♣

## အင်္ဂုတ္တရနိကာယ

| | | |
|---|---|---|
| ၁၅။ | အင်္ဂုတ္တရပါဠိ (ပ) | ၅၈၀ |
| ၁၆။ | ။ (ဒု) | ၅၁၃ |
| ၁၇။ | ။ (တ) | ၅၅၈ |
| | | ၁၆၅၁ |

♣♣♣♣♣

## အဘိဓမ္မာ

| | | |
|---|---|---|
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိ | ၂၉၈ |
| ၁၉။ | ဝိဘင်္ဂပါဠိ | ၄၅၃ |
| ၂၀။ | ဓာတုကထာ<br>ပုဂ္ဂလပညတ္တိ | |
| ၂၁။ | ကထာဝတ္ထုပါဠိ | ၄၅၄ |
| ၂၂။ | ယမကပါဠိ (ပ) | ၂၆၅ |
| ၂၃။ | ။ (ဒု) | ၃၁၆ |
| ၂၄။ | ။ (တ) | ၃၃၀ |
| ၂၅။ | ပဋ္ဌာနပါဠိ (ပ) | ၄၆၄ |
| ၂၆။ | ။ (ဒု) | ၄၉၃ |
| ၂၇။ | ။ (တ) | ၆၀၅ |
| ၂၈။ | ။ (စ) | ၆၃၆ |
| ၂၉။ | ။ (ပဉ္စ) | ၄၈၈ |
| | | ၄၉၈၇ |

♣♣♣♣♣

## ခုဒ္ဒကနိကာယ

| | | |
|---|---|---|
| ၃၀။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ၄၁၉ |
| ၃၁။ | ခုဒ္ဒကပါဠိ<br>ဓမ္မပဒပါဠိ<br>ဥဒါနပါဠိ<br>သုတ္တနိပါတပါဠိ | ၄၅၅ |
| ၃၂။ | ဝိမာနဝတ္ထုပါဠိ<br>ပေတဝတ္ထုပါဠိ<br>ထေရဂါထာပါဠိ<br>ထေရီဂါထာပါဠိ | ၄၃၅ |
| ၃၃။ | အပဒါနပါဠိ (ပ) | ၄၄၅ |
| ၃၄။ | ။ (ဒု)<br>ဗုဒ္ဓဝံသပါဠိ<br>စရိယာပိဋကပါဠိ | ၄၂၀ |
| ၃၅။ | မဟာနိဒ္ဒေသ | ၄၁၀ |
| ၃၆။ | စူဠနိဒ္ဒေသပါဠိ | ၃၀၇ |
| ၃၇။ | ဇာတကပါဠိ (ပ) | ၄၀၀ |
| ၃၈။ | ။ (ဒု) | ၃၇၈ |
| ၃၉။ | နေတ္တိပါဠိ<br>ပေဋကောပဒေသပါဠိ | ၃၄၁ |
| ၄၀။ | မိလိန္ဒပဉှာပါဠိ | ၄၀၈ |
| | | ၄၄၁၈ |

♣♣♣♣♣

## ဝိနယအဋ္ဌကထာ

| | |
|---|---|
| ၁။ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) | ၃၄၆ |
| ၂။ ။ (ဒု) | ၃၁၂ |
| ၃။ ပါစိတျာဒိအဋ္ဌကထာ | ၄၃၇ |
| ၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ | ၂၆၅ |
| ၅။ ဝိနယသင်္ဂဟအဋ္ဌကထာ | ၄၆၈ |
| ၆။ ကင်္ခါဝိတရဏီအဋ္ဌကထာ | ၃၇၅ |
| | ၂၁၈၅ |

## ဒီဃနိကာယ

| | |
|---|---|
| ၇။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ၃၃၈ |
| ၈။ မဟာဝဂ္ဂအဋ္ဌကထာ | ၄၀၃ |
| ၉။ ပါထိကဝဂ္ဂအဋ္ဌကထာ | ၂၅၁ |
| | ၉၉၂ |

## မဇ္ဈိမနိကာယ

| | |
|---|---|
| ၁၀။ မူလပဏ္ဏာသအဋ္ဌကထာ(ပ) | ၃၉၈ |
| ၁၁။ ။ (ဒု) | ၃၂၀ |
| ၁၂။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | ၃၀၉ |
| ၁၃။ ဥပရိပဏ္ဏာသအဋ္ဌကထာ | ၂၅၄ |
| | ၁၂၈၁ |

## သံယုတ္တနိကာယ

| | |
|---|---|
| ၁၄။ သံယုတ္တအဋ္ဌကထာ (ပ) | ၃၂၅ |
| ၁၅။ ။ (ဒု) | ၃၂၄ |
| ၁၆။ ။ (တ) | ၃၄၁ |
| | ၉၉၀ |

## အင်္ဂုတ္တရနိကာယ

| | |
|---|---|
| ၁၇။ အင်္ဂုတ္တရအဋ္ဌကထာ (ပ) | ၄၁၆ |
| ၁၈။ ။ (ဒု) | ၃၉၇ |
| ၁၉။ ။ (တ) | ၃၅၇ |
| | ၁၁၇၀ |

## အဘိဓမ္မာ

| | |
|---|---|
| ၂၀။ အဋ္ဌသာလိနီအဋ္ဌကထာ | ၄၅၄ |
| ၂၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ | ၅၀၈ |
| ၂၂။ ပဉ္စပကရဏအဋ္ဌကထာ | ၄၉၉ |
| | ၁၄၆၁ |

## ခုဒ္ဒကနိကာယအဋ္ဌကထာ

| | |
|---|---|
| ၂၃။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) | ၃၄၅ |
| ၂၄။ ။ (ဒု) | ၃၂၃ |
| ၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ | ၂၁၆ |
| ၂၆။ ဓမ္မပဒအဋ္ဌကထာ (ပ) | ၄၄၇ |
| ၂၇။ ။ (ဒု) | ၄၅၆ |
| ၂၈။ ဥဒါနအဋ္ဌကထာ | ၃၉၂ |
| ၂၉။ ဣတိဝုတ္တကအဋ္ဌကထာ | ၃၅၅ |
| ၃၀။ သုတ္တနိပါတအဋ္ဌကထာ (ပ) | ၃၁၄ |
| ၃၁။ ။ (ဒု) | ၃၂၄ |
| ၃၂။ ဝိမာနအဋ္ဌကထာ | ၃၃၅ |
| ၃၃။ ပေတဝတ္ထုအဋ္ဌကထာ | ၂၇၀ |
| ၃၄။ ထေရဂါထာအဋ္ဌကထာ(ပ) | ၄၈၅ |
| ၃၅။ ။ (ဒု) | ၅၄၆ |
| ၃၆။ ထေရီဂါထာအဋ္ဌကထာ | ၃၀၅ |
| ၃၇။ အပဒါနအဋ္ဌကထာ(ပ) | ၃၅၂ |
| ၃၈။ ။ (ဒု) | ၃၀၃ |
| ၃၉။ ဗုဒ္ဓဝံသအဋ္ဌကထာ | ၃၅၄ |
| ၄၀။ စရိယာပိဋကအဋ္ဌကထာ | ၃၂၈ |
| ၄၁။ မဟာနိဒ္ဒေသအဋ္ဌကထာ | ၄၁၉ |
| ၄၂။ စူဠနိဒ္ဒေသအဋ္ဌကထာ | ၁၃၉ |
| နေတ္တိအဋ္ဌကထာ | ၂၇၆ |
| ၄၃။ ဇာတကအဋ္ဌကထာ (ပ) | ၅၃၈ |
| ၄၄။ ။ (ဒု) | ၄၀၈ |
| ၄၅။ ။ (တ) | ၅၁၇ |
| ၄၆။ ။ (စ) | ၅၀၄ |
| ၄၇။ ။ (ပဉ္စ) | ၅၅၃ |
| ၄၈။ ။ (ဆ) | ၃၃၂ |
| ၄၉။ ။ (သ) | ၃၈၇ |
| ၅၀။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ) | ၃၇၀ |
| ၅၁။ ။ (ဒု) | ၃၅၆ |
| | ၁၁၃၂၉ |

## ဝိနယဋီကာ


| | | |
|---|---|---|
| ၁။ | ဝဇိရဗုဒ္ဓိဋီကာ | ၅၈၅ |
| ၂။ | သာရတ္ထဒီပနီဋီကာ (ပ) | ၄၆၀ |
| ၃။ | ။ (ဒု) | ၄၄၈ |
| ၄။ | ။ (တ) | ၄၉၆ |
| ၅။ | ဝိမတိဝိနောဒနီဋီကာ (ပ) | ၃၆၂ |
| ၆။ | ။ (ဒု) | ၃၃၂ |
| ၇။ | ကင်္ခါဝိတရဏီပုရာဏဋီကာ | |
| | ကင်္ခါဝိတရဏီအဘိနဝဋီကာ | ၄၈၉ |
| | | ၃၇၈၂ |


## ဒီဃနိကာယဋီကာ


| | | |
|---|---|---|
| ၈။ | သီလက္ခန္ဓဝဂ္ဂဋီကာ | ၄၀၅ |
| ၉။ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ(ပ) | ၄၃၇ |
| ၁၀။ | ။ (ဒု) | ၅၀၀ |
| ၁၁။ | မဟာဝဂ္ဂဋီကာ | ၃၅၈ |
| ၁၂။ | ပါထိကဝဂ္ဂဋီကာ | ၂၉၂ |
| | | ၁၉၉၂ |


## မဇ္ဈိမနိကာယဋီကာ


| | | |
|---|---|---|
| ၁၃။ | မူလပဏ္ဏာသဋီကာ (ပ) | ၃၉၄ |
| ၁၄။ | ။ (ဒု) | ၃၂၄ |
| ၁၅။ | မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ | ၄၄၂ |
| | | ၁၁၆၀ |


## သံယုတ္တဋီကာ


| | | |
|---|---|---|
| ၁၆။ | သံယုတ္တဋီကာ (ပ) | ၃၄၅ |
| ၁၇။ | ။ (ဒု) | ၅၅၁ |
| | | ၈၉၆ |


## အင်္ဂုတ္တရဋီကာ


| | | |
|---|---|---|
| ၁၈။ | အင်္ဂုတ္တရဋီကာ (ပ) | ၂၈၈ |
| ၁၉။ | ။ (ဒု) | ၃၉၆ |
| ၂၀။ | ။ (တ) | ၃၇၁ |
| | | ၁၀၅၅ |


## အဘိဓမ္မာဋီကာ


| | | |
|---|---|---|
| ၂၁။ | ဓမ္မသင်္ဂဏီမူလဋီကာ | ၂၀၃ |
| | ဓမ္မသင်္ဂဏီအနုဋီကာ | ၂၂၀ |
| ၂၂။ | ဝိဘင်္ဂမူလဋီကာ | ၂၃၅ |
| | ဝိဘင်္ဂအနုဋီကာ | ၂၂၉ |
| ၂၃။ | ပဉ္စပကရဏမူလဋီကာ | ၂၄၈ |
| | ပဉ္စပကရဏအနုဋီကာ | ၃၂၃ |
| | | ၁၄၅၈ |


## ကျန်ဋီကာ


| | | |
|---|---|---|
| ၂၄။ | ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) | ၄၆၁ |
| ၂၅။ | ။ (ဒု) | ၅၃၅ |
| ၂၆။ | နေတ္တိဋီကာ | |
| | နေတ္တိဝိဘာဝိနီဋီကာ | ၃၅၆ |
| | | ၁၃၅၂ |

## သင်ရိုး ပိဋက
## ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| **စုစုပေါင်း** | **၂၀** | **၈၀၂၆** | **၁၀** | **၃၈၁၃** | **၁၄** | **၆၁၂၃** |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည် ဓမ္မစေတီ တော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရား တော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန် ညွှန်ပြ တရားဟော တရားပြတော်မူလျက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန် ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာ တို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရား တော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ ဟု သိအပ်၏။

**ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း**

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူ့ပြည်ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရားကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပင်တည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြပါသည်။

နှုတ်ဖြင့်ဆောင်သည် ရင်နို့ရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

**အဖြေကား-** နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင် ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဉ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာ ပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၆၀ ခန့် တည်ရှိ ထိန်းသိမ်းခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာ အချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ် ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျောက်ကြားခဲ့ပါသည်။ အနှစ်သာရ ပြည့်ဝသည်။ သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာစည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်း မှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်း လက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း (၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်း ဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ပြဲတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူပါစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်း ကုလားများက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင် မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန် မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြဲအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီး ခဲ့လေသည်"။

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက်ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန်အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်းအခြေအနေကို သုံးသပ်ရပေသည်။

ဤသို့ ပေမီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော်များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါတော့သတည်း။

♣♣♣♣♣

(57)

# ရတနသုတ္တ ပဏာမ

ဇာဂရာဘိ ဇာဂရန္တံ၊

ဇာဂရတ္တာယ ဝါစကံ။

ဇာဂရံ ဇာဂရာဘိဝံသံ၊

ဇာဂရတ္တံ နမေ အဟံ။ ။

အဟံ- ဆရာ့နှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် "ဇာဂရ" ဟူသော အကျွန်ုပ်သည်။ ဇာဂရတ္တာယ- မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ။ ဝါစကေ- သနားခြင်း ကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူး သိမြင် ဟောကြားတော်မူတတ်ပါကုန်သော။ ဇာဂရာဘိ ဇာဂရန္တေ- အစိုးတရ ပိုင်သနိုင်နင်း ကိလေ္လသာငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူပြီး နိုးကြားစေတော်မူတတ်ကုန်သော ဘုရား ရှင်တို့ကိုလည်းကောင်း။ ဇာဂရံ- အစိုးတရ ပိုင်သနိုင်နင်း ကိလေ္လသာငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကိုလည်း ကောင်း။ ဇာဂရာဘိဝံသံ- အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာ နှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း။ ဝါ၊ စံညာဂုနန် ဆင့်ရန်တတွေ သူငြေ သုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်၊ ပခုက္ကူ ဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွာသိရီမင်္ဂလာကျောင်း ဆရာတော် စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း။ ဇာဂရတ္တံ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား ငါးပါးနီဝရဏ အိပ်မောကျ လွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ကိလေ္လသာငါးပါး ပွားများခြင်း တို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင် ခြင်းကျိုးငှါ။ နမေ- ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရိုး ကော်ရော် မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ ဘုရား။

(59) # လယ်တီဝိပဿနာအမှတ်(၁၀)

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံတရားတော် | ၁ |
| တရားအားထုတ်၍ ချမ်းသာထူး၊ ချမ်းသာမြတ် ရှာဖွေပုံတရားတော် | ၁၆ |
| မုံရွာမြို့မဟာလယ်တီနဝမဆရာတော်ဘုရား၏ ဩဝါဒ | ၂၆ |
| နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု မကွေးဆရာတော်၏ တိပိဋကစာမေးပွဲအဖွင့်ဩဝါဒ | ၃၂ |
| - ဆန္ဒတော်ကြီးမား | ၃၄ |
| - ပြည့်စုံအောင်ကျင့်ကြံ | ၃၅ |
| နဝမလယ်တီဆရာတော်၏ဩဝါဒ | ၃၇ |
| - ဒွိဟိတ်နှင့်တိဟိတ် | ၃၇ |
| - ဉာဏ်မြင်အလုပ် အားထုတ်ပါ | ၄၀ |
| မွမ်းမံဖြည့်စွက် ညွှန်ကြားလွှာ | ၄၃ |
| - ပြုပြင်မွမ်းမံညွှန်ကြားချက်များ | ၄၄ |
| - လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယများ လိုက်နာရမည့်စည်းကမ်းများ | ၄၈ |

- လယ်တီဝိပဿနာ (၇)ရက်တရားစခန်း
  အကြိမ်(၁၀၀)မြောက် ရာပြည့်ပွဲတော်
  အခမ်းအနား၌ မိန့်ကြားအပ်သော ဩဝါဒ ၅၃
- ဝိပဿနာတရားတော်၏ထူးခြားချက် ၅၅
- (၇)ရက်တရားစခန်း သတ်မှတ်ချက် ၅၈
- ဝီရိယ (၃)မျိုး ၆၁

**အရှေ့လယ်တီဆရာတော်၏ ရာပြည့်ဩဝါဒ လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ (၆၅)နှစ်ပြည့် မွေးနေ့တရားတော်** ၆၆
- နန်းဦးဆရာတော် ၈၀
- သစ္စဝါဒီအဘိုးနှင့်ကလေးဝဆရာတော် ၈၁

**သကြံ့န်တရားစခန်းအောင်ပွဲဩဝါဒ** ၈၇
- အိမ်သုံးလုံးနဲ့နေကြ ၈၈
- ဝေဒနာကမ္မဋ္ဌာန်း ၉၁
- မမေ့နဲ့ ၉၃
- ကြေညာချက် (၇)ချက် ၉၆

**ထိုင်းနိုင်ငံ၌ဟောကြားအပ်သောတရားလက်ာများ** ၉၈

**ဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ်တရားတော်** ၁၀၄

**ပခုက္ကူအရှင်သောဘဏ၏ဩဝါဒ** ၁၁၈

| **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|


- အေးရိပ်ခို ၁၂၂
- ဆေးတော် ၁၂၅
- တရားလှေဖောင် ၁၂၆
- ဦးထွန်းဇံ ၁၂၈

**(၉၄)ကြိမ်မြောက်** **၁၃၀**
- လူ့ပြည်နတ်ပြည် ၁၃၁
- ဖွင့်ဖော်တဲ့နည်း ၁၃၂
- ခေတ္တာပြုမသုတ္တံ ၁၄၁
- ကုလသုတ္တံ ၁၄၃

**(၉၅)ကြိမ်မြောက် လယ်တီဝိပဿနာ** **၁၅၅**
- ဘုရားရှိသလား မရှိဘူးလား ၁၅၆
- ဘုရားရှိတယ် ၁၅၉
- တရားမြို့တော် ၁၆၁
- လယ်တီမခက် လယ်လုပ်ခက် ၁၆၆
- သစ်သီးဝလံဈေးရုံ ၁၇၉
- အဆိပ်ဖြေဆေး ၁၈၁
- ဆေးမျိုးစုံ ၁၈၇

**(၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ** **၁၉၇**
- အနာမျိုး (၉၆)ပါး ၂၀၃
- အောင်ပွဲ ၂၂၇
- စွဲလမ်းကြ ၂၂၈

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

- ငါးမျှားချိပ် မိတ်ဆွေဥပမာ ၂၃၃
- ဥပါဒါန်ကြောင့် ဥပါဒ်ရောက် ၂၃၄
- ဆေးနိဒါန်း ၂၃၅

**မေတ္တာအခါတော်နေ့** **၂၃၈**
- (၅၂၈) သွယ်မေတ္တာ ၂၄၄
- ပင်မပဒေသာ ၂၄၈
- ဓမ္မစေတီ ၂၅၀

**လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏နိဂုံးစကား** **၂၅၉**
- ဝိမုတ္တိရသအရ ၂၅၉
- ဝိမုတ္တိရသ ၂၆၀
- ဝိမုတ္တိ (၂)မျိုး ၂၆၁
- ဝိမုတ္တိ (၅)မျိုး ၂၆၂
- တဒင်္ဂ ဝိမုတ္တိ ၂၆၂
- ဝိမုတ္တာယတန (၅)မျိုး ၂၆၄
- ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး ၂၆၆
- ဘုရားရှင်၏ တိုက်တွန်းချက် ၂၆၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ
မြန်မာ့အသံမှ
အသံလွှင့်ဟောကြားတော်မူသော
# အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်

**ဘဝကို သတိပြုသင့်ပုံ**

ဘုန်းကြီးတို့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရှိနားလည်နိုင်သော လူ့ဘဝကြီးကို ရရှိလာကြပါတယ်။

ဘုန်းကြီးတို့သည် ဘဝရဲ့အပြစ်အနာအဆာကို မသိခြင်း၊ ဘဝကို သာယာမက်မောခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ပြုမူပြောဆိုကြံစည်တွေးတောခဲ့ခြင်း အကြောင်းသုံးရပ်တို့ကို အခြေခံပြီး လူ့ဘဝကို ရောက်ရှိလာခဲ့ကြပါတယ်။

ဒီလူ့ဘဝ အလာခရီး ပြန်ကြည့်စီစစ်ပါက အမိဝမ်းသို့ သက်ရောက်စ ကာလ၊ အမိဝမ်းမှာ ကိန်းနေစဉ်ကာလ၊ အမိဝမ်းမှ ဖွားမြင်ရာကာလ၊ သုံးဌာနလုံး မသိပဲ လာရောက်ခဲ့ကြပါတယ်။

အကြောင်းသုံးမျိုး ပေါင်းစပ်မှုကြောင့် ဖြစ်လာခဲ့တဲ့ လူ့ဘဝကို မသိသုံးမျိုးနဲ့ပဲ လာရောက်ခဲ့ရပါပြီ။

လက်ရှိအခြေအနေမှာလဲ မသိ (၅)မျိုးနဲ့ပဲ နေထိုင်သွားလာလှုပ်ရှား နေကြရပါတယ်။ မသိ (၅)မျိုးက -

၁။ မိမိ ဘယ်၍ဘယ်မျှ အသက်ရှည်ကြာ အသက်ရှင်ရမည်ဆိုတာ မသိနိုင်ပါ။

၂။ အဘယ်အနာရောဂါဖြင့် တစ်ဘဝ နိဂုံးချုပ်မည်ဆိုတာ မသိနိုင်ပါ။

၃။ အဘယ်အချိန်အခါမှာ သေရမည်ဟု မသိနိုင်ပါ။

၄။ မိမိရဲ့ရုပ်အလောင်းကို ဘယ်မြို့ဘယ်ရွာ ဘယ်နေရာမှာ ပစ်ချ မြှုပ်နှံရမည်ဆိုတာ မသိနိုင်ပါ။

၅။ သေသွားရင် ဘယ်ဘုံဘယ်ဘဝ ရောက်ရမည်ဆိုတာ မသိနိုင်ပါ။

ဒီ မသိ (၅)မျိုးနဲ့ ယောင်ချာချာပဲ နေကြရပါတယ်။ အကြောင်း (၃)မျိုး ကြောင့်ဖြစ်၊ မသိသုံးမျိုးနဲ့ လာရောက်ရတဲ့ လူ့ဘဝ၊ မသိ (၅)မျိုးနဲ့ ယောင်ချာချာ နေနေရတာ အင်မတန် ကြောက်လန့်စရာ ကောင်းပါတယ်။ သတိပြုဖို့ သင့်ပါတယ်။

**ဘဝငြိမ်းချမ်းရေးလမ်းညွှန်**

အကြောင်းသုံးမျိုးကြောင့် ဖြစ်လာကြရာမှ အမိဝမ်းသို့ သက်ရောက်စ ကိန်းနေစဉ် ဖွားမြင်ရာကာလ အသိ (၃)မျိုးနဲ့လာကြတဲ့ သဗ္ဗညုဘုရား လောင်းများ၊ အသိ (၂)မျိုးနဲ့လာကြတဲ့ ပစ္စေကဗုဒ္ဓါနှင့် အဂ္ဂသာဝက လောင်းလျာများ အမိဝမ်းသို့ သက်ရောက်စ တစ်ခုသာ သိခဲ့ကြသည့် မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာလောင်းလျာ များနှင့် မသိသုံးမျိုးနဲ့ ဘဝကိုခြေချခဲ့ကြသည့် ပုထုဇဉ်သတ္တဝါ အားလုံးတို့ မတူကွဲပြား ခြားနားချက်ကို သတိပြုသင့်ပါတယ်။

မသိ (၅)မျိုးနဲ့ နေကြရတဲ့ လောကသားတွေထဲမှာ ထူးထူး ခြားခြား ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် ရဟန္တာ အရှင်မြတ်ကြီးတွေက

အသိ(၅)မျိုးနဲ့ သိတော်မူကြပါတယ်။ အရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ လားရောက်ရမည့် ဂတိနှင့် ဂတိကင်းကွာ ပြည်ခေမာဆိုတဲ့ အဂတိကိုလဲ သိတော်မူကြပါတယ်။

ကောင်းသောသူတို့၏လားရာ မကောင်းသောသူတို့ရဲ့ လားရာဂတိနှင့် ဂတိကင်းရာ ပြည်ခေမာလမ်းကို သေသေချာချာ သိတော်မူသည့်အတိုင်း ညွှန်းပြတော်မူနိုင်သည့် မြတ်ဗုဒ္ဓကို လမ်းညွှန်ဆရာအဖြစ်ထား ကိုးကွယ်အားထားခွင့်ရနေကြတဲ့ ဗုဒ္ဓဘာသာများ ဖြစ်နေကြသည့် အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဘဝငြိမ်းချမ်းရေး လမ်းညွှန်တရားများအနက် အာနပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘဝငြိမ်းချမ်းရေးရှာပုံကို ဟောပါ့မယ်။

## မြတ်ဗုဒ္ဓ၏လမ်းစဉ်

မြတ်ဗုဒ္ဓသည် ဘဝသံသရာ လှည့်ပတ်ရာမှာ စားဝတ်နေရေး အဆင် ပြေစေဖို့ ဒါနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပါတယ်။

ကိုယ်၏ရိုင်းစိုင်းမှုနှင့် နှုတ်၏ရိုင်းစိုင်းမှု ပ,ပျောက်၍ ကိုယ်နှုတ် ယဉ်ကျေးဖို့အတွက် သီလလမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

စိတ်ရိုင်းစိုင်းမှု ပ,ပျောက်၍ ယဉ်ကျေးရန်၊ စိတ်ကို အစိုးရရန် သမထကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောတော်မူခဲ့ပါတယ်။

အတွင်းဓာတ်သား အမှန်တရားကို မြင်ရှုနိုင်၍ ဉာဏ်အဆင့်ဆင့် ရရှိငြိမ်းချမ်းရန် ဝိပဿနာကမ္မဋ္ဌာန်း ဟောတော်မူပါတယ်။

## စိတ်အစိုးရမှု

စိတ်ကိုအစိုးမရမှု၊ စိတ်ရိုင်းစိုင်းမှုဟာ သံသရာမှာ မျောလမ်းကြီးစစ်စစ် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သမထဝိပဿနာ

အလုပ်ခွင်သို့ မကပ်ရောက်နိုင်သောကြောင့် ဖြစ်ပါတယ်။

စိတ်ကို အစိုးရမှုဟာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီး စစ်စစ် ဖြစ်ပါတယ်။

အထက်အထက်ဖြစ်တဲ့ သမထဝိပဿနာ အလုပ်တွေကို မလုပ် တည့်နိုင်လျှင် ရှိပါစေဦး။

မိမိစိတ်ကို မိမိကိုယ်သန္တာန်တွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြပါလျှင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ်အစိုးရမှုဟာ အမျိုးမျိုးရှိပါတယ်။ လောကအနေနဲ့ ပြောလျှင် အရူးအနှမ်းမဟုတ်ပဲ တည်ကြည်သောစိတ်ရှိပြီး လူရေးလူရာတွေမှာ နေရာတကျ စီမံခန့်ခွဲ ဆောင်ရွက်မှုကို "စိတ်ကိုအစိုးရမှု" လို့ ခေါ်ဆိုပါတယ်။

သာသနာတော်အနေနဲ့ကြည့်ရင် -

အဘိဇ္ဈာ ဒေါမနဿ အစွန်းမထွက်အောင် မျက်စေ့ နား နှာ လျှာ ကိုယ် စိတ်ကို ထိန်းသိမ်းနိုင်မှု လုံခြုံအောင်ထားနိုင်မှုဟာ "အစိုးရမှု" တစ်မျိုးပါပဲ။ ခိုင်ခံ့သော စိတ်အစိုးရမှုပါပဲလို့တော့ မပြောနိုင်သေးပါ။

အာနာပါနကမ္မဋ္ဌာန်း စသည် အားထုတ်၍ ကာယဂတာသတိ ဘာဝနာတည်မှုကတော့ သမထဝိပဿနာရဲ့ နီးသော အကြောင်းဖြစ်လို့ ခိုင်ခံ့သော အစိုးရမှု မည်ပါတယ်။

ထို့ထက် ဥပစာရသမာဓိမှုက ခိုင်ခံ့ပါတယ်။

ထို့ထက် အပ္ပနာသမာဓိမှုက ခိုင်ခံ့ပါတယ်။

အပ္ပနာသမာပတ်ရှစ်ပါးတို့က တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ပါတယ်။ အဘိညာဉ်ရအောင် အားထုတ်က သမထကိစ္စမှာ

အထွဋ် အထိပ်ဖြစ်တဲ့ အစိုးရမှု ဖြစ်ပါတယ်။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရဟန်း ရှင်လူ အပေါင်းတို့အနေနဲ့ မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြတာကို လွန်စွာစက်ဆုပ် ထိတ်လန့်ကြပြီး မိမိစိတ်ကို မိမိအစိုးတရဖြစ်ရ လေအောင် မဟာသတိပဋ္ဌာန်သုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်သင့်ပါတယ်။

## အာနာပါန တစ်ခုတည်းဖြင့်

ကာယဂတာသတိ (၁၈)မျိုးတို့တွင် နှာသီးဖျားမှာ ထွက်သက် ဝင်သက်၊ ထွက်လေဝင်လေ ရှူရှိုက်ထုတ်မှုတ်မှု၊ အာနာပါနအလုပ် တစ်ခုတည်းနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာစျာန် (၄)ပါးဆိုတဲ့ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကို ပွားများခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိစ္စများပြီးစီးကြောင်း အာနာပါနဿတိသုတ်၌ ဟောတော်မူပါတယ်။

မွေးဖွားလာချိန်မှ အသက်ရှင်နေသမျှ လူတိုင်းလူတိုင်း အသက်ရှူရှိုက် ထုတ်မှုတ်နေကြပါတယ်။ အိပ်တဲ့အခါပင် ထွက်သက် ဝင်သက်က မနားပါ။ တစ်နာရီဆိုလျှင် (၁၀၀၀)ခန့် ရှူကြရှိုက်ကြ ထုတ်ကြမှုတ်ကြ၍ ထွက်သက်ဝင်သက် ထွက်လေဝင်လေကို အသုံးချကြပါတယ်။ တစ်နေ့ တစ်ရက်ဆိုလျှင် အကြိမ်ပေါင်း နှစ်သောင်းကျော်လောက် ထုတ်ကြမှုတ်ကြပါတယ်။

ခပ်သိမ်းသော ဘုရားရှင်တို့ အာနာပါနဿတိ၌ တည်ပြီး တော့ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်တယ် ဆိုတော့ အာနာပါနသတိ ကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်ကို ဘုရားအဖြစ်သို့ အနီးကပ်ရောက်အောင် ပို့ဆောင်တဲ့ကမ္မဋ္ဌာန်းဆိုတာ သိသာပါတယ်။

ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါ မှာလဲ အာနာပါနသတိကို အသက်ထက်ဆုံး စွန့်တော်မမူကြပါ။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ အာသဝက္ခယဉာဏ်ရဖို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ကြပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ အနေနဲ့လဲ ချမ်းချမ်းသာသာ နေနိုင်ရန်နှင့် သတိသမ္ပဇဉ်အကျိုးငှာ အာနာပါနသတိကို လက်လွှတ် တော်မမူကြပါ။

## အလွယ်ဆုံး

သမထအရာမှာ ကမ္မဋ္ဌာန်း (၄၀)ရှိရာ အာနာပါနကမ္မဋ္ဌာန်း သည် အစဉ်စွဲမြဲပွားများခြင်းငှာ အလွယ်ဆုံးဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကမ္မဋ္ဌာန်းတို့ထက် လွန်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့ များစွာချီးမွမ်းတော်မူထားပါတယ်။ မဟာ သတိပဋ္ဌာန်တရား ပေးရာမှာ ပထမဆုံးပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာမြတ်တို့ကလဲ "မဟာပုရိသဘူမိ" လူသာမန် ရှင်သာမန်တို့နှင့် မထိုက်တန်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်၍ ယောကျ်ားမြတ်ကြီးတို့၏ တည်ရာ ဘုံဟု မိန့်တော်မူကြပါတယ်။

## အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ

ဒီမြင့်မြတ်လွယ်ကူ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် လိုတဲ့ ရဟန်းရှင်လူ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည်-

- ဆိတ်ငြိမ်ရာနေရာယူပါ။
- အနန္တငါးပါး ရှိခိုးပါ။
- သရဏဂုံဆောက်တည် သီလယူပါ။
- မေတ္တာပို့ပါ။
- အမျှပေး၊ အမျှယူပါ။

**သတိမြဲရာ ပထမာ**

နွားဆိုးနွားမိုက်နဲ့တူတဲ့ စိတ်ကို ဆုံးမဖို့ သတိဆိုတဲ့ ကြိုးနဲ့ နှာသီးဖျားမှာ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်မြဲအောင် ရှုမှတ်ချည်နှောင်ထားပါ။

စိတ်ကိုအခြားမရောက်ပါစေနဲ့။ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူတိုင်းမှာ စိတ်ကအညှာပါပဲ။ အညှာကောင်းမှ ခိုင်မှ အသီးများ တည်ရှိနိုင် ပါတယ်။ ဒါကြောင့် -

“အမြွတ်ဦးကိုင် ထီးကိုပိုင်က
နန်းထိုင်ရသို့ စိတ်ဟုမည်ခြား
ဤတစ်ပါးမျှ တရားကိုယ်ကြပ်
စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန်
သုံးတန်ချမ်းသာ ရကြောင်းလာ၏” လို့ မိန့်ဆိုကြပါတယ်။

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရှန်းကြည့်ပါ။ ဒီစိတ်ကလေးဟာ နှာသီးဖျား ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှု အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်ချည်ထားပေမဲ့လို့ ရှေးကတွေ့ဖူး ကြုံဖူးဆုံဖူးတဲ့ အာရုံတွေဆီ လျှောက်ပြေးနေတတ်ပါတယ်။ လိုက်ဖမ်းရပါတယ်။ အဲဒီလို မိအောင်ဖမ်းလို့ အဖမ်းရခက်တဲ့ စိတ်။ လေကို ပိုက်ကွန်နဲ့ဖမ်းရတာမျိုးပါပဲ၊ စိတ်ဆိုတာက -

အဝေးလဲ ပြေးသွားတတ်တယ်။ တစ်ဦးတည်းလှည့်လည် တတ်တယ်။ အထည်ကိုယ်လဲ မရှိဘူးဆိုတော့ အဖမ်းရခက်တော့တာ ပါပဲ။ ဒါပေမဲ့လို့ ဘုရားရှင် ပေးသနားခဲ့တဲ့နည်းနဲ့ ချည်တိုင်မှာ ချည်ထားပါ။ အားကုန်ရုန်းမှာပါပဲ။

အဲဒီလို ရုန်းကန်ပါသော်လဲ ရုန်းမရအောင် ထွက်လေဝင်လေ ထွက်သက်ဝင်သက် ဆိုတဲ့ အာရုံတိုင်မှာ ချည်ထားနိုင်လျှင်တော့ -

**"ရုန်းမရပါ ချည်တိုင်မှာ မောခါငြိမ်သက်ပါ"**

အဲဒီလို မောပမ်းပြီး ငြိမ်သက်တော့မှ စိတ်တည်ကြည်မှု ရပါလိမ့် မယ်။

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီလို တည်ကြည်ငြိမ်သက်လာပြီး မလှုပ်မယှက်ပြီဆိုတော့ သမာဓိ ရလာပြီလို့ ခေါ်ဆိုနိုင်ပါတယ်။

အခုပြောခဲ့တာက ထွက်လေဝင်လေ ရှုမှတ်တဲ့နည်းတွေက (၁၆)စုံ (၃၂)ပါး အခြင်းအရာတွေ ရှိပါတယ်။ (၄)မျိုး (၄)မျိုး (၄)စုံ ရှိရာမှ ပထမ (၄)မျိုး ပထမ စတုက္က (၄)နည်းထဲက "သတိမြဲရာ ပထမာ" ဆိုတဲ့ ပထမဆုံး အားထုတ်နည်း ဖြစ်ပါတယ်။

## ဒုမှာ ရှည်တိုသိ

"ဒုမှာရှည်တိုသိ" ဆိုတဲ့ ဒုတိယနည်းက အဲဒီထွက်လေ ဝင်လေ ရှူရှိုက်ထုတ်မှုတ်မှုတို့ရဲ့ အနှေးအမြန်ကို သိအောင်အားထုတ် ရပါမယ်။ လေကြော မြန်တာ၊ အတို။ နှေးတာ အရှည်ပါ။ အတို၊ အရှည် သိအောင် အားထုတ်ပါ။

## လုံးစုံလင်းရာ တ,၌သာ

"လုံးစုံလင်းရာ တ,၌သာ" ဆိုတဲ့နည်းမှာ အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ ခရီးစဉ် အစ၊ အလယ်၊ အဆုံးအားလုံးကို သိအောင် ထင်လင်းအောင် ရှုမှတ်ပါ။

ဝင်သက်ရဲ့ အစခရီးက နှာသီးဖျား၊ အလည်ခရီးက ရင်၊ အဆုံးခရီးစဉ်က ချက်တိုင် တို့ဖြစ်ပါတယ်။ ထွက်သက်ရဲ့ အစက ချက်၊ အလယ်က ရင်၊ အဆုံးက နှာသီးဖျား၊ အဲဒီ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးထင်အောင် သိအောင်အားထုတ်ပါ။ တစ်ချို့က အစသာ သိပြီး အလယ်အဆုံး ခရီးစဉ်တို့ကို မသိပါ။ ပင်ပန်းတတ်ပါတယ်။

## စ,မှာ ငြိမ်းစေဘိ

"စ,မှာငြိမ်းစေဘိ" ဆိုတဲ့ စတုတ္ထနည်းမှာ ရုန့်ရင်းတဲ့ ထွက်သက် ဝင်သက်တွေကို အစဉ်အတိုင်း ချုပ်ငြိမ်းစေပြီး သိမ်မွေ့သွားအောင် ရှုမှတ်ရပါတယ်။

သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ၊ သမာဓိရ တည်ကြည်က စိတ်က စင်ကြယ်လာဆိုတဲ့ စကားအတိုင်း သမာဓိရပြီး စိတ်တည်ကြည်လာပြီဆိုရင် စိတ်အညစ်အကြေး စင်ကြယ်ပါပြီ။

အထည်ကိုယ်မရှိတဲ့ စိတ်ကို ငြိမ်အောင်ထားဖို့ တရားအာရုံမှာ ထားနိုင်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရပါတယ်။

စိတ်ကို ထိန်းရာမှာ အတုယူဖွယ်ကောင်းတဲ့ မထေရ်မြတ်ကြီး သုံးပါး ရှိပါတယ်။

မထေရ်မြတ်ကြီးသုံးပါး ဝါတွင်းကာလ အတူတကွ ကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါဆိုတော်မူကြပြီး ဝါကျွတ်တဲ့အခါ တစ်ပါးနှင့်တစ်ပါး မေးကြမြန်းကြပါတယ်။

အငယ်ဆုံးမထေရ်ကို "ငါ့ရှင့်ရဲ့ စိတ်လေးကို အခုဝါတွင်း ဘယ် လောက်များ ထိန်းသိမ်းနိုင်ခဲ့ပါသလဲ" လို့မေးတော့ "ဘုရား တပည့်တော်၏စိတ်ကို နေထိုင်ရာ ကျောင်းတိုက်ကြီး အာရမ်တွင်းမှ အပြင်မထွက်အောင် ထိန်းနိုင်ခဲ့ပါတယ်ဘုရား"တဲ့။

အလတ်ဖြစ်တဲ့မထေရ်ကို မေးပြန်တော့ "တပည့်တော် သီတင်းသုံးရာကျောင်းမှ စိတ်အပြင်မထွက်ပါဘုရား"တဲ့။

မထေရ်ကြီးကို မေးတော့ "ငါ့ခန္ဓာကိုယ်ထဲမှ စိတ်အပြင် မထွက်ဘူး"တဲ့။ ဒီမထေရ်ကြီးသုံးပါးတို့သည် စိတ်ကိုထိန်းတဲ့နေရာမှာ အတုယူဖွယ် ကောင်းလှပါတယ်။

**ဝိပဿနာသို့**

စိတ်စင်ကြယ်အောင် အားထုတ်ပြီး ဝိပဿနာကူးရပါတယ်။ စိတ်စင်ကြယ်ပြီ ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်နိုင်ပါပြီ။

(က) ဈာန်မရမီ ဥပစာရဈာန်မှလည်း ဝိပဿနာကူးနိုင် ပါတယ်။

( ခ) ဈာန်ရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှ လည်း ဝိပဿနာ ကူးနိုင်ပါတယ်။

သမထက စက္ကူအဖြူနှင့် တူပါတယ်။ ဝိပဿနာက ဆေးမင် နှင့် တူပါတယ်။ ဝိပဿနာကူးရာမှာ အနည်းဆုံး ခဏိက တစ်ခဏ ချင်း အားထုတ်လို့ရရှိတဲ့ စိတ်တည်ကြည်မှု လိုအပ်ပါတယ်။

အဲဒီလို ဝိပဿနာတက်သောအခါမှာလဲ -

၁။ ဤအာနာပါနကမ္မဋ္ဌာန်း အာရုံ ထွက်လေဝင်လေ ရှုမှတ်မှုနှင့် ဖက်တွဲ၍ ဝိပဿနာတက်နည်း၊

၂။ ဤအာနာပါနရှုမှုကို ရှေးဦးလုပ်ငန်းထားပြီး ခန္ဓာငါးပါး စသည်ထဲက အလိုရှိတဲ့ ရုပ်နာမ်ဓမ္မကို ယူ၍ ဝိပဿနာသို့ တက်နည်းလို့ (၂)မျိုး ရှိပါတယ်။

ဤသုတ္တန်ပါဠိတော်၌-

အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊

အနိစ္စာနုပဿီဝါ ပဿသိဿမီတိ သိက္ခတိ ဟူ၍ အာနာပါန ထွက်လေ ဝင်လေ အာရုံနှင့်ဖက်တွဲ၍ ဝိပဿနာရှုနည်း လာပါတယ်။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ထွက်သက်၊ ထွက်လေကို ထုတ်မှုတ် လွှတ်မည်ပြုသော် အမှတ်တမဲ့ မထုတ်မမှုတ် မလွှတ်ပဲ အနိစ္စမမြဲပုံ ထင်အောင်ရှု၍ ထုတ်မည် မှုတ်မည် လွှတ်မည်ဟု ထုတ်တိုင်း, ထုတ်တိုင်း၊ မှုတ်တိုင်း, မှုတ်တိုင်း၊ လွှတ်တိုင်း, လွှတ်တိုင်း အနိစ္စမမြဲပုံ၊ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရာ၏ဟု ဆိုလိုပါတယ်။

ဝင်သက်ဝင်လေကို ရှူရှိုက် သွင်းမည်ပြုသော် အမှတ်တမဲ့ မရှူ မရှိုက် မသွင်းပဲ အနိစ္စမမြဲပုံထင်အောင်ရှု၍ ရှူမည်၊ ရှိုက်မည်၊ လေသွင်းမည်ဟု ရှူတိုင်း, ရှူတိုင်း၊ ရှိုက်တိုင်း, ရှိုက်တိုင်း၊ လေသွင်းတိုင်း, လေသွင်းတိုင်း အနိစ္စမမြဲပုံ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရမည်ဟု ဆိုလိုပါတယ်။ ဒါက ပါဠိတော်လာ တိုက်ရိုက် ဝိပဿနာရှုပွားပုံပါပဲ။

လှုပ်ရှားနေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်၊ ဝါယောရုပ် ဆိုတာ ရုပ်လား, နာမ်လား ဆိုတော့ ရုပ်၊ ရုပ်ဝါယော ဘယ်လို လက္ခဏာရှိသလဲ။ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ဝိပဿနာပိုင်းမှာ ထွက်လေဝင်လေလို့ မရှုမှတ်တော့ပဲ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို ရှုမြင်ရမှာပါ။

**ဓာတ်ပေါ်မှ နာမ်ကရှု**

ခန္ဓာကိုယ်မှာ ဓာတ်ပေါ်မှုကို ဘာနဲ့ရှုရမှာလဲ။ နာမ်နဲ့ရှုမှတ်ရမှာပါ။ ဘာဓာတ်ပေါ်သလဲ ရုပ်ဓာတ်ဖြစ်ပေါ်တယ်။ ဘာရုပ်ဓာတ်လဲ၊ ဝါယောဆိုတဲ့ ရုပ်ဓာတ်၊ အဲဒီ ရုပ်ဓာတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုမှတ်ရမယ်။ တစ်ကြိမ်, နှစ်ကြိမ် စသည်ဖြစ်ပေါ်တဲ့ ထွက်လေဝင်လေကို ဒါက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်။ ကာယပသာဒနဲ့ ဝါယောရုပ်တို့ ထိတာက ရုပ်ရဲ့အလုပ်၊ ထိတာကို သိတာက နာမ်ရဲ့အလုပ်။

ထွက်လေဝင်လေ တစ်စုံတစ်စုံရဲ့ အခိုက်မှာဖြစ်တာ ပျက်တာကို ရှုမြင်လိုက်တော့ မမြဲတဲ့သဘော ပေါ်လွင်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် အသေးစိတ် ခွဲခြားနိုင်ပြီ။ ဒီခန္ဓာကိုယ်ကို နောက်ဆုံး ဓာတ်စု ဓာတ်ပုံ ဓာတ်ခဲ ကြီးအထိ မြင်အောင်ရှုရမှာကိုး။

ဓာတ်စု ဓာတ်ပုံ ဓာတ်ခဲကြီးထဲမှ ဝါယောဓာတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ လေကြောထဲမှာ ခက်မာနူးညံ့နေတဲ့ သဘောလဲ ပါရှိတယ်။

ဝါယောကာယလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတဲ့ သဘောလဲ ပါရှိတယ်။ တစ်ခါတစ်ရံ ပူတဲ့သဘော၊ နွေးတဲ့သဘော ရှိတယ်။ အဲဒီတော့ ဓာတ်ကြီးလေးပါးပဲ။ ဓာတ်ဆိုတာ ဘာလဲ၊ သဘော။ သဘော ဆိုတာ သုညပါပဲ။ သုညဆိုတာ သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်မှ ကင်းတယ်။ အဲဒီလို သုညဆိုက်အောင် ရှုရမှာပါ။

ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်းတွေထဲက ဝါယောရုပ်ကမ္မဋ္ဌာန်း ယနေ့ ဒီဓာတ်တစ်လုံးပဲ ထင်ရှားအောင် နည်းလမ်းပြောနေတာပါပဲ။

**သတိပဋ္ဌာန်လေးပါးလုံး**

ဒီဝါယောဓာတ် တစ်လုံးပိုင်လျှင် သတိပဋ္ဌာန်လေးပါးလုံး ရှုပွားပြီးသား ဖြစ်ပါတယ်။ ထွက်လေဝင်လေ ရှုမှတ်တဲ့ ဝါယောရုပ် ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်။

ဒီထွက်လေဝင်လေကို ရှုမှတ်နေတော့ ဝေဒနာခံစားချက်တွေ အမျိုးမျိုး ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှုမှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

ဒီဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာလို့ အဲဒီစိတ်တွေ ရှုမှတ်တော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်လာပါတယ်။

အဲဒီလို ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ= မတရားလိုချင်မှု၊ ဒေါမနဿ= စိတ်မသက်သာ နှလုံးနာမှုတွေ ပ,ထုတ်ပြီး လျစ်လျူရှုနေတဲ့အခါ ဓမ္မာနုပဿနာ။

ဝါယောရုပ်က ဒုက္ခသစ္စာ, ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဝိညာဏက္ခန္ဓာ, ဒုက္ခသစ္စာလို့ ရှုမြင်တော့ ဓမ္မာနုပဿနာ။

အဲဒီ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ စိတ်ကို ချည်နှောင်ထားနိုင်တာ သတိသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေကို ရှုမှတ်မှုက စ, ဖြစ်ပေါ်လာတဲ့ တရားတွေ ခွဲခြားဝေဖန် ရှုမြင်ကြည့်ရှုနိုင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ မပြတ်မှတ်၊ ရှုရှိုက်ထုတ်မှုတ် သတိမပြတ် ကြိုးစားနေတော့ ဝီရိယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ ရှုမှတ်လို့ အသားကျပြီး ကျေနပ်နေတော့ ပီတိသမ္ဗောဇ္ဈင်။

ရှုမှတ်ရင်း ကိုယ်စိတ်နှစ်မျိုး ငြိမ်းချမ်းနေတော့ ပဿဒ္ဓိ သမ္ဗောဇ္ဈင်။

ငြိမ်းချမ်းတော့ စိတ်က တည်ကြည်လာတယ်။ သမာဓိသမ္ဗောဇ္ဈင်။

စိတ်တည်ကြည်လာတော့ ဒီတရားတွေကို လျစ်လျူရှုနိုင်တာက ဥပေက္ခာသမ္ဗောဇ္ဈင်။

အဲဒီလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုလျှင် မဂ်ဉာဏ်လေးပါးဆိုတဲ့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးခေါ်တဲ့ ဝိမုတ္တိဉာဏ် ရရှိနိုင်ပြီး ဒုက္ခအားလုံးငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်ပါတယ်။

နိဗ္ဗာန်ရဖို့ရန် မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးရှိမှ မဂ်ဖိုလ်ရဖို့ရန် ဗောဇ္ဈင် (၇)ပါး ရှိမှ ရနိုင်ပါတယ်။

ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါး ရှိမှ ရနိုင်ပါတယ်။ သတိပဋ္ဌာန်လေးပါး ရဖို့ရာ အာနာပါနဿတိ ထွက်လေဝင်လေ ရှုမှတ်လို့ရတဲ့ သမာဓိရရှိမှ ဖြစ်ပါတယ်။ ထွက်လေဝင်လေကို ရှုမှတ်လို့ရလာတဲ့ စိတ်တည်ကြည်မှု ရရှိကြရန် ဥပမာသုံးမျိုးနဲ့ စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်ကြပါစေဟု နိဂုံးချုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဥပမာသုံးမျိုးနဲ့စိတ်ကိုဆုံးမ**

**ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊**
**ဥသုကာရာ နမယန္တိ တေဇနံ။**
**ဒါရုံ နမယန္တိ တစ္ဆကာ၊**
**အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။**

နေတ္တိကာ= သမ္ဗာအာဇီ သက်မွေးမှီလျှက် ဝသီမူဟောင်းရှေးသူတော် လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမားတို့သည်၊ ဥဒကံဟိ= အသက်မရှိတဲ့ ရေကိုပင်လျှင်၊ နယန္တိ= လိုရာသွယ်သွင်း လယ်အတွင်းသို့ ပို့သွင်းနိုင်ကြလေကုန်၏။

ဥသုကာရာ= ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြားသမား တို့သည်၊ တေဇနံ= အသက်မရှိတဲ့ မြားကိုပင်လျှင်၊ နမယန္တိ= မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။

တစ္ဆကာ= သစ်ရွေးသမား လက်သမားတို့သည်၊ ဒါရုံ= အလို အလျှောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကို၊ နမယန္တိ= အဖြောင့်အကောက် လိုသလောက်ပင် ကိုယ်နောက်ပါအောင် ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတာ= ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ် ကျော်တို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တိ= လယ်သမားကို စံထား, မြားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ, ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေး အောင်ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

တထာ= ထို့အတူ၊ တုမှေ= သင်တရားနာ သူတော်စင် အပေါင်းတို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ ဝါ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တု= လယ်သမားကို စံထား, မြားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမသွင်သင် အလှဆုံးပြင်ဆင်နိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ (၁၀-၉-၂၀၀၃)ရက်နေ့ မြန်မာ့အသံမှ အသံလွှင့်ဟောကြားတော်မူသော

## တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့၊ (၁၀-၉-၂၀၀၃) ရက်နေ့

ဘုန်းကြီး ယနေ့တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်ကို ဟောပါ့မယ်။ "ပုပုရွရွ ဟူသမျှသည် ချမ်းသာဖို့ချည်း စိတ်အားသည်း၏" ဆိုသလို သတ္တဝါအားလုံးဟာ ချမ်းသာလိုကြပါတယ်။ ချမ်းသာချင်ကြပါတယ်။ ချမ်းသာဖို့ နည်းလမ်းညွှန်ပြနိုင်သည့် ပုဂ္ဂိုလ်လဲ ရှိပါမှ၊ ချမ်းသာဖို့ နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့လည်း ဖြစ်ပါမှ ချမ်းသာထူး ချမ်းသာမြတ်ကို ရရှိနိုင်ကြပါတယ်။

## စိတ်ရဲ့ကရွတ်ခွေ

ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးနဲ့ ကရွတ်ခွေမပါတဲ့ ရေအိုး (၂)လုံးကို ကြည့်ပါ။ ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးဟာ ငြိမ်နေပါတယ်။ ကရွတ်ခွေမပါတဲ့ ရေအိုးကတော့ မငြိမ်ပါဘူး။ အဲဒီလိုပါပဲ။ စိတ်တည်ငြိမ်ရေးအတွက် ကရွတ်ခွေလိုအပ်ပါတယ်။ ကရွတ်ခွေမရှိတဲ့စိတ်က မငြိမ်ပါ။ စိတ်မငြိမ်ရင် မငြိမ်းချမ်းနိုင်ပါဘူး။ ကရွတ်ခွေရှိတဲ့စိတ်က ငြိမ်ပါတယ်။ ငြိမ်တော့ ငြိမ်းချမ်းနိုင်ပါတယ်။

အဲဒီစိတ်ရဲ့ ကရွတ်ခွေဆိုတာ ဘာလဲဆိုတော့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ပါပဲ။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သွားမယ်ဆိုရင် စိတ်ဟာငြိမ်ပြီး ငြိမ်းချမ်းနိုင်ပါတယ်။ စိတ်မငြိမ်ရင် မငြိမ်းနိုင်ပါဘူး။ စိတ်ငြိမ်တယ်ဆိုတာ စိတ်ကို အစိုးရခြင်းပါပဲ။ စိတ်ကို အစိုးရအောင် ကျင့်နည်း၊ နေနည်း၊ ထိုင်နည်းကို လေ့ကျင့်ပျိုးထောင်ပြီး အမြင်မှန်ရဖို့ရန် ဘုရားရှင်က နည်းပေးတော်မူလိုတဲ့အတွက် ကုရုတိုင်း၊ ကမ္မာသဒမ္မရွာ၊ ယခု အိန္ဒိယနိုင်ငံ၊ ဒေလီမြို့၊ ကေလာသ အရှေ့အရပ်မှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောခဲ့ပါတယ်။

အဲဒီသုတ္တန်မှာ လူတို့မွေးဖွားလာကထဲက အိပ်ပျော်နေစဉ်မှာပင် မရပ်မနား အသုံးချနေကြတဲ့အတွက် ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းနည်းဖြင့် စိတ်ကိုအစိုးရအောင် ထိန်းသိမ်းနည်းကို ဦးစွာဟောတော်မူခဲ့ပါတယ်။ လူ့ဘဝ ဘဝပဒေသာပင်ကြီးရရှိခိုက် စိတ်ရဲ့တည်ကြည်မှု၊ စိတ်ကိုအစိုးရမှုကို အခြေခံပြီးတော့ ဝိဇ္ဇာဓာတ် အလင်းရောင်ကြီးတွေ ပေါ်ပေါက်စေနိုင်ခြင်းဆိုတဲ့ အကျိုးတရားရရှိ ချမ်းသာပြီးတော့ ချမ်းသာထူး ချမ်းသာမြတ် ရရှိလိုက်ကြဖို့ အရေးကြီးပါတယ်။

ဝိဇ္ဇာဓာတ်အလင်းရောင်ဆိုတာ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ပင် ဖြစ်ပါတယ်။ သူသိ ငါသိ ကမ္ဘာသိ အကူ ကိရိယာဖြင့် သိမှုကို ကျော်လွန်တဲ့အသိပါပဲ။ အဲဒီဉာဏ်အမြင်ထူး မရပဲ ဒီဘဝ ဘဝပဒေသာပင်ကြီး အနိုင်အပိုင်းမခံရဖို့ အရေးကြီးလှပါတယ်။

ဒီလိုစိတ်ကို အစိုးမရ အသိဉာဏ်မရပဲနဲ့ ကြားကာလမှာ အိုဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာ။ နာဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာ။ သေဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာတို့ မဖြစ်ရအောင် သတိပြုသင့်ပါတယ်။ အရပ်စကားတစ်ခု ရှိပါတယ်။ ဒီလူ ငါ့ပိုင်းသွားတာတဲ့။ ပိုင်းသွားတယ်ဆိုတာ ကိုယ်ကအရှုံးပေးလိုက်ရတာပါပဲ။ အဲဒီတော့ မိမိတို့ရထားတဲ့ ဘဝပဒေသာပင်ကြီးကို အပိုင်းမခံရအောင် ဘာလုပ်ကြမလဲ။

စိတ်ကိုအစိုးရအောင် ပထမဆုံး လေ့ကျင့်ပျိုးထောင် အားထုတ်ရမှာပါ။ ဘာကြောင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင်ရသလဲဆိုတော့ စိတ်ကိုအစိုးရပြီး အမြင်မှန်ရဖို့ပါပဲ။ စိတ်ကို အစိုးမရသူအား ထမင်းကျွေးတော့ တစ်လုပ်၊ နှစ်လုပ် စားလိုက် ထသွားလိုက်နဲ့ ထမင်းတစ်ပန်းကန် ဖြောင့်ဖြောင့်မစားနိုင်ဘူး။ အခြားသူက ထပ်ပြောနိုင်မှ ထပ်စားတယ်။ ထမင်းတစ်ပွဲစားဖို့ကိုပဲ စိတ်ကို အစိုးမရရှာပါဘူး။ အဲဒီလို ကိစ္စမျိုး အစိုးရပေမယ်လို့ ကမ္မဋ္ဌာန်းပွားများမှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးရအောင် ကြိုးစားရပါတယ်။

အဲဒီတော့ လက်နဲ့ပြုရတဲ့အမှု လက်ကိုအစိုးမရရင် ပြုဖို့ခက်တယ်။ ခြေနဲ့ပြုတဲ့အမှု ခြေကိုအစိုးမရရင် ပြုဖို့ခက်တယ်။ စိတ်နဲ့ပြုရတဲ့အမှု စိတ်ကိုအစိုးမရရင် အင်မတန်ခက်လှပါတယ်။ ယခုလုပ်ငန်းက

စိတ်နဲ့ပြုရမည့်လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကိုအစိုးရဖို့ ဦးစွာပြုလုပ်ရပါတယ်။ ထွက်လေဝင်လေကို နှာသီးဖျားမှ တိုးထွက်ခိုက် တိုးဝင်ခိုက် သတိမပြတ် ရှုမှတ်ခြင်း စသည်ဖြင့် စိတ်ကိုအစိုးရတာ မဟုတ်ဘဲ ပကတိအားဖြင့် တို့ကစိတ်ကို အစိုးရတယ်လို့ ပြောနေကြတာ တကယ်အစိုးရတာ မဟုတ်သေးပါဘူး။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ဣန္ဒြိယသံဝရသီလနဲ့ ထိန်းနိုင်သူတွေဟာ အစိုးရမှု ရကြတယ်။ မက်မောမှု၊ နှလုံးမသာယာမှုတွေ မဝင်နိုင်အောင် ထိန်းနိုင်ကြပါတယ်။ သို့သော် မခိုင်ခံ့သေးပါဘူး။

"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့" ဆိုတဲ့အတိုင်း ထွက်လေဝင်လေကို ရှုမှတ်ပွားများခြင်း အစရှိတဲ့ တရားအခြေခံပြီးတော့ ရရှိတဲ့စိတ်ရဲ့ တည်ကြည်မှု သမာဓိရလို့ စိတ်ကိုအစိုးရမှုကတော့ ထိုက်တန်သလောက် ခိုင်မြဲတယ်။ အဲဒီကတစ်ဆင့် စိတ်ကိုအစိုးရမှု အားကောင်းလာတော့ ဈာန်သမာပတ် အဆင့်ဆင့် ရရှိပြီး စိတ်ကိုအစိုးရမှု မြင့်မားလာတော့ အဘိညာဏ်ဆိုတာ ရရှိတယ်။ အဘိညာဏ်ဆိုတာ လက်ရောက်ရပြီဆိုရင်တော့ စိတ်ကိုအစိုးရမှုဟာ အထွဋ်အထိပ်ရောက်ပြီလို့ ဆိုနိုင်ပါတယ်။ အဲဒီလိုစိတ်ကို အစိုးရအောင် လေ့ကျင့်ပျိုးထောင်ရန်နည်းလမ်းမှာ-

(၁) အေးဆေးငြိမ်သက်တဲ့နေရာမှာ နေထိုင်ပါ။

(၂) သရဏဂုံယူပါ။

(၃) သီလဆောက်တည်ပါ။

(၄) မေတ္တာပွားပါ။

(၅) အမျှဝေ အမျှယူပါ။

အဲဒီလို ရှေးဦးပြုဖွယ်တွေထဲက နေရာမှန်ရယူထားဖို့က အရေးကြီးပါတယ်။ အိမ်ရာမြေကြဲအတတ်ကို တတ်သိနားလည်သော ဆရာကြီးကဲ့သို့သော မြတ်ဘုရားသည် နေရာ (၃)နေရာ ကြိုက်ရာရွေးပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

(၁) တောတောင်စခန်း
(၂) သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်
(၃) နန်း၊ အိမ်၊ ဗိမာန်၊ အိမ်၊ ကျောင်း၊ ဆိတ်ငြိမ်ရာအရပ်တို့ပါပဲ။

မဟာသုဒဿနမင်းကြီး၊ ဓမ္မပါသာဒတရား ပြာသာဒ်ပေါ်မှာပင် တရားအားထုတ်ပြီး လေ့ကျင့်ပျိုးထောင်ခဲ့ရာ ဈာန်ရသည့်တိုင်အောင်ပါပဲ။ ရာဇဂြိုလ်ဘုရင်က ရွှေပေလွှာပေါ် ထွက်လေဝင်လေရှုမှတ်ပွားပုံ၊ ကမ္မဋ္ဌာန်းစီးဖြန်းလေ့ကျင့်ပျိုးထောင်ပုံ အစီအစဉ်ရေးပြီး ပေးပို့လိုက်တော့ ပက္ကုသာတိမင်းဟာ နန်းအိမ်၊ ဘုံနန်းပေါ်မှာပဲ လေ့ကျင့်ပျိုးထောင် တရားအားထုတ်လိုက်တာ စတုတ္ထဈာန်အထိ ရရှိခဲ့ပါတယ်။

## လေ့ကျင့်ပျိုးထောင် အားထုတ်နည်း

လွန်စွာအကျိုးများသည့် မိမိတို့သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားဟာ ဘာဝနာမည်ပါတယ်။ မြတ်စွာဘုရားက "လောကီကုသိုလ် ကြိယာ၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်သည် စွမ်းအားရှိပါတယ်။ အဲဒီစွမ်းအားကို ယူလိုက်နိုင်က မကောင်းစိတ် အညစ်အကြေးတွေကို ဖယ်ထုတ်နိုင်ပါတယ်။

မဟာကုသိုလ် မဟာကြိယာ၌ ယှဉ်သော ဉာဏ်စိတ်စွမ်းအားကို ရယူနိုင်ပါက ဘုံသုံးပါးရှိ ရုပ်နာမ်တရားတွေကို မမြဲ ဆင်းရဲ အစိုးမရပုံ သိမြင်နိုင်တာကို ဟောတော်မူပါတယ်။"

ထိုကြောင့် ထွက်လေဝင်လေ ရှုမှတ်တဲ့ ဘာဝနာကမ္မဋ္ဌာန်းနဲ့ စိတ်ကိုအစိုးရအောင်၊ သမာဓိရအောင် အားထုတ်တဲ့နည်းကို (၃၂)ပါးသော အခြင်းအရာနဲ့ ပြတော်မူခဲ့ပြီပါတယ်။ အဲဒီနည်းတွေထဲက အနည်းငယ်ထုတ် ဟောပါ့မယ်။ နှာသီးဝ၌ ဖြစ်ပေါ်နေသော ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ စိတ်ကို ခိုင်မြဲအောင် ချည်ထားပါ။ သတိမပြတ် ရှုမှတ်ပါ။ အဲဒီလိုနည်းနဲ့ စိတ်ကို အစိုးရအောင် ငြိမ်သက်အောင် အားထုတ်လေ့ကျင့်တဲ့အခါ ယခင်က မိမိရဲ့စိတ်ကို အကဲခတ်ကြည့်ရင် စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းဖြစ်ပုံ၊ စိတ်မိုက် စိတ်တေလေ စိတ်လေဖွဲဖြစ်ပုံကို တွေ့ရပါမယ်။ ယခုနဲ့မတူပါ။ နွားဆိုး နွားကြမ်း ဆုံးမသလို စိတ်ဆိုး စိတ်မိုက်ဆိုတဲ့ နွားဆိုး နွားကြမ်းကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်တုပ်ထားပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ပါ။ သတိမပြတ် ရှုမှတ်ပါ။

အဲဒီလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်တုပ်ထားတဲ့ စိတ်ကလေးဟာ နွားမိုက်လိုပဲ။ ကြံဖူးတဲ့ အာရုံများစွာဆီ ပြေးသွားဖို့ ရုန်းကန်လိုက်၊ ခုန်ပေါက်လိုက် လုပ်ပေမဲ့ ရုန်းမရ၊ ကန်မရ ဖြစ်လာပြီး နွားလေးမောပြီး ငြိမ်ငြိမ်သက်သက် ဝပ်နေသလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ စိတ်ကလေးငြိမ်သက်လာပါလိမ့်မယ်။ ငါးမိနစ်မှာ အကြိမ်ပေါင်း (၁၀၀)ခန့်လောက် ထုတ်မှုတ်ရှူရှိုက်ပြီး ထွက်လေဝင်လေကို လူတိုင်းအသုံးချနေပါတယ်။ တစ်နာရီဆိုလျှင်

အကြိမ် (၁၀၀၀)လောက် ထုတ်ကြမှုတ်ကြ ရှုကြရှိုက်ကြတယ်။

နှာသီးဖျားမှာ ထွက်လေ ထိုးထွက်နေတဲ့အချိန်၊ ထုတ်မှုတ်နေတဲ့အချိန်၊ တစ်ဖန် ရှုလိုက်တဲ့အချိန်၊ ရှိုက်လိုက်တဲ့အချိန် တံခါးဝက သတိနဲ့စောင့်ပြီး ရှုမှတ်နေရမှာပါ။ အဲဒီလို ရှုမှတ်ရင်း စိတ်ကလေးဟာ နွားလေးမောပြီး ငြိမ်သက်ပြီး တိုင်ခြေမှာ ဝပ်နေသလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်ခြေမှာ ငြိမ်နေပြီ၊ တည်ကြည်နေပြီ၊ သမာဓိရလာပြီ၊ စိတ်အစိုးတရ ရှိလာပြီ၊ အဲဒီလိုဆိုရင် ပထမဦးစွာ လေ့ကျင့်ပျိုးထောင်မှု အောင်မြင်ပြီ။ တစ်ဆင့်တက်ပြီး လေ့ကျင့်ပျိုးထောင်ဖို့ နည်းလမ်းက ထွက်လေဝင်လေ ထုတ်မှုတ် ရှုရှိုက်မှုတို့ရဲ့ လမ်းကြောအရှည်အတိုကို ရှုမှတ်ရမှာပါ။

နောက်တစ်ဆင့် ရှုမှတ်တဲ့နည်းက ဝင်လေရဲ့အစ ခရီးစဉ်က နှာသီးဖျား၊ အလယ်စခန်းက ရင်ဘတ်၊ ခရီးအဆုံးက ချက်တိုင်။ ထွက်လေရဲ့အစ ခရီးစဉ်က ချက်တိုင်၊ အလယ်ခရီးစဉ်က ရင်ဘတ်၊ ခရီးဆုံးက နှာသီးဖျားပါပဲ။ အဲဒီလို ထွက်လေဝင်လေတို့ရဲ့ အစ, အလယ်, အဆုံး ခရီးစဉ်ကို ရှုမှတ်ရပါတယ်။

နောက်တစ်ဆင့်ကတော့ ထွက်လေဝင်လေတို့ရဲ့ ငြင်ငြင်သာသာ ရှုရှိုက်ထုတ်မှုတ်နေပုံကို ဆင်ခြင်ရှုမှတ်ရမှာပါ။ ဒီလေးနည်းလောက်နဲ့ လေ့ကျင့်ပျိုးထောင်နိုင်မယ်ဆိုရင် စိတ်ကို အစိုးရနိုင်ပြီ၊ စိတ်တည်ငြိမ်နိုင်ပါပြီ၊ စိတ်ငြိမ်တာနဲ့ အချို့မကောင်းဆိုးဝါးစိတ်အညစ် အကြေးတွေ ပျောက်ကင်းသွားနိုင်ပါပြီ။

**ချမ်းသာထူး၊ ချမ်းသာမြတ်**

အဲဒီလိုနဲ့ စိတ်ကိုအစိုးရအောင် တည်ကြည်ငြိမ်သက်အောင် လေ့ကျင့်ပျိုးထောင်ပြီးတဲ့အခါ နှာသီးဖျား နှာခေါင်းဖုနဲ့ ထွက်လေ ဝင်လေတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ကို ရှုကြည့်လိုက်စမ်းပါ။ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာပျက်ပုံကို ဉာဏ်ဖြင့် ရှုကြည့်ပါ။ တွေ့မြင်ပါလိမ့်မယ်။ တွန်းကန်လှုပ်ရှားနေတဲ့ ထွက်လေဝင်လေဆိုတဲ့ ဝါယောရုပ်ရဲ့ ဖြစ်ပုံပျက်ပုံကိုလဲ ရှုကြည့်ပါ။

အဲဒီထိသိစိတ်နဲ့ ဝါယောရုပ်တို့ သူ၊ ငါ၊ လူ၊ နတ်၊ အသက်၊ ဝိညာဉ် မဟုတ်တာ သဘောပေါက်လာပါလိမ့်မယ်။ ဒီနည်းက ရုပ်နာမ်အများစုကြီးထဲမှ ဝါယောဓာတ်တစ်လုံး အသုံးချဖမ်းယူရှုပွားပုံပါပဲ။ "ပရမတ်မမြင် တရားမမြင်"၊ "ပရမတ်မြင်မှ တရားမြင်"၊ "ပရမတ်မဝ တရားမရ"၊ "ပရမတ်ဝမှ တရားကျသည်" ဆိုသည့်အတိုင်း အရိပ် အမြွက်လေးမျှ အခုဝါယော လေရုပ်နဲ့ ထိ-သိစိတ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ သူ-ငါမရှိပုံတွေကို ပြသခဲ့ပါတယ်။

အခြားရုပ်နာမ်တွေကိုလဲ ဒီအတိုင်းရှုမြင်ရမှာပါ။ ဒီနည်းနဲ့ လောကတစ်ခွင်မှာ အစွဲအလမ်းတွေ လျော့နည်းပြီး စိတ်ရဲ့ငြိမ်းချမ်းမှု၊ စိတ်ရဲ့အေးမြချမ်းသာမှု မုချရကြပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်က ဒီသတိပဋ္ဌာန်တရား အားထုတ်လေ့ကျင့် ပျိုးထောင်နည်းအတိုင်း (၇)ရက်မျှ အားထုတ်ကြည့်စမ်းပါလို့ တိုက်တွန်းတော်မူခဲ့ပါတယ်။

ဒီနည်းအတိုင်း တရားအားထုတ် လေ့ကျင့်ပျိုးထောင်သူတို့ အတွက် ဗုဒ္ဓဘုရားက တာဝန်ယူထားတဲ့ ကြေငြာချက်တွေက (၇)မျိုးပါ။

စိတ်စင်ကြယ်နိုင်ပါလိမ့်မည်။ စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှုတွေကို လွန်မြောက်နိုင်လိမ့်မည်။ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှု ပျောက်ပါလိမ့်မည်။ ကိလေသာအပူဓာတ်တွေ ပြတ်စေနိုင်တဲ့ မဂ်ဉာဏ်ရပါလိမ့် မည်။

(၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါ၊ (၉၆)ဖြာသော အနာရောဂါ၊ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးတွေ ငြိမ်းရာ နိဗ္ဗာန်ရောက်ပါလိမ့်မယ်။

ထပ်မံပြီး ဘုရားရှင်က ထွက်လေဝင်လေကို သတိမပြတ် ရှုမှတ်ပွားများနေပါလျှင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်တယ်။ သတိပဋ္ဌာန်လေးပါး ကြိမ်ဖန်များစွာ ပွားများရာရောက်တော့ ဗောဇ္ဈင်(၇)ပါး ပွားများရာရောက်တယ်။ ဗောဇ္ဈင်(၇)ပါး ကြိမ်ဖန်များစွာ ပွားများလိုက်တော့ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ်(၄)ပါး ပြီးပြည့်စုံစေနိုင် တယ်ဆိုတဲ့ ဟောကြားချက်ကလဲ အားတက်ဖွယ် ဖြစ်ပါတယ်။

ထို့ပြင် ဘုရားရှင်က ထွက်လေဝင်လေကို ရှုမှတ်တဲ့သတိကြောင့် ရရှိတဲ့စိတ်ကို အစိုးရမှု၊ စိတ်ရဲ့တည်ကြည်မှုဟာ ငြိမ်သက်တယ်။ မွန်မြတ်တယ်၊ ချမ်းသာတစ်ခု ဖြည့်စွက်စရာမလိုဘူး။ မကောင်း မှု အဆိုးဟူသမျှ တခဏချင်း ပပျောက်စေနိုင်ပါတယ်လို့ ဘုရားရှင်က ဟောကြားခဲ့ပါသေးတယ်။ အဲဒီ အကျိုးရရှိနိုင်ပုံ ဟောကြားချက်များ ဟာ အားရစရာကောင်းလှပါတယ်။ ဒါကြောင့် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူခဲ့တဲ့ အပ္ပမာဒ သတိမမေ့ကြနဲ့ဆိုတဲ့ ဘုရားရှင်၏ ဩဝါဒတော်ကို ဦးထိပ်ရွက် ပန်ဆင်လျှက် တစ်ရက်လျှင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော်

အသုံးချနေကြတဲ့ ထွက်လေဝင်လေမှု ရှူရှိုက်နေမှုကို သတိမပြတ် ရှုမှတ်လေ့ကျင့် ပျိုးထောင်နိုင်ကြပြီး အိုမှု၊ နာမှု၊ သေမှု စသော လူ့ဘဝပြဿနာပေါင်း (၁၆၀၀၀)တို့ကို ဖြေရှင်းနိုင်ကြပါစေ။ ဘုရားရှင်၏ တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံ နည်းကောင်းလမ်းကောင်းဖြင့် တရားအားထုတ် လေ့ကျင့် ပျိုးထောင်၍ တန်ချိန်ဖွဲ့လို့မရနိုင်တဲ့ ဒုက္ခဝန်ထုပ်ဝန်ပိုး ဘဝဇာတ် ငြိမ်းရာ ချမ်းသာထူး ချမ်းသာမြတ်ကို ရှာဖွေရရှိနိုင်ကြပါစေကုန် သတည်း။

# မုံရွာမြို့၊ မဟာလယ်တီတိုက်
# နဝမ ပဓာန နာယကဆရာတော်
# လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ
# လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ
# ဘဒ္ဒန္တ ကေလာသ (အဂ္ဂမဟာပဏ္ဍိတ) ၏
# ဩဝါဒမိန့်ခွန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ယနေ့ သာသနာနှစ် ၂၅၄၉ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်၊ နယုန်လဆန်း (၈)ရက်၊ ဒုတိယကြိမ်မြောက် ကမ္မဋ္ဌာနာစရိယ သင်တန်းဖွင့်ပွဲတွင် ရောက်ရှိလာ ကြသော သင်တန်းသား သင်တန်းသူ ရဟန်းရှင်လူ ယောဂီသူတော်စင်အပေါင်းတို့ကို ဩဝါဒစကား ပြောကြားရမည့် အခွင့်အခါသို့ ရောက်ရှိလာ၍ ဩဝါဒစကား အနည်းငယ် ပြောကြားလိုပါသည်။

ပြောကြားမည့် ဩဝါဒစကားကလဲပဲ ဌာနနဲ့ဌာနီ လိုက်ဖက်ညီအောင် ပြောကြားရမည်ဖြစ်ပါသည်။ တရားစခန်းကလဲပဲ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကို ဦးထိပ်တင်ရွက်လျှက် လယ်တီဟူသောအမည်ကို ဦးထိပ်၍ ပန္နက်သဲရိုက်လျှက် တည်ထားသော လယ်တီဝိပဿနာတရားစခန်းကြီး ဖြစ်နေသည့်အတွက် ပြောရမည့်ဩဝါဒအချက်ကလဲ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ နှလုံးသည်းပွတ်တော်မှ ထွက်ပေါ်လာသော အလိုတော်ဆန္ဒတော်နှင့် လျော်ကန်သင့်မြတ်သော လယ်တီကိုဦးထိပ်တင်ရွက် ပန္နက်သဲချသော ဩဝါဒစကား ဖြစ်ရပါမည်။

သို့ဖြစ်၍ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ခန္ဓာ အာယတန ဓာတ်သစ္စာလင်္ကာကျမ်းဦးအစ ဥယျောဇနကထာ၌ -

**ပုထုဇ္ဇနောတိ ဧတ္ထ -**

**ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊**

**ဗုဒ္ဓေနာဒိစ္စ ဗန္ဓုနာ။**

**အန္ဓော ပုထုဇ္ဇနော ဧကော၊**

**ကလျာဏေကော ပုထုဇ္ဇနော။ ။**

**- တတ္ထ ယဿ ခန္ဓာဓာတုအာယတနာဒီသု ဥဂ္ဂဟ,ပရိပုစ္ဆာ, သဝန, ဓာရဏ, ပစ္စဝေက္ခဏာနိ နတ္ထိ အယံ အန္ဓပုထုဇ္ဇနော။**

**- ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။ ။**

(ဒီဃနိကာယ် သုတ်သီလက္ခန်အဋ္ဌကထာ၊ ဗြဟ္မဇာလသုတ် အဖွင့်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ သဠာယတနဝိဘင်္ဂ ဥဂ္ဂဟ... 

(အနက်ကား) ပုထုဇ္ဇနောတိ ဧတ္ထ= ပုထုဇ္ဇနောဟူသော ဤပုဒ်၌= အန္ဓော= အဝိဇ္ဇာအားဖြင့် ဉာဏ်အမြင်ကန်းသော၊ ပုထုဇ္ဇနော= ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ဧကော= တစ်ယောက်၊ ကလျာဏော= သုတမယ ဉာဏ်ရှိသဖြင့် ကောင်းသောအကျင့်ရှိသော၊ ပုထုဇ္ဇနော= ပုထုဇဉ် ပုဂ္ဂိုလ်သည်၊ ဧကော= တစ်ယောက်၊ ဣတိ= ဤသို့၊ အာဒိစ္စဗန္ဓုနာ= နေမင်း၏အဆွေဖြစ်တော်မူသော၊ ဗုဒ္ဓေန= မြတ်ဘုရားသည်၊ ပုထုဇ္ဇနာ= ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို၊ ဒုဝေ= နှစ်ယောက်တို့ဟူ၍၊ ဝုတ္တာ= ဟောတော်မူအပ်ကုန်၏။

ဟိ-ဝိတ္ထာရေမိ= ချဲ့၍ဆိုဦးအံ့။ တတ္ထ= ထိုနှစ်ယောက်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင်၊ ယဿ= အကြင်ပုထုဇဉ်ပုဂ္ဂိုလ်အား၊ ခန္ဓာဓာတု

အာယတနာဒီသု= ခန္ဓာ, ဓာတ်, အာယတန, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန် စသည်တို့၌၊ ဥဂ္ဂဟ, ပရိပုစ္ဆာ, သဝန, ဓာရဏ, ပစ္စဝေက္ခဏာနိ= သင်ခြင်း, မေးမြန်းခြင်း, နာခြင်း, မှတ်ဆောင်ခြင်း, ဆင်ခြင်ခြင်းတို့သည်၊ နတ္ထိ-နသန္တိ= မရှိကုန်။ အယံ= ဤပုထုဇဉ်ပုဂ္ဂိုလ်သည်၊ အန္ဓပုထုဇ္ဇနော= အဝိဇ္ဇာအားဖြင့် ဉာဏ်အမြင်ကန်းသော အန္ဓပုထုဇဉ်မည်၏။

ယဿ= အကြင်ပုဂ္ဂိုလ်အား၊ တာနိ= ထိုခန္ဓာ, ဓာတု, အာယတန, သစ္စာ စသည်တို့၌ သင်ခြင်း, မေးမြန်းခြင်း, နာခြင်း, မှတ်ဆောင်ခြင်း, ဆင်ခြင်ခြင်းတို့သည်၊ အတ္ထိ-သန္တိ= ရှိကုန်၏။ သော= ထိုပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ကလျာဏပုထုဇ္ဇနော= ကောင်းသောပဋိပတ်အကျင့်ရှိသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်မည်၏။

အဲဒါလို ကျေးဇူးရှင်ကြီးသည် အသည်းနှလုံးတော်၌ ဖြစ်ပေါ်သော အလိုဆန္ဒတော်ကို ထုတ်ဖော်ပြသတော်မူခဲ့ပေသည်။

ဤကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အလိုဆန္ဒတော်ကို ထောက်မြော်နှိုင်းဆကြည့်ပါမူ ယောဂီတို့နှင့် သူသူငါငါတို့သည် ဝိပဿနာစခန်း တက်လှမ်းရှုပွားရာတွင် -

- ရုပ်ကို နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပြီလား၊ မသိနိုင်သေး၊ မမြင်နိုင်သေးလျှင် အန္ဓပုထုဇဉ် (ဝိပဿနာဉာဏ်အမြင်သို့ မရောက်နိုင် မပေါက်နိုင်သောသူ)လို့ပင် ဆိုရပေမည်။
- ရုပ်ကို နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပြီလား၊ သိမြင်ပေါက်ပိုင်ခဲ့လျှင် ကလျာဏပုထုဇဉ် (ကောင်းသော ပဋိပတ်အစဉ် ဝိပဿနာဉာဏ်အမြင်ရှိသောသူ)လို့ပင် ဆိုရပေမည်။

ဤဘဝ ဤသာသနာတွင် အန္ဓပုထုဇဉ်အဆင့်အတန်းမှ တစ်ဆင့်တက်လှမ်းသော ကလျာဏပုထုဇဉ်ဖြစ်ဖို့ အရေးကြီးလှပေသည်။ အန္ဓပုထုဇဉ်တို့မည်သည် ဝိသုဒ္ဓိခုနစ်ပါးတွင် ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ပင် မရောက်နိုင်ကြသေးပေ၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတည်းဟူသော အပါယ်ဘောင်သို့ ပို့ဆောင်မည့် အပါယ်ကြိုး အပါယ်လွန် တန်းလန်းနှင့် ရှိနေကြသည်ကို သတိပြုဖို့လိုပေသည်။

ထို့ကြောင့်ပင်လျှင် ကျေးဇူးတော်ရှင်ကြီး၏ ဒီပနီကျမ်းပေါင်းများစွာတို့တွင် နခသိခသုတ္တန်- ကာဏကစ္ဆပေါမသုတ္တန်-တို့ကို အဖန်ဖန် အထပ်ထပ် ရေးသားတော်မူခဲ့ပေသည်။ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့ကို ပစ်မှတ်ထားကာ အန္ဓပုထုဇဉ်အဖြစ်မှ အမြစ်ပါပြုတ်ကွာရေး ကလျာဏပုထုဇဉ်ဖြစ်နိုင်ရေးတို့ကို ဦးစားပေးရေးသားတော်မူခဲ့သည်ကို သတိပြုဖို့လိုပေသည်။

ဝိသုဒ္ဓိခုနစ်ပါးတရားတို့တွင် -

- ယောဂီတို့သည် ရှေးဦးစွာ အာဇီဝဋ္ဌမကသီလ, ပဉ္စသီလ, အဋ္ဌင်္ဂသီလတို့တွင် မိမိနှစ်သက်ရာသီလကို မကျိုးမပေါက်ရအောင် ထိန်းသိမ်းစောင့်ရှောက်မှုသည် သီလဝိသုဒ္ဓိမည်၏။
- နှာသီးဖျား နှာခေါင်းဝ၌ ထွက်လေဝင်လေတို့ကို အာရုံပြုကာ သတိမြဲစွာထားလျှက် ဆင်ခြင်ပွားများမှုသည် စိတ္တဝိသုဒ္ဓိမည်၏။

ဤဝိသုဒ္ဓိနှစ်ပါးနှင့်ပင် ပြည့်စုံစေကာမူ ရုပ်နာမ်ကို သိမှုအမြင်ဉာဏ်စု မရှိခဲ့သေးပါမူ အန္ဓပုထုဇဉ်ဘဝမှ မကျွတ်သေး၊ မလွတ်သေး၊ ကလျာဏပုထုဇဉ်မဖြစ်သေး၊ ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ မရောက်သေးဟု သိမှတ်စေလိုပါသည်။

ဤ၌ ရုပ်နာမ်သိမှု၊ ခန္ဓာ, အာယတန, ဓာတ်တို့ကို သိမှုဆိုသည်ကား အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ တိကမာတိကာ၊ ဒုကမာတိကာ တို့မှလာသောနည်းတို့ကို အကုန်အစင်သိရသည်ဟု ဆိုလိုသည်မဟုတ်ပေ။

- အာနာပါနကမ္မဋ္ဌာန်းကို ရှူဆဲ ပွားဆဲ ထွက်လေ ဝင်လေတို့ကို ပွားများဆဲ၌ ဖြစ်ပေါ်လာသော ရုပ်နာမ်။

- လျောင်း, ထိုင်, ရပ်, သွား ဣရိယာပုထ်လေးပါးတို့ကို ရှုမှတ်ပွားများနေဆဲ၌ ဖြစ်ပေါ်လာသောရုပ်နာမ်။

- မြင်, ကြား, နံ, လျက်, ထိ, သိ ဟူသော ဒွါရခြောက်ဖြာ အာရုံ ခြောက်ပါးတို့ ထိခိုက်သိနေဆဲ၌ ဖြစ်ပေါ်လာသော ရုပ်နာမ်။

ဤရုပ်နာမ်တို့ကိုသာ အခါအားလျော်စွာ သိမြင်နိုင်မှုကိုသာ ဆိုလိုပေသည်။ ထိုသို့သော သိမှု မြင်မှုမျိုးကိုသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိ စခန်းသို့ ရောက်သည်ဟု ဆိုရပေသည်။

ဤဒိဋ္ဌိဝိသုဒ္ဓိကို ဉာဏ်စဉ်ဆယ်ပါးနှင့် နှိုင်းယှဉ်တွဲဖက်ကြည့်လျှင် သမ္မသနဉာဏ်စခန်းဟုပင် ဆိုရပေမည်။ သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင်သာ ဉာဏ်ဆယ်ပါးတို့တွင် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် ဤသုံးတန်တို့ကို ဉာဏ်ဝတွင် ထင်မြင်နိုင်ဖို့ အရေးကြီးပေသည်။ ထို့ကြောင့်ပင် -

"နောက်လာလတ္တံ့သော ဉာဏ်စဉ်ဆယ်ပါးတို့သို့ အဆင့်ဆင့် တက်၍ ပွားများရာတွင် ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဤခုနစ်ပါးသော ဉာဏ်တို့ ဖြစ်ပုံအစီအရင်များမှာ လွန်စွာခက်ခဲသော အချက်မရှိပြီ။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊

ဘင်္ဂဉာဏ် ဤသုံးပါးတို့၏ အစီအရင်သည်သာ လွန်စွာခက်ခဲသည်။ ဤဉာဏ်သုံးပါး လှလှနေရာကျ၍ အနိစ္စပရိညာ ပိုင်ပိုင်နိုင်နိုင် ထင်မြင်လျှင် အနတ္တပရိညာလည်း ပိုင်နိုင်တော့သည်။ အနိစ္စနှင့် အနတ္တနှစ်ပါးပိုင်နိုင်လျှင် ဘယဉာဏ်၊ အာဒီနဝဉာဏ် အစရှိသော နောက်နောက်ဉာဏ်တို့သည် ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း ထင်လာကုန်လတံ့" ဟူ၍ ကျေးဇူးတော်ရှင်ကြီး၏ အနတ္တဒီပနီတွင် ရေးသားတော်မူခဲ့ပေသည်။

ထို့ကြောင့် ယောဂီတို့သည် ကမ္မဋ္ဌာနာစရိယတို့ ညွှန်ပြသော ဘာဝနာက္ကမ= ဘာဝနာလမ်းစဉ်အတိုင်း ရုပ်နာမ်ရှုပုံ နည်းအစုံကို ဥဂ္ဂဟ = သင်ယူခြင်း၊ ပရိပုစ္ဆာ= မေးမြန်းခြင်း၊ သဝန= နာယူခြင်း၊ ဓာရဏ= မှတ်ဆောင်ခြင်း ဟူသော သုတမယလမ်းစဉ်သို့ ဦးလည်မသုံ နာယူမှတ်သားကြကုန်ပြီး ပစ္စဝေက္ခဏာဟူသော စိန္တာမယလမ်းစဉ်သို့ ဝီရိယဓာတ်အားနှင့်ပြီး ဘာဝနာမယစခန်းခွင်သို့ အောင်မြင်စွာ ချီတက်နိုင်ကြပါစေ၊ ချီတက်ကြပါရန် တိုက်တွန်းနှိုးဆော်လျှက် ဩဝါဒစကား နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။

အားလုံသော ယောဂီအများ တရားတွေ့၍ ဓမ္မပီတိဖြင့် မွေ့လျော်နိုင်ကြပါစေ။ ။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက**
**ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကရေ၊ တိပိဋကကောဝိဒ**
**ရွေးချယ်ရေး စာတော်ပြန်ပွဲစာမေးပွဲဖွင့်လှစ်သည့် အခမ်းအနားတွင်**
**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု**
**အဘိဓဇအဂ္ဂမဟာဘဒ္ဒမ္မဇောတိက မကွေးဆရာတော်**
**ဘဒ္ဒန္တ ကုမာရ**
**မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ**

တိပိဋကရေ ရွေးချယ်ရေး စာတော်ပြန်ပွဲ စာမေးကြီးကို ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြမည့် တိပိဋကရေအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်စား ကာလကြာမြင့် မှတ်သားသင့်သော သာရဏီယဩဝါဒစကား မြွက်ကြားလိုပေသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးစ အဋ္ဌမသတ္တာဟတွင် အဇပါလ ညောင်ပင်အောက်၌ သီတင်းသုံးနေတော်မူခိုက် ယုတ်မာမိုက်မဲသည့် မာရ်နတ်သားက -

**ဘဂဝါ ယဒတ္ထံ တုမှေဟိ ပါရမိယော ပူရိတာ၊**
**သော ဝေါ အတ္ထော အနုပ္ပတ္တော၊**
**ပဋိဝိဒ္ဓံ သဗ္ဗညုတညာဏံ၊**
**ကိံ တေ လောကဝိစာရဏေန။ ပ ။**
**ပရိနိဗ္ဗာတု ဒါနိ ဘန္တေ။**

**ပရိနိဗ္ဗာတု သုဂတော၊**

**ပရိနိဗ္ဗာနကာလော ဒါနိ ဘန္တေ ဘဂဝတော။**

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဟူသော အကျိုးကိုရရန် ပါရမီတို့ကို၊ ဖြည့်ကျင့်တော်မူခဲ့ပါသည်။ (ယခု) ထိုအကျိုးကို ရတော်မူခဲ့ပါပြီ။ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်တော်မူအပ်ပါပြီ။ အရှင်ဘုရားအား လောကထဲ၌ လှည့်လည်တော်မူခြင်းဖြင့် အဘယ်အကျိုး ရှိပါမည်နည်း။ ပ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့။ ကောင်းသောစကား မြွက်ကြားတော်မူတတ်သော မြတ်စွာဘုရား၊ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ မြတ်စွာဘုရား။ ယခုအခါ ဘုန်းတော်ကြီးမား မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ပြုတော်မူရာ အခါတန်ပါပြီ"ဟု လျှောက်ထားခဲ့ပါသည်။ (ဒီ၊ ၌၊ ၂၊ ၁၄၅။ သံ၊ ၌၊ ၃၊ ၂၈၄။ ဒီ၊ ၂၊ ၈၇၊ သံ၊ ၃၊ ၂၂၈။)

ထိုအခါ မြတ်စွာဘုရားက -

**"န တာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ။ ပ။"**

"ယုတ်မာစွာလတ် ဟယ်မာရ်နတ်၊ ငါဘုရား၏ တပည့် သာဝက, သာဝိကာများဖြစ်ကြသည့် ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ လေးဖြာသောပရိသတ်တို့သည် တတ်သိလိမ္မာ မရှိကြသေးသမျှ၊ ကောင်းစွာဆုံးမအပ်ပြီးသူများ မဖြစ်ကြသေးသမျှ၊ ရဲရင့်သူများ မဖြစ်ကြသေးသမျှ၊ များစွာကြားနာအပ်ပြီးသော သုံးပုံပိဋကတ် ပရိယတ်ရှိသည့် ဗဟုသုတပုဂ္ဂိုလ်များ မဖြစ်ကြသေးသမျှ၊ သုံးပုံပိဋကတ် တရားမြတ်ကို မဆောင်နိုင်ကြသေးသမျှ၊ အရိယာမဂ်တရား

အားလျော်သော ဝိပဿနာအကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ လျောက်ပတ်သောအကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိသူများ မဖြစ်ကြသေးသမျှ၊ မိမိတို့ဆရာ မြတ်စွာဘုရား၏ ဝါဒကိုသင်ယူ၍ မပြောနိုင်, မဟောနိုင်, မပြသနိုင်, မတည်တံ့စေနိုင်, မဖွင့်ဆိုနိုင်, မဝေဖန်နိုင်, မပေါ်လွင်စေနိုင်ကြသေးသမျှ၊ ပေါ်ပေါက် (တိုက်ခိုက်)လာသည့် သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းမှန်နှင့်တကွ ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောနိုင်ကြသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည် မဟုတ်သေး" ဟု မိန့်ကြားတော်မူပါသည်။ (ဒီ၊ ၂၊ ၈၇။ သံ၊ ၃၊ ၂၂၈)

**ဆန္ဒတော်ကြီးမား**

ဘုရားရှင်သည် မိမိ၏တပည့်သားသာဝက, သာဝိကာမများ တတ်သိလိမ္မာရှိသူများ ဖြစ်စေချင်သည်၊ ကောင်းစွာဆုံးမပြီးသူ၊ ကောင်းစွာယဉ်ကျေးပြီးသူများ ဖြစ်စေချင်သည်၊ ရဲရင့်သူ၊ အကြားအမြင်များသူ၊ သုံးပုံပိဋကတ်တရားမြတ်ကို ဆောင်ထားနိုင်သူများ ဖြစ်စေချင်သည်၊ အရိယာမဂ်အားလျော်သော ဝိပဿနာအကျင့်ကို ကျင့်နိုင်သူ၊ လျောက်ပတ်သောအကျင့်ကို ကျင့်နိုင်သူ၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိသူများ ဖြစ်စေချင်သည်၊ မိမိတို့ဆရာ မြတ်စွာဘုရား၏ အယူဝါဒကို သင်ယူ၍ ပြောနိုင်, ဟောနိုင်, ပြသနိုင်, တည်တံ့စေနိုင်, ဖွင့်ဆိုနိုင်, ဝေဖန်နိုင်, ပေါ်လွင်စေနိုင်သူများ ဖြစ်စေချင်သည်။ ပေါ်ပေါက် (တိုက်ခိုက်)လာသည့် သူတစ်ပါးတို့၏အယူဝါဒကို အကြောင်းမှန်နှင့်တကွ ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်သူများ ဖြစ်စေချင်သည်။ ဤစကားတော်ဖြင့်

တပည့်သာဝက သာဝိကာတို့အပေါ်၌ ဘုရားရှင်ထားတော်မူအပ် သော ဆန္ဒတော်ကား မည်မျှလောက်ကြီးမားတော်မူသည်ကို သိမြင် နိုင်ပါသည်။

## ပြည့်စုံအောင်ကျင့်ကြံ

တိပိဋကရေအလျာ အာဇာနည်အရှင်မြတ်တို့ဘုရား အရှင် မြတ်တို့၏ သုတ်, ဝိနည်း, အဘိဓမ္မာ သုံးဖြာသော ပိဋကတို့ကို ကျက်မှတ်ပြန်ဆို ရေးဖြေတော်မူကြခြင်းသည် ဖော်ပြခဲ့သော မြတ်စွာ ဘုရားဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်တို့အနေဖြင့် "ငါတို့သည် မြတ်စွာဘုရားဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေသူများပါတကား"ဟု နှလုံးသွင်းဆင်ခြင်၍ ကြည်လင်ရွှင်ပျ ဝမ်းမြောက်သင့်ကြပါသည်။ မြတ်စွာဘုရား မျှော်မှန်း သည့်အတိုင်း ပြည့်စုံသည့်တိုင်အောင် အားထုတ်ဖို့လိုအပ်ပါသေး သည်။ မြတ်စွာဘုရား ညွှန်ပြတော်မူသည့်အတိုင်း ဓမ္မာနုဓမ္မပဋိပတ် ကို အထွတ်အထိပ်ရောက်အောင် ကျင့်ကြံပွားများ အားထုတ်ကြမှ သာ မြတ်စွာဘုရား၏ ဆန္ဒတော်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရာ ရောက်ကြပါလိမ့်မည်။

ထို့အပြင် မြတ်စွာဘုရား ဟောကြားတော်မူသည့် ပိဋကတ် ကျမ်းစာတို့ကို ကျက် အံ ပြန် ဆို တွေးတော ကြံစည်ခြင်းသည်လည်း ဂန္ထဓုရတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါသည်။ ယင်းတာဝန်သည် မြတ်စွာဘုရား သာသနာတော်အရှည်ခံ၍ တည်တံ့ရန်အတွက် အဓိကကျသောတာဝန် ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် အရှင်မြတ်

တို့အနေဖြင့် "ငါတို့သည် သာသနာတော်တွင် အဓိကကျသော သာသနာ့တာဝန်ကို ထမ်းဆောင်၍ သာသနာတော်ကို စောင့်ရှောက်နေသူများဖြစ်ကြသည်"ဟု နှလုံးသွင်းကာ ဂုဏ်ယူဝမ်းမြောက်သင့်ကြပါသည်။

နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ-ဥပါသိကာမအပေါင်းတို့အနေဖြင့်လည်း -

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။**

**နပ္ပပုညာ ကရဟာစိ၊ ပုဂ္ဂဏှိတု မဝိသယာ။**

ဟူသော ရှေးပညာရှိဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်အရ "ဘုဉ်းရှင်ကံရှင် သမ္မာရှင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီးကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အစရှိသည့် လိုအပ်ရာရာအာမိသဖြင့် ထောက်ပံ့လှူဒါန်းနေကြသော ငါတို့သည် ရှေးအခါကဆည်းပူးခဲ့၊ ပြုခဲ့ဖူးသော ပါရမီဘုန်းကံရှိသူများ ဖြစ်သောကြောင့်သာလှူဒါန်းထောက်ပံ့နေနိုင်ကြသေးသည်"ဟု သိရှိကြကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ကြပေသည်။

ဤသို့ မြတ်စွာဘုရား သာသနာတော်ကြီးနှင့် ကြုံကြိုက်ကြ၍သာ ဆရာဒကာဆိုင်ရာတာဝန်ကို ထမ်းရွက်ကြခြင်းဖြင့် များမြတ်သော ကုသိုလ်တရားများကို ဆည်းပူးရရှိကြပြီး ဖြစ်ပါသည်။ ထိုကုသိုလ်များရဲ့ အရှိန်အဟုန်ကြောင့် နိုင်ငံတော်ကြီးအေးချမ်းသာယာဖွံ့ဖြိုး၍ နိုင်ငံသူ နိုင်ငံသားအားလုံးတို့လည်း နိဗ္ဗာန်တိုင်ထိသမ္ပတ္တိအကျိုးများ ရရှိနိုင်ကြပါစေဟု ပတ္ထနာပြု၍ ဘုန်းကြီးရဲ့သာရဏီယဩဝါဒကထာကို ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပါသတည်း။

## မုံရွာမြို့ မဟာလယ်တီတိုက်
## နဝမ ပဓာန နာယကဆရာတော်
## လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ
## ဘဒ္ဒန္တ ကေလာသ (အဂ္ဂမဟာပဏ္ဍိတ)
## ဩဝါဒကထာ

ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ခွင် ဝင်ရောက်နေကြသည့် ဝိပဿနာယောဂီ သူတော်စင်တို့အား ဩဝါဒစကား ပြောကြားဖို့ရာ အခွင့်အခါ ဆိုက်ရောက်လာပြီဖြစ်၍ ကျေးဇူးတော်ရှင် ပဌမလယ်တီ ဆရာတော်ဘုရားကြီး၏ အလိုဆန္ဒတော်အတိုင်း ပါဠိစာပေတို့ဖြင့် အသိခက်ခဲ နက်နဲစွာ ဩဝါဒစကား မပြောကြားပဲ သိလွယ်မြင်လွယ် နိုင်သော မြန်မာစကားပြေဖြင့်သာ ဩဝါဒစကား ပြောကြားလိုပါ သည်။

### ဒွိဟိတ်နှင့်တိဟိတ်

စာပေလောကမှာ ပြောရိုးဆိုရိုးရှိကြသည်ကား "မဂ်ကိုဖိုလ်ကို ရလိုသောဆန္ဒဖြင့် တရားအလုပ်ကို အားထုတ်ကြသော်လည်း ဒွိဟိတ် ပုဂ္ဂိုလ်တို့ကား မဂ်တရားဖိုလ်တရားကို မရနိုင်ပေ။ တိဟိတ်ပုဂ္ဂိုလ် များမှသာ ရနိုင်သည်"ဟု ပြောရိုးဆိုရိုး ရှိကြပေသည်။

**ဒွိဟိတ်ဆိုသည်မှာ**

ဒွိဟိတ်ဆိုသည်မှာ ပဋိသန္ဓေအခါတွင် အလောဘဟိတ် အဒေါသဟိတ် ဟူသော ဟိတ်နှစ်ပါးနှင့် ပဋိသန္ဓေစိတ်တွင် ယှဉ်၍ ပဋိသန္ဓေနေသူကို ဆိုလိုပါသည်။

**တိဟိတ်ဆိုသည်မှာ**

တိဟိတ်ဆိုသည်ကား ပဋိသန္ဓေအခါတွင် အလောဘဟိတ် အဒေါသဟိတ် အမောဟဟိတ် ဟူသော ဟိတ်သုံးပါးနှင့်ယှဉ်၍ ပဋိသန္ဓေနေသူကို ဆိုလိုပါသည်။

**သိဖို့ခက်ခဲ လွန်နက်နဲ**

ဤကား ကျမ်းဂန်စာပေတို့၏ အဆိုဖြင့် မိမိကိုယ်ကို ဒွိဟိတ် တိဟိတ်ခွဲပုံ ဖြစ်ပေသည်။ ဆိုခဲ့ပြီးသော စာပေနည်းဖြင့် မိမိကိုယ်ကို ဒွိဟိတ် တိဟိတ် ခွဲခြားသိမြင်နိုင်ဖို့ကား ခဲယဉ်းလှပေသည်။ သည်ကိုရည်ရွယ်၍-

- **ပဋိသန္ဓေ၊ စွဲတည်နေသော်၊ သန္ဓေစိတ်တွင်၊ ဉာဏ်မယှဉ်၊ ခေါ်တွင် ဒွိဟိတ်ဆိုသတည်း။**
- **ပဋိသန္ဓေ၊ စွဲတည်နေသော်၊ သန္ဓေစိတ်တွင်၊ ဉာဏ်နှင့်ယှဉ်၊ ခေါ်တွင် တိဟိတ်ဆိုသတည်း။**
- **ကျမ်းဂန်အဆို၊ မိမိကိုယ်ကို၊ ပုဂ္ဂိုလ် ဒွိ,တိ၊ ခွဲဝေဘိ၊ သိဖို့ အလွန်ခက်သတည်း။**

ဟု ဆရာတော်က မှတ်သားဖွယ်ရာ ကဗျာစီကုံးခဲ့ဖူးပေသည်။ ကျေးဇူးရှင်ဆရာတော်ကြီး၏ လက္ခဏာဒီပနီတွင်ကား -

**ဝိပဿနာတရားကိုကား ပွားများအားထုတ်ကြည့်ပါ။ ဤကားရုပ်, ဤကားနာမ်တည်းဟု မိမိခန္ဓာကိုယ်မှာ ဝေဖန်ပိုင်းခြား၍ သိနိုင် မြင်နိုင်လျှင် တိဟိတ်ပုဂ္ဂိုလ်၊ မသိနိုင် မမြင်နိုင်လျှင် ဒွိဟိတ်ပုဂ္ဂိုလ်တည်း။**

ဟု မိန့်ဆိုရေးသားတော်မူခဲ့ပါသည်။ သည်ကိုရည်ရွယ်၍ -

- **ဝိပဿနာ၊ ဘာဝနာကို၊ ပွားရာခါတွင်၊ နာမ်ရုပ်ပင်၊ မြင်လျှင် တိဟိတ်ဆိုသတည်း။**
- **ဝိပဿနာ၊ ဘာဝနာကို၊ ပွားရာခါတွင်၊ နာမ်ရုပ်ပင်၊ မမြင် ဒွိဟိတ်ဆိုသတည်း။**
- **ဒွိဟိတ်လေလော၊ တိဟိတ်လောဟု၊ သဘောမှန်ရာ၊ သိလွယ်စွာ၊ မိန့်မှာ လယ်တီထေရ်မြတ်တည်း။**

ဟူ၍ ကဗျာစီကုံးခဲ့ဖူးပေသည်။ ပြဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကို ဒွိဟိတ်, တိဟိတ် ကွဲပြားစွာသိလိုလျှင် ဝိပဿနာတရားကိုသာ နည်းကျလမ်းကျ အားထုတ်ကြည့်ကြပါလို့သာ တိုက်တွန်းသမှု ဥယျောဇဉ် ပြုလိုပေသည်။

## ဒွိဟိတ်ဖြစ်ခဲ့လျှင်

အကယ်၍ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ယခုဘဝက ဝိပဿနာတရားအားထုတ်မှု အရှိန်အဟုန်ကြောင့် ဒုတိယဘဝတွင် သမ္မာဒေဝနတ်ဖြစ်လျက် သုဓမ္မာသဘင်၌ အရိယာဖြစ်ပြီးသော နတ်ဓမ္မကထိက, ပြဟ္မာဓမ္မကထိကတို့၏ တရားကိုနာကြားကာ မဂ်ပန်းဖိုလ်ပန်းကို ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနှင့် ဆွတ်ခူးပန်ဆင်နိုင်ကြပေလိမ့်မည်။ တရားအားထုတ်မှု လုံ့လကို မလျှော့ပါလင့်။

**တိဟိတ်ဖြစ်ခဲ့လျှင်**

အကယ်၍ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ဤသာသနာ ဤဘဝ ဤခန္ဓာနှင့်ပင် မဂ်ဖိုလ်ကို ယူသိမ်းအနုသယ ကိလေသာတို့ ငြိမ်းအေးခြင်း သန္တိသုခ အရသာထူး အရသာမြတ်ကြီးကို ခံစား စံစားကြရပါလိမ့်မည်။ အထူးအားထုတ်ပါလို့ တိုက်တွန်းလိုပေသည်။

**ဉာဏ်မြင်အလုပ် အားထုတ်ပါ**

ဤသည်တို့ကို ရည်ရွယ်၍

- **ဒွိဟိတ်ဖြစ်ခဲ့လျှင်၊ နတ်ပြည်ခွင်၌၊ သဘင်သုဓမ္မာ၊ မဂ်ခန်းသာမည်၊ ဝိပဿနာအလုပ်၊ အားထုတ်တည်း။**
- **တိဟိတ်ဖြစ်က၊ ဤဘဝ၌၊ မဂ်ရဖိုလ်ဝင်၊ အောင်ပန်းဆင်မည်၊ ဉာဏ်မြင်အလုပ်၊ အားထုတ်တည်း။**

ဟု ဤလည်း ကဗျာစီကုံးခဲ့ဖူးပေသည်။ ထိုမှ တစ်ဆက်တည်းပင် ကျေးဇူးတော်ရှင်ကြီးက ပဓာနိယင်္ဂတရားငါးပါးကို -

၁။ **သဒ္ဓေါ ဟောတိ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ။**

ဘုရား၌ ယုံကြည်ခြင်း အင်္ဂါတစ်ပါး။

၂။ **အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော သမဝေပါကိနိယာ။ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နစ္စုဏှာယ။ မဇ္ဈိမာယ ပဓာနက္ခမာယ။**

ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်း အင်္ဂါတစ်ပါး။

၃။ **အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတာ သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရိသု။**

ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်း အင်္ဂါတစ်ပါး။

၄။ **အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓူရော ကုသလေသု ဓမ္မေသု။**
ဝီရိယထက်သန်ခြင်း အင်္ဂါတစ်ပါး။

၅။ **ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ။**
ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပွားမှု ချုပ်ကွယ်မှုတို့၌ ဉာဏ်၏စူးရှ ထင်မြင်ခြင်း အင်္ဂါတစ်ပါး။

ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်ကို ယောဂီတို့ သိလွယ်မြင်လွယ်နိုင်စေရန် -

- **ယုံကြည်, ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ ဥဿာဟမှု၊ ပညာရှုသည်၊ ငါးခု ပဓာနိယင်္ဂတည်း။**

ဟူ၍ ကျေးဇူးတော်ရှင်ကြီး ရေးသားစီရင်တော်မူခဲ့ပေသည်။

ယင်းသို့သော ပဓာနိယင်္ဂငါးပါးတို့တွင် (၁) ပဌမအင်္ဂါ၊ (၂) ဒုတိယအင်္ဂါ၊ (၃) တတိယအင်္ဂါ၊ (၄) စတုတ္ထအင်္ဂါတို့ကား ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ် နှစ်မျိုးလုံးပင် ပြည့်စုံနိုင်သော်လည်း (၅) ပဉ္စမအင်္ဂါ သည်ကား တိဟိတ်ပုဂ္ဂိုလ်တို့သာ ပြည့်စုံနိုင်သည်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့ မပြည့်စုံနိုင်ဟုလည်း မိန့်ဆိုတော်မူပေသည်။

ဒါကြောင့်မို့ ယောဂီတို့မှာ ရုပ်ကိုနာမ်ကို မြင်မှု မမြင်မှုသည် အရေးကြီးသောကိစ္စဖြစ်၍ ရုပ်နာမ်နှစ်ပါးကို မိမိခန္ဓာကိုယ်၌ ခွဲခြား သိမြင်နိုင်ရန် ဝိပဿနာဘာဝနာတရားကို ဉာဏ်စက်အား တွင်တွင် နှင်လို့ ဆင်ခြင်ပွားများကြပါလို့ တိုက်တွန်းနှိုးဆော်လျက် ကျေးဇူးရှင်

ဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယဒီပနီမှ နိဂုံးချုပ်ဆုတောင်း ပတ္တနာကို ရွတ်ဆိုကာ နိဂုံးချုပ်ကြပါစို့။

**ဣမေဝ ဇနာ ဗုဇ္ဈန္တု၊ သန္တာ သမ္ဗောဓိဘာဂိနော။**

သန္တာ= သဒ္ဓါလူလူ နှလုံးဖြူ၍ သူတော်အစစ် အမှန်ဖြစ်ကြကုန်သော၊ ဇနာ= လူရှင်ဓာတ်ကောင်း သူမြတ်လောင်းတို့သည်၊ ဣမေဝ= ရှင်ချစ်ဂေါတမ ဘုရားရိုက်ရာ ဤသာသနာ၌ပင်လျှင်၊ သမ္ဗောဓိ ဘာဂိနော= သမ္မာဒိဋ္ဌိ သမ္ဗောဓိကို သိရန်အဖို့ ကုသိုလ်တို့နှင့် မချို့ကုံင ပြည့်စုံကြကုန်သည်ဖြစ်၍၊ ဗုဇ္ဈန္တု= ဘုံစဉ်စံညောင်း ဗောဓိ နှောင်းတို့နှင့် အကြောင်းသင့်၍ ပွင့်ကြပါစေကုန်သတည်း။

**ဒုက္ခာ မုစ္စန္တု ယောဂိနော။**

ဩဝါဒကထာပြီးပြီ။

# မြန်မာနိုင်ငံလုံးဆိုင်ရာ
# လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် က
# ကြီးမှူးကျင်းပအပ်သော
# “လယ်တီကမ္မဋ္ဌာနစရိယ မွမ်းမံသင်တန်း အမှတ်စဉ်(၁)” ၏
# မွမ်းမံ/ပြည့်စွက် ညွှန်ကြားလွှာ

| | | |
|---|---|---|
| သင်တန်းကျင်းပသည့်နေ့ရက် | - | ၁၃၆၈ ခု၊ နယုန်လဆန်း (၁၄)ရက် |
| သင်တန်းကျင်းပသည့်အချိန် | - | ညနေ (၅)နာရီ |
| သင်တန်းကျင်းပသည့်နေရာ | - | သုဓမ္မစာရီဗိမာန်၊ ရုံးကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ |

အနန္တကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးသည် ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားတော်မူပြီး ကမ္ဘာကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင်ကို ပျံ့နှံ့အောင် ဖြန့်ဝေတော်မူဘိသကဲ့သို့၊

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ကိုယ်တော်တိုင် တောထွက်၊ ကိုယ်တော်တိုင်ကျင့်၊ ကိုယ်တော်တိုင်ရေးသား၊ ကိုယ်တော်တိုင် ဟောကြား ပြသအပ်သော လယ်တီဝိပဿနာ ကျင့်စဉ်တရားများကိုလည်း မြန်မာမှ ကမ္ဘာသို့တိုင် ပြန့်ပွားစေရန် ရည်ရွယ်ချက် “မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်”မှ ဩဝါဒါစရိယ ဆရာတော်များနှင့် ကြီးကြပ်ရေးနာယက ဆရာတော်များ၏ ဩဝါဒနှင့် ကြီးကြပ်မှုကို ခံယူကာ “လယ်တီဝိပဿနာ ကမ္မဋ္ဌာနစရိယ မွမ်းမံသင်တန်းအမှတ်စဉ် (၁)”ကို ကျင်းပခဲ့ပါသည်။

မွမ်းမံသင်တန်း အမှတ်စဉ် (၁)က “အခြေအနေနှင့်အချိန်အခါ”အရ လိုက်လျောညီထွေမှုရှိစေရန်နှင့် ပို၍ပို၍ ကြည်လင်သန့်ရှင်း ထွန်းတောက်စေရန်အတွက် “အောက်ဖော်ပြပါအတိုင်း” မွမ်းမံ/ ဖြည့်စွက်၊ ညွှန်ကြားချက်များကို ဖြန့်ဝေပါသည်။

**ပြုပြင်မွမ်းမံ ညွှန်ကြားချက်များ**

**(၁) သမထပိုင်း (၄)ရက်**

**၁။ ပထမနေ့ကျင့်စဉ် (သတိမြဲရာ ပထမာ)**

“သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ” နှာသီးဖျား၊ နှာသီးဝမှာ သတိနှင့်ယှဉ်ပြီး လေရှူသွင်းတဲ့အခါ ဝင်လာတဲ့လေကို “ဝင်လေ”၊ လေရှူထုတ်တဲ့အခါ ထွက်သွားတဲ့လေကို “ထွက်လေ”ဟု ရှုမှတ်ပါ။ “အမှုမဲ့၊ အမှတ်မဲ့” မဖြစ်ဖို့ အားထုတ်ရမှာပါပဲ။

**၂။ ဒုယတိနေ့ကျင့်စဉ် (ဒုမှာ ရှည်တိုသိ)**

**“ဒီဃံဝါ အဿသန္တော ဒီဃံအဿသာမီ တိ ပဇာနာတိ၊ ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီ တိ ပဇာနာတိ”၊**

**“ရဿံဝါ အဿသန္တော ရဿံ အဿသာမီ တိ ပဇာနာတိ၊ ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီ တိ ပဇာနာတိ”။**

သဘာဝအတိုင်း ဝင်လာတဲ့ လေလေးကို နှာသီးဖျား၊ နှာသီးဝက သတိနဲ့ကပ်ပြီးတော့ “ဝင်လေ”ဟု မှတ်ပါ။

သဘာဝအတိုင်း ထွက်လာတဲ့လေလေးကို နှာသီးဖျား၊ နှာသီးဝက သတိနဲ့ကပ်ပြီးတော့ “ထွက်လေ”လို့ မှတ်ပါ။ ရှုမှတ်ပြီး

လေကြော အနေးအမြန်၊ အရှည်အတို သိအောင် အားထုတ်ပါ။

လေရှူရှိုက်နှေးလျှင် အရှည်၊ လေရှူရှိုက်မြန်လျှင် အတိုဟု မှတ်ပါ။

**၃။ တတိယနေ့ကျင့်စဉ် (လုံးစုံလင်းရာ တ,ဠ္ဌသာ)**

**"သဗ္ဗကာယပဋိသံဝေဒီ အဿာသိဿာမီတိ သိက္ခတိ"**

**"သဗ္ဗကာယပဋိသံဝေဒီ ပဿာသိဿာမီတိ သိက္ခတိ"**

သဘာဝအတိုင်း ဝင်လာတဲ့ လေကလေးဟာ နှာခေါင်းအတွင်း နှာသီးဖျား၊ နှာသီးဝ၊ မွေးညင်းနုလေးတွေ တစ်ခုခုကိုထိပြီး ဝင်သွားပါလိမ့်မယ်။ အဲဒီ ဝင်လေထိတဲ့နေရာကိုသိပြီး "ဝင်လေထိ" ဟု ရှုမှတ်ပါ။

ထွက်လာတဲ့လေကလည်း နှာခေါင်းအတွင်း အသားနု၊ အသားစိုင်၊ မွေးညင်းနုလေး၊ နှာခေါင်းအတွင်းသားနံရံ၊ နှာသီးဖျား၊ နှာသီးဝ၊ အထက်နှုတ်ခမ်း တစ်ခုခုကိုထိပြီး ထွက်သွားပါလိမ့်မယ်။ ထွက်လေ ထိတဲ့နေရာကိုသိပြီး "ထွက်လေထိ"ဟု မှတ်ပါ။

**"ဝင်လေထိ ထွက်လေထိ၊ ထိတိုင်းထိတိုင်း သိ"**

**"ထိမှု၊ သိမှု၊ ထိုနှစ်ခု သတိကြပ်ကြပ်ပြု"** နှင့်အညီ လေ၏အစ, အလယ်, အဆုံး နှာသီးဖျား ရင် ချက်တိုင်။

အစ-အလယ်-အဆုံး ချက်တိုင် ရင် နှာသီးဖျား သုံးဌာန ထိတာ သိအောင် အားထုတ်ပါ။

**မှတ်ချက်။** ။ တရားပြသသည့်အခါ ပထမ-ပရိကံပြုပါ။ ဒုတိယ-ထိုင်ပုံထိုင်နည်း၊ တတိယ- ကျင့်စဉ်၊ စတုတ္ထ- ဝမ်းမြောက်အားတက်ဖွယ် တရားဟောပြောရန်။

တတိယနေ့ကျင့်စဉ်မှစ၍ "ထိုင်ပုံ၊ ထိုင်နည်းများ မဟောကြားပဲ" "မျက်လွှာလေး အသာချ"က စပြီး ဟောပြောရန်။

**၄။ စတုတ္ထနေ့ကျင့်စဉ် (စ,မှာ ငြိမ်းလေဘိ)**

**"ပဿမ္ဘယံ ကာယသင်္ခါရံ၊ အဿသိဿာမီတိ သိက္ခတိ"**

**"ပဿမ္ဘယံ ကာယသင်္ခါရံ၊ ပဿသိဿာမီတိ သိက္ခတိ"**

ဝင်လေလေး နှာခေါင်းအတွင်း ထိတဲ့နေရာလေးကို သိပြီး "အေးတယ်"ဆိုတဲ့ ခံစားချက်ကို မှတ်ပါ။ ထွက်လေလေး နှာခေါင်းအတွင်း ထိတဲ့နေရာလေးကို သိပြီး "နွေးတယ်" ဆိုတဲ့ ခံစားချက်ကို မှတ်ပါ။ "အေးတယ်၊ နွေးတယ်" "မွေးညင်းနုလေးတွေ လေတိုးထိတဲ့အခါ "ယားတယ်" အသားနု၊ အသားစိုင်လေးတွေ လေတိုးထိဖန်များတဲ့အခါ "ကျိန်းတယ်၊ စပ်တယ်၊ ပူတယ်၊ နာတယ်"ဟု မှတ်ပေးပါ။ တဖြေးဖြေး ငြိမ်းအေးသက်သာမှု ရသည်အထိ ရှုမှတ်ပါ။

(စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန် ဈာန်ဟု ခေါ်သတတ်)

(အနန္တကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီး၏ မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ရေးသားသော "သတိမြဲရာ ပထမာ၊ ဒုမှာရှည်တိုသိ၊ လုံးစုံလင်းရာ တဉ္ဇသာ၊ စမှာ ငြိမ်းလေဘိ" လင်္ကာစာသားနှင့်အညီ ဖြစ်ပါသည်။)

## (၂) ဝိပဿနာအပိုင်း

၁။ ဝိပဿနာကူးရန်

၂။ အနုလုံ

၃။ အနုလုံ၊ ပဋိလုံ

၄။ ခန္ဓာကိုယ် (၄)ပိုင်းနှင့် အနိစ္စ

၅။ ခန္ဓာကိုယ် တစ်ကိုယ်လုံး၊ တစ်ကောင်လုံးနှင့်အနိစ္စ
၆။ ခန္ဓာကိုယ် တစ်ကိုယ်လုံး၊ တစ်ကောင်လုံးနှင့်ဒုက္ခ၊ အနတ္တ
၇။ ရုပ် (အဝိနိဗ္ဘောဂ) (ခေါ်) အဋ္ဌကလာပ်ရုပ် (၈)ပါး ဟောရန်
၈။ နာမ်
၉။ ရုပ်ပရမတ်၊ နာမ်ပရမတ် ဆက်စပ်၍ ဟောရန်
၁၀။ ဉာဏ် (၃) ဉာဏ် (နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်)
၁၁။ သက္ကာယဒိဋ္ဌိခွာရန်
၁၂။ ယောဂီများ ပို၍အသိဉာဏ်ဆိုက်ရန် ပြန်လည်သုံးသပ် ဟောပြောရန်
၁၃။ ဥဒယဗ္ဗယဉာဏ် ဟောရန်
၁၄။ သစ္စာမိဋ္ဌာန် ထိုင်ရန်
၁၅။ မဂ္ဂင် (၈)တန် အကျင့်မှန်ဖြင့် သစ္စာလေးပါးပြရန်နှင့် ရှေ့ဉာဏ်စဉ်များအကြောင်း ဟောကြားရန်။

"လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်" ဖြစ်သည့် အားလျော်စွာ အနန္တကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီး၏ တပည့်ကျော် သဲဖြူလယ်တီဆရာတော် ဦးနန္ဒိယ ရေးသားတော်မူသော "လယ်တီဝိပဿနာလက်စွဲ" ခေါ် "လယ်တီဝိပဿနာကဗျာ" အပုဒ်(၃၀)ကို အခြေခံ၍ ဝိပဿနာတရား ပြသကြရန်။

**လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယများ လိုက်နာရမည့် စည်းကမ်းများ**

ဗုဒ္ဓဒေသနာတော်နှင့်အညီ ဤကမ္ဘာအား ဝိဇ္ဇာခေတ် အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့သည့် ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာတရားတို့ကို ကိုယ်တိုင်လည်း ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြ၍ တပည့်သာဝကအပေါင်းတို့အားလည်း ဟောကြားပြသ လယ်တီဝိပဿနာတရား ပြန့်ပွားအောင် ဆောင်ရွက်ကြမည့် ကမ္မဋ္ဌာနာစရိယဆရာများ လိုက်နာရမည့် စည်းကမ်းချက်များမှာ-

၁။ ကမ္မဋ္ဌာနာစရိယများသည် ပရိကံနှင့်တကွ အစီအစဉ်တွင် ပါရှိသော ပုဗ္ဗကိစ္စများ၊ ဆွမ်းအနုမောဒနာပြုချက်များကို အရကျက်၍ နှုတ်လွတ်ရွတ်ဆိုနိုင်အောင် လေ့ကျင့်ထားရမည်။ ပရိကံပြုသည့်အခါ "အနဿော အနဿ"ဟု မှားတတ်သည်ကို သတိပြုပြီး "အနဿော အနဿ"ဟု တပြေးညီ ပရိကံပြုရန်။

၂။ ကမ္မဋ္ဌာနာစရိယများသည် သမထပိုင်းတွင် (၁၅)မိနစ်ခန့် ဟောပြောရမည်။ ဝိပဿနာပိုင်းတွင် ဝိပဿနာကူးသည့် အချိန်အခါ၌ မိနစ် (၃၀)ခန့်ဟော၍ အနုလုံ၊ ပဋိလုံ ပို့ချသည့်အခါ (၁၅)မိနစ်ခန့် ကျန်သောအချိန်အခါ၌ (၁၅)မိနစ်ခန့် ဟောပြော ပို့ချရမည်။

၃။ တရားမထိုင်မီနှင့် တရားထိုင်ပြီး တရားဖြုတ်ချိန်တိုင်း ပရိကံ ပြုစေရမည်။

၄။ ပရိကံပြုပြီး ထိုင်ပုံ၊ ထိုင်နည်းစနစ်များကို ညွှန်ပြပြီးလျှင် ကျင့်စဉ်များကို တစ်ရက်သင်ခန်းစာသာ ဟောပြောပို့ချရမည်။ နောက်ရက်အတွက် ကြိုတင်၍ ပို့ချခြင်း မပြုရ။

၅။ အိပ်ငိုက်နေသော ယောဂီများအား မအိပ်ငိုက်ရအောင်၊ တွေးတောကြံစည် စိတ်ကူးနေသော ယောဂီအခြေအနေကို အကဲခတ်၍ (၁၅)မိနစ်ခန့် (အနည်းငယ်)တစ်ကြိမ် သတိပေးစကား ပြောကြားရမည်။

၆။ ယောဂီမျာအား တရားဟောရာ၌ ဝိပဿနာကူးပြီးသည့် အချိန်မှအပ အခြားအချိန်အခါများ၌ ဆရာနှင့်တပည့် အမေးအဖြေ ပြုလုပ်၍ တရားမဟောရ။

၇။ ဝိပဿနာကူးပြောင်း အားထုတ်ကြရာ၌ ရှေးဦးစွာ ပုဗ္ဗကိစ္စ အစီအစဉ်များ ဆောင်ရွက်ပြီးနောက် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် အနာဂါမ်ဆရာသက်ကြီး၏ ဘဝဖြစ်စဉ်ကို အကျဉ်းချုပ်ဟော၍ ဝိပဿနာ ကူးပေးရမည်။

၈။ လယ်တီဝိပဿနာ၏ အမာခံကျောရိုးသည် "နုရာမှ ရင့်ရာသို့" ဟောပြောရန်ဖြစ်သောကြောင့် ကျင့်စဉ်တစ်ခုတစ်ခု ဟောပြောသော အခါ မရောက်သေးသော ကျင့်စဉ်များ ဟောပြောခြင်းမှ ရှောင်ကြဉ်ရန်။

၉။ ကမ္မဋ္ဌာနာစရိယများသည် ယောဂီများကို ပြောဆိုဆုံးမသည့် အခါ (ကြိမ်းမောင်းငေါက်ငန်း၍ မပြောဆိုရ) တရားဓမ္မနှင့်ယှဉ်ကာ သာယာနာပျော်ဖွယ် အသံဖြင့် (ဒေါသအသံ မပါစေပဲ) ပြောဆိုကြရမည်။

၁၀။ ကမ္မဋ္ဌာနာစရိယများသည် ဓမ္မကထိကများကဲ့သို့ လွတ်လွတ်လပ်လပ် သံစဉ်ဖြင့် ဟောပြောပုံမျိုးကို ရှောင်ရှားကြရန်။

၁၁။ ယောဂီများရှေ့မှောက်တွင် ဆရာအချင်းချင်း မတူညီသော ဓမ္မအယူအဆများကို မပြောကြားရပါ။ မဆွေးနွေးရပါ။

၁၂။ ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါး ဟောပြောနေစဉ် ကျန်ကမ္မဋ္ဌာနာစရိယများက နာကြားရင်း ယောဂီများကို စောင့်ရှောက်နေရပါမည်။

၁၃။ တရားစခန်းပွဲများတွင် တရားပြသကြရာ၌ ဆရာအချင်းချင်း တိုင်ပင်ညှိနှိုင်း၍ ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည်။ အထူးသဖြင့် ဦးဆောင်ကမ္မဋ္ဌာနာစရိယ၏ ဩဝါဒကို ခံယူကျင့်သုံး လိုက်နာကြရမည်။

၁၄။ တရားစခန်းအား တာဝန်ပေးအပ်ခံရသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များသည် ထေရ်စဉ်ဝါလိုက် ဂါရဝနိဝါတ တရားထား၍ ပြုလုပ်ဆောင်ရွက်ဖွယ်များကို ပြုလုပ်ဆောင်ရွက်ရန်။

၁၅။ နယ်တရားစခန်းပွဲများအတွက် ကမ္မဋ္ဌာနာစရိယ အလိုရှိ၍ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်သို့ ပင့်လျှောက်လာခဲ့သည်ရှိသော် အဖွဲ့၏ရွေးချယ်စီစဉ်မှုအရ ကမ္မဋ္ဌာနာစရိယ ဆရာများသည် လယ်တီဆရာတော်ဘုရားကြီး၏ လမ်းစဉ်ပြန့်ပွားရေးကို ရှေးရှု လေးစား လိုက်နာသောအားဖြင့် အစစအရာရာ သည်းခံ၍ နယ်တရားစခန်းပွဲများသို့ ကြွရောက်တရားပြသကြရမည်။

၁၆။ တရားစခန်းတစ်ခုလျှင် ကမ္မဋ္ဌာနာစရိယ (၃)ပါးသာ တာဝန်ပေးရန်နှင့် ဓမ္မအစဉ်ဖြောင့်အောင် တစ်ပါးနှင့်တစ်ပါး ညှိနှိုင်း ဟောကြားရန်။

၁၇။ နယ်တရားစခန်းပွဲများသို့ ပုဂ္ဂိုလ်ကို ရည်ညွှန်းပိုင်းခြား၍ စခန်းဖြစ်မြောက်ရေး ဆရာတော်များနှင့် အဖွဲ့အစည်းများမှ တရားပြကြွရောက်ရန် ပင့်လျှောက်လာခဲ့သည်ရှိသော် မြတ်စွာဘုရား၏ ပညတ်တော် (သံဝိဓာနသိက္ခာပုဒ်တော်)ကို ဦးထိပ်ရွက် ပန်ဆင်၍

သွားကြရမည်။

၁၈။ နယ်တရားစခန်းပွဲများသို့ ကြွရောက်သော တရားပြပုဂ္ဂိုလ်များသည် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဂုဏ်ကိုလည်းကောင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဂုဏ်ကိုလည်းကောင်း၊ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ဂုဏ်ကိုလည်းကောင်း မထိခိုက်ရအောင် ကမ္မဋ္ဌာနာစရိယ ဆရာများဖြစ်ကြသည့်အားလျော်ညီစွာ မိမိတို့သိက္ခာကို အထူးလုံခြုံစွာ စောင့်ထိန်း၍ သွားလာနေထိုင်ကြရမည်။

၁၉။ ကမ္မဋ္ဌာနာစရိယများသည် မိမိနယ်မြေဒေသတွင် တရားစခန်းများ ပြုလုပ်လိုပါက ဗဟိုအဖွဲ့ချုပ်၊ အဖွဲ့ချုပ်များနှင့် အဆက်အသွယ်ပြုလုပ်ကြရန်နှင့် တရားပြရန် တာဝန်ပေးအပ်လျှင် တာဝန်ယူနိုင်ရန်အတွက် မိမိဘက်က ပြင်ဆင်မှုများ ပြုလုပ်ထားရန်။

၂၀။ တရားစခန်းကျင်းပရန် ရည်ရွယ်တိုင်း ဒေသခံဆရာတော်များ၏ ဆန္ဒတော်နှင့်ဩဝါဒတော်ကို ခံယူကြရန်။

၂၁။ ကမ္မဋ္ဌာနာစရိယများတွင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များက ပထမ၊ ကမ္မဋ္ဌာနာစရိယ အမျိုးသားများက ဒုတိယ၊ ကမ္မဋ္ဌာနာစရိယ သီလရှင်/အမျိုးသမီးက တတိယ (အရံ)အဖြစ် ဆောင်ရွက်ရန်။

၂၂။ ကမ္မဋ္ဌာနာစရိယများသည် နိဗ္ဗာန်ခရီးသည် ရှေ့သွားခေါင်းဆောင်များ ဖြစ်ကြသောကြောင့် ဝိပဿနာတရားကို မရွေး(၄)ပါးနှင့်အညီ ပွားများကြပြီး ကမ္မဋ္ဌာနာစရိယအချင်းချင်း၊ အဖွဲ့ချုပ်တာဝန်ရှိသူများ ဝေနေယျသတ္တဝါများအား မေတ္တာဖြင့် လွှမ်းခြုံထားရန်။

၂၃။ လယ်တီကမ္မဋ္ဌာနာစရိယများသည် ဗုဒ္ဓပိဋကတ်တော်များ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီကျမ်းစာများ၊

ဩဝါဒါစရိယဆရာတော်ကြီးများ၏ ကျမ်းစာများကို အထူးလေ့လာ ဖတ်ရှုတော်မူကြ၍ အခြားသောကမ္မဋ္ဌာန်းနည်းများကို မပုတ်ခတ်ပဲ လယ်တီမူလယ်တီစနစ်အတိုင်း ဟောကြားပြသကြရမည်။

၂၄။ အဖွဲ့ချုပ်မှ ဩဝါဒါစရိယ ဆရာတော်များက အခါအားလျော်စွာ ထုတ်ပြန်သောစည်းမျဉ်းများကို လိုက်နာကြရမည်။

၂၅။ တစ်စုံတစ်ခု အငြင်းပွားဖွယ် ဖြစ်ပေါ်လာပါက ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ အဆုံးအဖြတ်သည်သာ နောက်ဆုံး ဖြစ်စေရမည်။

လယ်တီဝိဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်
မုံရွာမြို့။

## မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာအဖွဲ့ချုပ်မှ ကြီးမှူး၍ ကျင်းပအပ်သော လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း အကြိမ် (၁၀၀)မြောက် ရာပြည့်ပွဲတော် အခမ်းအနား၌ မိန့်ကြားအပ်သော ဩဝါဒကထာ

ရောက်ရှိလာကြသော ဩဝါဒစရိယဆရာတော် ကမ္မဋ္ဌာန စရိယဆရာတော် ဥပထမ္ဘက ဒါယကာ ဒါယိကာမများ ယောဂီ သူတော်စင်များအား ဤလယ်တီမူဝိပဿနာ ခုနစ်ရက်တရားစခန်း ရာပြည့်ပွဲတော်ကြီး၌ မျက်နှာစုံညီတွေ့ဆုံရ၍ အထူးဝမ်းမြောက် ကြောင်း ဩမိသမေတ္တာပို့သကြောင်း ရှေးဦးစွာသတိပေး နှုတ်ခွန်း ဆက်သအပ်ပါသည်။

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ လယ်တီ ကမ္မဋ္ဌာနာစရိယ ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဘက် အကျိုးတော်ဆောင် (၁)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာ ပြုတက္ကသိုလ် ဩဝါဒါစရိယ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီးများ အုပ်ချုပ်ရေးဇဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကလေးဝတောရ ဆရာတော် ဒွိပိဋကရေ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသ ကြီးမှူး၍ ရန်ကုန်မြို့၊ ပဲခူးမြို့၊ လှည်းကူးမြို့၊ အင်းစိန်မြို့၊ မှော်ဘီမြို့၊ ပျော်ဖွယ်မြို့၊ တောင်ကြီးမြို့ စသော မြို့ကြီး များ၌ လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းများကို ကျင်းပပြုလုပ်ခဲ့ ပါသည်။

ယခုအခါ ဤလယ်တီမူဝိပဿနာရိပ်သာ၌ ခုနစ်ရက်တရား စခန်းပေါင်း အကြိမ် (၁၀၀) မြောက် ကျင်းပနိုင်၍ လယ်တီမူဝိပဿနာ

ခုနစ်ရက်တရားစခန်း ရာပြည့်ပွဲတော်ကြီး၏ အောင်ပွဲသဘင်ကို ဆင်ယင်နိုင်ခဲ့ပါသည်။ ရက်အားဖြင့် (၇၀၀)၊ လအားဖြင့် (၂၄)လ၊ နှစ်အားဖြင့် (၂)နှစ် တရားစခန်းပွဲဟု ဆိုရပါမည်။ သတ္တသတက တရားစခန်းပွဲ စတုဝီသမာသက တရားစခန်းပွဲ ဒွိသံဝစ္ဆရ တရားစခန်းပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် နေ့ထူးနေ့မြတ်ဟု ဆိုသင့်ပါသည်။

**သတ္တသတက**ရက် (၇၀၀) တရားစခန်းနှင့်ပတ်သက်၍ ဝေဿန္တရာမင်း၏ မြေကြီးလှုပ်၍လှူရသော အလှူတော်ကြီး ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော **သတ္တသတက** အလှူတော်ကို အစဉ်သတိရမိပါသည်။ အလောင်းတော်ကြီး၏ မြေလှုပ်အလှူ ခုနစ်ပါးမှာ-

**ရှစ် ဆင် သတ္တ အဿ ရထား သား မယား လှူငြား ကာလမြေလှုပ်ရ။**

၁။ ရှစ်နှစ်သားအရွယ် ကိုယ်အင်္ဂါကို လှူဒါန်းလို၍ အကြံဖြစ်သောအခါ၊

၂။ ပစ္စယ ဆင်ဖြူတော်လှူသောအခါ၊

၃။ ဝင်္ကဘာတောင်သို့ ထွက်ခွာမသွားမီ သတ္တသတက အလှူတော်ကြီးကို လှူသောအခါ၊

၄။ ဝင်္ကဘာတောင်သို့သွားရာတွင် ရထား၌ကသော မြင်းတို့ကို လှူသောအခါ၊

၅။ နတ်တို့ဆွဲငင်အပ်သော ရထားကိုလှူသောအခါ၊

၆။ ဝင်္ကဘာတောင်၌ သားတော်၊ သမီးတော်တို့ကို လှူသောအခါ၊

၇။ မဒ္ဒီမိဖုရားကို လှူသောအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်ရသည်။

ဤခုနစ်ပါးတွင် သုံးပါးမြောက် သတ္တသတက အလှူတော်ကြီးကို ဆင် (၇၀၀)၊ မြင်း (၇၀၀)၊ ရထား (၇၀၀)၊ နွားလား (၇၀၀)၊ နို့စားနွားမ (၇၀၀)၊ အဝတ်တန်ဆာ လက်ကောက် ပုတီး နားတောင်း စသည် (၇၀၀) ရာစု (၇၀၀) ရာစု များစွာ လှူဒါန်းသည်။ နေထွက်ချိန် ကလှူရာ နေဝင်သောအခါ၌ အလှူတော်ပြီးဆုံး၏။ ရေစက်သွန်းဖြန်းပြီးသောအခါ မြေကြီးသည် ပြင်းစွာတုန်လှုပ်ရသည်။ ဤကဲ့သို့ ထူးခြားသော ဝေဿန္တရာမင်း၏ သတ္တသတက (၇၀၀) ရာစု အလှူတော်နှင့် လယ်တီမူဝိပဿနာ သတ္တသတက (၇၀၀) ရာစု အောင်ပွဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေသည်မှာ အထူးအံ့သြဖွယ်ကောင်းသော ကြည်နူးစရာကောင်းလှပါသည်။

**ဝိပဿနာတရားတော်၏ထူးခြားချက်**

ဗုဒ္ဓသာသနာနှင့် တွေ့ကြုံတဲ့အခါမှာ ဝိပဿနာအားမထုတ်ရပါက သာသနာတော်နှင့်တွေ့ရသော အဓိပ္ပါယ်မပြည့်စုံပါ ဝိပဿနာတရားတော်သည် -

(၁) သာသနာတော်နှင့်တွေ့မှသာ အားထုတ်ခွင့်ရသော အာဝေဏိက တရားတော်ဖြစ်ပါသည်။

(၂) ဗုဒ္ဓုပ္ပါဒ မနုဿတ္တ သဒ္ဓါသမ္ပတ္တိ သဒ္ဓမ္မသဝန ပဏ္ဍနသပ္ပါယ ဌာန စသော ဒုလ္လဘတရားအခြေခံရရှိမှ အားထုတ်ခွင့်ရသော တရား ဖြစ်ပါသည်။

(၃) ဝိပဿနာမရှုသော အနှစ် (၁၀၀)ထက် ဝိပဿနာရှုသော တစ်ရက်က သာလွန်မြင့်မြတ်သည်ဟု ဟောတော်မူသောကြောင့် ဤဘုရားလက်ထက်၌ အနှစ် (၁၀၀)ထက် တစ်ရက်က သာလွန် မြင့်မြတ်ရလောက်အောင် တရားထူးဖြစ်သည်။

(၄) ဘဒ္ဒေကရတ္တ (မင်္ဂလာအပေါင်း ခညောင်းသော) ပုဂ္ဂိုလ်ထူး အဖြစ်သို့ ရောက်စေသော တရားထူးဝိသေသ ဖြစ်သည်။

(၅) တရားဒေသနာအဆုံး၌ ဂါထာတစ်ပုဒ်အဆုံး စသည်၌ မဂ်ဖိုလ်ရသောသူသည် ဝိပဿနာမရှုပဲ ရသည်မဟုတ်၊ ထိုခဏ အားလျော်စွာ ဝိပဿနာရှုပြီးမှသာ မဂ်ဖိုလ်ကို ရနိုင်သည်။

ဤသို့ ထူးခြားလှသော ဝိပဿနာတရားကို အားထုတ်သော အခါ၌ ဝိသုဒ္ဓိ (၇)ပါး၊ ရထား (၇)စင်းကို အဆင့်ဆင့်တက်စီး၍ နိဗ္ဗာန်ပြည်ကြီးသို့ရောက်ပုံကို မြတ်စွာဘုရား ဟောတော်မူခဲ့သည်။

၁။ သီလဝိသုဒ္ဓိရထားကြီးကို ဝိပဿနာ ယောဂီသူတော်စင် သည် ရှေးဦးစွာ တက်စီးသည်။

၂။ သီလဝိသုဒ္ဓိရထားမှ စိတ္တဝိသုဒ္ဓိရထားသို့ ဆက်၍ တက်စီးသည်။

၃။ စိတ္တဝိသုဒ္ဓိရထားမှ ဒိဋ္ဌိဝိသုဒ္ဓိရထားသို့။

၄။ ဒိဋ္ဌိဝိသုဒ္ဓိရထားမှ ကင်္ခါဝိတရဏဝိသုဒ္ဓိရထားသို့။

၅။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ရထားမှ မဂ္ဂါ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ရထားသို့။

၆။ ၎င်းရထားမှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ရထားသို့။

၇။ ၎င်းရထားမှ ဉာဏဒဿနဝိသုဒ္ဓိ ရထားသို့ တက်စီး၍ နိဗ္ဗာန်ပြည်ကြီးသို့ ဆိုက်ရောက်သွားသည်ဟု ဆိုလို သည်။

ဤသို့ သီလဝိသုဒ္ဓိရထားကြီးမှ ဉာဏဒဿနဝိသုဒ္ဓိ ရထားကြီးသို့ အဆင်းအတက် ဆက်ကာဆက်ကာ လှည့်လည်စီးနင်း၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရိယာအလောင်းအလျာကြီးများ နည်းတူ လယ်တီမူဝိပဿနာ ယောဂီသူတော်စင်တို့သည် နိဗ္ဗာန်ခရီးသွား လုပ်ငန်း (၇)ရက် တရားစခန်းများကို အကြိမ်(၁၀၀)ရှိသည်အထိ ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။

ကုသိုလ်များစွာတို့ကို ပြုလုပ်ခဲ့သော ပုဂ္ဂိုလ်သည် ထိုကုသိုလ်ကို ပြန်လည်နှလုံးသွင်း၍ နှစ်သက်ကြည်နူး ဝမ်းသာရစမြဲ ဖြစ်သည်။ ထို့အတူ လယ်တီမူဝိပဿနာ ခုနစ်ရက်တရားစခန်း ရာပြည့်အချိန်အထိ တရားအားထုတ်ကြသော လယ်တီဝိပဿနာ ယောဂီသူတော်စင်တို့သည် -

(က)တရားအားထုတ်ခဲ့ပုံကိုလည်းကောင်း၊

( ခ)ဝီရိယစိုက်ထုတ်ခဲ့ပုံကိုလည်းကောင်း၊

( ဂ)သမာဓိခိုင်မြဲလာပုံကိုလည်းကောင်း၊

(ဃ)ဝိပဿနာဉာဏ်အဆင့်ဆင့် မြင့်တက်ပုံကိုလည်းကောင်း၊

( င)ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘက်စုံအထောက်အပံ့ပြုကြသော ဥပထမ္ဘက ပုဂ္ဂိုလ်တို့၏ ကျေးဇူးတို့ကိုလည်းကောင်း အစစမျှော်ခေါ်၍ ကျေးဇူးတင်ခြင်း ဝမ်းမြောက်ခြင်း ကျေနပ်အားရခြင်း ဖြစ်ရပါသည်။

သူတော်စင်တို့သည် အကြိမ်(၁၀၀)မြောက် လယ်တီဝိပဿနာ စခန်းမှနေ လွန်ခဲ့သောနောက်ပိုင်း ဝိပဿနာစခန်းတွေကို မျှော်လိုက်တိုင်း "ငါသည် သတ္တာသတက ခုနစ်ရက် ဝိပဿနာစခန်းပေါင်း (၁၀၀) တိတိ (ရက်ပေါင်း-၇၀၀)တိတိ လပေါင်း (၂၄)လတိတိ နှစ်ပေါင်း (၂)တိတိ ဝိပဿနာတရားများကို အားထုတ်ခဲ့ရပေပြီ။

သာသနာနှင့်တွေ့မှ အားထုတ်ခွင့်ရသော ဝိပဿနာတရားကိုအားထုတ်ရတဲ့အတွက် သာသနာနှင့်တွေ့ရကျိုးနပ်လေစွ့တကား၊ လူ့ဘဝရကျိုးနပ်လေစွ့တကားဟု ပီတိ သောမနဿ တဖွားဖွား ဖြစ်ကြရလေသည်။

**ခုနစ်ရက်တရားစခန်း သတ်မှတ်ချက်**

ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တာဟံ တဿဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ (သတိဝါ ဥပါဒိသေသေ) အနာဂါမိတာ၊ (ဒီ-၂၊ ပါ-၂၅၂)

ရဟန်းတို့ သတိပဋ္ဌာန်တရားတို့ကို (၇)ရက် အားထုတ်ခဲ့လျှင် အရဟတ္တဖိုလ် အနာဂါမိဖိုလ် တစ်ပါးပါးကိုရရှိနိုင်ကြောင်း ဗုဒ္ဓမြတ်စွာ ဟောတော်မူချက်ကို ထောက်မြော်၍ ဝိပဿနာတရားစခန်းကို (၇)ရက် သတ်မှတ်ရသည်။

ခရီးရှည်ကြီးကို ခရီးစခန်းတို့ကို ထားရှိသကဲ့သို့ နိဗ္ဗာန် ခရီးရှည်ကြီး၌ ရက်၊ လ၊ နှစ် သတ်မှတ်၍ တရားစခန်းကို သတ်မှတ်ထားကြပါသည်။

၁။ အရှင်မောဂ္ဂလာန်သည် သောတာပန်ဖြစ်ပြီးနောက် မဂဓတိုင်း ကလ္လဝါလရွာ၌ တရားဆက်လက်အားထုတ်ရာ (၇)ရက်မြောက်သော နေ့၌ ထိနမိဒ္ဓကြောင့် အိပ်ငိုက်နေသဖြင့် ဗုဒ္ဓမြတ်စွာသည် တန်ခိုးတော်ဖြင့် သတိပေး၍ ထိတ်လန့်တကြား တရားကိုအားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသည်။ အရှင်မောဂ္ဂလာန်၏ တရားစခန်းကား (၇)ရက်စခန်း ဖြစ်သည်။

၂။ အရှင်ဗာကုလသည် ရဟန်းပြုပြီးနောက် (၈)ရက်မြောက်သော နေ့၌ ရဟန္တာဖြစ်တော်မူသည်။ အရှင်ဗာကုလ၏ တရားစခန်းကား (၈)ရက်စခန်း ဖြစ်သည်။

၃။ အရှင်သာရိပုတ္တရာသည် သောတာပန်ဖြစ်ပြီးနောက် တရားဆက်လက်အားထုတ်ရာ (၁၅)ရက်မြောက်သောနေ့၌ ဗုဒ္ဓမြတ်စွာသည် ဝက်တူးလိုဏ်ဂူကျောင်း၌ အရှင်သာရိပုတ္တရာ၏ တူတော် ဒီဃနခ ပရိဗိုဇ်အား ဝေဒနာ ပရိဂ္ဂဟ သုတ္တန်ကိုဟောကြားစဉ် ဘေးမှနာယူ၍ ရဟန္တာအဖြစ်သို့ ရောက်သည်။ အရှင်သာရိပုတ္တရာ၏ တရားစခန်းကား (၁၅)ရက်စခန်း ဖြစ်သည်။

၄။ အရှင်အာနန္ဒာသည် ပဌမသင်္ဂါယနာပွဲ၏ ရှေ့ဖြစ်သော ညဥ့်၌ တရားအားထုတ်ရာ လင်းအားကြီး၌ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထိုမထေရ်၏ တရားစခန်းစကား တစ်ညဥ့်ဖြစ်သည်။

သာသနာတော်သမိုင်း၌ ရဟန္တာအရှင်မြတ်ကြီးတို့သည် ရက်၊ လ၊ နှစ် တရားစခန်းဖွင့်ကြ၍ သင့်လျော်သောအချိန်၌ ရဟန်းကိစ္စပြီးမြောက်တော်မူကြသည်။

တရားစခန်း ရက်၊ လ၊ နှစ် အရှည်ဆုံးကား သီဟိုဠ်ကျွန်း **တိပိဋကစရေ မဟာသီဝမထေရ်မြတ်ကြီး**၏ တရားစခန်း ဖြစ်သည်။

မထေရ်မြတ်သည် သီဟိုဠ်တစ်ကျွန်းလုံး၏ ဂဏဝါစက စာချဆရာတော်ကြီးဖြစ်သည်။ နေ့စဥ်အချိန်ပြည့် စာချစာဖြေလုပ်ငန်းကို အားထုတ်တော်မူနေ၏။

ဆရာတော်ကြီး၌ တပည့်ရဟန္တာ (၃)သောင်းရှိသည်ဟု ဆိုသည်။ ရဟန္တာတပည့်တစ်ပါးသည် ဆရာတော်၏ ပုထုဇဉ်အဖြစ်မျှသာ ရှိသည်ကိုသိရ၍ ပရိယတ္တိလုပ်ငန်း ရပ်ဆိုင်း၍ ပဋိပတ္တိ

လုပ်ငန်းအားထုတ်ရန် သတိပေးလေသည်။ ထိုရဟန္တာသည် မဟာသီဝမထေရ်ထံလာ၍ အနုမောဒနာတရားတစ်ပုဒ်သင်ပေးရန် လျှောက်ထား၏။ မထေရ်မြတ်က ငါအချိန်မအားဘူးဟု မိန့်တော်မူ၏။ မျက်နှာမသစ်ခင် သင်ပေးပါ ဘုရား (မအားဘူး)၊ မျက်နှာသစ်ပြီး (မအားဘူး)၊ ခေတ္တနားချိန် (မအားဘူး)၊ ဆွမ်းခံသွားချိန် (မအားဘူး) စသည်ဖြင့် အချိန်ရှိသမျှ မအားဘူးချည်းဖြေသည် တပည့် ရဟန္တာသည် သြော်ဆရာတော်က မအားတဲ့အချိန်ချည်းပဲ ပျံတော်မူဖို့ပင်လျှင် မအားလို့ ပျံတော်မူရမှာမဟုတ်ပါတကားဟု လျှောက်ထား၍ ပြန်သွားလေ၏။

မဟာသီဝမထေရ်သည် သြော် ငါ့တပည့်က ပဋိပတ္တိလုပ်ငန်းကို ကျင့်သုံးရန် လာသတိပေးတာပဲ။ တရားအားထုတ်တဲ့လုပ်ငန်းက လွယ်လွယ်ပါ။ ခဏအားထုတ်လျှင် မဂ်ဖိုလ်ရမှာပေါ့ဟု နှလုံးသွင်း၍ တရားအားထုတ်လေသည်။ တစ်ရက်၊ တစ်လ၊ တစ်နှစ် အားထုတ်ရာ တရားမရဖြစ်နေသည်။ တရားမရလျှင် ငါမအိပ်တော့ဘူး၊ ရေမချိုးတော့ဘူးဟု ဆုံးဖြတ်ချက်ချ၍ အပြင်းအထန်အားထုတ်ရာ နှစ်ပေါင်း (၃၀)ရှိမှ တရားထူးရရှိတော်မူသည်။ တိပိဋကရေ မဟာသီဝမထေရ်မြတ်၏ တရားစခန်းကား အနှစ် (၃၀)တရားစခန်း ဖြစ်သည်။

ဤအထက်ပါ ရဟန္တာအရှင်မြတ်ကြီးတို့၏ တရားစခန်းတို့အား အထူးမှတ်သားဖွယ်ကောင်းတဲ့ စံပြတရားစခန်းကြီးများဖြစ်သည်။ (၇)ရက်စခန်းတစ်ကြိမ်ဖြင့် တရားထူးမရသော် နှစ်ကြိမ်၊ သုံးလေးငါးခြောက် ခုနစ်ရှစ်ကိုးတစ်ဆယ်ကြိမ် အားထုတ်ရပေမည်။

ယင်းသို့မရသော် အကြိမ် (၂၀၊ ၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀၊ ၈၀၊ ၉၀၊ ၁၀၀)ကြိမ် စသည်ဖြင့် အကြိမ်များစွာ အားထုတ်ရမည်ဖြစ်ပေ

သည်။ ဤအရာ၌ ဝီရိယဓာတ်ကြီး (၃)ပါးဖြင့် အားထုတ်ရမည်ဖြစ်ကြောင်း သတိပြုရပါမည်။ မရသေးသောတရားကို ရရန်၊ မရောက်သော တရားအဆင့်သို့ ရောက်ရန် ဇွဲလုံ့လ မလျှော့သင့်သည်ကို သတိပြုရပါမည်။

**အကြော အရေ ကြွင်းပစေ ကုန်စေ သားအသွေး**
**သက်ကိုမျှ မညှာရ သမ္ဗောဓိဉာဏ်လေး။**

ဟူသည်နှင့်အညီ တရားအားထုတ်ရေးကိစ္စ၌ အင်္ဂါလေးပါးရှိသော သမ္ဗောဓိဉာဏ်အဆင့်သို့ ရောက်သော ပြင်းထန်သော လုံ့လကိုအရင်းမူလ စိုက်ထုတ်ရမည်။

**ဝီရိယ (၃)မျိုး**

၁။ တရားကို အားထုတ်ရန် အစဆုံးနှိုးဆော်သော ဝီရိယကား **အာရမ္ဘဝီရိယ**တည်း။

၂။ နိုးကြားလာသော ဝီရိယအရှိန်ကို လျှော့အောင် ပြုလုပ်သော ပျင်းရိခြင်း အာလသျဓာတ်ကို ဖိနှိပ်၍ ဆက်လက်အားထုတ်သော ဝီရိယသည် **နိက္ကမဝီရိယ**တည်း။

၃။ ထိုဝီရိယ နှစ်ချက်၏ အရှိန်အဟုန်ကြောင့် ထူးခြားသော အဆင့်သို့ရောက်သောအခါ အားရတင်းတိမ် ရပ်ဆိုင်းချင်သော သန္တုဋ္ဌိအယောင်ဆောင်သောဓာတ်ကြောင့် ဓာတ်အဒုဗ္ဗလစိတ်ဓာတ်ကို ကျော်လွှား၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် အမြင့်သို့ ပို့ဆောင်ပေးသောဝီရိယသည် **ပရက္ကမဝီရိယ**ပေတည်း။

ထိုဝီရိယသုံးမျိုးဖြင့် တရားကို အားထုတ်ရန် သေမင်း၏ စစ်သည်ဗိုလ်ပါ ကိလေသာကို ချေမှုန်းရန် မြတ်စွာဘုရားသည်

တိုက်တွန်းတော်မူခဲ့သည်။

**၁။ အာရဒ္ဓထ**

**၂။ နိက္ကမထ**

**၃။ ယုဥ္စထ**

**ဗုဒ္ဓသာသနေ၊**

**ဓုနာထ မစ္စုနောသေနံ၊ နဠာဂါရံဝ ကုဥ္စရော။**

ရဟန်းတို့ သင်တို့သည် မရသေးသော လောကုတ္တရာတရားကို ရရှိရန် မရောက်သေးသော လောကုတ္တရာအဆင့်သို့ ရောက်ရန်။

၁။ အာရမ္ဘဝီရိယကို အားထုတ်ကြရန်။

၂။ နိက္ကမဝီရိယကို ဆက်လက်အားထုတ်ကြကုန်။

၃။ ပရက္ကမဝီရိယကို တိုးမြှင့်အားထုတ်ကြကုန်။

ဆင်ပြောင်ကြီးသည် ကျူရိုးအိမ်ကလေးကို နင်းချေဖျက်ဆီးဘိသကဲ့သို့ သေမင်း၏စစ်သည်ဗိုလ်ပါ (၁၅၀၀) ကိလေသာကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးကြကုန်လော။

လယ်တီမူဝိပဿနာ (၇)ရက် တရားစခန်းပေါင်း အကြိမ် (၁၀၀)ပြည့်မြောက်အောင် တရားအားထုတ်လာကြတဲ့။ ယောဂီသူတော်စင်တို့အဖို့ ခုနကပြခဲ့တဲ့ ဗုဒ္ဓနည်း ဥပဒေသအတိုင်း အားထုတ်ခဲ့ကြ၍ မရသေးသော ဉာဏ်စဉ်တရားများကို ရရှိကြ၍ မရောက်သေးသော ဝိပဿနာဉာဏ်အဆင့်သို့ ရောက်ခဲ့ကြ၍ အလွန်ဝမ်းသာအားရ ကျေနပ်ဖွယ်ကောင်းလှပေသည်။

ဤကဲ့သို့ ဝိပဿနာဉာဏ်စဉ် တက်လှမ်းသည့် တရားစခန်းဘာကြောင့် အောင်ပွဲဆင်ကြရတာလဲ။ တရားစခန်းပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဆောင်ရွက်ပေးတော်မူကြသော

ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော ကမ္မဋ္ဌာနာစရိယဆရာတော်များ ဘက်စုံအထောက်အပံ့ပြုသော ဥပထမ္ဘကပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် ဖြစ်သည်ကို တွေ့ရှိရသည်။ ထိုပုဂ္ဂိုလ်တို့တွင် ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသသည် ပဓာနအချက်အခြာဖြစ်သော ဝိပဿနာတရားစခန်း ဖြစ်မြောက်ရေး၌ ကလျာဏမိတ္တဖြစ်တော်မူပါသည်။

ဤအရာ၌ ကလျာဏမိတ္တ၏ လောကုတ္တရာတရားရရှိရေး၌ အပြည့်အဝကျေးဇူးပြုပုံကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပါသည်။ တစ်ရံရောအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကလျာဏမိတ္တသည် လောကုတ္တရာတရား ရရှိရေး၌ တစ်ဝက်ကျေးဇူးရှိပါသည် ဘုရား။ ထိုအခါ မြတ်စွာဘုရားသည် အာနန္ဒာ သင်၏စကားသည် မဟုတ်မမှန်ချေ။ ကလျာဏမိတ္တသည် လောကုတ္တရာတရားရရှိရေး၌ အပြည့်အဝကျေးဇူးရှိသည်ဟု မိန့်တော်မူသည်။ ဤကဲ့သို့ မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်းပင် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ရာပြည့်အောင်မြင်သည်အထိ အဘက်ဘက်မှ အထူးအထောက်အပံ့ပြုသည်အတွက် အပြည့်အဝကျေးဇူးပြုသော ကျေးဇူးများသော ကလျာဏမိတ္တ တရားကျေးဇူးရှင်ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုရပါသည်။ကမ္မဋ္ဌာနာစရိယဆရာတော်များ ဥပထမ္ဘကပုဂ္ဂိုလ်များလည်း ကလျာဏမိတ္တ၌ ပါဝင်သော ပုဂ္ဂိုလ်များပင် ဖြစ်ကြပါသည်။

ဤတွင် လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း ရာပြည့်ပွဲတော်ကြီး၏ အကြောင်းအရာ အမြွက်မျှကို ပြဆိုခြင်းစကားရပ်နားပါရစေ။

လယ်တီမူဝိပဿနာ ခုနစ်ရက်တရားစခန်း ရာပြည့်အောင်ပွဲကြီး၏ ထုတိဝေဒလ္လကထာကိုဆို၍ နိဂုံးချုပ်ပါမည်။

**အာရဒ္ဓ ဝိပဿန္တာနံ၊ လယ်တီထေရာနုဝတ္တိနံ။**

**သတ္တာဟသတ္တာဟဝါရာ၊ သတက္ခတ္တုံ သုပူရိတာ။**

လယ်တီထေရာနုဝတ္တိနံ= ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒသို့ အစဉ်ထာဝရ လိုက်နာကြကုန်သော၊ အာရဒ္ဓဝိပဿန္တာနံ= လယ်တီမူဝိပဿနာတရားကို အပြင်းအထန် အားထုတ်ရှုမှတ်ကြသော ယောဂီသူတော်စင်တို့၏၊ သတ္တာဟသတ္တာဟဝါရာ= ခုနစ်ရက် ခုနစ်ရက်သောအကြိမ်တို့သည် (ဝါ) ခုနစ်ရက် ခုနစ်ရက်တရားစခန်းတို့သည်၊ သတက္ခတ္တုံ= အကြိမ် (၁၀၀)တိုင်အောင်၊ သုပူရိတာ= ကောင်းစွာပြည့်မြောက် အောင်မြင်ကြပေကုန်ပြီ။

**ဘဒ္ဒကံ ဝတပဓာနံ၊ သတ္တသတာဟ ပူရဏံ။**

**ဘဒ္ဒန္တဇာဂရဝံသဿ၊ ကလျာဏမိတ္တ သမ္ဘဝေါ။ ။**

သတ္တသတာဟပူရဏံ= ရက်ပေါင်းခုနစ်ရာ ရာပြည့်မြောက်အောင်မြင်သည်တိုင်အောင် (ဝါ) ခုနစ်ရက်တရားစခန်း၏ ရာပြည့်ပြီးမြောက်အောင်မြင်သည်တိုင်အောင်၊ ပဓာနံ= လယ်တီမူ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ခြင်းသည်၊ ဘဒ္ဒကံ ဝတ= ကောင်းမြတ်လှပါပေစွတကား။ ဘဒ္ဒန္တဇာဂရဝံသဿ= ဘဒ္ဒန္တဇာဂရာဘိဝံသဿ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ သာသနာအာဇာနည် ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်၏၊ ကလျာဏမိတ္တသမ္ဘဝေါ= ဤလယ်တီမူဝိပဿနာ ခုနစ်ရက်တရားစခန်း ရာပြည့်အောင်ပွဲကြီး

အတွက် အဘက်ဘက်မှ အပြည့်အဝ ကျေးဇူးကြီးလှသော ကလျာဏ မိတ္တ တရားကျေးဇူးရှင်ဖြစ်ရခြင်းသည်လည်း၊ ဘဒ္ဒကောဝတ= သာသနာတော်သမိုင်းဝင် လယ်တီဂိုဏ်း၏ အနှိုင်းမဲ့ထွေ ကျက်သရေကို လက်စေ့ရွှန်းစေထွန်းစေတော်မူသောကြောင့်၊ အဟောဝတ= အဟောဝတဟု ပြောရပေတောင်း ဩော် ကောင်းမြတ်လှပေစွ၊ တကား။

**ကမ္မဋ္ဌာနာ စရိယာစ၊ သဒ္ဓနာဥပထမ္ဘကာ။**
**လယ်တီဝံသာ နုသိဿာဝ၊ သာသနဿ သိရိန္ဓရာ။ ။**

လယ်တီဝံသာ နုသိဿာဝ= ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အနွယ်တော် တပည့်အစဉ်အဆက်ဖြစ်ကြကုန်သော၊ ကမ္မဋ္ဌာနာစရိယာစ= လယ်တီမူဝိပဿနာ ကမ္မဋ္ဌာနာစရိယနည်းပြဆရာတို့သည်လည်းကောင်း၊ ဥပထမ္ဘကာ= ဘက်စုံအထောက်အပံ့ပြုကုန်သော၊ သဒ္ဓနာစ= အမျိုးသား အမျိုးသမီးအဖွဲ့ သူတော်ကောင်းတို့သည်လည်းကောင်း၊ သာသနဿ= ဗုဒ္ဓမြတ်စွာသာသနာ၏ (လယ်တီနိကာယဿ= သာသနာ့သမိုင်း တုမနှိုင်းသည့် လယ်တီဂိုဏ်းကြီး၏)၊ သိရိန္ဓရာ= ထွန်းတက်နေရောင် လက်ဝေပြောင်သို့ ကျက်သရေဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည်၊ သိယုံ= မုချပုံသေ ဖြစ်ကြလေကုန်သတည်း။

လယ်တီဘဒ္ဒန္တကုဏ္ဍလ (အဂ္ဂမဟာပဏ္ဍိတ)<br>
လယ်တီမူဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်<br>
ဩဝါဒါစရိယ၊ ပဓာန နာယကဆရာတော်<br>
အရှေ့လယ်တီတိုက်၊ မုံရွာမြို့။<br>
(၁-၁၀-၂၀၀၆) တနင်္ဂနွေနေ့။

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
## ပရိယတ္တိသာသနဟိတဓရ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ၏
# သက်တော် (၆၅)နှစ်ပြည့် မွေးနေ့တရားတော်

ယနေ့ ၁၃၆၈ ခု၊ ဝါခေါင်လပြည့်ကျော် (၇)ရက်နေ့။ ပထမဆုံးပြောချင်တာကတော့ အားကျစရာတွေ၊ အတုယူစရာတွေ။ သာသနာတော်နဲ့ဆိုင်တဲ့ အားကျစရာတွေ အတုယူစရာတွေ အများကြီးရှိပါတယ်။

အခုအားလုံးသိကြတဲ့ တဖုဿနဲ့ဘလ္လိကတို့ မြတ်စွာဘုရားကို ရှေးဦးစွာ ဆွမ်းကပ်ကြရတယ်။ ဒွေဝါစိက သရဏဂုံ ရှေးဦးစွာ ယူခဲ့ကြတယ်။

တဖုဿနဲ့ဘလ္လိကတို့ဟာ ဘယ်သူ့အားကျသလဲဆိုတော့ သိဒ္ဓိဘုရားလက်ထက်မှာ သိဒ္ဓိဘုရားအား ဆွမ်းကပ်ကြတဲ့ ဥဇိတနဲ့ ဩဇိတတို့ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ အဲဒီညီအစ်ကိုနှစ်ယောက်ဟာ သိဒ္ဓိဘုရားအား ပထမဆုံးဆွမ်းကပ်ကြရတယ်လို့ ကြားသိရတဲ့

တဖုဿနဲ့ ဘလ္လိကလောင်းလျာ ညီနောင်ကလဲ ဆုတောင်းခဲ့ကြတယ်။ “ဘုရားတစ်ဆူဆူ ပွင့်လာတဲ့အခါ ဆွမ်းဦးကပ်ပါရစေ”လို့ ညီနောင်နှစ်ဦးဆုတောင်းခဲ့ကြတဲ့အတိုင်း -

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်တာကာလ တဖုဿနဲ့ဘလ္လိကတို့ မဇ္ဈိမဒေသ အရောင်းအဝယ်သွားရင်းနဲ့ ဆွေမျိုးတော်တဲ့ ရုက္ခဇိုးနတ်ရဲ့ နှိုးဆော်တိုက်တွန်းမှုနဲ့ ဂေါတမရှင်တော်ဘုရားကို ရှေးဦးစွာဖူးခွင့်ရကြတယ်။ မိမိတို့မှာပါလာတဲ့ မုန့်၊ ပျားမုန့်ဆုပ်တို့ကို ရှေးဦးစွာ ကပ်လှူခွင့်ရကြတယ်။ ဒီနောက် ဒွေ့ပါစိကသရဏဂုံ ရှေးဦးစွာ ခိုလှုံခွင့်ရခဲ့ကြတယ်။

ဒီနောက်ကျတော့ ကိုးကွယ်စရာ ဆံတော်ဓာတ်ကို တောင်းခံလာတယ် ဆိုပါတော့။ မြတ်စွာဘုရားက ဆံတော် (၈)ဆူ ချီးမြှင့်တော်မူတယ်။ ဒီတဖုဿနဲ့ဘလ္လိက ညီနောင်တို့ရဲ့ ဆောင်ရွက်ချက်တို့ကို အကြောင်းခံပြီးတော့ မြန်မာနိုင်ငံရဲ့ ထူးခြားချက်တွေက-

၁။ မြန်မာနိုင်ငံသားဖြစ်တဲ့ တဖုဿနဲ့ဘလ္လိကတို့က ဦးစွာပဌမဘုရားဖူးရတယ်။

၂။ ဂေါတမမြတ်စွာဘုရားရှင်အား မုန့်ဆွမ်းတွေ ဦးဦးဖျားဖျားဆက်ကပ်ကြရတယ်။ ဘုရားအသုံးအဆောင် သပိတ်ဆိုတာ ပေါ်ထွန်းစေခဲ့တယ်။

၃။ မြတ်စွာဘုရားထံ ဒွေ့ဝါစိကသရဏဂုံ ဦးစွာယူနိုင်တယ်။

၄။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် မြတ်စွာဘုရားထံက ဆံတော်ဓာတ် (၈)ဆူ ဦးဦးဖျားဖျား ကိုးကွယ်ခွင့်ရတယ်။

၅။ လူ့ပြည်မှာဆိုရင် ပဌမဦးဆုံး ရွှေတိဂုံစေတီတော်ကြီးကို တည်ခွင့်ရအောင် ဆောင်ရွက်ခဲ့ကြတယ်။

နတ်ပြည်မှာ ဘုရားအလောင်းတော် ဆံတော်ပယ်ပြီး အဓိဋ္ဌာန်ဖြင့် ကောင်းကင်မြှောက်လိုက်တဲ့အခါ သိကြားမင်းက ကြာကလပ်နဲ့ခံယူပြီး စူဠာမဏိစေတီ တည်ထားကိုးကွယ်ခဲ့တယ်။

အလောင်းတော်ဘဝက ကြာသင်္ကန်းကို ဝတ်ရုံဆင်မြန်းတဲ့အခါ ဝတ်လဲတော်အစုံကို ဃဋိကာရဗြဟ္မာမင်းက ခံယူပြီး အကနိဋ္ဌ ဗြဟ္မာဘုံမှာ ဒုဿစေတီ တည်ထားကိုးကွယ်ပါတယ်။ အဲဒီ (၂)ဆူက နတ်ပြည်နဲ့ ဗြဟ္မာပြည်က (၂)ဆူက ဘုရားမဖြစ်မီ တည်ခဲ့တာ။ ဘုရားဖြစ်ပြီးတော့ လူ့ပြည်မှာ ဦးဦးဖျားဖျား ရွှေတိဂုံစေတီတော်မြတ်ကြီး ကိုးကွယ်ခွင့်ရခဲ့ကြတယ်။

ဒါကြောင့် မြန်မာနိုင်ငံသူ/သားတွေက ရှေးဦးစွာ ဆွမ်းကပ်ရခြင်း၊ ရှေးဦးစွာ ဒွေဝါစိက သရဏဂုံ တည်ရခြင်း၊ ရှေးဦးစွာ မြတ်စွာဘုရားထံက ဆံတော် (၈)ရရှိခြင်း၊ ရှေးဦးစွာ ကမ္ဘာ့မြေပြင်မှာ ရွှေတိဂုံစေတီတော် တည်ထားကိုးကွယ်ရခြင်းဆိုတဲ့ အခွင့်အလမ်းတွေ ဗုဒ္ဓဘုရားနဲ့ပတ်သက်ပြီးတော့ ဂေါတမရှင်တော်မြတ်ဗုဒ္ဓရဲ့ သာသနာမှာ သမိုင်းမှတ်တိုင်ကြီးတွေ စိုက်ထူနိုင်ခဲ့ကြတယ်။

ဒါဘာကြောင့်လဲဆိုတော့ တဖုဿနဲ့ ဘလ္လိကတို့က ဥဇိတ၊ ဩဇိတ ညီနောင်တို့ကို အားကျပြီးတော့ ဆုတောင်းပါရမီဖြည့်ခဲ့ကြလို့ပါပဲ။

တဖုဿနဲ့ဘလ္လိက ညီနောင်တို့မှာ ညီဘလ္လိက က ရဟန်းပြုသွားလို့ ရဟန္တာဖြစ်သွားတယ်။ အသိဉာဏ် (၆)ပါးနဲ့ ပြည့်စုံတယ်။ တဖုဿကတော့ လူ့ဘဝနဲ့ သောတာပန်ပဲဖြစ်တယ်။ လူ့ဘဝနဲ့ပဲ နေပါတယ်။

တစ်ခါကတော့ အရှင်အာနန္ဒာနဲ့တွေ့တဲ့အခါ အာရုံငါးပါး ကာမဂုဏ်တရားတို့နဲ့ ပတ်သက်ပြီး အပြစ်အနာအဆာတွေ အရှင်အာနန္ဒာက ဟောတယ်။

ဟောတဲ့အခါ တဖုဿက ဘာလျှောက်သလဲဆိုတော့ "အရှင်ဘုရား အရှင်ဘုရားက အာရုံငါးပါး ကာမဂုဏ်တရားရဲ့ အပြစ်တွေ ဟောတော့ တပည့်တော်မှာ ချောက်ကမ်းပါးကြီးထဲ ကျသလိုပါပဲ။ တပည့်တော်တို့က အာရုံငါးပါး ကာမဂုဏ်တရားတွေကို အမြဲခံစားနေတော့ အရှင်ဘုရားဟောတဲ့ ကာမဂုဏ်ရဲ့အပြစ်တွေ နာရတော့ ချောက်ကမ်းပါးထဲ ကျသလိုပဲတဲ့ အဲဒီလိုပြောတယ်။

တဖုဿကတော့ လူ့ဘဝနဲ့ပဲ သောတာပန်ဖြစ်ပါတယ်။ ဒါဟာ တဖုဿနဲ့ဘလ္လိက တို့နှစ်ဦး တွေ့တာ၊ မြင်တာတွေအားကျပြီး ကုသိုလ်ပြုခဲ့လို့ ရရှိလာတဲ့ အခွင့်အလမ်းတွေပါပဲ။

ဟိုဘက်က ခတ်ပုံကြီးနဲ့ ပူဇော်ထားတဲ့ မုံရွာမြို့၊ သပြေပင်တောရဆရာတော်ဘုရားကြီး ရဟန်းငယ်ဘဝက မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက်မှာ နေတယ်။ အဲဒီတုန်းက တောင်ပြင်ကြည်တစ်လုံးလို့ခေါ်တဲ့ အရှင်အာဒိစ္စရံသီ ဆရာတော် ဦးကြည် မန္တလေးမြို့က ဘွဲ့လဲခေါ်ကြတယ်။ လူနာမည်လဲ ခေါ်ကြတယ်။ ဆရာတော်ဦးကြည်၊ ဆရာတော် ဦးကြယ်၊ ဆရာတော် ဦးဝိုင်း စသည် သုံးနှုန်းခေါ်ဝေါ်ကြတယ်။

ရွှေရေးဆောင်မှာ သီတင်းသုံးနေတဲ့ သပြေပင်ဆရာတော် လောင်းလျာ ရဟန်းငယ်ဟာ ကျေးဇူးတော်ရှင် အရှင်အာဒိစ္စရံသီ ဦးကြည် ရဟန်း (၅၀၀) စာချတဲ့အခါ ဘယ်လိုစာချလဲဆိုတော့ ဆရာတော်ပြောပြတာက ကျောင်းဟောခန်းကြီးအလယ်မှာ

ကုတင်ကြီးချ မှီအုန်းကြီးနဲ့ သံဃာ (၅၀၀)ကျော်အလယ်မှာ စာချနေတာကို ကြည့်ပြီး အားကျတော်မူခဲ့တယ်။

တောင်ပြင်ကြည်တစ်လုံးလို့ ထင်ရှားတဲ့ အရှင်အာဒိစ္စရံသီ ရွှေရေးဆောင်နိယံ၊ စံကျောင်းနိယံ၊ နိယာမ ဝိသဇ္ဇနာကျမ်းကြီး စသည်တို့ကို ရေးသားခဲ့တဲ့ ဆရာတော်ကြီးကို သပြေပင်ဆရာတော် လောင်း ဦးကေဝလက အားကျနေတယ်။

ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော်က ဉာဏ်မကောင်းဘူး။ တစ်နေ့ စာတစ်ရွက်ရအောင် အတော်လေးကျက်ရတယ်လို့ မိန့်ဖူး ပါတယ်။ သို့သော်လဲ စံကျောင်းနည်း၊ ရွှေရေးဆောင်နည်းနာနိဿယ ကို အဲဒီအချိန်အခါတုန်းကလဲ အများကြီးသင်ယူခဲ့ကြတယ်။ ရဟန်း တော်တွေ အများကြီးပဲ စာလိုက်သံဃာ (၅၀၀)ကျော်တာကိုး။ အဲဒီအထဲက ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။

ပခုက္ကူဆရာတော် ဦးပညာတို့ မြို့မဆရာတော်ကြီးတို့ အစရှိတဲ့ ထူးချွန်တဲ့ပုဂ္ဂိုလ် ဆရာတော် ဦးပဏ္ဍဝတို့၊ ဆရာတော် ဦးစက္ကပါလတို့ မင်းကွန်းဆရာတော်ရဲ့ဆရာ အဲလိုထူးချွန်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။

မုံရွာသပြေပင်ဆရာတော်လောင်းလျာ ရဟန်းငယ်ဘဝမှာ အရှင်အာဒိစ္စရံသီ ဦးကြည်ကို အားကျတော်မူခဲ့တယ်။ ဆရာတော် ဘုရားကြီးကို စာချချင်လိုက်တာ၊ ဆရာတော်ဘုရားကြီးကို စာတတ် ချင်လိုက်တာဆိုပြီး အားကျတယ်။ ကောင်းသောအားကျနည်းပေါ့။

မန္တလေးရွှေရေးဆောင်မှာ (၁၀)နှစ်နေပြီး ကြိုးစားတယ်။ အဲဒီမှာ ချောင်းဦးမြို့နားက ကြည်ကုန်းဇာတိ ဦးဥတ္တမတို့လဲ အတူနေကြတာပါ။ (၁၀)နှစ်နေပြီးတော့ ဘုန်းကြီးတို့ ကျေးဇူးရှင်

ဥပဇ္ဈာယ်ဆရာ မုံရွာမြို့ သပြေပင်တောရကျောင်းဆရာ တော်ကြီးက "ဝါကျတ္ထဒီပက"ကျမ်းကို ရေးတယ်။

အဲဒီကျမ်းကို လွန်ခဲ့တဲ့နှစ် (၅၀)လောက်က ဆရာတော်ပြုစုထားတာ အခုစာမူလေးရတာနဲ့ ဘုန်းကြီးတို့ မွေးနေ့မှာ စာအုပ် (၂၀၀၀) သာသနာရေး ပုံနှိပ်တိုက်မှာ ရိုက်ပြီးတော့ "ဝါကျတ္ထဒီပက" ကျမ်းကို ဓမ္မဒါနပြု ဖြန့်ခဲ့ပါတယ်။

အရှင်ကေဝလ ရဟန်းငယ်လေးဟာ တောင်ပြင်ကြည်တစ်လုံး အမည်ရ အရှင်အာဒိစ္စရံသီ ဆရာတော်ဘုရားကြီးဦးကြည်ရဲ့ စာတတ်တာရယ်၊ စာချတာရယ် အားကျပြီး ကြိုးစားခဲ့တဲ့အတွက် မုံရွာမြို့ သပြေပင်တောရဆရာတော် ဖြစ်လာတယ်။ လယ်တီနိကာယရဲ့ အကြီးအကဲဖြစ်တယ်။ မိမိအပါအဝင် တပည့်ကြီး၊ တပည့်ငယ်များ မွေးထုတ်နိုင်ခဲ့ပြီး "ဝါကျတ္ထဒီပက"ကျမ်း အစရှိတဲ့ကျမ်းပေါင်း (၁၈)ကျမ်းကို ရေးသားပြုစုပြီး စာသင်သားများ သောတုဇနအပေါင်းတို့အား အားဖြည့်ပေးတော်မူခဲ့ပါတယ်။

ကောင်းတာတွေ အားကျပြီး ကောင်းတာတွေ ကြိုးစားခဲ့တဲ့အတွက် ကျမ်းပြုအကျော် သာသနာ့ဝန်ဆောင် ဆရာတော်ကြီး ဖြစ်လာခဲ့ပါတယ်။ ဘုန်းကြီးတို့လဲ အားကျစရာတွေ ကြုံခဲ့ပါတယ်၊ အားကျခဲ့ပါတယ်။

ပဥ္စမသင်္ဂါယနာတင်တဲ့အခါ ဦးဆောင်ဦးရွက်ပြုတဲ့ ဘုရားကြီးဆရာတော် အရှင်ဇာဂရာဘိဝံသ ရွှေရေးဆောင်ဆရာတော်တို့နဲ့ တစ်ခေတ်ထဲလို့ ပြောရမှာပါ။

မန္တလေးမြို့ဘုရားကြီးတိုက် ဆရာတော်အရှင်ဇာဂရာဘိဝံသက ဦးဆောင်ပြီးတော့ သာသနာနှစ် (၂၄၀၀)မှာ မန္တလေးမြို့မှာ

မင်းတုန်းမင်းတရားကြီးရဲ့ ပစ္စည်းလေးပါး အထောက်အပံ့ခံယူပြီး သံဃာတော်ပေါင်း (၂၄၀၀)ပင့်တယ်။

အဲဒီအချိန်က မန္တလေးမြို့မှာ သံဃာတွေအင်မတန်များပါတယ်။ အဲဒီ သင်္ဂါယနာတင်ပွဲသို့ တောင်ပြင်ဘုရားကြီးကနေ မန္တလေးတောင်အရောက် အရှင်ဇာဂရာဘိဝံသ ဆရာတော်ဘုရား ခြေလျင်ကြွတယ်လို့ ဆိုပါတယ်။

တစ်နေ့မှာ သက်န်းရုံပြီး မန္တလေးတောင်ကိုအကြွ လူပျိုတော်ကြီးတစ်ဦးရဲ့ အိမ်ရှေ့ရပ်ပါတယ်။ ရေသောက်ချင်လို့ပါ။ လူပျိုတော်ကြီးက ဆရာတော်ဘုရားကြီးကို ရေကပ်လှူပြီးတော့ မေးလျှောက်တယ်တဲ့။

အရှင်ဘုရား သုတ်စဉ်ရသလား၊ ရပါတယ်။
အရှင်ဘုရား သဒ္ဒါကြီးရသလား၊ ရပါတယ်။
အရှင်ဘုရား ပုဒ်စစ်ရသလား၊ ရပါတယ်။
အရှင်ဘုရား သဂြိုဟ်ရသလား၊ ရပါတယ်။
အရှင်ဘုရား ဝိနည်းရသလား၊ ရပါတယ်။
အရှင်ဘုရား ဒီဃနိကာယ်ရသလား၊ ရပါတယ်။
အရှင်ဘုရား မဇ္ဈိမနိကာယ် ရသလား၊ ရပါတယ်။
အရှင်ဘုရား သံယုတ္တနိကာယ် ရသလား၊ ရပါတယ်။
အရှင်ဘုရား အင်္ဂုတ္တရနိကာယ် ရသလား၊ ရပါတယ်။
အရှင်ဘုရား ခုဒ္ဒကနိကာယ် ရသလား၊ ရပါတယ်။

ပိဋကတ်သုံးပုံထဲမှာ မရတာမရှိဘူးဆိုတော့ မန္တလေးတောင်ခြေမှာ သင်္ဂါယနာတင်တော့ အရှင်ဘုရား ဘာတာဝန်ယူသလဲဘုရားတဲ့။

ဥက္ကဋ္ဌ တာဝန်ယူပါတယ်လို့ ဖြေတယ်။ ဒီတော့ လူပျိုတော် ပညာရှိက ဘာပြောသလဲဆိုတော့ "သြော် ဒါကြောင့် ဥက္ကဋ္ဌ ဖြစ်တာကိုး"လို့ ပြောသတဲ့။ တိပိဋကဓရ စာမေးပွဲ မပေါ်ပေါက်မီက တိပိဋကဓရ ဆရာတော်ကြီးရှိပါတယ်။ သဒ္ဒါအား စသည်ကား အတုယူဖွယ် ဖြစ်ပါတယ်။

ဒီသမိုင်းကြောင်းလေးကို ဘုန်းကြီးက ကြာဖူးတယ်။ ဆရာတော်ကြီးကို အားကျလိုက်တာ။ ဒါကြောင့် ရသင့်ရထိုက်တဲ့ အခြေခံစာတွေ သာမဏေဘဝတည်းက တော်တော်များများ အာဂုံ ရခဲ့တယ်။

ပဉ္စမသင်္ဂါယနာတင် ဦးဆောင်ဦးရွက်ပြုတော်မူတဲ့ တိပိဋက ဓရ အရှင်ဇာဂရာဘိဝံသ အရှင်မြတ်ကြီးကို မမှီလိုက်ဘူး၊ သို့သော် အားကျတယ်။ မန္တလေးက သမိုင်းကြောင်းတစ်ခု။ ဒါကတော့ "ဒီးဒုတ်" မဂ္ဂဇင်းထဲမှာပါတဲ့ အကြောင်းအရာပါပဲ။ ကိုရင် (၁၅)နှစ်သားတုန်းက ဖတ်ဖူးတယ်။

ဆရာတော်ကြီးတစ်ပါးက နံနက်တိုင်း နံနက်တိုင်း မဟာမြတ်မုနိဘုရားအား ဝိနည်းငါးကျမ်းနဲ့ ရှိခိုးတယ်။ ဆရာတော်ကြီး တစ်ပါးက အိမ်မက်မက်တယ်တဲ့။ "အိမ်မက်က ကျုံးဘေးမှာ ဘုရား လောင်းကြီးတစ်ပါး လမ်းလျှောက်နေတယ်"လို့ မက်တယ်။

အဲဒီဆရာတော်က ကဗျာကယာအိပ်ယာကထပြီးတော့ ဘယ်ပုဂ္ဂိုလ်လဲလို့သိရအောင် အမြန်သွားကြည့်တယ်။ သွားကြည့် တော့ ဝိနည်း(၅)ကျမ်းနဲ့ မဟာမြတ်မုနိဘုရားအား ပူဇော်နေတဲ့ ဆရာတော်ကြီးတစ်ပါးကို သွားတွေ့တယ်။ "ခင်မကန်ဆရာတော်" လို့ပဲ မှတ်ထားတယ်။ ဒါကတော့ မသေချာဘူး။

သွားကြည့်တဲ့ဆရာတော်က “အရှင်ဘုရား ဘယ်ကွဲမလို့လဲ” ဆိုတော့ “မဟာမြတ်မုနိ”။ “ဘာကိစ္စပါလဲဘုရား” ဆိုတော့ တပည့်တော် မဟာမြတ်မုနိဘုရားအား ဝိနည်း(၅)ကျမ်းနဲ့ ပူဇော်နေတာကြာပြီ။ အခုလဲ ဝိနည်း (၅)ကျမ်း အလှည့်ကျပူဇော်နေတယ်လို့ ပြောတယ်။

အဲဒီနဲ့ ဆရာတော်ကြီးကို အားကျနေတာ။ ဝိနည်း ငါးကျမ်းနဲ့ ဘုရားရှိခိုးတာ သဘောကျနေတာ။ ငါလဲ ဝိနည်းငါးကျမ်းနဲ့ ရှိခိုးဦးမှပဲ။ စာမရပေမယ့် စာအုပ်ကြည့်ပြီး ရှိခိုးမှပဲလို့ စိတ်ဆန္ဒ ဖြစ်ခဲ့ဖူးတယ်၊ အားကျဖူးတယ်။ သို့သော် ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါ ဆိုတဲ့ အဲဒီအချိန်က ကျမ်းနာမည်တောင် မသိသေးဘူး။ သို့သော် အားကျတယ်။ အားကျတဲ့အတိုင်း ပထမပိဋကတ် တစ်ပုံ အောင်မြင်ပြီးတော့ ရဟန်းငါးဝါရ။

ကဲဟိုစဉ်က အားကျထားတာလေးရှိတယ်။ ဝိနည်းငါးကျမ်းနဲ့ ရှိခိုးမယ်၊ ရတာလဲရ၊ မရရင် စာအုပ်ဖတ်ပြီး ရှိခိုးမယ်ဆိုပြီး စာမျက်နှာ (၂၂၆၀)ရှိတဲ့ ဝိနည်းငါးကျမ်း တဖြည်းဖြည်းကျက်လိုက် ပူဇော်လိုက် ရှိခိုးလိုက် လုပ်နေတာနဲ့ (၁၀)ဝါရတော့ ဝိနည်း(၅)ကျမ်း အာဂုံပြန်နိုင်လောက်အောင် ရသွားတယ်။ ဘုရားရှိခိုးတာလဲ အကြိမ်များသွားပြီး အဲဒါ ဒီးဒုတ်မဂ္ဂဇင်းထဲက အားကျစရာတွေ့လို့ အားကျခဲ့တာ။

သပြေပင်တောရမှာ ပါဠိအသင်းဖွဲ့တဲ့အခါ စာကြည့်တိုက်ရှိတယ်။ ဥပဇ္ဈာယ်ဆရာတော်ကြီးရဲ့ ဇာတိဖြစ်တဲ့ ကျီကုန်းရွာကနေ ဒီးဒုတ်မဂ္ဂဇင်းအဟောင်းတွေ အများကြီးလာပို့တယ်။ အဲဒါကို ဖတ်ပြီးတော့ အားကျတယ်။ အားကျတဲ့အတိုင်း တစ်နေ့နေ့တော့ စာပြန်ဖြစ်သွားတယ်၊ ရှိခိုးဖြစ်တယ်။

အဲဒီတုန်းက စာမျက်နှာ (၂၂၆၀)ရှိတာကို မဟာစည် ရိပ်သာက ဖန်ယဉ်မမှာရုံမှာ ပြန်ရတယ်။ (၁၅)ရက် ပြန်ရတယ်။ (၂)ပိုင်း မဟုတ်သေးဘူး။ တစ်နှစ်ထဲပြန်ဆိုရတယ်။ (၁၅)ရက်ပြန်တော့ အဲဒီတုန်းက အုပ်ချုပ်ရေးမှူးက ဦးအုန်းလွင် ဟိုတစ်နေ့က မွေးနေ့မှာ လာကန်တော့တဲ့ဆရာမကြီး ဒေါ်လှတင်က ဦးအုန်းလွင်နဲ့ သူငယ်ချင်း၊ အသက်က (၆၅)နှစ်လောက်မှ ဘွဲ့ယူတယ်။

ဆရာမကြီးတို့က ဘုန်းကြီးတို့ ဝိနည်းပြန်နေတဲ့အခါ ဦးအုန်းလွင်ကိုပြောပေးဦးမယ်။ အောင်မြင်အောင်လို့တဲ့၊ မလာပါနဲ့ ဒကာမကြီး ပြီးမှသာလာခဲ့ကြပါ။ နောက်ဆုံးနေ့ (၃)နာရီလောက် စာပြန်ပြီးတာနဲ့ ဝိနည်းငါးကျမ်းမှာ “သေဒမောစန” ဂါထာဆိုတာ ပါတယ်။ သေဒမောစန ဂါထာဆိုတာ ခက်ခဲလွန်းလို့ ချွေးထွက်အောင် ကြံရတဲ့ဂါထာတွေ၊ ကျက်ရတာလဲ ခက်ပါတယ်။

အဲဒီဂါထာတွေ မမေ့ခင် ရွှေတိဂုံဘုရားအား သွားရောက် ပူဇော်မယ်ဆိုပြီး ခပ်သွက်သွက်ကလေးသွားပြီး ပရိဝါကျမ်းထဲမှာပါတဲ့ သေဒမောစန ဂါထာတွေနဲ့ သွားပြီး ပူဇော်တယ်။ ဒါလဲ အားကျလို့ ဆောင်ရွက်ခဲ့တာပါပဲ။

(၁၅)နှစ်သားထဲက အားကျခဲ့တာပါ။ (၁၅)နှစ်က နောက် (၁၅)နှစ်လောက်ကြာမှ ပြည့်ပြည့်စုံစုံ ဝိနည်းငါးကျမ်းနဲ့ ပူဇော်ဖြစ်ပါ တယ်။

နောက် မန္တလေးစာလိုက်တဲ့အခါကျတော့ ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာရဲ့ ဆရာအထူးစာချအကျော် သံကျောင်းဆရာတော် ကြီး စာချနေတယ်။ ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော် စာလိုက်ခဲ့တာ အဲဒီဆရာတော်ပဲ။ အဲဒီအခါကတော့ လက်ထောက်စာချပေါ့။

ဘုန်းကြီးတို့ စာလိုက်တော့လဲ အဲဒီ အထူးစာချအကျော် သံကျောင်းဆရာတော်ကြီးက စာချတုန်းပဲ၊ ဆရာတော်က စာချရင်းနဲ့ ဘာပြောသလဲဆိုတော့ ငါတို့ ဆရာဘုန်းကြီးက ဓာတုကထာနဲ့ ဘုရားရှိခိုးစမ်းပါလို့ ပြောတယ်။ ဓာတုကထာပါဠိက စာမျက်နှာ (၁၀၀) ရှိပါတယ်။

ဘုန်းကြီးတို့ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်း ပြန်ဆိုတဲ့အခါ ဓာတုကထာပြန်ရပါတယ်။ သံကျောင်းဆရာတော်ရဲ့ ဆရာက ဓာတုကထာနဲ့ အမြဲရှိခိုးတယ်။ ဒါလဲပဲ ဆရာတော်ပြောကတည်းက ဓာတုကထာနဲ့ ဘုရားရှိခိုးချင်စိတ် ပေါ်ပေါက်ခဲ့တယ်။

တော်တော်နဲ့ ဘုရားရှိမခိုးနိုင်ဘူး။ ဓာတုကထာပါဠိက တော်တော်နဲ့ မရနိုင်ပဲကိုး။ ရဟန်း (၁၆)ဝါရတော့မှ အဲဒီကျတော့ ဒီနာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရကျောင်းတိုက်ကြီး ရောက်ပါပြီ။

ရောက်တဲ့အခါ ကလေးဝဆရာတော်ကြီးကလဲ ခရီးသွားနေတော့ အဲဒီစံကျောင်းပေါ်မှာ ဓာတုကထာကျမ်းကြီးကို အလှည့်ကျ ရှိခိုးနိုင်ခဲ့ပါတယ်။ (၂)ရက်၊ (၂)ရက်ခွဲပြီးတော့ ဘုရားကိုပူဇော်ရတယ်။ အခေါက်ရေတော်တော်များများ ရပါတယ်။ အဘိုးကလေးဝဆရာတော် သီတင်းသုံးတဲ့ ကျောင်းပေါ်မှာရှိခိုးရတယ်။ အဲဒါလဲ အားကျလို့ ဆောင်ရွက်ခဲ့တာပဲ။

အားကျဆို ဆရာတော်ကြီး ဆုံးမခဲ့တာ ဓာတုကထာနဲ့ ဘုရားရှိခိုးရတယ် ဦးဇင်း၊ ဓာတုကထာနဲ့ ဘုရားရှိခိုးလို့ သူ့ဆရာက ပြောခဲ့တယ်။ သူ့ဆရာတော်ရှိခိုးသလိုတော့ ရှိမခိုးဖြစ်ဘူးလို့ ပြောပါတယ်။

ကောင်းမွန်တဲ့ အားကျစရာလေးတွေ တွေ့က အလွန်အရေး ကြီးတယ်။ အခုယောဂီဆရာလေးတို့ အားကျစရာတွေ ရှိတယ်။

ရဟန်းတော်တွေဆိုရင် စာသင်တိုက်မှာနေကြတယ်။ တရား တိုက်တွေမှာ နေကြတယ်။ တကယ်တမ်း စာသင်နေကြတာတွေလဲ ရှိတယ်။ တကယ်လဲ အနေအထိုင်ကောင်းတယ်၊ ကြိုးစားစာသင် စာချတယ်၊ တရားအားထုတ်ကြတယ်။ သာသနာ့နွယ် သီလရှင် တွေလဲ ဒီလိုပဲ။ တကယ်တမ်းကြိုးစားပြီး စာသင်တယ်၊ စာချတယ်၊ တကယ်တမ်း တရားဘာဝနာ အ ားထုတ်နေကြတာတွေ ရှိတယ်။

နေတတ်၊ ထိုင်တတ်တဲ့ ဆရာလေးတွေကို အတုယူရမယ်။ တစ်ချို့မှာ လူ့လောကထဲက ဘွဲ့ရခဲ့တယ်။ လောကုတ္တရာစာပေကိုလဲ ကြိုးစားလို့ အဆင့်မြင့်မြင့် ပညာတွေ သင်ခွင့်ရနေကြတာတွေ ရှိနေကြတယ်။ ဒါတွေဟာ အတုယူစရာပါ။

တစ်ချို့ကျတော့ ဘွဲ့ရအောင်ကြိုးစားပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှာ တက်ရောက်အောင်မြင်နေ ကြတဲ့ ဆရာလေးတွေလဲ အတုယူစရာ အားကျစရာပါပဲ။

အဲဒီတော့ သမိုင်းကြောင်း ပြန်ကြည့်မယ်ဆိုရင် ဒီနာဂလိုဏ်ဂူ ကုန်းမြေမှာ စာသင်တိုက်စဖွင့်တယ်ဆိုပါတော့။ ရှေးသမိုင်းတွေ အသာထားပြီး ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုဖို့ ရေးဖြေစာမေးပွဲဖြေဖို့ လာတဲ့အခါ မိုးညှင်းဆရာတော်ထံမှာ နေတယ်။ မိုးညှင်းဆရာတော် က ဘာပြောသလဲဆိုရင် “မင်း ကြီးလဲကြီးပွားချင်တယ်၊ ကုသိုလ်လဲ ရချင်တယ်ဆိုရင် မြို့နေ၊ ကြီးပွားစရာတော့ မလိုတော့ဘူး၊ ကုသိုလ် ရရင် ပြီးရောဆိုရင် တောထွက်ပေါ့ကွာ”တဲ့။

အဲဒါနဲ့ ရန်ကုန်မှာ စာသင်တိုက်တစ်ခု တည်ဆောက်မယ်လို့ ဆန္ဒရှိခဲ့တယ်။ အဲလို ဆန္ဒရှိခဲ့သော်လဲ တော်ရုံတန်ရုံငွေကြေးနဲ့ မတည်ဆောက်နိုင်ပဲကိုး။ အဲဒီလို စိတ်ကူးရင်းနဲ့ ကလေးဝဆရာတော်ဘုရားနဲ့ တွေ့ကြတယ်။ ဆရာတော်ကလဲ စာသင်တိုက် လုပ်ချင်တယ်။ ဘုန်းကြီးကလဲ စာသင်တိုက်တစ်တိုက် ထူထောင်ချင်တယ်ဆိုတော့ အဆင်သင့်သွားတယ်။

စာသင်တိုက်ထောင်တော့ ဒီကုန်းမြေမှာ အောင်ချမ်းသာစေတီတော်မြတ်ကြီးရှိတယ်။ မဟာမြတ်မုနိဘုရား၊ ကလေးဝတောရကျောင်းရှိတယ်။ သစ္စဝါဒီဘိုးဘိုးကြီး ကျောင်းတိုက်ဆိုတာ ရှိတယ်။ ဘုရားနှစ်ဆူကလဲ တစ်ခြားစီ အုပ်ချုပ်မှု၊ စောင့်ရှောက်မှု တစ်ခြားစီ အောင်ချမ်းသာစေတီတော်မြတ်ကြီးကို အဘိုးကလေးဝဆရာတော်နှင့် တပည့်များက စောင့်ရှောက်တယ်။

မဟာမြတ်မုနိဘုရား ကိုယ်တော်မြတ်ကြီးနဲ့ သစ္စဝါဒီဘိုးဘိုးကြီးကျောင်းတိုက်ကို ဆရာတော်ဦးဇိနနဲ့ တပည့် ဒကာ ဒကာမတွေက စောင့်ရှောက်ကြတယ်။ ဘာပြုလို့ငါ့အားပေးတာပါလိမ့်လို့ လေ့လာကြည့်တဲ့အခါကျတော့ ဦးဇိနရဲ့တပည့်ရင်း ဓမ္မာစရိယ ဦးအောင် ဆိုတာရှိတယ်။ ကလေးဝဆရာတော်ဘုရား ဆေးရုံတက်နေတဲ့အချိန် ဆေးရုံအပေါက်ဝမှာ ဦးအောင်နဲ့တွေ့တယ်။

သူ့ကို သစ္စဝါဒီဘိုးဘိုးကြီးက ပြောဖူးတယ်။ ဒီကုန်းမြေမှ နောင်သောအခါ စာတတ်ပေတတ် ရဟန်းတစ်ပါး ရောက်လာလိမ့်မယ်။ ရောက်လာတဲ့အခါ ရဟန်းသံဃာတွေနဲ့ စာသင်စာချဆရာတော်တွေနဲ့ စည်ကားလိမ့်မယ်လို့ ပြောဖူးသတဲ့။ ဓမ္မာစရိယ ဦးအောင်က ဘုန်းကြီးအား ဒီအတိုင်းလျှောက်ပါတယ်။

အဲဒါကြောင့် ဦးဇိနက အရှင်ဘုရားကို လွှဲတာလို့ပြောပါတယ်။ အဲဒီလို လွှဲလိုက်တဲ့အချိန်ကစပြီး ကလေးဝကျောင်းနဲ့ သစ္စဝါဒီဘိုးဘိုးကြီးကျောင်း တစ်သားတည်းဖြစ်သွားပါတယ်။ အောင်ချမ်းသာစေတီတော်နဲ့ မဟာမြတ်မုနိဘုရားကြီး နဂိုက အုတ်တံတိုင်း ကာထားတာ အခုအကာအရံတွေ ဖျက်ပြီးတော့ တစ်သားတည်းဖြစ်သွားတယ်။ တစ်ပေါင်းတည်း ဖြစ်သွားတယ်။ အကာအရံတွေ စည်းရိုးတွေလဲ ပြင်ခတ်လို့ ရသွားတယ်။

ဤမဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးကို သစ္စဝါဒီဘိုးရသေ့ကြီး၏ ဩဝါဒကိုခံယူကာ တည်ထားကိုးကွယ်ခဲ့ကြတယ်။ ၁၃၁၄ ခု တပို့တွဲလပြည့်ကျော် (၅)ရက် (၅-၂-၂၅)နေ့မှာ ပဲခူး သနပ်ပင်၊ မင်းရွာမှ ဒီနာဂလိုဏ်တောင်ပေါ် သို့ သစ္စဝါဒီဘိုးရသေ့ လာရောက်သီတင်းသုံးခဲ့ပါတယ်။ အဘိုး၏ဩဝါဒအရ ၁၃၁၆ ခု ကဆုန်လဆန်း (၈)ရက် (၁၃-၄-၅၄)တွင် ဤဓာတ်သားချိန် (၃၅၀၀)ပိဿာရှိ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးကို ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ပဒါး (၅)မျိုးစပ်၍ ပူဇော်ထားအပ်သည့် ပဥ္စလောဟာမဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့ကြပါတယ်။

သစ္စဝါဒီ ဘွဲ့အမည်ခံ အဘိုးရသေ့ကြီးက -

၁။ သားသမီးတို့က မိဘကို မကွယ်စေရန်၊

၂။ တပည့်တို့က ဆရာသမားကို မကွယ်စေရန်၊

၃။ ခန်းနေ ဦးပဥ္ဇင်းရဟန်းငယ်တို့က ကျောင်းထိုင်ဆရာတော်ကြီးများကို မကွယ်စေရန်၊

၄။ မင်းစေ၊ မင်းပါး၊ မင်းမြှောင်တို့က ဘုရင်မင်းမြတ်ကို မကွယ်စေရန်၊

၅။ ရုပ်ပွားဆင်းတု၊ စေတီပုထိုးတို့က ဂုဏ်တော်ကိုးတန် ပြည့်ဖြိုး
လျှံသည့် သဗ္ဗညုဘုရားရှင်ကို မကွယ်စေရန်၊

အဓိဋ္ဌာန်ညွှန်ကြားချက်ဖြင့် တည်ထားကိုးကွယ်ခဲ့တယ်ဆိုတာ သိရပါတယ်။ ရှေးအဆိုက ဘုရားကို စေတီမကွယ်စေနဲ့။ တရားကို စာအုပ်မကွယ်စေနဲ့၊ သံဃာကို ဘုန်းကြီးမကွယ်စေနဲ့တဲ့။

ယခုအခါမှာ ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပါယ်တော်မူရာ အာရုံခံတန်ဆောင်းကြီး၏ ရှေ့မျက်နှာစာမှာ မိမိတို့နှင့် ရှိပြီးရင်းရှိ သိဒ္ဓိအောင်ခါတ်ပေါင်းစု အဖွဲ့ ဆရာဦးသန်းဦးကို အမှူးပြု၍ (၂၅)သိန်းတန် မုခ်ဦးကြီး တည်ဆောက်ကုသိုလ်ပြုထားပါတယ်။

သစ္စဝါဒီ ဘိုးဘိုးကြီးကျောင်းတိုက် ဆရာတော် ဦးဇိနက မဟာမြတ်မုနိဘုရားကြီးနှင့်တကွ ကျောင်းတိုက်ကို မိမိ ဦးဇာဂရအား လွှဲအပ်ထားခဲ့တယ်ဆိုတော့ နန်းဦးဆရာတော် ကြွလာပါတယ်။ ကြွလာပြီး ပြောဆိုပုံမပြောမှီ နန်းဦးဆရာတော်နဲ့ ပတ်သက်တာလေး ပြောကြဦးစို့။

## နန်းဦးဆရာတော်

နန်းဦးဆရာတော် ဦးဉာဏိန္ဒက နာဂလိုဏ်ဂူဘုရားကုန်းမြေ မြေကိစ္စဝိဝါဒါဓိကရုဏ်းမှာ သဘာပတိဖြစ်ပြီး အစိုးရမင်းတို့က မြေလျှော်သည့်အခါ အခွန်အတုပ်နှင့်တကွ လျှော်ဒါန်းနိုင်ပုံ ပြည်သူများက အခွန်အတုပ်ကို မလျှော်နိုင်၊ မြေကိုတော့ လျှော့ခွင့်ရှိပုံ စတဲ့အထောက် အထားများ ပြည့်ပြည့်စုံစုံနဲ့ ဝိနိစ္ဆယ ဦးဆောင်ဆုံးဖြတ်တော်မူ ပေးခဲ့ဖူးပါတယ်။ ဝိနည်းမိုရ် ဆရာတော်အားလုံး ကျေးဇူးရှိကြပါတယ်။

နန်းဦးဆရာတော်က နန်းဦး, နန်းဦးနဲ့ အသံကြားလျှင် လူတစ်ရာကိုးဆယ်က ကြည်ညိုကြတယ်တဲ့။ လူမြင်လိုက်လျှင်တော့ လွန်ခဲ့တဲ့သုံးနှစ်က ပို့နေတဲ့ဆွမ်းအုပ်တောင် ပြတ်သွားတယ်တဲ့။ ပြီးတော့ ထပ်ပြောသေးတယ်။ ကိုယ်တော်နဲ့ကံတော့ မပြိုင်ဝံ့တော့ ဘူးလို့ဆိုပြီး ဟိုတုန်းက စစ်ကိုင်းဝါးချက်ဆရာတော်နဲ့ ဆရာတော် ဦးရန်ကုန်တို့ ပြိုင်ဆိုင်ကြပုံကို ပြောတယ်။

ဆရာတော် ဦးရန်ကုန်က စစ်ကိုင်းဝါးချက်ဆရာတော်ထံ သွားပြီး စာတတ်ပြိုင်ရန်သွားတော့ ဝါးချက်ဆရာတော်က ပြုစုထားတဲ့ ကျမ်းစာကြည့်ဖို့ပြသတဲ့။ ဆရာတော် ဦးရန်ကုန်က "ငါ ရန်ကုန် တင်တုန်ရှော့တဲ့"။ မကျေနပ်သေးလို့ ရေကူးပြိုင်ကြတယ်၊ အပြေးပြိုင် ကြတယ်၊ ဆောင်းရာသီ သဲသောင်ပြင်မှာ အထိုင်ပြိုင်ကြတယ်။ ပွဲတိုင်း ပွဲတိုင်း ဆရာတော် ဦးရန်ကုန်ကချည်း ရှုံးသတဲ့။ အဲဒီတော့ ဆရာတော် ဦးရန်ကုန်က အရှင်ဘုရားရဲ့ ရှေ့ကံကြောင့်အသာစီးရ မျိုးစေ့လေးသာ ပေဝးလိုက်ပါတော့တဲ့။

အဲဒီလိုပါပဲ ဆရာတော် ဦးဇိနတစ်ပါးတည်း နေရာလာပြီး သုံးကြိမ်ကျောင်းပေးဖို့ တောင်းခံဖူးပါတယ်။ အခုနေ ကွဲပြားတဲ့ ယခင်က ဆက်ဆံရေးကြတဲ့ ကျောင်းမှာနေတဲ့ ဦးဇာဂရအား ကျောင်း အပ်တော့ အတော်အံ့ဩသွားတယ်။ ဦးဇာဂရနှင့် ကံမပြိုင်ဝံ့တော့ ပါဘူးလို့ မိန့်တယ်။

## သစ္စဝါဒီအဘိုးနှင့်ကလေးဝဆရာတော်

ကလေးဝဆရာတော် ရောက်သစ်စ သစ္စဝါဒီအဘိုးနဲ့ စကားစပြီးပြောနေကြစဉ် တောကျီးကန်းကြီးတစ်ကောင်က ဝ,ဝ, ဝ

ဟု သုံးခွန်းမည်တယ်။ သစ္စဝါဒီအဘိုးက ပထမ ဝ,က တပည့်တော်၊ ဒုတိယ ဝ, က ကိုယ်တော်ပဲ၊ တတိယ ဝ, က လာလိမ့်မယ်တဲ့။

မိမိတို့ ဤကုန်းမြေသို့ ရောက်သစ်စက အဘိုးကလေးဝ ဆရာတော်ကလဲ ဒီအကျိုးအကြောင်းပြောပြီး တတိယ ဝ,က ဘိုးဇာဂရပဲလို့ မိန့်ပြန်ပါတယ်။ အဲဒါနဲ့ ငါ့ကို တတိယ ဝ, ပြောတာ ဘာအကြောင်းများပါလိမ့်လို့ စဉ်းစားနေမိတယ်။

၁၉၉၃ ခုနှစ်က "ဝ" ကလေး (၁၇)ယောက် ရောက်လာတော့ အဲဒီ "ဝ"ကလေးတွေနဲ့ပဲ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စတင် ကျောင်းဖွင့်ခဲ့ပါတယ်။ အခု "ဝ"နဲ့ စတဲ့ ဒီနယ်စပ်ဒေသနှင့်တောင်တန်း ဒေသ ကလေးသူငယ်များ ဖွံ့ဖြိုးရေးဘုန်းတော်ကြီးသင် ပညာရေး ကျောင်းကြီးဟာ အောင်မြင်တယ်လို့ ပြောရမှာပါ။ ဒါကို ကလေးဝ အဘိုးဆရာတော် မြင်တော်မူပုံ ရှိပါတယ်။

ကုန်းမြေကြီးတစ်ခုလုံးဟာ ကျောင်းတိုက်ကြီးတစ်ခုတည်း ဖြစ်သွားတယ်။ ဒါက စာသင်တိုက်။ အဲဒီနောက်ကျတော့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို "ဝ"ကလေး (၁၇)ယောက် ရောက်လာရာက စပြီးတော့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စပြီးဖွင့်တယ်။ အဲဒီနောက်ကျတော့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ရတော့ တရားရိပ်သာလဲ ဖွင့်ဖြစ်တယ်။

၁။ စာသင်တိုက်၊

၂။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (နယ်စပ်ဒေသ) တောင်တန်းဒေသ၊ အလယ်တန်း၊ အထက်တန်း

၃။ တရားရိပ်သာ၊

အဲလို သာသနာ့လုပ်ငန်းတွေကို ဆောင်ရွက်ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ရေရှည်တည်တံ့ဖို့ ဘုန်းကြီးတို့ကတော့ လမ်းထွင်သွားတဲ့သဘောပါပဲ။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတွေ လမ်းထွင်ခဲ့ကြတယ်။ ဒီနောက် လိုက်လာကြတယ်။

စာသင်တိုက်ဖြစ်စေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖြစ်စေ၊ တရားတိုက်ဖြစ်စေ သဒ္ဓါတရားရှိရှိနဲ့ ဆက်လက်ပြီး ဆောင်ရွက်မည့်ပုဂ္ဂိုလ်တွေ မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ -

မြတ်စွာဘုရား သာသနာတော်မြတ်ကြီးရဲ့ အစပိုင်းမှစကြည့်မယ်ဆိုရင် မြတ်စွာဘုရားအဆုံးအမ တရားတော်တွေဟာ အခုဆိုရင် နှစ်ပေါင်း ၂၅၅၀ ပြည့်ရောက်ပြီ။ ပျောက်ကွယ်မသွားသေးဘူး။ ဒါဘာကြောင့်လဲဆိုတော့ အထိန်းအသိမ်းကောင်းလို့ပါပဲ။

ဒါကြောင့် အဋ္ဌကထာဆရာကြီးတွေက -

၁။ ဘုရားရှင်အား ရှိခိုးပါ၏။

၂။ တရားတော်အား ရှိခိုးပါ၏။

၃။ သံဃာတော်အား ဦးခေါင်းဖြင့် ရှိခိုးပါ၏။

ဘုရားကို ဘုရားမှန်းသိအောင်၊ တရားကို တရားမှန်းသိအောင် ဆောင်ရွက်တဲ့ သံဃာတော်အား ဦးခေါင်းဖြင့် ရှိခိုးပါ၏။ ဒါကြောင့်မို့ သာသနာတော် တည်ထောင်တာ ခက်တာထက် ထိန်းသိမ်းတာက ပိုခက်ပါတယ်။ ထိန်းသိမ်းတယ်ဆိုတာ အစဉ်အဆက် အုပ်ချုပ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကံ, ဉာဏ်, သဒ္ဓါအား စသည်ကို အခြေခံပါတယ်။

အခု ရန်ကုန်မြို့ထဲမှာ တကယ်ကောင်းပါပေ့ဆိုတဲ့ နေရာတစ်နေရာရှိတယ်။ တကယ်စာသင်တိုက်ကြီး၊ အဲဒီ စာသင်တိုက်ကို

လေးပါးပိုင်ဆိုပြီး အပ်ခဲ့တာ။ အဲဒီလေးပါးက စာမချတဲ့ပုဂ္ဂိုလ်တွေ။

နေရာကြီးကတော့ ကောင်းလိုက်တာ၊ သိပ်ကောင်းတာပဲ။ သို့သော် ကျိုးတဖုတ်ဖုတ် ဆိုတာမျိုးလို ဖြစ်သွားတယ်။ နေရာကောင်းပေမယ့် ဦးဆောင်ဦးရွက်တဲ့ပုဂ္ဂိုလ်က သာသနာ့ကိစ္စတွေ ဆောင်ရွက်နိုင်မှ တိုးတက်တယ်။

အခု ဘုန်းကြီးလက်ခံထားတဲ့ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကလဲ (၁၅)နှစ်လောက်က အမှိုက်သရိုက်တွေ ဖုံးလွှမ်းပြီး ကျိုးတဖုတ်ဖုတ် လယ်တီမူ ဖြစ်နေတာပဲ။ (၁)လနေလို့ ယောဂီတစ်ယောက်၊ နှစ်ယောက်အသစ်မရှိဘူး။ အဲဒီလိုနေရာက အမှိုက်သရိုက်တွေရှင်းပြီး လစဉ်တရားစခန်းဖြစ်အောင် ကြိုးစားခဲ့ရတာပါပဲ။ လာမည့် ၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ဆိုရင် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အကြိမ် (၁၀၀)ပြည့်ပါပဲ။

အဲဒီ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ရာပြည့်အခမ်းအနားကျင်းပဖို့ စီစဉ်နေပါတယ်။ ကျေးဇူးတော်ရှင် ကမ္ဘာကျော်ပထမလယ်တီဆရာတော်ဘုရားကြီး မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီကိုယ်တိုင်တောထွက်၊ ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်တရားပြသခဲ့တဲ့ လယ်တီဝိပဿနာ ဖွင့်ဖော်ခဲ့တာ (၁၀၀)ပြည့်ကျော်ခဲ့လို့ ရာပြည့်ဆိုနိုင်ပါတယ်။

နှစ် (၁၀၀)ပြည့်ကျတော့ ပင်မလယ်တီတိုက်ကြီးတွေက ဆောင်ရွက်မှ ပိုကောင်းပါလိမ့်မယ်။

လယ်တီဝိပဿနာ (၇)ရက် တရားစခန်းကတော့ ဘုန်းကြီးတို့စတင်ပြီး ဗုဒ္ဓနည်းကျ လယ်တီဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ကျင်းပလာခဲ့တာ အကြိမ် (၁၀၀)ပြည့်ခဲ့ပါပြီ။ ဒါတွေက

သမိုင်းကြောင်းလေးတွေ အားကျစရာတွေပါ။

သက်တော် (၆၅)၊ သိက္ခာတော် (၄၅)ဝါရတဲ့အခါမှာ မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောကြားထားတဲ့ တရားတွေကို (၄၅)နှစ်တာကာလ ကြိုးစားပြီး သင်ယူခဲ့တယ်၊ ဟောခဲ့တယ်၊ ပို့ချခဲ့တယ်၊ ရေးသားခဲ့တယ်၊ အားထုတ်ခဲ့တယ်။ ကြိုးစားပြီးတော့ စာအုပ် (၂၀၀၀၀)ကျော်လောက် ရိုက်နှိပ်ပြီး ဓမ္မဒါန ဖြန့်ဝေခဲ့တယ်။

**"ဣမိနာ ဓမ္မဒါနေန၊ ဣမိနာ အဂ္ဂဒါနေန။**

**အဂ္ဂေါ ဟောမိ ဘဝါဘဝေ၊ အဂ္ဂမဂ္ဂံ ဓာရယိတွာ၊**

**လဘေယျံ အဂ္ဂမုတ္တမံ"**လို့ ရှေးဆရာတော်ကြီးများလိုပဲ ဆုတောင်းပါတယ်။

ဣမိနာ ဓမ္မဒါနေန= ဤမှန်မြတ်သော မြတ်စွာဘုရား စကားတော်တို့ကို တစ်ဆင့်ဖောက်သည်ချ စာချတရားဟော တရားပြ စာအုပ်ရိုက်၍ လှူဒါန်းရသော ကုသိုလ်ကြောင့်၊ ဘဝါဘဝေသု= ဘဝကြီး, ဘဝငယ် သွယ်သွယ်တို့၌၊ အဂ္ဂေါ= အမြတ်ဆုံးပုဂ္ဂိုလ်သည်၊ ဘဝေ= ဖြစ်ရပါလို၏။

အဂ္ဂမဂ္ဂံ= အမွန်ဆုံး အမြတ်ဆုံးဖြစ်သော အရဟတ္တမဂ် ဉာဏ်ထူးဉာဏ်မြတ်ကြီးကို၊ ဓာရယိတွာ= ဆောင်ယူ၍၊ အဂ္ဂံ= အမြတ်ဆုံးဖြစ်သော၊ ဥတ္တမံ= အမြတ်တို့၏ထိပ်ထား နိဗ္ဗာန်မြတ် တရားသို့၊ လဘေယျံ= လွယ်ကူသောအကျင့် လျှင်မြန်သော အသိဉာဏ်ဖြင့် ရလိုရောက်လို မျက်မှောက်ပြုလိုရပါလို၏။ မျက်မှောက်ပြုရပါစေသား။

ကြွလာကြတဲ့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးတို့အား ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ နိဗ္ဗာန်ဆိုင်ရာတရားတော်၊ နိဗ္ဗာနဒီပနီတရားတော်၊ ကျေးဇူးတော်ရှင် သပြေပင်တောရကျောင်းဆရာတော် ရေးသားတော်မူသည့် ဝါကျတ္ထဒီပကကျမ်း၊ ဘုန်းကြီးတို့ ရေးသားတဲ့ ပါဠိဖတ်စာ၊ ဘုန်းကြီးတို့ဘုရားရှင်ရဲ့ စကားတော်တွေကိုတစ်ဆင့် ဖောက်သည်ချ ဟောကြားထားတဲ့ လယ်တီဝိပဿနာ အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅ ဤကျမ်းစာတွေကို ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ပါတယ်။

မြန်မာ့အသံက ထုတ်လွှင့်ဟောကြားတဲ့ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏာသုတ်တရားတော်၊ အာနာပါနအားထုတ်နည်း တရားတော်၊ အမှောင်ငါးသင်း အလင်းငါးပါး တရားတော် ဒီတရားတွေလဲ ဓမ္မဒါနပြုခဲ့ပါတယ်။

အဲဒီ ဓမ္မဒါန အင်္ဂဒါန အားလုံးတို့ကြောင့် မြတ်သော ပုဂ္ဂိုလ်ဖြစ်ပြီးတော့ မြတ်သော အရဟတ္တမဂ်ဉာဏ်ရရှိပြီး မြတ်သောနိဗ္ဗာန်သို့ ရရှိရောက်ရှိပါရစေလို့ ဆုတောင်းပြီး ပြုခဲ့သမျှ ကုသိုလ်အရပ်ရပ် ကုသိုလ်အစားအစားတို့ကို အမိအဘ အဘိုးအဘွား တစ်ဆုတ်တစ်ခဲ၊ တစ်စက်တစ်ပေါက်၊ တစ်လုံးတစ်ပါဒ၊ တစ်ပုဒ်တစ်ဂါထာ အာမိသ ဓမ္မနဲ့ ချီးမြှောက်ကြတဲ့ ကျေးဇူးတော်ရှင် ဆရာတော်အရှင်မြတ်များနှင့်တကွ ဘဝဆွေမျိုးတွေ မိဟောင်းဘဟောင်း ဆွေဟောင်းမျိုးဟောင်းတွေ အားလုံးသော ပုဂ္ဂိုလ်အစားစား သတ္တဝါအသွယ်သွယ် ဝေနေယျအသီးသီးတို့အား အမျှ အမျှ အမျှ ပေးဝေပါတယ်။ အားလုံး အမျှရ၍ ချမ်းသာကြပါစေသော်။ သာဓု - သာဓု - သာဓု

## ၁၃၆၈ ခုနှစ်၊ နာဂလိုဏ်ဂူ လယ်တီဝိပဿနာ (၇)ရက် သင်္ကြန်တွင်း အထူးတရားစခန်း အောင်ပွဲ ဩဝါဒ တရားတော်

ယနေ့ နာဂလိုဏ်ဘုရားကုန်းမြေမှာ ဖွင့်လှစ်တဲ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၈)ကြိမ်မြောက် အောင်မြင်ပြီးမြောက်လို့ တရားထူး တရားမြတ်တွေ လက်တွေ့ မျက်တွေ့ အားထုတ်ပြီးတဲ့အခါ ဘယ်အတိုင်းအတာအထိ ရရှိတယ်။ နောင်ကျရင် ဆက်လက်ပြီးတော့ ဘယ်လိုကြိုးစားမယ်၊ အားထုတ်ပုံ၊ အားထုတ်နည်းက ဘယ်လို၊ တရားနှလုံးသွင်းပုံသွင်းနည်းက ဘယ်လိုဆိုတာမျိုးတွေ နည်းနိဿယ ရသွားကြပြီလို့ ထင်ပါတယ်။

ခုနက ကမ္မဋ္ဌာနာစရိယ ဆရာ ဦးသန်းခင်က ဆရာတော် နေပြည်တော်က ပြန်လာပါပြီ။ မကြာခင် ကြွလာပါလိမ့်မယ်လို့ ကြေညာသံ ကြားလိုက်တယ်။

ယောဂီတွေ အိမ်ပြန်ချိန်ကြပြီမို့ ချက်ချင်းပဲ ကြွလာခဲ့ပါတယ်။ ဘုန်းကြီးက အောင်ပွဲမှီမယ်မထင်ဘူး။ မနက်ကပဲ စခန်းသိမ်းပွဲပြီးသွားပြီလို့ ထင်နေပါတယ်။

နေပြည်တော်ရောက်ချင်စိတ် ရှိတယ်။ သူပြောလူပြောနဲ့ ဘယ်နေရာက ဘယ်လိုဆိုတာ ကြားနေပါတယ်။ ဝန်ကြီးတွေနေတဲ့ အနောက်ရွာ၊ အရှေ့ရွာလို့ ခေါ်တဲ့ နှစ်မြို့လုံးရောက်ခဲ့ပါတယ်။

ဝေဟင်ကတစ်မျိုး၊ မြေပြင်ကတစ်မျိုး ရောက်ခဲ့တော့ ဘုန်းကြီးက တရားသဘောနဲ့ စဉ်းစားကြည့်တာ။ ကမ္ဘာ့လူထုကြီးနဲ့ ခြုံပြီးတော့လဲ စဉ်းစားတယ်။ နေပြည်တော်နဲ့ ပတ်သက်ပြီးတော့လဲ

စဉ်းစားတယ်။ အိမ်တွေအမျိုးမျိုး၊ တိုက်တွေအမျိုးမျိုး ကောင်းလိုက်တာ။ ကျယ်ကျယ်ဝန်းဝန်းတွေ နေရာထိုင်ခင်းတွေ အကြီးအကျယ်ပါပဲ။ ဒါကတော့ ပကတိနေအိမ်တွေ၊ ပကတိတိုက်အိမ်တွေ ပြောတာပါ။

ဘုန်းကြီးတို့ ဘဝခရီးစဉ်သွားကြတဲ့အခါ ကမ္ဘာ့လူထုကြီး ဘယ်လောက်များများ (၃၁)ဘုံသားတွေအားလုံး လူ့ဘုံ၊ နတ်ဘုံ၊ ပြဟ္မာဘုံတွေ ဘယ်လောက်ရှိရှိ လူ့ဘုံမှာဆိုရင်လဲ နေကြထိုင်ကြတာ ပုံစံအသီးသီးနဲ့၊ နတ်ဘုံမှာဆိုရင်လဲ နန်းဗိမာန်ကြီးတွေ အင်မတန်ခမ်းနားကြီးကျယ်လှပါတယ်။ ဘုံနန်းဗိမာန်အမျိုးမျိုးပါပဲ။ တစ်ချို့ဘုံတွေက အတောင်အတက် အချွန်အလက်တောင် မပါဘူး။ ပြဟ္မာဘုံကြီးတွေလဲ အင်မတန်ကြီးကျယ် ခမ်းနားပါတယ်။

**အိမ်သုံးလုံးနဲ့နေကြ**

(၃၁)ဘုံဆိုတဲ့ ဩကာသလောကမှာ သတ္တလောကရဲ့ တည်ရှိရာ ဘုံဗိမာန်တွေ အမျိုးမျိုး ဘယ်လိုပဲ အရေအတွက်များများ တကယ်တမ်းတရားသဘောနဲ့ သင်္ခါရလောကသဘောနဲ့ ပြောမယ်ဆိုရင် အိမ်သုံးလုံးနဲ့ပဲ နေကြတာပါပဲ။

ကြည့်လိုက်လို့ရှိရင် ငါးထပ်တိုက်ကြီးနဲ့ သုံးထပ်တိုက်ကြီးနဲ့ နေသူတွေလို့ ပြောကြရမှာ တကယ်တမ်းကျတော့ သတ္တဝါ ဘယ်လောက်များများ၊ အရေအတွက်တွေ ဘယ်လောက်များများ၊ နေရာထိုင်ခင်းတွေ ဘယ်လောက်ကြီးကျယ်ကြီးကျယ် ဘုံဘဝမျိုးစုံ အဖုံဖုံမှာ လောကသုံးမျိုးပဲရှိတာ။ လောကဆိုတာ "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ လုဇ္ဇနတ္ထေန လောကော ပလုဇ္ဇနတ္ထေန

လောကော” ပျက်တတ်သောကြောင့် လောက၊ ပရမ်းပတာပျက်တတ်သောကြောင့် လောကလို့ ဖွင့်ဆိုတော်မူကြပါတယ်။

အဲဒီလို ပျက်တတ်တဲ့လောကထဲမှာ ဩကာသလောကခေါ်တဲ့ ဘုံလောကလဲ အပျက်ကြုံကြရတာပဲ။ သတ္တဝါတွေကလဲ သတ္တလောကဖြစ်တဲ့အတွက် အိမ်သုံးလုံးမှာ နေရတယ်။ ပျက်တတ်တယ်။ ပျက်တာမှ ပရမ်းပတာပျက်မှာ။ ဒါကြောင့် လောကလို့ခေါ်တာ။

ဩကာသလောက ပျက်တာက ထင်ရှားတယ်။ အိမ်တွေ၊ နန်းဘုံဗိမာန်တွေ၊ ကျောင်းတွေ ပြိုလဲသွားတာ။ သတ္တဝါတစ်ဦးတစ်ယောက် ပြိုလဲသွားတာ။ သိပ်သိသာတာပဲ။ ဘယ်သူသေတယ်ဆိုတာ သိပ်သိသာပါတယ်။

သင်္ခါရလောကဆိုတဲ့ လောကဟာ ပိုပြီးတော့ပျက်တယ်။ ဖြစ်တာလဲ မြန်တယ်။ ပျက်တာလဲ မြန်တယ်။ အခုဘုန်းကြီးတို့တရားအားထုတ်ကြတာ သင်္ခါရလောကကို မြင်အောင်ကြည့်တာ။ သင်္ခါရဆိုတာ ရုပ်နာမ်ပါပဲ။ ရုပ်ကအကြောင်း တရားလေးပါးကြောင့်ဖြစ်ပါတယ်။

ကံကြောင့်ဖြစ်တယ်၊ စိတ်ကြောင့်ဖြစ်တယ်၊ ဥတုကြောင့်ဖြစ်တယ်၊ အာဟာရကြောင့် ဖြစ်တယ်။ နာမ်ကလဲ သူ့အကြောင်းနဲ့သူနာမ်တရားတွေ။ အဝိဇ္ဇာပစ္စယာသင်္ခါရာစတဲ့ ပဋိစ္စသမုပ္ပါဒ်အကြောင်းတွေရှိတယ်။ ပဋ္ဌာန်းနည်းတွေ ရှိတယ်။ အဲဒီလို အကြောင်းအမျိုးမျိုးတွေကြောင့် ဖြစ်လာကြတဲ့ ရုပ်လောက၊ နာမ်လောက အဲဒါကို သင်္ခါရလောကခေါ်တာပါပဲ။

အဲဒီ ရုပ်လောက၊ နာမ်လောကကို မြင်အောင် တရားအား ထုတ်ရတာပါပဲ။ ဒီဩကာသလောက ဘုံနန်းဗိမာန်တွေ ပြိုတာ ပျက်တာကို ပြိုသွားပြီ၊ ပျက်သွားပြီလို့ မြင်လွယ်ပါတယ်။ ဘုံနန်း ဗိမာန်တွေ ပျက်စီးတာ ဒါတွေက သိသာပါတယ်။ သူ့အတွက် တရား အားထုတ်ရတာ မဟုတ်ပါဘူး။ သို့သော် အဲဒီဘုံလောက ဖြစ်တာ ပျက်တာ ရှုကြတာလဲ သတိထားစရာ သံဝေဂအသိဉာဏ်ပွားစရာ တော့ ဖြစ်ပါတယ်။

သတ္တဝါတွေရဲ့ ဖြစ်တာနဲ့ပျက်တာ ဒါလဲထိုက်တန်သလောက် မြင်သာပါတယ်။ မရဏာနုဿတိကမ္မဋ္ဌာန်း ပွားရပါတယ်။ (၃၁)ဘုံ မှာရှိတဲ့ ရုပ်နေရုပ်ထား စိတ်နေစိတ်ထားအမျိုးမျိုး ရုပ်နေရုပ်ထား စိတ်နေစိတ်ထားကလဲ ဖြစ်တာရှိတယ်၊ ပျက်တာရှိတယ်၊ တိုးပွားတာ ရှိတယ်၊ ဆုတ်ယုတ်တာရှိတယ်၊ အကျိုးရှိတယ်၊ အကြောင်းရှိတယ်၊ အဆိုးရှိတယ်၊ အကောင်းရှိတယ်၊ မြတ်ခြင်းအကြောင်းရှိတယ်၊ ယုတ်ခြင်းအကြောင်းရှိတယ်။ အဲဒီလို ရုပ်နေရုပ်ထား စိတ်နေစိတ်ထား က သင်္ခါရလောက။ အဲဒီ သင်္ခါရလောကကို ရှုမြင်တာက အတွင်း ဓာတ်သားကျကျ ရှုမြင်ရတဲ့ အဆင့်မြင့်ရှုမြင်ခြင်းပါပဲ။

မိမိသန္တာန်မှာ လောကကြီးသုံးမျိုး ဆက်စပ်နေတာ မိမိဆိုတဲ့ သတ္တလောက မိမိနေထိုင်ရာ အိုးအိမ်၊ ဗိမာန်၊ ကျောင်း၊ ဇရပ် အစရှိတဲ့ ဩကာသလောက၊ သတ္တလောကသားတွေရဲ့ အတွင်း သန္တာန်မှာ အတွင်းသန္တာန်မှာ တည်ရှိနေတဲ့ နေ့စဉ်နေ့တိုင်း ရေတွက်လို့မရနိုင်တဲ့ ဩော် ဘဝပဋိသန္ဓေစိတ်ကလေးကစပြီး ဖြစ်လာတယ်ဆိုကတည်းက သူနဲ့အတူတွဲပါလာတဲ့ စေတသိက်က (၃၃)မျိုး၊ ရုပ်ကလဲ ကံကြောင့် ဖြစ်လာတဲ့ ရုပ်ပေါင်း (၃၀)၊ ကလာပ်စည်းသုံးခုဟာ တစ်ခါတည်း

တွဲပါလာတာပဲ။ သို့သော် ကိုယ့်ကို မှီခိုတွဲပါနေတဲ့ စိတ်စေတသိက် ရုပ် ဒီတရားတွေမြင်နိုင်ဖို့ ခက်ပါတယ်။

ရှင်နာဂသိန်အရှင်မြတ်ထံ မိလိန္ဒမင်းကြီး လာပြီးမေးတယ်။ အရှင်ဘုရား နာမ်တရားတို့ရဲ့ဖြစ်စဉ်ကို မြင်နိုင်တဲ့ဥပမာပေးတော်မူပါလို့ မေးလျှောက်တယ်။

အရှင်နာဂသိန်ရဲ့ ဥပမာမပြောခင် ချင်းတွင်းမြစ်ရေ၊ ဧရာဝတီမြစ်ရေ၊ ဒုဋ္ဌဝတီမြစ်ရေ စီးဆင်းသွားတော့ ပင်လယ်သမုဒ္ဒရာထဲရောက်တယ်။ ပင်လယ်သမုဒ္ဒရာထဲရောက်မှ ဒါက ချင်းတွင်းမြစ်ရေ၊ ဒါက ဧရာဝတီမြစ်ရေ၊ ဒါက ဒုဋ္ဌဝတီမြစ်ရေလို့ သီးခြားစီခွဲပြဖို့ မလွယ်သလိုပဲ ခက်ခဲပုံကို ဖြေပြတယ်။

ရှေးကဥပမာက မြစ်ကြီးငါးသွယ်က စီးဆင်းလာတဲ့ ရေတွေကို ပင်လယ်သမုဒ္ဒရာထဲရောက်မှ ဒါက အင်္ဂါမြစ်ရေ၊ ဒါက သရဘူမြစ်ရေ၊ ဒါက ယမုံနာဖြစ်ရေ၊ ဒါက အစိရဝတီမြစ်ရေ၊ ဒါက မဟီမြစ်ရေလို့ ခွဲပြဖို့ထက်ခက်သေးတယ်တဲ့ ဒီလို ဥပမာပေးပါတယ်။

**ဝေဒနာကမ္မဋ္ဌာန်း**

ဒီတရားက ဖဿ၊ ဒီတရားက ဝေဒနာ၊ ဒီတရားက သညာ စသည်ခွဲခြားပြဖို့ သိဖို့ ခက်ခဲပါတယ်။ အခုတရားစခန်းမှာ ဝေဒနာကို များများပြောခဲ့ကြတာ။ ဝေဒနာက ထင်ရှားတာကိုး။ "ဝေဒနာနံ ဥပ္ပတ္တိယာ ပါကဋ္ဌတာယ" ဝေဒနာတို့ရဲ့ဖြစ်စဉ်ဟာ အင်မတန် ထင်ရှားတယ်။ သုခဝေဒနာလဲဖြစ်ဖြစ်၊ ဒုက္ခဝေဒနာပဲဖြစ်ဖြစ် အင်မတန် ထင်ရှားတယ်။

ဒါကြောင့် ဝေဒနာအဦးမူပြီးတော့ တရားပေးတဲ့ဒေသနာတော်တွေ များပါတယ်။ အရှင်သာရိပုတ္တရာမထေရ် တရားအားထုတ်နေတယ်။ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာရဲ့ တူဖြစ်တဲ့ ဒီဃနခပရိဗိုဇ်အား တရားပေးတဲ့အခါ ဒီဝေဒနာကမ္မဋ္ဌာန်းပေးတာ။

သူတစ်ပါးအတွက် ချက်ထားတဲ့ထမင်းကို အသာခူးစားရသလိုပဲတဲ့။ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးဟာ ဒီဃနခအားဟောတဲ့ ဝေဒနာကမ္မဋ္ဌာန်းနဲ့ပဲ ရဟန္တာဖြစ်တာပါ။

အဂ္ဂသာဝကကြီးဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်အားလဲ ဝေဒနာကမ္မဋ္ဌာန်းပဲ။ "ဝေဒနာမုခေန အရူပကမ္မဋ္ဌာနံ ဒဿေတိ" ဆိုတဲ့အတိုင်း ဝေဒနာကို အဦးမူပြီးတော့ နာမ်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားပြတော်မူတာပါပဲ။

ဒီအတိုင်းဆိုရင်တော့ ဝေဒနာဘာအသုံးကျမလဲ။ ခါးနာတယ်၊ ခါးနာတယ်။ ခါးနာရင် ဆေးကုရုံပဲ။ ဘာမှကို အသုံး မကျဘူး။ လေအောင့်တယ်၊ ခြေနာတယ်၊ လက်နာတယ်၊ လောကက ဘာမှအသုံးမကျဘူး။ အသုံးမကျတာကို မြတ်စွာဘုရားက အသုံးချထားတာကိုပြောတာ။ ဗိုက်နာတယ်၊ ခေါင်းကိုက်တယ်ဆိုရင် အဲဒီနာတာကိုက်တာကိုပဲ ဝေဒနာအဖြစ်နဲ့ ရှုရတယ်။

ပုဂ္ဂိုလ်တစ်ဦးဟာ ခေါင်းကိုက်တယ် ဆိုကြပါစို့။ တစ်သက်လုံး ခေါင်းကိုက်နေတာ မဟုတ်ဘူး။ သူ့ဟာသူ ဝေဒနာရဲ့ဖြစ်စဉ်အတိုင်း ဖြစ်ပြီးတော်တော်ကြာတော့ ပျက်သွားတာပဲ။ စဉ်းစားပြီးတော့ အဲဒီဒုက္ခဝေဒနာမျိုးကျတော့ ပျက်သွားလို့သာ တော်တော့တယ်။ အကယ်၍ မပျက်ပဲနဲ့များ ရပ်တည်မြဲနေမယ်ဆိုရင် ယောဂီတို့ဘယ်လောက်ဆင်းရဲလိုက်မလဲ၊ အခံရခက်လိုက်မလဲ ဆိုတာ စဉ်းစား

ပြီးသာ ကြည့်ကြတော့။

နေပြည်တော်ကနေ လေယာဉ်စီးလာတော့ ကောင်းကင်မှာ မိုးတိမ်လှိုင်းတွေကို တွေ့မြင်နေရတော့ ဩော် သင်္ခါရသဘောတရားတွေဟာ မိုးတိမ်လှိုင်းလိုပဲတဲ့။ မိုးတိမ်များလိုပဲ။ မိုးတိမ်ကြည့်ပြီးတော့ တရားယူစဉ်းစားမိတယ်။ မိမိသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားတွေ သောင်းကမ်းစပ် သဲပြိုသလိုလဲ ရှုမြင်ရပါတယ်။

**မမေ့နဲ့**

အဲဒီ ရုပ်တရား၊ နာမ်တရားတွေထဲမှာ ရုပ်တစ်ခုက ထင်ရှားတယ်။ အခုယောဂီများ အားထုတ်ခဲ့တဲ့ ဝါယောရုပ်ဟာ အင်မတန်ထင်ရှားပါတယ်။ ဝါယောရုပ်ဟာ (၆)မျိုးရှိသော်လဲ ထွက်လေ၊ ဝင်လေ "အဿာသ၊ ပဿာသ" ဝါယောကိုသာ အဓိကထား ရှုမှတ်ခဲ့ကြ

ဝါယောဓာတ်လေးကို ရှုတယ်၊ ရှိုက်တယ်၊ မှုတ်တယ်၊ ထုတ်တယ်။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ဒီထွက်လေ၊ ဝင်လေဟာ လူပြိန်းအနေနဲ့ဆိုရင် အသက်ရှင်ဖို့မှတစ်ပါး ကျန်တာ ဘာမှ အသုံးမကျဘူးလို့ ထင်ရတယ်။

မြတ်စွာဘုရားက အသက်ရှင်ဖို့တင်မဟုတ်ဘူးတဲ့။ ဝဋ္ဋဒုက္ခ ခပ်သိမ်း ငြိမ်းအေးနိုင်ဖို့အတွက် ဒီထွက်လေ၊ ဝင်လေကို တကယ်အသုံးချတတ်ရင် အရိယာစခန်း တက်လှမ်းနိုင်တယ်လို့ မဟာသတိပဋ္ဌာန်လုပ်ငန်းမှာ ရှေးဦးစွာ ဒီဝါယောရုပ်ကိုပဲ ပြတော်မူတာ။

ထွက်လေ ဝင်လေ၊ ထွက်သက် ဝင်သက်လို့ ဒီလိုခေါ်ကြတာပေါ့။ ထွက်သက် ဝင်သက် တကယ်တမ်း အသက်ဆိုတာရှိသလားဆိုတာ ရှုပွားကြည့်လိုက်တဲ့အခါ ယောဂီသူတော်စင်များ သိပါတယ်။

တစ်နာရီမှာ ထွက်လေ၊ ဝင်လေပေါင်း (၁၀၀၀)ကျော်လောက် အသုံးချ လာခဲ့ကြတာ။

မြတ်စွာဘုရားသာသနာတော်မှာ အကြိမ်ပေါင်း (၁၆၀၀၀) ကျော် သုံးမခဲ့တဲ့ ဩဝါဒတစ်ခုရှိတယ်။ အဲဒါကတော့ "မမေ့နဲ့" ကုသိုလ်ပြုရမှာ မမေ့နဲ့။ မေ့တယ်ဆိုတာ အာရုံငါးပါးနဲ့ ပျော်နေရင် မေ့တယ်လို့ ခေါ်တယ်။ တစ်နည်းအားဖြင့် ကုသိုလ်ကိစ္စ စိတ်ကဒုံးဒုံးချပြီးတော့ မလုပ်ဘဲ အရေးမကြီးဘူးဆိုတာလဲ မေ့တာပါပဲ။ မေ့တာ (၂)မျိုး ရှိတယ်။

မေ့တဲ့ကာလကို ဖယ်ရှားပြီး ယခု ၁၃၆၈ ခု သကြ်န်ကာလ ဒို့မမေ့ဘူး။ "အားထုတ်မယ်၊ ကြိုးစားမယ်"။ ဒီပြင်အာရုံတွေလဲ ထိုက်တန်သလောက် ရှောင်ကြဉ်ထားတဲ့အတွက် "အပ္ပမာဒတရား" လက်ကိုင်ထားနေတာပါပဲ။

"မမေ့နဲ့"ဆိုတဲ့ ဒီစကားတော်ကို (၄၅)ဝါကာလပတ်လုံး "ဒီနေ ဒီနေ့" နေ့တိုင်း နေ့တိုင်းတဲ့ အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြား ခဲ့တာ။

ဘုရားသာသနာတော် ပိဋကတ်သုံးပုံမှာ အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတဲ့စကားဟာ ဘာလဲဆိုရင် "မမေ့နဲ့" အာရုံငါးပါးရှောင်ရှားဖို့နဲ့ ကုသုလ်ပြုရမှာ မမေ့နဲ့။ မမေ့နဲ့ဆိုတဲ့ စကားဟာ အကြိမ်များဆုံး၊ အခြားခြား သစ္စာလေးပါး စသည် ဟောတာလဲ အကြိမ်များပါတယ်။ သို့ပေမယ့် ဒီအပ္ပမာဒဩဝါဒ လောက်တော့ မများဘူး။

လူ့ဘဝမှာ ပြောနေကြတယ်။ "လူ့ဘဝက မကောင်းပါဘူး၊ မကောင်းပါဘူး"။ ပြဿနာပေါင်း (၁၆၀၀၀)၊ (၁၆၀၀၀)နဲ့ ရှုပ်နေ

တာပဲလို့ ငြီးနေကြ တယ်။ ဆန်ကတစ်မျိုး၊ ဆီကတစ်မျိုး၊ သားရေး၊ သမီးရေးက တစ်ဖုံ၊ ပြဿနာပေါင်း မရေတွက်နိုင်တဲ့အခါ ပြဿနာပေါင်း (၁၆၀၀၀)လို့ ငြီးကြပြောကြတယ်။

အဲဒီ ပြဿနာပေါင်း (၁၆၀၀၀)ကို ဖြေရှင်းချင်ရင် မြတ်စွာဘုရားရဲ့ အကြိမ်ပေါင်း (၁၆၀၀)ကျော် မိန့်ကြားတဲ့ ဩဝါဒနဲ့ နေမယ်ဆိုရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန် ဘဝတစ်ခုခုမှာတော့ ပြဿနာပေါင်း (၁၆၀၀၀) ဖြေရှင်းနိုင်ပါလိမ့်မယ်။

အခု တရားထိုင်တာဟာ မိမိတို့ရဲ့ဘဝပြဿနာကို ဖြေရှင်းနေကြတာပါပဲ။ စောစောကပြောလာခဲ့ကြတဲ့ စကားအရ ငါးပင်ဘိုင်ခန္ဓာအိမ်နဲ့နေကြတဲ့ သတ္တဝါတွေရှိတယ်။ လေးပင်တိုင်ခန္ဓာအိမ်ကြီးတွေနဲ့ နေကြတဲ့သတ္တဝါတွေလဲ ရှိတယ်။ တစ်ပင်တိုင်ခန္ဓာအိမ်နဲ့ နေကြတဲ့ သတ္တဝါတွေရှိတယ်။ (၃၁)ဘုံမှာ ငါးပင်တိုင်ခန္ဓာအိမ်တည်ဆောက်ပြီဆိုရင် တစ်နေ့ကျတော့ ဒီအိမ်ကြီးဟာ အို၊ ဟောင်း၊ ရွဲ၊ ပျက်ကြွံကြရမှာ။

လေးပင်တိုင်ခန္ဓာအိမ်ကလဲ တစ်ပင်ကယိုင်၊ နှစ်ပင်ကယိုင်ဆိုသလိုနေမှာပါပဲ။ တစ်ပင်တိုင်ခန္ဓာအိမ်ကျတော့ သူလဲပဲ အချိန်ကျရင် ပြိုလဲပျက်စီးသွားမှာပါပဲ။ ဘုန်းကြီးတို့ယောဂီရဲ့ ခန္ဓာအိမ်ကတော့ ငါးပင်တိုင်ခန္ဓာအိမ်ခေါ်တယ်။

အဲဒီ ငါးပင်တိုင်ခန္ဓာမှာ ငါးပင်တိုင် ဆိုတာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အဲဒီခန္ဓာငါးပါးရှိတဲ့ ပုဂ္ဂိုလ်တွေကို ငါးပင်တိုင်ခန္ဓာအိမ်နဲ့ နေကြတယ်လို့ ပြောတာပါ။

အဲဒီ ခန္ဓာငါးပါးမြင်အောင် မြတ်စွာဘုရားပွင့်မှ တရားပေးနိုင်တာ။ မပွင့်ရင် မပေးနိုင်ဘူး။ ဘုန်းကြီးတို့ အခုပြောမယ်ဆိုရင် ဈေးပေါင်ကျိုးကာလ။ သာသနာကြီး တစ်ဝက်ကျိုးလို့ ဈေးပေါင်ကျိုးကာလမှာ သကြန်ကာလ တရားဝင်ရုံတင်မဟုတ်ဘူး။ အခါအားလျော်စွာ မိမိတို့ရနိုင်သ၍ အချိန်ကလေးမှာ ကြိုးစားကြဖို့ လိုတယ်၊

**ကြေငြာချက် (၇)ချက်**

မြတ်စွာဘုရားက "သောကပရိဒေဝါနံ သမ တိက္ကမာယ၊ ဒုက္ခဒေါမနဿနံ အတ္တင်္ဂမာယ" ဆိုတဲ့အတိုင်း အဆိုးကြီးလေးမျိုးကို ကျော်လွှန်နိုင်တာ ဒီသတိပဋ္ဌာန်တရားပဲ။

(၁) စိုးရိမ်ပူဆွေးမှု၊
(၂) ငိုကြွေးမှု၊
(၃) ကိုယ်ဆင်းရဲမှု၊
(၄) စိတ်ဆင်းရဲမှု၊

ဒီအဆိုးကြီးလေးမျိုးကို ကျော်လွှားနိုင်ပြီးတော့၊

(၁) စိတ်စင်ကြယ်မှု၊
(၂) မဂ်ဉာဏ်ရမှု၊
(၃) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှု၊

ဆိုတဲ့ အခွင့်လမ်းကြီး သုံးမျိုးရနိုင်တယ်။

ကြေငြာချက် (၇)ချက်နဲ့ သတိပဋ္ဌာန်တရားတော်ကို နတ်ပြည်မှာလဲ ဟောခဲ့တယ်။ လူ့ပြည်မှာလဲ ဟောခဲ့တယ်။

တရားကို မမေ့မလျော့သော သတိတရားနဲ့ ဆက်ပြီး ကြိုးစားဖို့နှင့် ပတ်သက်ပြီး -

**ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော။**
**အပ္ပမတ္တာ သဒါဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ပမာဒံ= မေ့လျော့ခြင်းကို၊ ပမာဒံ= ငါးဖြာအာရုံကာမဂုဏ် တရားတွေကို လိုက်စား၍ ကုသိုလ်တရား၌ မေ့လျော့ခြင်းကို၊ ဘယတော= ကြောက်ဖွယ် လန့်ဖွယ် ဘေးအနေအားဖြင့်၊ ဒိသွာ ပဿန္တု= မြင်နိုင်ကြပါစေ။

အပ္ပမာဒဉ္စ= အာရုံငါးပါး ရှောင်ရှား၍ ကုသိုလ်များများပြု မမေ့မလျော့ခြင်းကို၊ ခေမတော= ဘေးဘျမ်းကင်းကွာ အေးချမ်းသာ၏ ဟူ၍၊ ဒိသွာပဿန္တု= မြင်နိုင်ကြပါစေကုန်သတည်း။

သဒါ= အခါခပ်သိမ်း၊ အပ္ပမတ္တာ= မမေ့မလျော့ နေနိုင်ကြကုန် သည်၊ ဟောထ= ဖြစ်ကြပါစေကုန်သတည်း။ ဧသာ= ပမာဒ မေ့လျော့မှု တရားကို ရှောင်ရှား၍၊ အပ္ပမာဒ= မမေ့မလျော့တဲ့တရားကို လက်ကိုင် ထားကြပါဟု တိုက်တွန်းနှိုးဆော်ခြင်းသည်၊ ဗုဒ္ဓါနံ= ဂင်္ဂါဝါဠူ သဲစုအသွင် ပွင့်တော်မူပြီး ရှင်တော်မြတ်ဘုရားတို့၏၊ အနုသာသနီ= သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
## ပရိယတ္တိသာသနဟိတဓရ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ၏
# (၂၈–၁–၂၀၀၃)နေ့ ထိုင်းနိုင်ငံ၌
# ဟောကြားအပ်သောတရားတော်လင်္ကာ

**မြတ်လှပေစွာ့ မြတ်ပေစွာ့**

ငါသည်မသေ နေရပေ၍
စိန္တေထွင်ထား မြတ်ဘုရားနှင့်
တရားသံဃာ ရတနာကို
မကွာနေ့ည ဆည်းကပ်ရ
မြတ်လှပေစွာ့ မြတ်ပေစွာ့။
ဒါနပေးလှူ စင်ဖြူသီလ ပွားထဘာဝနာ ဤသုံးဖြာသာ
ငါ့ဟာအဟုတ် ငါ့အထုပ်ဟု
မယုတ်စေရ ဉာဏာဟဖြင့်
ဓမ္မရှာဖွေ နေရပေသည်

မသေကျိုးနပ်
မြတ်လှပေစွ့ မြတ်ပေစွ့

ဆင်တဲဆရာတော်

**လယ်တီဒီပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် (၇)ရက်တရားစခန်း ယောဂီသူတော်စင်များ ကန်တော့ရန်**

| | | |
|---|---|---|
| ဗုဒ္ဓံ | သရဏံဂစ္ဆာမိ | (တစ်ကြိမ်ဦးချပါ) |
| ဓမ္မံ | သရဏံဂစ္ဆာမိ | (တစ်ကြိမ်ဦးချပါ) |
| သံဃံ | သရဏံဂစ္ဆာမိ | (တစ်ကြိမ်ဦးချပါ) |
| ဗုဒ္ဓ | ဂုဏောအနန္တော | |
| ဓမ္မ | ဂုဏောအနန္တော | |
| သံဃ | ဂုဏောအနန္တော | |
| မာတာပိတု | ဂုဏောအနန္တော | |
| အာစရိယ | ဂုဏောအနန္တော | |

အနန္တော အနန္တငါးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

**မေတ္တာပို့ရန်**

(၃၁)ဘုံ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။

**အမျှဝေရန်**

ကျွန်ုပ်တို့၏ ဘဝအဆက်ဆက်မှစ၍ ယနေ့ထက်တိုင်အောင် ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ကောင်းမှု အစုစုတို့ကို အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြ ပါကုန်လော့။

သာဓု - သာဓု - သာဓု

**အသီးတစ်ရာ အညှာတစ်ခု တရားတော်**

၁။ အသီးတစ်ရာ၊ အညှာတစ်ခုပုံကို ရှုလော့၊ စိတ်ဟုမည်ငြား ဤတစ်ပါးမျှ တရားကိုယ်ကြပ် စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရကြောင်းလာ၏။

၂။ စိတ်မိုက်နွားဆိုး၊ သတိကြိုးနှင့်၊ မတိုးရုန်းနိုင်၊ အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။

၃။ သတိမြဲရာ၊ ပထမှာ၊ ဒု-မှာရှည်တိုသာ။

၄။ လုံးစုံလင်းရာ၊ တတိရာ၊ စ-မှာငြိမ်းစေရာ။

၅။ ခိုင်ခိုင်ချည်ထား၊ စိတ်မိုက်နွား၊ ပြေးသွားရုန်းကြည့်ပါ။

၆။ ရုန်းမရပါ၊ ချည်တိုင်မှာ၊ မောခါငြိမ်သက်လာ။

၇။ မောခါငြိမ်သက်၊ မလှုပ်ယှက်၊ တိုးတက်တည်ကြည်လာ။

၈။ သမာဓိရ၊ တည်ကြည်က၊ စိတ်ကစင်ကြယ်လာ။

၉။ စိတ်စင်ကြယ်သွား၊ ရုပ်နာမ်များ၊ ပိုင်းခြားခွဲသိပါ။

၁၀။ ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။

နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကား ငါဟု၊ ညွှန်ပြစရာ၊ မရှိပါသည်၊ နှစ်ဖြာနာမ်ရုပ်မျှသာတည်း။

**ဝိပဿနာဉာဏ်စဉ် (၁၀)ပါးလင်္ကာ**

၁။ ခန္ဓာဒိနည်း ဖွဲ့စည်းပြီးခါ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မာသနဉာဏ်။

၂။ ဖြစ်ပွားပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်။

၃။ အပျက်ကိုယ်သာ ရှုတုံပါ သညာဘင်ဉာဏ်။

၄။ အပျက်မြင်က ဘယမစ္စု ပျက်မှုခပင်း ဘေးသေမင်းဟု ကြောက်ခင်းထွေထွေ ရှုတုံပေ မှတ်လေ ဘယဉာဏ်။

၅။ ကြောက်ဖွယ်ခပင်း မြင်တုံလျှင်းက ဘေးဘယမျိုး ရုပ်နာမ် ဆိုး၍ ကိုးရာမရှိ ခက်မှန်းသိ အာဒီနဝဉာဏ်။

၆။ ကိုးရာမထင် ခက်ပုံမြင်က မရွှင်မလန်း စိတ်ကုန်ခန်း၍ မချမ်းမမြေ့ ငြီးငွေ့သောထွေ စိတ်အနေ မှတ်လေနိဗ္ဗိဒ်။

၇။ ငြီးငွေ့အားသန် စိတ်ပူပင်က လျှင်မြန်မြန်သိ လွတ်လိုဘိ မုစ္စိတု ကမျတာဉာဏ်။

၈။ လွတ်လိုလှ၍ လွတ်ရတဲ့ဌာ ဘာဝနာလေးဆယ် အကျယ် ဖြန့်ချိအားတိုက်ဖိ ပဋိသင်္ခါဉာဏ်။

၉။ အားတိုက်ရှု၍ လွတ်မှုလွတ်ရန် အမြင်သန်က ရုပ်နာမ်ဓမ္မ သင်္ခါရဝယ် မတွယ်သမှု လျစ်လျူရှု သင်္ခါရုပေက္ခာဉာဏ်။

၁၀။ မဂ်ရောက်လိုသော် အဆော်အနှုး မဂ်လေးဦးအား အထူး လျော်မှု ကျေးဇူးပြု အနုလောမဉာဏ်။

**နောင်တ–တရား (၁၀)ပါး**

၁။ ငယ်ကပညာ မသင်ပါ အိုခါနောင်တ ရတတ်စွ၊

၂။ ငယ်ကဥစ္စာ မစုပါ အိုခါနောင်တ ရတတ်စွ၊

၃။ ချစ်ခင်သူများ ကုန်းတိုက်ငြား အများနောင်တ ရတတ်စွ၊

၄။ သက်သတ်စားကျူး ပြုခဲ့ဘူး အထူးနောင်တ ရတတ်စွ၊

၅။ သူ့အိမ်ရာပေါ် ကျူးလွန်သော် မလျော်နောင်တ ရတတ်စွ၊

၆။ ဥစ္စာရှိလျှက် မလှူရက် ကုန်ပျက်နောင်တ ရတတ်စွ၊

၇။ မိဘနှစ်ဆူ မမွေးမြူ သေမူနောင်တ ရတတ်စွ၊

၈။ မိဘစကား မနာကြား အများနောင်တ ရတတ်စွ၊

၉။ သူတော်သူမြတ် မဆည်းကပ် ဆတ်ဆတ်နောင်တ ရတတ်စွ၊

၁၀။ အမြတ်တရား မကျင့်ငြား အများနောင်တ ရတတ်စွ၊
နောင်တ (၁၀)ဆင့် လွတ်အောင်ကျင့်၊ မလင့်မုချ ချမ်းသာရ။

မဟာသုတဒီပနီ

**အရွယ်ဆယ်ပါး**

မန္ဒဒသကာ ဆယ်နှစ်မှာ စားကာငိုကာ ဖြုန်းခဲ့တယ်။
နှစ်နှစ်ဆယ်မှာ ပျော်ခိဍ္ဍာ စိတ်ပါကိုယ်ပါ ပြုံးခဲ့တယ်။
ဝဏ္ဏပဘာ ဒသကာ လှစွာယဉ်စွာ သုံးခဲ့တယ်။
ဗလဒသကာ လေးဆယ်မှာ အားပါအင်ပါ ရုန်းခဲ့တယ်။
ဉာဏဒသကာ အရာရာ ဉာဏ်ပညာနဲ့ သုံးခဲ့တယ်။
ဟာနိဒသကာ ခြောက်ဆယ်မှာ မသိမသာရှုံးတော့တယ်။
ပဗ္ဘာရမှာ ကိုင်း၍လာ သွားရာလာရာ နုံးတော့တယ်။
ဝင်္ကဒသကာ ကွေး၍လာ ခါးပါတင်ပါ ကုန်းတော့တယ်။
မောမူဟမှာ မိန်းမောလာ ပြောကာဆိုကာ လုံးတော့တယ်။
သယနမှာ ဒသကာ မထနိုင်ရှာ ရှုံးတော့တယ်။
ရုပ်-နာမ်အလုပ် ပြောင်းလဲချုပ် အဟုတ်ငါ့မှာ မပိုင်တယ်။

မစိုးရိမ်ပဋ္ဌာန်းဆရာတော်ကြီး

**နာထတရား (၁၀)ပါး (အာကိုးဖွယ်ရာ ဤဆယ်ဖြာ)**

သီလ "ကြားမြင်" မိတ်ကောင်းယှဉ်
ဆိုလျှင် နားထောင်ငြား
လိမ္မာကျွမ်းကျင် တရားခင်
မြဲပင် စဉ်ကြိုးစား
ရောင့်ရဲ "သတိ"ဉာဏ်မြင်ရှိ
မှတ်ဘိ ဤ(၁၀)ပါး
အားကိုးဖွယ်ရာ ဘုန်း-မြတ်စွာ
သေချာဟော၍ထား
ကျေးဇူးများကြောင်း တရားကောင်း
စုဆောင်းရှာကြံထား
စိုးရိမ်ပူဆွေး ရန်မာန်ဘေး
ကင်းဝေးစေနိုင်သား။

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကရေ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
## ပရိယတ္တိသာသနဟိတရေ
# လယ်တီဘဒ္ဒန္တဉာဏဂရုဘိဝံသ
## ဟောကြားတော်မူသော
## ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တရားတော်

ယနေ့ သာသနာတော်နှစ် ၂၅၅၀ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်။ ၂၅၉၅ ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့။

အဲဒီ ဓမ္မစကြာဒေသနာမှာ ဟောကြားတော်မူတဲ့အတိုင်း မြတ်စွာဘုရား ပေးတော်မူတဲ့ နည်းနိဿယအတိုင်း (၉၇)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အားထုတ်ကြမှာဖြစ်ပါတယ်။

ဒီနည်းနာနိဿယသည် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်က မြတ်စွာဘုရား ကိုယ်တော်တိုင် ပေးခဲ့တဲ့နည်း။ ၂၅၉၅ နှစ်တာ ကာလက ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဘုရားဖြစ်တော်မူပြီးသည့်နောက် (၂)လကြာတဲ့အခါမှာ ဟောဒီ ဓမ္မစကြာဒေသနာတော်နဲ့ နိဗ္ဗာန်ကို

ရယူတဲ့နည်းကို ပေးသနားတော်မူခဲ့တယ်။

ဒီမှတ်တမ်းကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အသီးအသီးမှာ အကျယ်တဝင့် လာရှိပါတယ်။ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက လွယ်လွယ်နဲ့ သိရအောင်ဆိုပြီး "ဘုရားဖြစ်ခါ မိဂဒါသို့ စကြာရွှေဖဝါး ဖြန့်ချီသွား၍ ငါးပါးဝဂ္ဂီ အစုံအညီနှင့် မဟီတစ်သောင်း တိုက်အပေါင်းမှ ခညောင်းကပ်လာ နတ်ဗြဟ္မာအား ဝါဆိုလပြည့် စနေနေ့ဝယ် ကြွေ့ကြွေ့လျှံတက် ဓမ္မစက်ကို မိန့်မြွက်ထွေပြား ဟောဖော်ကြားသည် တရားနတ်စည် ယွန်းတယ်ကို"။

ဆရာတော်ဘုရားကြီးက ရဟန်းရှင်လူများ အလွယ်တကူ သိနိုင်အောင် ဘုရားဖြစ်ပြီးတဲ့အခါ မိဂဒါဝုန်ကြွတယ်။ ဟိုတုန်းက ယူဇနာနဲ့ပြောရင် (၁၈)ယူဇနာ။

အခုချိန်မှာတော့ မိုင် (၂၀၀)ကျော်လောက်။ ရှေးနောင်တော်ဘုရားတွေက ဘုရားဖြစ်ရာ ဗုဒ္ဓဂါယာမှ မိဂဒါဝုန်သို့ ကောင်းကင်က ဈာန်ဟုန်စီးပြီး ကြွတော်မူတယ်။ ဘုန်းကြီးတို့ ဂေါတမဗုဒ္ဓက ဈာန်ဟုန်စီးမကြွဘဲနဲ့ ခြေကျင်ခရီးရဲ့ ကြွတော်မူပါတယ်။ အကြောင်းကဥပကကို အကြောင်းပြုပြီးတော့ ကြွတော်မူပါတယ်။

မိုင် (၂၀၀)လောက်ခရီး ခြေကျင်ကြွတော်မူတာပါပဲ။ ကြွသွားတဲ့အခါ ဗာရာဏသီ မိဂဒါဝုန်တော ပဉ္စဝဂ္ဂီ (၅)ဦး ခရီးဦးကြိုပါတယ်။ မြတ်စွာဘုရားကို ကြိုတဲ့နေရာမှာ ခုချိန်ထိအောင် အမှတ်ပြုထားပါတယ်။ မြို့က ဗာရာဏသီမြို့၊ ပြည်ကလဲ ဗာရာဏသီပြည်၊ ဟောတဲ့နေရာက မိဂဒါယခေါ်တဲ့ မိဂဒါဝုန်တောလို့ ခေါ်ပါတယ်။

ဒါတင်မကသေးဘူး။ ဒီတောက ဣတိပတန ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်များနဲ့ ဈာန်ရရသေ့တို့ရဲ့ သက်ရာတက်ရာဖြစ်တဲ့အတွက်

ဣလ္လသိပတန။ အဲဒီအရပ်မှာ ဟောပါတယ်။ အဲဒါကို နိဒါန်းစကား အနေအားဖြင့် -

"ဧဝံ မေသုတံ ဧကံ သမယံ ဘဂဝါ ဗာရာဏသိတံ ဝိဟရတိ ဣလ္လသိပတနေ မိဂဒါယေ"လို့ သင်္ဂါယနာတင်တဲ့အခါမှာ နိဒါန်းအနေနဲ့ ထားခဲ့ပါတယ်။

ဗာရာဏသီမြို့ ဣလ္လသိပတန မိဂဒါဝုန်တောမှာ မြတ်စွာဘုရား က ပဉ္စဝဂ္ဂီငါးပါးတို့ကို စပြီး "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊ ကတမေဒွေ ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂါမ္မော ပုထုဇ္ဇနိကော အနရိယော အနတ္ထသံ ဟိတော"။

ယောစာယံ အတ္တ ကိလမထနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။ ဧတေခေါ ဘိက္ခဝေ ဥတော အန္တေ အနုပဂမ္မ။

မြတ်စွာဘုရားက ဘာမိန့်သလဲဆိုရင် အယုတ်တရား (၂)ပါးကို ရှောင်ရှားပါတဲ့။ တစ်နည်း အစွန်း(၂)ဘက်ကို ရှောင်ရှားပါ။ တစ်နည်း လက်ဝဲစွန်း၊ လက်ျာစွန်း လမ်းဆိုး(၂)ခုကို ရှောင်ရှားပါ။

ရဟန်းသူမွန် ယောဂီသူတော်စင်များဟာ အဲဒီလမ်းဆိုးက မလိုက်ပါနဲ့။ အစွန်း(၂)ဘက်ကို မနင်းမိပါစေနှင့်။ အစွန်း(၂)ဘက်ကို ရှောင်ပါ။

ရှောင်ရမယ့် အယုတ်တရား (၂)မျိုးထဲက တစ်မျိုးက အာရုံ ငါးပါး ကာမဂုဏ်တရားကို ခံစားခြင်းဆိုတဲ့ ဒီလမ်းကိုလဲ ရှောင်ပါ။ အဲဒီလမ်းက ဘယ်လိုအပြစ်တွေရှိသလဲဆိုတော့ -

ဟီနော= ယုတ်ညံ့သေးသိမ် မွေးမှိန်အောက်ကျပါတယ်။ ဂါမ္မော= ရွာသူရွာသား မြို့သူမြို့သားတို့ရဲ့ အလေ့အထ ဖြစ်ပါတယ်။

ပေါထုဇ္ဇနိကော= ကိလေသာထူ မလိမ္မာသူ ပုထုဇဉ်တို့ရဲ့ လုပ်ငန်းကြီး ဖြစ်ပါတယ်။ အနရိယော= ကိလေသာစင်ကြယ်တဲ့ အရိယာ ပုဂ္ဂိုလ်တို့ရဲ့ အလုပ်မဟုတ်ဘူး။ အနတ္ထသံဟိတော= ပစ္စုပ္ပန် သံသရာ အကျိုးမဲ့တွေ ဖြစ်စေတတ်ပါတယ်။

ဒါဒီလမ်းရဲ့ အပြစ်တွေ။ ကမ္ဘာ့လူထုကြီး ရာနှုန်း (၉၉%) လောက်က ဒီလမ်းသွားနေကြတယ်။ အဲဒီလမ်းကို မြတ်စွာဘုရားက ရှောင်ရမယ်လို့သိတယ်။ ဒါ ဘုရားဖြစ်လို့သာ သိတာ။ ဂေါတမဗုဒ္ဓမှ တစ်ပါး အခြားပုဂ္ဂိုလ်တွေ ဒီရှောင်ရမည့်လမ်းကို ဘယ်သူမှ မဟောနိုင်ပါဘူး။

အချို့ အချို့ပုဂ္ဂိုလ်တွေက ဒီအာရုံငါးပါးခံစားမှုကို စက်ဆုပ် ရွံ့ရှာပြီးတော့ ဒီအာရုံငါးပါးက လွတ်ကင်းအောင် အားထုတ်မယ် ဆိုပြီးတော့ တောတွေ၊ တောင်တွေထဲ သွားတယ်။ ကျောက်ဂူတွေစီ သွားတယ်။ အဲဒီလို သွားကြသော်လည်းပဲ နံပါတ်(၂)လမ်းက -

"ယောစာယံ အတ္တကိလမထနုယောဂေါ"တဲ့၊ နောက် တစ်နည်းက အာရုံငါးပါးတော့ မခံစားဘူး။ ဒါပေမယ့် ကိုယ်ကို ပင်ပန်းအောင် ပြုကျင့်တဲ့အကျင့်၊ နိဗ္ဗာန်ရောက်အောင် ကျင့်တဲ့ အကျင့်မဟုတ်ဘူးတဲ့။ ပင်ပန်းပြီးတော့ အကျိုးမရှိဘူး။ အဲဒီလမ်းကလဲ အပြစ်တွေများပါတယ်။

ဒုက္ခော= ဆင်းရဲတယ်၊ ဆူးပေါ် အိပ်တယ်၊ ပဉ္စာတပအကျင့် ကျင့်တယ်၊ ရေငုပ်တယ်၊ မီးလှုံတယ်၊ တုံးခုန်တယ်၊ ဇယ်ခတ်တယ်။ တစ်ချို့ကျတော့ ထမင်းမစားတော့ပဲ ရေကိုပဲသောက်နေတာမျိုး။ တစ်ချို့ကျတော့ (၇)ရက်မှတစ်ကြိမ်သာ ထမင်းစားတာမျိုး။ လောကီ အာရုံမခံစားဘူး။ နိဗ္ဗာန်ရချင်လို့ကျင့်တာ အကျင့်က မှားနေတယ်။

အနရိယော= ကိလေသာစင်ဖြူတဲ့ အရိယာအကျင့်မဟုတ်ဘူး။ အနတ္ထသံဟိတော= ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးမဲ့ကို ဖြစ်စေတယ်။

ဧတေ ခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂမ္မ= အဲဒီလမ်းစဉ်နှစ်ခုကို ရှောင်ကြ၊ မြတ်စွာဘုရားက ရှောင်ရမည့်လမ်းကိုလဲ ကျကျနန ဟောကြားတယ်။ အဲဒီတော့ ကမ္ဘာ့လူထုကြီးက-

**ပထမလမ်း**- လက်ျာလမ်း။ လမ်းနု ခေါ်တာပေါ့။ အာရုံငါးပါး အယုတ်တရားတွေကို လုံ့လပြုတဲ့လမ်း။ အဲဒီလမ်းက (၉၉%) ရှိတဲ့ ပုဂ္ဂိုလ်တွေ သွားကြတယ်။

**ဒုတိယလမ်း**- လက်ဝဲလမ်း။ အကြမ်းလမ်း။ ကိုယ်ကို ပင်ပန်းအောင် အားထုတ်တဲ့လမ်း။ နေကိုရှိခိုး၊ ဆူးပေါ်အိပ်ခြင်း အစရှိတဲ့ ပြုကျင့်တဲ့လမ်း။ ဒီလမ်း ဒီအကျင့်တွေကျတော့ ကျင့်တဲ့ပုဂ္ဂိုလ်တွေက နည်းပါတယ်။ ဒီအကျင့်ကလဲ လမ်းမှန်မဟုတ်တဲ့အတွက် ရှောင်ရမည့်လမ်း၊ မြတ်စွာဘုရားက ဒီလမ်းနှစ်မျိုး ရှောင်ပြီးတော့ သွားရမည့်လမ်းက ဘယ်လမ်းလဲ။

"မဇ္ဈိမ ပဋိပဒါ တထာ ဂတေန အဘိသမ္ဗုဒ္ဓါ"။ အလယ်လမ်းကို မြတ်စွာဘုရား ထိုးထွင်းပြီးသိထားတယ်။ အဲဒီလမ်းက ဘယ်လိုဂုဏ်ကျေးဇူးတွေ ရှိသလဲဆိုရင်-

စက္ခုကရဏီ= ဉာဏ်မျက်လုံးကိုလဲ မြင်စေတတ်တယ်။ ယောဂီသူတော်စင်များ အခုလိုက်နေတဲ့လမ်းပဲ။ ဉာဏကရဏီ= ဉာဏ်ကိုလဲ ဖြစ်စေတတ်တယ်။ တရားမျက်လုံးကိုလဲ ရစေတယ်။ ဥပသမာယ= လောဘအစရှိတဲ့ အပူတွေလဲ ငြိမ်းစေတယ်။ အဘိညာယ= အမှန်တရားတွေလဲ သိနိုင်တယ်။ ထူးထူးခြားခြား

တွေ့သိနိုင်တယ်။ သမ္ဗောဓာယ= သစ္စာလေးပါး အမှန်တရားကို သိနိုင်တယ်။ နိဗ္ဗာနာယ= ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းနိုင်တယ်။

အဲဒီ အလယ်လမ်းကို သွားကြတဲ့။ လျှောက်လှမ်းရမည့် လမ်းက အလယ်လမ်း၊ မဇ္ဈိမပဋိပဒါလမ်း။

"ကတမာ စသာ ဘိက္ခဝေ တတာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ၊ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"။ လမ်းကောင်းအကျော် လမ်းမတော်ကြီးက ဘယ်လမ်းတုန်းတဲ့။

မြတ်စွာဘုရားပြတဲ့ နိဗ္ဗာန်လမ်းပြမြေပုံက ဘယ်ဟာလဲ။ မြတ်စွာဘုရား ညွှန်ပြတဲ့လမ်း ဂုဏ်ငါးမျိုးနဲ့ ပြည့်စုံတယ်။ မြတ်စွာဘုရားက လမ်းကြောင်း (၃)သွယ်နဲ့ ယှဉ်ပြတယ်။ ရှောင်ရမည့်လမ်းက (၂)သွယ်။ သွားရမည့်လမ်းက (၁)သွယ်။

အဲဒီ သွားရမည့် လမ်းကောင်းအကျော် လမ်းမတော်ကြီးက ဘယ်ဟာလဲ။ "အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"။ အရိယော= မြတ်သော၊ ဝါ= ညစ်ကြေးမထင် ဖြူစင်သော၊ အဋ္ဌင်္ဂိကော= အင်္ဂါရှစ်ပါး တို့နှင့် ပြည့်စုံသော၊ အယမေဝ မဂ္ဂေါ= ဤလမ်းကောင်းအကျော် လမ်းတော်ကြီးပေတည်း။

ဤမဂ္ဂင်ရှစ်ပါးလမ်းသာလျှင် လမ်းမှန်။ အခြားအခြားလမ်း တွေ မမှန်ဘူး။ "သေယျထိဒံ" ဒီလမ်းတွေက ဘယ်လောက်ရှိသလဲ ဆိုရင် မြတ်စွာဘုရားက နိဗ္ဗာန်မြေပုံ ဆွဲပြထားတယ်။ အဲဒီ နိဗ္ဗာန် မြေပုံမှာ လမ်းသွယ်လေးတွေလဲ ဆွဲပြထားတယ်။ လမ်းသွယ်လေး တွေက (၈)မျိုးရှိပါတယ်။ ခြုံပြီးတော့ပြောရရင် တူရာတူရာပေါင်းမယ် ဆိုရင် (၃)မျိုး ရှိပါတယ်။ လမ်းသွယ် (၈)မျိုးက-

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ | ပညာမဂ္ဂင် (၂)ပါး | |
| သမ္မာဝါစာ<br>သမ္မာကမ္မန္တ<br>သမ္မာဝါယမ | သီလမဂ္ဂင် (၃)ပါး | |
| သမ္မာသတိ<br>သမ္မာသမာဓိ | သမာဓိမဂ္ဂင် (၃)ပါး | |

"အယံခေါ သာ ဘိက္ခဝေ မဇ္ဈိမ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"။

သင်တို့ဆရာ ငါဘုရားသည် ရှာလို့တွေ့ထားတဲ့ လမ်းက မဂ္ဂင် (၈)ပါး။ "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယမော၊ သမ္မာသတိ၊ သမ္မာသမာဓိ"။

သစ္စာလေးပါ မဟောသေးဘူးပြောရမှာပေါ့။ သို့သော် သမ္မာဒိဋ္ဌိထဲမှာ သစ္စာလေးပါးကို သိတဲ့ဉာဏ်ကို ယူတာကိုး။ သစ္စာလေးပါး မဟောသေးဘူး။ သို့သော်လဲ ဒါလောက်နဲ့ကို ပါဝင်သွားတာ။ သစ္စာလေးပါး တစ်ခါတည်းပြီးသွားတာ။

"သမ္မာဒိဋ္ဌိ" ကောင်းသောအသိ၊ ကောင်းသောအသိဆိုတာ ဘာလဲ။ "ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ" သမ္မာဒိဋ္ဌိ ကောင်းသော အသိဆိုတာ ဘယ်ဟာမျိုးလဲ။ "ဒုက္ခဉာဏံ" ဒုက္ခကို ဒုက္ခမှန်း သိတဲ့ဉာဏ်၊ "သမုဒယေဉာဏံ" ဒုက္ခဖြစ်ကြောင်းကို ဒုက္ခဖြစ်ကြောင်း လို့ သိတဲ့ဉာဏ်၊ "နိရောဓေဉာဏံ" ဒုက္ခချုပ်ရာကိုလဲ ဒုက္ခချုပ်ရာလို့ သိတဲ့ဉာဏ်၊ "ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါယဉာဏံ" ဒုက္ခချုပ်ရာ

နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းတွေကို သိတဲ့ဉာဏ်။

သစ္စာလေးပါးသိတဲ့ အသိမျိုး၊ သာမန်သိတဲ့ အသိမျိုး မဟုတ်ဘူး။ သို့သော်လဲ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာဉာဏ်တို့၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ အမြင်တွေကို အခြေခံပြီးမှ ဒီ စတုသစ္စသမ္မာဒိဋ္ဌိ ဖြစ်တာပါပဲ။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ ကံ,ကံ၏အကျိုးကို ယုံကြည်တယ်။ ဤလောက နောင်လောကကို သိပြီးတော့ ကိုယ်တိုင်သိပြီးတော့ အသိထူးဉာဏ်ထူးရှိတော်မူကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ ရှိတယ်လို့ ယုံကြည်လက်ခံတဲ့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ရှိနေကြလို့ အခုတရားအားထုတ်ဖြစ်တာ။ အဲဒီ သမ္မာဒိဋ္ဌိမရှိဘူးဆိုရင်တော့ ရတနာသုံးပါးစီ မျက်နှာမလှည့်ဖြစ်ဘူး။ တရားအားထုတ်ဖြစ်ဖို့ မလွယ်ဘူး။

ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာဉာဏ် မိရိုးဖလာ သမ္မာဒိဋ္ဌိ အဲဒီဒိဋ္ဌိကလဲ အခြေခံတယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဆယ်ပါးသောအချက်အလက်တို့ကို ယုံကြည်တဲ့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိတို့ကို အခြေခံပြီးတော့မှ စတုသစ္စသမ္မာဒိဋ္ဌိ သစ္စာလေးပါးဆိုင်ရာ အမြင်မှန် ဝိပဿနာသမ္မာဒိဋ္ဌိ၊ ရုပ်နာမ်တရားတို့ကို ထူးထူးခြားခြား မြင်သိတာမျိုး၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ဒီလို ဆင့်ကဲဆင့်ကဲ တက်ပြီးလာခဲ့ကြတာ။

အဲဒီတော့ သစ္စာလေးပါးကို သိတဲ့ သစ္စဉာဏ်၊ မြတ်စွာဘုရားကတော့ သစ္စဉာဏ် အမှန်တွေကဘာတွေလဲ။ အမှန်ကိုသိတဲ့ ဉာဏ်ဟာ သစ္စဉာဏ်။

ကိစ္စဉာဏ်- အဲဒီသစ္စာတွေနဲ့ ပတ်သက်ပြီး လုပ်ငန်းခွင် ဘယ်လိုဝင်ရမလဲ။ "ဒုက္ခကို ပိုင်းခြားသိအောင် လုပ်ရမယ်"လို့ ဒုက္ခနဲ့ ပတ်သက်ပြီးတော့ ကိစ္စကိုသိတာ။ "သမုဒယသစ္စာ" တဏှာကို ပယ်ရမယ်လို့သိတာ။ "နိရောဓသစ္စာ" မျက်မှောက်ပြုရမယ်လို့ သိတာ။ "မဂ္ဂသစ္စာ" ပွားများရမယ်လို့ သိတာ။ ဒါကိစ္စဉာဏ်။

ကတဉာဏ်ဆိုတာ မြတ်စွာဘုရားက -

ဒုက္ခကို ပိုင်းခြားသိရမှာကို ငါဘုရား သိပြီးပြီ။

သမုဒယကို ပယ်ရမယ်ဆိုတာလဲ ငါဘုရား ပယ်ပြီးပြီ။

နိရောဓကို မျက်မှောက်ပြုရမှာကိုလဲ ငါဘုရား မျက်မှောက် ပြုပြီးပြီ။

မဂ္ဂကို ပွားများရမှာကိုလဲ ငါဘုရား ပွားပြီးပြီ။

မဂ္ဂင်ရှစ်ပါး သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဆိုတဲ့ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေကိုလဲ ငါဘုရာကျင့်ပြီးပြီ။ ဆုံးခန်း တိုင်ရောက်ပြီ။ အဲဒီသစ္စာလေးပါးထဲက ဒုက္ခသစ္စာနဲ့ ပတ်သက်၍ "ခန္ဓာငါးလီ ဘုံလောကီကို ဒုက္ခဆိုလော့"ဟု ခြုံပြတယ်။ မြတ်စွာ ဘုရားကတော့ နည်းနည်းလေးကျယ်ဝန်းတယ်။

**"ဣဒံခေါပန ဘိက္ခဝေ၊ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ ပိယေဟိဝိပ္ပယော ဂေါဒုက္ခော၊ အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။**

ထင်ရှားတဲ့ ဒုက္ခ(၇)မျိုးကို ထုတ်ပြတယ်။ အခုလို တရား အားထုတ်မှ သိနိုင်မြင်နိုင်တဲ့ ခန္ဓာငါးပါးဒုက္ခကို အကျဉ်းချုပ် ဟောပါတယ်။

"ထိုဒုက္ခပေါင်း ပွားကြောင်းအစ လောဘမှုက သမုဒယ အမည်ရ၏"။

"လောဘ၏ပင် အကြွင်းမရှိ ချုပ်ငြိမ်းဘိသည့် သန္တိသဘော အစဉ်ချောကို နိရောဓဟူ"

လောဘလုံးဝမရှိတဲ့ အကြွင်းမဲ့ချုပ်ငြိမ်းတဲ့ သန္တိသဘောကို နိရောဓသစ္စာ။ "ရှစ်ဆူသီးသီး မဂ္ဂင်ကြီးကို မဂ္ဂဆို၏"။ မဂ္ဂင် (၈)ပါးကို မဂ္ဂသစ္စာ။ ဒါသစ္စာဉာဏ်ရဖို့ ပြောတာ။ မြတ်စွာဘုရားက သမုဒယနဲ့ ပတ်သက် ပြီးတော့ "ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ။ နန္ဒီရာဂသဟဂတာ တတြ တတြာ ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ"လို့ သစ္စာဉာဏ်ရဖို့ ဟောတာပါ။ နိရောဓသစ္စာနဲ့ ပတ်သက်ပြီး သစ္စာဉာဏ် ရဖို့ "**ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယောတဿာ ယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော**"ဟု ဟောပါတယ်။

မဂ္ဂသစ္စာဉာဏ်ရဖို့ "**အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ**"ဟု ဟောပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်က မြတ်စွာဘုရား သစ္စာဉာဏ်ရဖို့ အဲဒီလို ဟောခဲ့တယ်။ သစ္စာဉာဏ်ရမှ သမ္မာဒိဋ္ဌိ။ အဲဒီကနေပြီး သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

အမှန်သိတာက သစ္စဉာဏ်။ အဲဒီ သစ္စဉာဏ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ဖွယ်ကိစ္စတွေကို သိတာက ကိစ္စဉာဏ်။ သစ္စာလေးပါးလုံး အားလုံးသိနေကြတာက "သိ၊ ပယ်၊ ဆိုက်၊ ပွား၊ လေးပါးကိစ္စ အပိုင်ရ" ဒုက္ခသစ္စာကို သိရမယ်။ သမုဒယသစ္စာကို ပယ်ရမယ်။ နိရောဓသစ္စာကို ဆိုက်ရမယ်။ မဂ္ဂသစ္စာကို ပွားရမယ်။ ဒါက ဟောစဉ်။ ဘုန်းကြီးတို့ ကျင့်စဉ်ကျတော့ "ပွား၊ သိ၊ ပယ်၊ ဆိုက် ကျင့်စဉ်ကိုက်"။

+ ပွား = မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်(၈)ပါး ကျင့်စဉ်တရားကို ပွားမှု။

+ သိ = ဒုက္ခဆင်းရဲ အမှန်ကိုသိတယ်။

+ ပယ် = ဒုက္ခသိမှ ဒုက္ခဖြစ်ကြောင်း သမုဒယတဏှာကို ပယ်တယ်။

+ ဆိုက် = သမုဒယပယ်မှ ဒုက္ခချုပ်ရာ နိရောဓသစ္စာ ဆိုက်ရောက်ပါတယ်။

(၉၇)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဝိပဿနာပွားတယ်။ မဂ္ဂင် (၈)ပါးပွားတယ်။ မဂ္ဂသစ္စာပွားတယ်ဆိုတာ နာမည်ပဲကွာတာ။ အတူတူပါပဲ ပွားနေကြတာ။ ဝိပဿနာ ပွားတယ်။ မဂ္ဂင် (၈)ပါး ပွားတယ်။ မဂ္ဂသစ္စာ ပွားတယ်ဆိုတာ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်အစဉ်ကို ကြည့်ရှုပြီးတော့ အနိစ္စ= မမြဲတဲ့တရား၊ ဒုက္ခ= ဆင်းရဲတဲ့တရား၊ အနတ္တ= သူ့သဘော သူ့ဆောင် သူ့အလုပ် သူလုပ် ပြီးနေတဲ့ ဘယ်သူ့မျက်နှာမျှ မထောက်မငဲ့ အရွဲ့တိုက် တဇွတ်ထိုး တဖောက်ကန်းတရားပဲလို့ မုန်းအောင် ရှုမှတ်ပွားများနေတာ။

အဲဒီလို ရှုမှတ်ပွားများနေတော့မှ ဒီရုပ်နဲ့နာမ် ဖောက်ပြန်သဘော သိသဘောတရားတွေဟာ မမြဲတဲ့အတွက် ဒုက္ခ= ဆင်းရဲတဲ့

တရားတွေပါလားလို့ သိပါမယ်။ ယောဂီတို့အားလုံးဟာ ဒီရုပ်နဲ့ဒီနာမ်ကို အစမထင် သံသရာက ယခုကျအောင် အထင်ကြီးပြီး ခင်မင်တွယ်တာနေကြတယ်လေ။ ယခုလို ဝိပဿနာတရား ပွားလိုက်တော့မှ ဩော် ဒီရုပ်နဲ့ဒီနာမ်ဟာ တွယ်တာစရာမဟုတ်။ ဖယ်ခွာစရာဒုက္ခအစစ်အမှန်ပါလားလို့ သိပြီး ဒီရုပ်နဲ့ဒီနာမ်အပေါ် ခင်မင်တွယ်တာမှု သမုဒယတဏှာကို ပယ်နိုင်ပါတော့တယ်။

ရုပ်နာမ်အပေါ် ခင်မင်တွယ်တာမှု သမုဒယတဏှာ ပယ်တဲ့အခါကျမှ သမုဒယတဏှာကြောင့် ဖြစ်လာရတဲ့ ဒုက္ခအားလုံး ကင်းပြတ်ချုပ်ငြိမ်းပြီး အင်မတန်အေးမြချမ်းသာလှတဲ့ သန္တိသုခသို့ ဆိုက်ရောက်ပါတယ်။ ဒါကြောင့် "ပွား၊ သိ၊ ပယ်၊ ဆိုက် ကျင့်စဉ်ကိုက်" ဖြစ်ပါတယ်။

အဲဒီလို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခွင့်ရတာဟာ လွန်ခဲ့တဲ့ ၂၅၉၅ ခုနှစ်က မြတ်စွာဘုရား ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောမှာ ရှောင်ရမည့်လမ်း (၂)သွယ်၊ သွားရမည့်လမ်းက (၁)မျိုး၊ အဲဒီ (၁)မျိုးမှ လမ်းသွယ်က (၈)မျိုး။ ဒီနောက်ကျတော့ အမှန်ကိုသိတဲ့ သစ္စဉာဏ်။ ပြုဖွယ်ကိစ္စကိုသိတဲ့ ကိစ္စဉာဏ်။ ပြုဖွယ်ကိစ္စတွေ ပြုပြီးပြီလို့ သိတဲ့ဉာဏ်က ကတဉာဏ်။

သစ္စာလေးပါးအပေါ်မှာ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တွေကို မသိပဲနဲ့ မြတ်စွာဘုရားဖြစ်ပြီလို့ ဝန်မခံဘူး။ သိတဲ့အခါမှ ဘုရားဖြစ်ပြီလို့ ဝန်ခံတော်မူတယ်။ အဲဒီလို ရှောင်ရမည့်လမ်း သွားရမည့်လမ်းတွေကို ကျကျနန သိတော်မူတဲ့ ဗုဒ္ဓဘုရား။ အဲဒီ ဗုဒ္ဓဘုရားက ညွှန်ပြတဲ့ တရားလမ်းစဉ်ကြီးကို ဘုန်းကြီးတို့ ဆရာမဟာထေရ်အစဉ်အဆက် ထိန်းသိမ်းပြီး လာခဲ့ကြတယ်။

ရဟန္တာအရှင်မြတ်ကြီးတွေ ထိန်းသိမ်းပြီး လာခဲ့ကြတယ်။ အနီးဆုံးကတော့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးတို့ ထိန်းသိမ်းပြီး လာခဲ့ကြတယ်။ အဲဒီ လမ်းစဉ် မပျောက်သေးဘူး။ လမ်းပျောက်သွားမှတော့ အားထုတ်ခွင့် မရတော့ဘူး။

လွန်ခဲ့တဲ့ ၂၅၉၅ နှစ်က မြတ်စွာဘုရား "ဒွေ မေ ဘိက္ခဝေ အန္တာ" အစရှိသဖြင့် ဟောကြားလာခဲ့တဲ့ ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန် ယခု အဲဒီမှာ ရှိကြတဲ့လူတွေ ဗာရာဏသီပြည်မှာ လူဦးရေ ထူထပ်ပါတယ်။

သို့သော်လဲ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါးလို့ သရုပ်မျှသိဖို့ မလွယ်တော့ပါဘူး။ အစွန်း (၂)ပါးဆိုတာလဲ သူတို့ မသိကြတော့ဘူး။ လမ်းကောင်းအကျော် လမ်းမတော်ဆိုတာလဲ သူတို့မသိတော့ဘူး။ ဒီပါဠိတော်ကိုပင် နှုတ်တက်ရတဲ့လူ မရှိကြဘူး။ ဘုန်းကြီးတို့ တစ်နေကုန် တစ်ညလုံး ရွတ်ဖတ်ပူဇော်လို့ အားမရခဲ့ဘူး။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာတော့ နှုတ်နဲ့တင်မကတော့ဘူး။ အနက်အဓိပ္ပါယ်တွေကိုလဲ သိတယ်။ ဒီဓမ္မစကြာဒေသနာတော်က ညွှန်ပြတဲ့သွားရမည့်လမ်းကိုလဲ သိတယ်။ သွားရမည့်လမ်းကို ဘယ်လို သွားပါလို့ ညွှန်နိုင်တဲ့ပညာရှင်တွေလဲ ရှိတယ်။ အဲဒီ ပညာရှင်တွေ ထဲမှာ ပါဝင်ကြတဲ့ ပညာရှင်များဖြစ်ကြတဲ့ ကမ္မဋ္ဌာနာစရိယများ ဖြစ်ကြတဲ့ လယ်တီကမ္မဋ္ဌာနာစရိယများက ဟောဒီလမ်းအတိုင်း သွားပါလို့ ညွှန်ပြကြပါလိမ့်မယ်။ အဲဒီလို ညွှန်ပြတဲ့အခါမှာ ကြိုးစား ပွားများပြီးတော့ ယောဂီတို့ဟာ ဒုက္ခသစ္စာတွေကို ပိုင်းခြားပြီး သိနိုင် မြင်နိုင်အောင် ပွားများနိုင်ကြပါစေ။

ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိနိုင် မြင်နိုင်အောင် ပွားများနိုင်ကြသဖြင့် သမုဒယ သစ္စာဖြစ်တဲ့ လောဘတဏှာကို ပယ်ရှားနိုင်ကြပါစေ။ သမုဒယသစ္စာ လောဘတဏှာကို ပယ်ရှားနိုင်ကြသဖြင့် ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ တက်လှမ်း၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့် တွေ့ရကျိုးနပ်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

# ပခုက္ကူ ဦးသောဘဏ
## ဟောကြားတော်မူသော
## (၉၂)ကြိမ်မြောက်

ယနေ့ (၉၂)ကြိမ်မြောက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က လယ်တီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်မှာ ကျင်းပပါတယ်။ ဘုန်းကြီးက ဩဝါဒပေးမှာပါ။

"မြရာသံပတ် မြင့်ရာတံခွန်ထူ" ဆိုတဲ့အတိုင်း တရားဆိုတော့ ယောဂီတွေရော အားလုံးအသားကျနေပြီပေါ့။

ဒီနေ့ ဒီအချိန်မှာ ဆရာတော် ဦးဇာဂရက ကိစ္စလေးတွေ ရှိနေတော့ ဘုန်းကြီးကို ကြုံကြိုက်တဲ့အခါ ဩဝါဒချီးမြှင့်ပါလို့ ပြောတယ်။ ဘုန်းတော်ကြီးကလဲပဲ ပြောနေဆိုနေကျမဟုတ်တော့ ဩဝါဒ သင့်တင့်လျှောက်ပတ်ရုံ ပြောရမှာပေါ့။

အခုယောဂီများ ကျင့်ကြံကြိုးကုတ်အားထုတ်နေတဲ့အကျင့်ဟာ လွယ်လွယ်ကူကူနဲ့ ကျင့်ရတဲ့ အကျင့်တရားမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီသာသနာတော်ကြီး ပေါ်ပေါက်လာအောင် မြတ်စွာဘုရား အလောင်းတော်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး၊ ပါရမီဆယ်ပါး၊ ပါရမီသုံးဆယ် ဘုရားလောင်းများ ကျင့်သင့်ကျင့်ထိုက်တဲ့ အကျင့်တရားများကို ကျင့်ကြံပွားများအားထုတ်ပြီးတော့မှ ရရှိလာတဲ့ ဒီသာသနာတော်၊ ဒါက ပညာဓိက ဘုရားမို့ သဒ္ဓါဓိက ဘုရားဆိုရင် ရှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဝိရိယာဓိက ဘုရားများကျတော့ တစ်ဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီတွေ ဖြည့်ကျင့်ပြီးတော့မှ သာသနာ

တော်ကို ထားရှိခဲ့ရပါတယ်။

မြန်မာလိုဆိုတော့ မြတ်စွာဘုရား အဆုံးအမတော်ပေါ့။ သာသနာဟာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတော်လို့ သုံးရပ်ရှိပါတယ်။ ပရိယတ္တိသာသနာတော်က သင်ကြားမှုအပိုင်းပေါ့။ ကျင့်တယ်၊ ကြံတယ်၊ အားထုတ်တတ်အောင် သင်ကြားမှုအတိုင်း၊ ဒါဟာ ပရိယတ္တိသာသနာတော်ပါပဲ။

အဲဒီလို သင်ကြားတဲ့အခါ ကျွမ်းကျင်ပြီဆိုတော့ ကျင့်ကြ ကြံကြ အားထုတ်ကြတဲ့အပိုင်းက ပဋိပတ္တိသာသနာတော်၊ အခု ယောဂီများ အားထုတ်နေကြတာဟာ ပဋိပတ္တိသာသနာအပိုင်း ပဋိပတ္တိတာဝန်ကို ထမ်းဆောင်နေကြတာပါပဲ။

ပဋိပတ္တိကျင့်စဉ် အထွဋ်အထိပ်ရောက်တဲ့အခါကျတော့ မဂ်ဉာဏ်ဖြင့် သန္တိသုခ အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် တာဟာ ပဋိဝေဓသာသနာတော်ပါပဲ။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာလို့ သာသနာသုံးရပ်ရှိရာမှ အရင်းခံက တော့ ပရိယတ္တိ သာသနာပါပဲ။ ပရိယတ္တိသာသနာ သင်ကြားမှု အပိုင်းမှာ ဆရာကောင်း သမားကောင်း အင်မတန်လိုအပ်ပါတယ်။

လယ်တီဝိပဿနာဆိုတာက ပရိယတ္တိ၊ ပဋိပတ္တိအရာမှာ အင်မတန်ကျွမ်းကျင်တော်မူတဲ့ ကျမ်းဂန်လဲ အင်မတန်နှံ့စပ်တော်မူတဲ့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး ထားတော်မူ ခဲ့တဲ့ နည်းနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယများက ယောဂီများကို ကျင့်ကြံပုံနည်းစနစ်ကို သင်ကြားပြီးတော့မှ ပရိယတ္တိသာသနာ့တာဝန် ကို အဲဒီလို ဆောင်ရမှာ။ ကမ္မဋ္ဌာနာစရိယများကလဲ အစွမ်းရှိသမျှ ညွှန်ကြားပေးလိမ့်မယ်။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက စတင်ပြီး သက်ဆင်းလာတာဆိုတော့ ဒီလိုဆရာကောင်း သမားကောင်းတွေထဲမှာ ကျင့်ကြံရတာဆိုတော့ ကိုယ့်ဘဝကိုလဲ တန်ဖိုးထား ဝမ်းမြောက်ကြရမယ်။ လယ်တီဆရာတော်ဘုရားရဲ့ ဂုဏ်ကို တို့ဒကာ ဒကာမများ သိကြပါပြီ။

စာပေကျမ်းဂန်နဲ့အညီ အစွန်းလွန်တဲ့ ကျင့်ကြံကြိုးကုတ်အားထုတ်နည်းတွေကို ကမ္မဋ္ဌာနာစရိယများ ညွှန်ကြားတဲ့အတိုင်း ကျင့်ကြံအားထုတ်ရတာ အင်မတန်ကံထူးလို့ပါပဲ။ "ပုဗ္ဗေစ ကတပုညတာ" စက်နဲ့ပြည့်စုံပြီး အတိတ်ဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးလို့သာလျှင် ဩဝါဒစရိယများထံမှ ကျင့်ပုံကျင့်နည်း သင်ကြားခွင့်ရတယ်။ ဒါလဲ အင်မတန်ဝမ်းမြောက်စရာပါပဲ။ အဲဒီအပိုင်းမှာတော့ဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော်တွေက ကြိုးစားပြီးတော့ သဘောပေါက်အောင် သင်ကြားပေးပြောပေးတယ်။ အဲဒီလို ပရိယတ္တိသင်ကြားပြီးတဲ့အခါ ပဋိပတ္တိ အဲဒီဆရာတော်တွေကပဲ သင်ကြားပေးမှာပါပဲ။

အဲဒီအခါကျတော့ ပဋိပတ္တိနဲ့ထိုက်တန်တဲ့ လုံ့လဝီရိယတွေကို တို့ယောဂီတွေ စိုက်ထုတ်ရမယ်။ ကိုယ့်စိတ်ကိုလဲ တက်တက်ကြွကြွနဲ့ ဒီကမ္မဋ္ဌာန်းတရားအပေါ်မှာ အင်မတန်စိတ်ဝင်စားပြီးတော့ အမြတ်တနိုးနဲ့ ကမ္မဋ္ဌာနာစရိယများ လမ်းညွှန်တဲ့အတိုင်း ကြိုးစားအားထုတ်မယ်ဆိုရင် ဝိပဿနာပိုင်းဆိုင်ရာ ဉာဏ်ပညာတွေလဲ ထက်မြက်ရင့်သန်ပြီးတော့ အမှန်တရားတွေသိပြီး မိမိတို့ကြိုးစားရင် ကြိုးစားသလောက် ထူးခြားတဲ့အကျိုးတရားတွေ ရရှိလိမ့်မယ်။

အဲဒါကို ယုံကြည်ပြီးတော့ မဆုတ်မနစ်တဲ့ လုံ့လဝီရိယနဲ့ အားထုတ်ပြီး နောက်ဆုံး ထေရဝါဒ ဗုဒ္ဓသာသနာတော် ကိုးကွယ်

ဆည်းကပ်ကြတဲ့ ဥပါသကာ ဥပါသိကာ အမျိုးကောင်းသား အမျိုးကောင်းသမီးအားလုံးတို့ မျှော်မှန်းချက်ထားရာဖြစ်တဲ့ သန္တိသုခ ခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကို လျှင်မြန်တဲ့ အသိဉာဏ်နဲ့ မျက်မှောက်ပြု နိုင်တဲ့ သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခု၊ တပို့တွဲလပြည့်ကျော် (၈)ရက်နေ့။

ယောဂီသူတော်စင်များ လယ်တီဝိပဿနာ (၇)ရက်တာကာလ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ အောင်မြင်ပြီးမြောက်လာခဲ့ကြပြီ။ လုပ်ငန်းတစ်ခုဟာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မိမိလိုတဲ့အတိုင်း ပြီးမြောက်ဖို့ဟာ အင်မတန်ခက်ခဲပါတယ်။ အခု ယောဂီတို့က သီလအခြေခံပြီး သမာဓိစခန်း ဝိပဿနာပညာစခန်း၊ ဒီနည်းလမ်းတွေနဲ့ ကြိုးပမ်းအားထုတ်လာတာ ဒီနေ့ အောင်ပွဲဆင်နိုင်ခဲ့ပြီ။ အောင်ပွဲဆင်နိုင်တဲ့အခါ ဝမ်းမြောက်ဖွယ် ဝမ်းသာဖွယ်ဖြစ်တဲ့ စကားပြောရမယ်။

**အေးရိပ်ခို**

**ဆာယံ ဆာယမ္ပိ သေန္တာ၊ သေန္တာ မဏိဂူဟကံ။**
**သုခံ သုခံပိ ပတ္ထေန္တာ၊ ပတ္ထေန္တာ ဝေါ၀ သာသနံ။**

ဘန္တေ= အစိန္တေယျ ဂုဏ်ပေါင်းခသည့် သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား၊ လောကေ= လောက၌၊ ဆာယံ ဆာယမ္ပိ= အရိပ်ထက်အရိပ် အေးမြသာယာသည့် အရိပ်အာဝါသကို၊ သေန္တာ သေန္တာ= ရှာမှီးကုန်၊ ရှာမှီးကြကုန်သော သူတို့သည်၊ မဏိဂူဟကံ= ပတ္တမြားလိုဏ်ဂူကြီးသို့ ဥပဂတာယထာ= ကပ်ရောက်ကြကုန်သကဲ့သို့၊ သုခံ သုခံပိ= ချမ်းသာထက် ချမ်းသာရာ အကြီးဆုံးချမ်းသာကိုလဲ၊ ပတ္ထေန္တာ ပတ္ထေန္တာ= တောင့်တကုန်၊ တောင့်တကြကုန်သော သူတို့သည်၊ ဝေါ၀= ရှင်တော်မြတ်ဘုရားတို့၏သာလျှင်၊ သာသနံ= အဆုံးအမခေါ် သာသနာတော်မြတ်ကြီးဆီသို့ ဥပဂတာ= ကပ်ရောက်

မှီခိုအားထား ကိုးကွယ်ကြရပါကုန်သည် မြတ်စွာဘုရား။
သာဓု - သာဓု - သာဓု

အေးရိပ်ရှာကြတဲ့ ပုဂ္ဂိုလ်တွေ အေးရိပ်ရလိုကြတဲ့ ပုဂ္ဂိုလ်များ ပတ္တမြားလိုဏ်ဂူကြီးဆီ ချဉ်းကပ်ကြရသလို ချမ်းသာထက်ချမ်းသာ အကြီးဆုံးချမ်းသာကို လိုလားကြတဲ့ ပုဂ္ဂိုလ်များ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီးဆီသို့ ချဉ်းကပ်ကြရပါတယ်ဆိုတဲ့ စကားရှိတဲ့အတိုင်း အခုယောဂီသူတော်စင်များဟာ ချမ်းသာထက် ချမ်းသာ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ချမ်းသာသုံးမျိုး၊ လူ့ချမ်းသာထက် နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာက မြင့်မြတ်တယ်၊ နတ်ဗြဟ္မာချမ်းသာထက် နိဗ္ဗာန်ချမ်းသာက မြင့်မြတ်တယ်။

အမြင့်ဆုံးချမ်းသာ ဘေးကင်းတဲ့ချမ်းသာ ဘေးမဲ့တဲ့ချမ်းသာ ထာဝရငြိမ်းချမ်းတဲ့ချမ်းသာထူး ချမ်းသာမြတ် လိုလားတဲ့အတွက်ကြောင့် ဗုဒ္ဓဘုရားရဲ့ သာသနာတော်မြတ်ကြီးဆီ ချဉ်းကပ်လာကြရတယ်။

**မဏိံ မဏိမှိ ဣစ္ဆန္တာ၊ ဣစ္ဆန္တာ မဏိပဗ္ဗတံ။**
**ဓမ္မံ ဓမ္မမှိ ပတ္ထေန္တာ၊ ပတ္ထေန္တာ ဝေါ၀ သန္တိကံ။**

အကောင်းဆုံးပတ္တမြားကို လိုလားတဲ့ပုဂ္ဂိုလ်တွေဟာ ဝေဘူသာခေါင် ပတ္တမြားတောင်ကြီးကဲ့သို့သာ ချဉ်းကပ်ကြရသလို ဝေဘူသာခေါင် ပတ္တမြားတောင်ကြီးကို အလိုရှိကြသလို ဓမ္မထက်ဓမ္မ အမြင့်ဆုံးဓမ္မ အမြင့်ဆုံးတရား အမြင့်ဆုံး တရားဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အမြင့်ဆုံးတရားကို လိုလားကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ အထံသို့ပဲ ချဉ်းကပ်ကြရတယ်။

လောကမှာ (၃၁)ဘုံသားတွေ အမျိုးမျိုးရှိကြ တရားရှာနိုင်ကြတဲ့ ဘဝဆိုတာ နည်းနည်းလေးပဲ ရှိပါတယ်။ အကောင်းဆုံးပတ္တမြားရလိုတဲ့ ပုဂ္ဂိုလ်များဟာ ဝေဘူသာခေါင် ပတ္တမြားတောင်ကြီးဆီ သွားရသလိုပဲ။ အမြင့်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တတရားကို ကမ္ဘာ့လူထုကြီးအတွင်းမှာ ဘာသာအသီးသီးရှိလေတော့ ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာတို့က မပေးစွမ်းနိုင်သော မဂ်ဖိုလ်နိဗ္ဗာန် မညွှန်ပြ နိုင်သော မဂ်ဖိုလ်နိဗ္ဗာန်၊ အဲဒီ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားကြတဲ့ အမျိုး ကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မြတ်စွာဘုရားရဲ့ သာသနာတော်ဆီပဲ မျက်နှာမူပြီးတော့ ချဉ်းကပ်ကြရတယ်။

**စာလေယျုံ ဝါသိနေရုံ၊ စာလေယျုံ ဝါမဟိံ မဟိံ။**
**ဓိတိံ ဓိတိံ ဓိတိမန္တံ၊ နဝေါသက္ကာစလေတဝေ။**

က္ကေ= ဤလောက၌၊ သိနေရုံ= သိကြားဘုံတိုင် လွန်ကြီးခိုင်သော မြင့်မိုရ်တောင်ကြီးကို၊ စာလေယျံ= လှုပ်ရှားနိုင်ကုန်ရာ၏။ မဟိံ မဟိံ= ကြီးလှစွာသော မြေကြီးကို၊ စာလေယျံ= လှုပ်ရှားနိုင်ကုန်ရာ၏။ မြင့်မိုရ် တောင်ကို လှုပ်ရှားချင်ရင် လှုပ်ရှားနိုင်ကြလိမ့်မယ်။ ဤမြေကြီးကို လှုပ်ရှားချင်ရင် လှုပ်ရှားနိုင်ကြလိမ့်မယ်။ ဓိတိမန္တံ= တည်ကြည်သော သမာဓိရှိတော်မူသော၊ ဓိတိံ ဓိတိံ= အလွန်အကြူး အထူးအားဖြင့် သမာဓိရှိတော်မူသော မြတ်စွာဘုရားကို၊ စလေတဝေ= တုန်လှုပ်စေခြင်းငှာ၊ နသက္ကာ= မစွမ်းနိုင်ပါဘုရား။

မြင့်မိုရ်တောင်ကြီးနှင့် ဤမြေကြီးကို တုန်ခါသွားအောင် စွမ်းဆောင်နိုင်ရင် စွမ်းဆောင်နိုင်လိမ့်မယ်။ သို့သော်လဲ တည်ကြည်သော သမာဓိရှိတော်မူသော မြတ်စွာဘုရားရဲ့ သမာဓိကို မည်သူမျှ တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်ကြပါဘူး။

**ဆေးတော်**

**ယောဇေန္တံ ဩသဓံ ဗုဒ္ဓံ၊ မဂ္ဂင် ဩသဓံ ဓမ္မံ၊**

**ပိဝန္တံ ဩသဓံ သံဃံ၊ ရောဂိကော တမဟံ ဝန္ဒေ။**

ဩသဓံ= မဂ္ဂင်တည်းဟူသော ဆေးတော်ကြီးကို၊ ယောဇေန္တံ= ကောင်းစွာ ဖော်စပ်တတ်သော၊ ဗုဒ္ဓံ= မြတ်စွာဘုရားကိုလည်းကောင်း၊ ယခု ယောဂီတို့ အားထုတ်နေတဲ့လမ်းစဉ်က မဂ္ဂင် (၈)ပါးလမ်းစဉ်၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးလမ်းစဉ်၊ အဲဒီလမ်းစဉ်ကြီး (၃)ပါး၊ မဂ္ဂင်လမ်းစဉ်ကြီး (၈)ပါး ဆေးတော်ကြီးကို ဖော်စပ်တော်မူတဲ့ မြတ်စွာဘုရား။

ဩသဓံ= ဆေးတော်သဖွယ်ဖြစ်သော၊ မဂ္ဂင်ံ= မဂ္ဂင် (၈)ပါး ဖြစ်သော၊ ဓမ္မံ= တရားတော်ကိုလည်းကောင်း၊ ဩသဓံ= မဂ္ဂင် (၈)ပါး ဆေးတော်ကို၊ ပိဝန္တံ= သောက်တော်မူ သောက်စေတော်မူသော၊ သံဃဉ္စ= သံဃာတော်ကိုလည်းကောင်း၊ ရောဂိကော= ကိလေသာ အနာစွဲကပ်၍နေသော၊ အဟံ= တပည့်တော်သည်၊ တံ= ထိုဘုရား တရား သံဃာတော်ကို၊ ဝန္ဒေ= ရှိခိုးပါ၏၊ မြတ်စွာဘုရား။

လောဘ ဒေါသ မောဟ စတဲ့ ကိလေသာတွေ စွဲကပ်နေကြတဲ့ ဘုန်းကြီးတို့တတွေကို မြတ်စွာဘုရားက ဆေးတော်ပေးခဲ့တယ်။ အဲဒီ ရောဂါပျောက်ဆေး၊ ကိလေသာ အနာရောဂါ ပျောက်ဆေး ပေးတော်မူခဲ့တာ။ အဲဒီ မဂ္ဂင် (၈)ပါးတည်းဟူသော ဆေးတော်ကြီး ဖော်စပ်ပြီး နည်းပေးလမ်းပြတော်မူတဲ့ မြတ်စွာဘုရားကိုလည်းကောင်း၊ ဆေးတော်သဖွယ်ဖြစ်တဲ့ မဂ္ဂင် (၈)ပါး တရားတော်ကိုလည်းကောင်း၊ မိမိတို့အားထုတ်ခဲ့တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ဆေးတော်မြတ်ကိုလည်းကောင်း၊ အဲဒီဆေးတော်ကြီး စဉ်ဆက်မပြတ် (၂၆)ရာစု

တိုင်အောင် လူ့ဘဝနဲ့ပြောရရင် ဘဝပေါင်း (၅၀)ခန့်တိုင်အောင် အဆင့်ဆင့် သင်ဟောပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်ရေးသား တော်မူကြ၍ လက်ဆင့်ကမ်း ပခုံးပြောင်းပြီးတော့ မဂ္ဂင်(၈)ပါး ဆေးတော် သောက်တော်မူတတ် တိုက်ကျွေးပေးတော်မူကြတဲ့ အရှင်သံဃာတော်မြတ်များကိုလည်းကောင်း ရိုသေစွာရှိခိုးပါ၏။

ဟောဒီလို မိမိတို့ရဲ့ အတွင်းသန္တာန်မှာ ရှိနေတဲ့ လောဘ ဒေါသ မောဟ အစရှိတဲ့ ကိလေသာရောဂါတွေ စွဲကပ်ပြီးတော့ နေကြတဲ့အတွက် ဆေးကောင်းဝါးကောင်းတွေ့ဖို့ သိပ်ပြီးအရေးကြီး တယ်။

ဆေးကောင်းဖော်စပ်တော်မူတဲ့ မြတ်စွာဘုရား၊ ဆေးကောင်း သဖွယ်ဖြစ်တော်မူတဲ့ မဂ္ဂင် (၈)ပါးတရားတော်၊ အဲဒီ ဆေးကို တိုက်ကျွေးတော်မူတတ်တဲ့ သံဃာတော်များကို ရှိခိုးပါ၏။

**တရားလှေဖောင်**

**ကရောန္တံ ဥဋ္ဌုမ္ဗံ ဗုဒ္ဓံ၊ မဂ္ဂင်္ဂံ ဥဋ္ဌုမ္ဗံ ဓမ္မံ၊**
**ပါဇေန္တံ ဥဋ္ဌုမ္ဗံ သံဃံ၊ တဒ္ဒိကော တမဟံဝန္ဒေ။**

တဒ္ဒိက- ဆိုတာ သံသရာဝဲဇလုပ် ရေမှာမြုပ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုန်းကြီးတို့တတွေက (တဒ္ဒိက)ပါပဲ။

တရားလှေဖောင်ကြီးကို စီမံဆောင်ရွက်ခဲ့တဲ့ ဘုရားရှင်ကို လည်းကောင်း၊ တရားလှေဖောင်ကြီးသဖွယ် ဖြစ်တော်မူတဲ့ တရား တော်မြတ်ကိုလည်းကောင်း၊ တရားလှေဖောင်ကြီးကို လှော်ခတ်ပေး တော်မူတတ်တဲ့ အရိယာသံဃာတော်မြတ်တို့နှင့်တကွ ကလျာဏ ပုထုဇဉ် သံဃာတော်မြတ်တို့ကိုလည်းကောင်း၊ အထူးအားဖြင့်

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးကို လည်းကောင်း ရှိခိုးပါတယ်။

**ကရောန္တံ ဥဠုမ္ပံ ဗုဒ္ဓံ၊ မဂ္ဂင်္ဂံ ဥဠုမ္ပံ ဓမ္မံ၊**
**ပါဇေန္တံ ဥဠုမ္ပံ သံဃံ၊ တဒ္ဒိကော တမဟံ ဝန္ဒေ။**

ဥဠုမ္ပံ= တရားတော်လှေဖောင်ကို၊ ကရောန္တံ= စီမံဆောင်ရွက်တော်မူတတ်သော၊ ဗုဒ္ဓံစ= မြတ်စွာဘုရားကိုလည်းကောင်း၊ ဥဠုမ္ပံ= လှေဖောင်သဖွယ်ဖြစ်သော၊ မဂ္ဂင်္ဂံ ဓမ္မံ= မဂ္ဂင် (၈)တန် တရားမှန်ကို လည်းကောင်း၊ ဥလုမ္ပံ= မဂ္ဂင်တရားဖောင်ကို၊ ပါဇေန္တံ= ဟိုဘက်ကမ်းသို့ ရောက်အောင်လှော်ခတ်တော်မူကြသော၊ သံဃံစ= သံဃာတော်မြတ် ကိုလည်းကောင်း၊ တဒ္ဒိကော= သံသရာဝဲဇလုပ် ရေမှာမြုပ်နေသော တပည့်တော်သည်၊ ဝန္ဒေ- ရိုသေစွာ ရှိခိုးပါ၏။

သံသရာဝဲဇလုပ် ရေမှာမြုပ်နေသော ပုဂ္ဂိုလ်များအတွက် လှေဖောင်ဟာ အင်မတန်အရေးကြီးတယ်။

မြစ်၊ ပင်လယ်၊ သမုဒ္ဒရာကိုကူးရင် လှေဖောင်ဟာ အင်မတန် အရေးကြီးတယ်။ ပကတိ လှေဖောင်နဲ့အလားတူတဲ့ တရားလှေဖောင် ကြီးကို တည်ထောင်ပြုစုတော်မူတတ်တဲ့ မြတ်စွာဘုရား၊ လှေဖောင် သဖွယ်ဖြစ်တဲ့ လှေသင်္ဘောကြီးတွေနဲ့တူတဲ့ မဂ္ဂင် (၈)ပါး တရားတော်၊ ထိုတရားတော်တွေ မပျောက်ပျက်အောင် သင်ယူပို့ချ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရေးသား ဟောကြားပြသလျှက် လှော်ခတ်ပြီး ပေးနေကြတဲ့ သံဃာတော်အရှင်မြတ်များ။

သံသရာဝဲဇလုပ်မှာ မြုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ ခန္ဓာ အာယတန ဓာတ်တရားတွေ မပြီးမပြတ် နေ့စဉ်ဖြစ်ပြီးတော့နေတာ သံသရာ၊ အဲဒီ သံသရာဝဲဇလုပ်မှာ မြုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေမှာ သံသရာဝဲဇလုပ် မှ

ကူးမြောက်နိုင်တဲ့ လှေဖောင်က အရေးကြီးတယ်။ မဂ္ဂင် (၈)ပါး တည်းဟူသော တရားလှေဖောင်ကြီးကို ယခု (၉၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အားထုတ်နေကြသလို စဉ်ဆက်မပြတ် တရားအားထုတ်လှော်ခတ်နေဖို့ လိုပါတယ်။

**ဦးထွန်းဇံ**

ဟိုတုန်းက ညောင်တုန်းမှာ ဦးထွန်းဇံဆိုတဲ့ လှေသူကြီး တစ်ယောက် ဧရာဝတီမြစ်ရိုးမှာ လှော်ပြီးတော့ လှေပေါ်မှာနေ၊ လှေပေါ်မှာစားနေလောက်တဲ့ ကြီးကျယ်တဲ့လှေကြီးနဲ့ ကူးသန်း ရောင်းဝယ်နေတယ်။ ဦးထွန်းဇံက လှေနဲ့သာ သွားနေတယ်။ ရေမကူးတတ်ဘူး။ ဧရာမ ဗူးသီးကြီးရှာပြီး ဗူးသီးကို အဆာတွေထုတ် အခြောက်လှမ်းထားပြီး အဲဒီ ဗူးဒေါင်းကြီးနဲ့ ရေကူးလေ့ကျင့်ထား တယ်။ လှေဦးမှာ ဗူးဒေါင်းကြီး ချိပ်ထားပြီး အထက်ဆန်လိုက် အောက်စုန်လိုက်နေခဲ့တယ်။

တစ်နေ့မှာ လေမုန်တိုင်းကျတော့ လှေကြီးက စောင်းပြီး မြှုပ်တော့မယ် ဦးထွန်းဇံဟာ သူ့အသက်ကိုကယ်မည့် ဗူးဒေါင်းကြီးကို မေ့ပြီး လှေဝမ်းအတွင်းမှာရှိတဲ့ ရွှေငွေသေတ္တာကို သွားယူတယ်။ ရတနာသေတ္တာကို သွားယူတုန်း လှေကြီးက မြှုပ်သွားတော့ ဦးထွန်းဇံ လဲ ရေထဲမြှုပ်ပြီး ကွယ်လွန်သွားရှာတယ်။

ဦးထွန်းဇံဟာ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် လှေကြီးအန္တရာယ် ဖြစ်လို့ရှိရင် ဗူးဒေါင်းကြီးက ကယ်ဆယ်နိုင်ပါတယ်။ ကယ်ဆယ်ရေး ပစ္စည်းပါ။ အဲဒီပစ္စည်းကို ဆောင်ထားတာ နှစ်ပေါင်းများစွာ ကြာနေပြီ။ တကယ့်အရေးကျတော့ ဒီဗူးဒေါင်းကြီးကို မေ့သွားလို့ ဦးထွန်းဇံ

ဒုက္ခရောက်ရတယ်။

ယောဂီသူတော်စင်များလဲ သံသရာဝဲဇလုပ် ရေမှာမြုပ်တယ် ဆိုပေမဲ့လဲ မြုပ်ပြီးမျောတာက တစ်မျိုး၊ ပေါ်ပြီးမျောတာကတစ်မျိုး၊ တစ်ခါတစ်ရံ ထိုက်တန်သလောက်ပေါ်ပြီး မျောတာလဲ ရှိတယ်။ အများအားဖြင့် မြုပ်ပြီး မျောတာက ပိုများတယ်။ သံသရာဝဲဇလုပ်မှာ ဒုက္ခောဒုက္ခောနဲ့ မြုပ်မျောပြီးနေကြတဲ့ ပုဂ္ဂိုလ်တွေမှာ အဓိကအားဖြင့် မှီရာတည်ရာကတော့ တရားလှေဖောင်ပါပဲ။ အဲဒီ တရားလှေဖောင် သင်္ဘောကြီးကို မမေ့မလျော့ နေကြဖို့ အရေးကြီးပါတယ်။

ဦးထွန်းဇံ ဗူးဒေါင်းမေ့သလို မဖြစ်ကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့် -

**ကရောန္တံ ဥဠုမ္ပံ ဗုဒ္ဓံ၊ မဂ္ဂင်္ဂံ ဥဠုမ္ပံ ဓမ္မံ၊**
**ပါဇေန္တံ ဥဠုမ္ပံ သံဃံ၊ တဒ္ဒိကော တမဟံ ဝန္ဒေ။**

ဥဠုမ္ပံ= တရားလှေဖောင်ကြီးကို၊ ကရောန္တံ= စီမံပြုလုပ်တော်မူတတ်သော၊ ဗုဒ္ဓံ စ= မြတ်စွာဘုရားကိုလည်းကောင်း၊ ဥဠုမ္ပံ= တရားလှေဖောင်သဖွယ်ဖြစ်သော၊ မဂ္ဂင်္ဂံ= မဂ္ဂင် (၈)ပါးဟု ဆိုအပ်သော၊ ဓမ္မံ စ= တရားတော်ကိုလည်းကောင်း၊ ဥဠုမ္ပံ= မဂ္ဂင် (၈)ပါး ကျင့်စဉ် လှေဖောင်ကို၊ ပါဇေန္တံ= အမြဲမပြတ် လှော်ခတ်၍နေသော၊ သံဃံ စ= သံဃာတော်ကိုလည်းကောင်း၊ တဒ္ဒိကော= သံသရာဝဲဇလုပ် ရေမှာ မြုပ်နေသော၊ အဟံ= တပည့်တော်သည်၊ ဝန္ဒေ= ရှိခိုးပါ၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

# (၉၄)ကြိမ်မြောက်

အခုတရားစခန်းက (၉၄)ကြိမ်မြောက် တရားစခန်းပါပဲ။ ဒါပေမယ့် သကြ်န်တွင်း အထူးတရားစခန်းဖွင့်ပြီး တရားအားထုတ်ကြမှာ ဖြစ်ပါတယ်။ ဟိုလွန်ခဲ့တဲ့ နှစ်တစ်ရာလောက်က ထွင့်ခေါင် ဆရာတော်ကြီး ရေးသားတဲ့ စာတွေဟာ ရှေးလူကြီးတွေရဲ့ နှုတ်ထဲမှာ အရအမိရှိနေကြပါတယ်။

**"သဗ္ဗေသတ္တာ ဝေနေယျာ၊ သံသာ ရှည်လှပြီ"**

ဆရာတော်ဘုရားရဲ့ စာလေးဟာ တိုတိုတောင်းတောင်းနဲ့ အင်မတန်မှတ်ဖို့ ကောင်းပါတယ်။ အားလုံးသတ္တဝါတွေဟာ သံသရာ ရှည်လှပြီဆိုတဲ့ အထဲမှာ ဘုန်းကြီးတို့ ယောဂီတို့အားလုံး ပါဝင်နေကြပါတယ်။ သံသရာရှည်တယ်ဆိုတဲ့ရောမှာ သံသရာဆိုတာ ရုပ်သံသရာ၊ နာမ် သံသရာ၊ ရုပ်တွေနာမ်တွေမပြတ် ဖြစ်နေတာ သံသရာပါ။

သံသရာအကြောင်းကို ဒီထက်ထင်ပေါ်အောင် ပြောမယ်ဆိုရင် ဘဝအမျိုးမျိုးနဲ့ ဖြစ်နေတာ သံသရာဥခွံတွင်းရောက်လိုက်၊ သားအိမ်ထဲရောက်လိုက်၊ အညှိထဲရောက်လိုက် ကိုယ်ထင်ရှားဖြစ်လိုက်နဲ့ သံသရာလည်ခဲ့ပြီ။ ရှင်ကြီးဝမ်းလဲ ဝင်ခဲ့၊ ရှင်ငယ်ဝမ်းလဲ ဝင်ခဲ့ ဆိုသလိုပဲ။

ယခု တရားနာနေတဲ့ အချိန်ကလေးမှာ ဘုန်းကြီးတို့ရဲ့ ဩဝါဒ အသံက ကြားသိစိတ်ဖြစ်ရာက အသံ၊ အသံဆိုတဲ့ ရုပ်တရား၊ ကြားသိစိတ်ဆိုတဲ့ နာမ်တရား၊ အဲဒီလို အဆက်မပြတ် ဖြစ်နေတာဟာ သံသရာ လည်နေတာပါပဲ။ အဲဒီလို မပြတ်ဖြစ်နေတဲ့ သံသရာဟာ ဒုက္ခသံသရာလား၊ သုခသံသရာလားဆိုတော့ ဒုက္ခသံသရာပါ။

တန်ချိန်ဖွဲ့လို့မရတဲ့ ဒုက္ခတွေကို ထမ်းပိုးပြီး နေရတဲ့အတွက် ဤသံသရာကြီးက လွတ်မြောက်ရန် ဒုက္ခပယ်ရန် နည်းလမ်းကို မြတ်စွာဘုရား ပေးတော်မူတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၇ နှစ်က တာဝတိံသာနတ်ပြည်မှာ ပေးတော်မူတဲ့ မဟာသတိပဋ္ဌာန်ဝိဘင်းမှာ ပါရှိပါတယ်။ အဲဒီ မဟာသတိပဋ္ဌာနဝိဘင်းဆိုတဲ့ ပရိယတ္တိသာသနာ၊ ပရိယတ္တိတရားတော်ကို ကမ္မဋ္ဌာနာစရိယဆရာတော်များနဲ့ ကမ္မဋ္ဌာနာစရိယဆရာများက ပို့ချပေးပါလိမ့်မယ်။

အဲဒီနည်းက သံသရာတိုတဲ့နည်း။ "အတည်ကျကျ ဘယ်ဘဝမှုချမရပြီ"။ အတည်ကျကျ ဒီဘဝမှာ ငါတော့သေချာပြီ။ ဒီဘဝမှာရတော့မယ်လို့ ပြောလို့မရ အတည်တကျမရှိဘူး။ "အတည်ကျကျဘယ်ဘဝ မုချမရပြီ" ဆိုတဲ့အတိုင်း ဘယ်ဘဝမှ အတည်မကျဘူး။ အတည်ကျကျရှိနိုင်ဖို့အတွက် မြတ်စွာဘုရားက နည်းလမ်းပေးတော်မူတယ်။

## လူ့ပြည်နတ်ပြည်

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၇ နှစ်က ပေးတဲ့နည်း။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကတော့ ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ဒီသတိပဋ္ဌာန်ပဲ ဆက်ပြီးပေးတယ်။ အဲဒီနည်း ဒီအားထုတ်နည်း သင်ပြပေးလိမ့်မယ်။ အဲဒီသင်ပြပေးတဲ့ နည်းနာနိဿယက ပရိယတ်၊ သင်ကြားပြပေးမှု ပရိယတ်အတိုင်း ယောဂီသူတော်စင်များ အားထုတ်ကြရမယ်။ အဲဒီ အားထုတ်ကြတာက ပဋိပတ္တိသာသနာ၊ အဲဒီတော့ (၇)ရက်တာ ကာလအတွင်းမှာ ပဋိပတ္တိ သာသနာ့ဝန်ထမ်းတွေ ဖြစ်မယ်။

ပရိယတ္တိ၊ ပဋိပတ်ရဲ့ အကျိုးတရား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ရရှိလာတဲ့အခါကျတော့ ပဋိဝေဓသာသနာ သံသရာဝဋ်က ကင်းပြတ်သွားနိုင်တယ်။ ဘဝမှာ သံသရာလည်သော်လဲ ဂတိမြဲသွားနိုင်တယ်။ အဲဒီလို နည်းနိဿယတွေနဲ့ ဟောကြားတော်မူခဲ့တဲ့ သုံးလောကထွဋ်ထား မြတ်ဘုရားကိုယ်တော်တိုင် လွန်ခဲ့တဲ့ ၂၅၈၇ ခုနှစ်က တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူတဲ့ ဒေသနာနည်းအတိုင်း ယောဂီများ အားထုတ်ကြရမယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ယခုအခေါ် အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့ရပ်မှာ မြတ်စွာဘုရား ဟောကြားတဲ့နည်းအတိုင်း အားထုတ်ကြရမယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်ကတော့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးရဲ့အိမ်ရှေ့မှာ ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားတဲ့ မဏ္ဍပ်မှာ (၃)ညဥ့်တိုင် အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းကို သင်ပြတော်မူပါတယ်။

## ဖွင့်ဖော်ခဲ့တဲ့နည်း

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး ဖွင့်ဖော်ခဲ့တဲ့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းကို ကမ္မဋ္ဌာနာစရိယများက သင်ပြပါလိမ့်မယ်။

မိမိတို့ကိုယ်တိုင် ပရိယတ္တိသာသနာ တာဝန်များကို ၁၃၆၇ ခုနှစ် သကြ်န်ကာလမှာ ထမ်းဆောင်ကြရပေပြီလို့ ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက သောကပြောင်စူးနေတဲ့ ဒါယကာကြီး ဦးဘိုးသက်အား ဒီနည်း ပေးခဲ့တယ်။ ဒါယကာကြီးဦးဘိုးသက် ကြိုးစားအားထုတ်ခဲ့တယ်။ အနာဂါမ် ဆရာသက်ကြီးလို့ ထင်ရှားခဲ့ပါတယ်။

ဒီလယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့တဲ့ ဆရာတော်ဦးဇောဂရက လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)နှစ်လောက်က အနာဂါမ်ဆရာသက်ကြီးဆီက နည်းနိဿယနဲ့ပဲ ဒီလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးမှာ တရားပြခဲ့ပါတယ်။

အနာဂါမ်ဆရာသက်ကြီးထံမှ ဒကာကြီး ဦးဘခင် တစ်ဆင့် ဒကာကြီး ဦးချစ်တင်၊ ဒါယိကာမကြီး ဒေါ်မြသွင် (မဟာသဒ္ဓမ္မ ဇောတိကဓဇ)တို့က ဥရောပမှာ သာသနာပြုကြတယ်။ နိုင်ငံပေါင်း များစွာမှာ ရိပ်သာများစွာ ဖွင့်နိုင်ပါတယ်။ ဒကာကြီး ဦးဘခင်က ဗဟန်း ကံဦးဆရာတော်ထံသွားပြီး ဘယ်တရား အားထုတ် ဖြန့်ဝေရပါမည်လဲ ဘုရားဟု လျှောက်ထားရာ မင်းကိုယ်တိုင် အားထုတ်ကြည့်ပြီးမှ ကြိုက်တာ ကမ္ဘာဖြန့်ဝေပေါ့လို့ မိန့်ရာမှ ဒီလယ်တီနည်းကို အားထုတ် ပြီးဖြန့်တာပါ။

ဒကာကြီးဦးဂိုအင်ကာတို့ကလဲ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဒီတရားအားထုတ်နည်းတွေကို သင်ပြကြပါတယ်။ နိုင်ငံပေါင်း (၈၀)မှာ ဘာသာပေါင်း (၁၀၀)နဲ့ ရိပ်သာပေါင်း (၁၅၀)ကျော် ဖြန့်နိုင်တာမို့ မြတ်ဗုဒ္ဓဝိပဿနာကို ကမ္ဘာဖြန့်ရာမှာ လယ်တီဝိပဿနာ အကျယ်ပြန့် ဆုံးလို့ ဆိုနိုင်ပါတယ်။ ဒီတရား အားထုတ်နည်းဟာ သံသရာကို ကြုံ့စေတဲ့နည်း၊ တစ်နည်းအားဖြင့် ပစ္စုပ္ပန်ဘဝမှာလဲ စိတ်အေး

သက်သာမှုကို ပေးစွမ်းနိုင်တဲ့နည်းပါပဲ။

ဒါကြောင့် ဒီသံသရာကြီးထဲ ကျင်လည်နေကြတဲ့ ပုဂ္ဂိုလ်များကို မြတ်စွာဘုရားက -

အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်၊ လက္ခဏာယာဉ်သုံးပါးနဲ့ ဆင်းရဲကင်းရာ နိဗ္ဗာန်တည်းဟူသော မြို့တော်ကို ပို့တော်မူခဲ့ပါတယ်။ အဲဒီ မှန်ကန်သော စကားကို ပြောဆိုရခြင်းကြောင့်ပင် (၉၄)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်းကို အားထုတ်နေကြတဲ့ ယောဂီသူတော်စင်အပေါင်းတို့အား အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းတရားများ ပြီးစီးအောင်မြင်အောင် အားထုတ်နိုင်ကြပါစေ။

**သံသရစာရကံလောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ၊**

**နိဗ္ဗာန ပူရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။**

**ဧတေနသစ္စဝဇ္ဇေန၊ ဟောတု ဝေါ ဇယမင်္ဂလံ။**

သောဇိနော= ထိုမြတ်စွာဘုရားသည်၊ နိစ္စံ= အမြဲ၊ ဒုက္ခေန= ဆင်းရဲဒုက္ခသည်၊ ပီဠိတံ= ညှင်းပန်းနှိပ်စက်အပ်သော၊ သံသာရစာရကံ လောကံ= သံသရာ၌ ကျင်လည်ကျက်စားနေကြသော ပုဂ္ဂိုလ်အပေါင်းကို အမြဲတမ်း ဒုက္ခတွေဝိုင်းအုံ အနှိပ်စက်ခံနေကြရတဲ့ သံသရာခရီးသွားတွေ ဖြစ်ကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို၊ ယာနတ္တယေန= အနိစ္စလက္ခဏာယာဉ်, ဒုက္ခလက္ခဏာယာဉ် အနတ္တလက္ခဏာယာဉ် သုံးပါးဖြင့်၊ နိဗ္ဗာနပူရံ= နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေးမြို့တော်ကြီးသို့ ပါပေသိ= ရောက်စေတော်မူခဲ့လေပြီ။

ဧတေနသစ္စဝဇ္ဇေန= ဤမှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့်၊ ဝေါတုမှာကံ= (၉၄)ကြိမ်မြောက် လယ်တီဝိပဿနာ တရား

စခန်း ကြိုးပမ်းအားထုတ်ကြသော ယောဂီတို့အား၊ အဂ္ဂံ= မွန်မြတ်သော၊ ဇယမင်္ဂလံ= အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်၊ ဟောတု= စင်စစ်မသွေ ဖြစ်ပါစေသတည်း။ သာဓု - သာဓု - သာဓု

သံသရာခရီးစဉ်ကြီးဟာ ဒုက္ခခရီးစဉ်ကြီးပါပဲ။ အဲဒီ သံသရာ ဒုက္ခခရီးစဉ်ကြီး လက်စသိမ်း ငြိမ်းသွားတဲ့နည်း။ သံသရာ ဒုက္ခခရီးစဉ်ကြီးအတွင်းမှာ ကျင်လည်နေကြတဲ့ သံသရာခရီးသွားတွေကို မြတ်စွာဘုရားက-

**အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်၊**

ဒီလက္ခဏာယာဉ်သုံးပါးက အင်မတန်အရေးကြီးပါတယ်။ ဒီလက္ခဏာယာဉ် (၃)ပါးနဲ့ မြတ်စွာဘုရားက နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးစီကို ရောက်အောင်ပို့တာပါပဲ။ ကမ္မဋ္ဌာနာစရိယများက သမထပိုင်းက ဝိပဿနာပိုင်းရောက်တဲ့အခါမှာ ဒီလက္ခဏာယာဉ်နည်းနိဿယများကို ပေးပါလိမ့်မယ်။

**သံသာရဒုက္ခ ကန္တာရာ၊ ကိလေသ စောရပီဠိတံ။**
**ခေမန္တဘူမိံ ပါပေသိ၊ သတ္တာဝါဟော ဝိနာယကော။**
**ဧတေန သစ္စဝဇ္ဇေန၊ ဟောတု ဝေါ ဇယမင်္ဂလဂ္ဂံ။**

သံသရာကြီးဟာ ကန္တာရကြီးပဲ။ ကူးခတ်ကျော်လွှားဖို့ရာ အင်မတန်ခက်တဲ့ ခရီးခဲကြီးပါပဲ။

အခု ကမ္ဘာကြီးမှာဆိုရင် ပင်လယ်၊ သမုဒ္ဒရာကြီးတွေကို လေယာဉ်ကြီးတွေနဲ့ (၁၀)နာရီ၊ (၁၁)နာရီ ကျော်လောက် ဖြတ်သွားရင် ရောက်သွားတယ်။ အဲဒီ ခရီးခဲတွေထက် အဆပေါင်းများစွာခက်တဲ့ သံသရာခရီးခဲကြီး၊ အဲဒီ သံသရာခရီး ခရီးခဲကြီးမှာ လောဘ၊ ဒေါသ၊

မောဟ အစရှိတဲ့ ကိလေသာသူခိုးတွေက အမျိုးမျိုးအဖုံဖုံ ခိုးကြ နှိပ်စက်ကြတယ်။ အဲဒီ သံသရာခရီးရှည်သွား ခရီးသည်တွေကို ယာဉ်မှူးကြီးသဖွယ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားက နိဗ္ဗာန်လို့ခေါ်တဲ့ ငြိမ်းချမ်းရေးနယ်မြေသို့ ပို့ဆောင်တော်မူပါတယ်။

သတ္ထာဝါဟော= လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူသော၊ ဝိနာယကော= ဘုရားမြတ်စွာသည်၊ ခေမန္တဘူမိံ= ငြိမ်းချမ်းရေးနယ်မြေသို့၊ ပါပေသိ= ရောက်စေတော်မူခဲ့လေပြီ။ သုံးလောကထွဋ်ထား မြတ်ဘုရားက ဒီသံသရာခရီးခဲကြီးကနေ၊ ခေမန္တဘူမိံ= ငြိမ်းချမ်းရေး နယ်မြေသို့၊ ပါပေသိ= ရောက်စေတော်မူပြီ။ ဧတေနသစ္စဝဇ္ဇေန= ဤမှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့်၊ ဝေါတုမှာကံ= လယ်တီဝိပဿနာတရားစခန်း ဝင်ရောက်ကျင့်ကြံကြကုန်သော သင်ယောဂီသူတော်စင်တို့အား၊ အဂ္ဂံ= မွန်မြတ်သော၊ ဇယမင်္ဂလံ= အောင်ခြင်းမင်္ဂလာအဖြာဖြာသည်၊ ဟောတု= ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

ဩော်- မြတ်စွာဘုရား ကိုယ်တော်တိုင် တာဝတိံသာနတ် ပြည်မှာ ပေးတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်း၊ မြတ်စွာဘုရားကိုယ်တော်တိုင် ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ပေးတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်း၊ မဟာသတိ ပဋ္ဌာန်လုပ်ငန်းစဉ်ကြီးအတိုင်း ဆောင်ရွက်ရတော့မယ်။ ဘုရားပေးတဲ့ နည်း။ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး ဖွင့်ဖော် ပေးတော်မူခဲ့တဲ့နည်း။ အနာဂါမ်ဆရာသက်ကြီးလို့ခေါ်တဲ့ လူသူတော် စင်ကြီးက ပေးတော်မူခဲ့တဲ့နည်း။ အဲဒီ နည်းနိဿယတွေ ဘုန်းကြီးတို့ ရှေ့မှောက်ရောက်ပြီးလာတော့ အလွယ်တကူအားထုတ်ကြရတယ်။ ဘုန်းကြီး ပြန်ပြီးတော့ စဉ်းစားတယ်။

မကြာသေးမီက အင်္ဂလန်မှာရှိတဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ အစဉ်အဆက် ဦးဘခင်၊ ဦးချစ်တင်၊ ဒေါ်မြသွင်တို့ ထူထောင်ထားတဲ့ ရိပ်သာတစ်ခု ရောက်သွားပါတယ်။ ဟိုမှာကတော့ ဥရောပသားတွေ အင်္ဂလိပ်တွေ အားထုတ်နေကြတာ။ လွယ်လွယ်နဲ့ အားထုတ်ကြရတာ မဟုတ်ဘူး။ သူ့ခမျာမျာ လွန်ခဲ့တဲ့ ၁၉၇၇/၇၈ ခုနှစ်လောက်က မြန်မာသို့ လာပြီးအားထုတ်ကြတယ်။

ဆရာကြီးဦးဘခင် ရိပ်သာမှာ (၇)ရက်အားထုတ်ပြီးရင် ထိုင်းကိုပြန်ပြီး စတေးရှောင်ရတယ်။ သုံးကြိမ်လောက် ရှောင်လိုက်တော့ ပါတဲ့ငွေကလဲ ကုန်ပြီ။ ဆက်အားမထုတ်နိုင်ဘူး။ ဒီနောက်တစ်ခေါက်၊ နှစ်ခေါက် လာပြီးတော့ အားထုတ်ကြတယ်။ နောက်သူတို့ကပဲ လန်ဒန်မှာလာပြီးတော့ ဒီတရားနည်းနဲ့ တရားပြဖို့တောင်းပန်ကြတယ်။ လန်ဒန်မှာ ရိပ်သာဖွင့်ဖို့ ဆရာကြီး ဦးချစ်တင်နဲ့ ဆရာမကြီး ဒေါ်မြသွင်တို့ထံ တောင်းပန်ကြပြီး ငွေအများကြီး အကုန်အကျခံ ပင့်ခေါ်ပြီး တရားအားထုတ်ကြတယ်။

မြန်မာနိုင်ငံ လာပြီးအားမထုတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်နိုင်အောင် ဆိုပြီးတော့ ပြည်ပမှာ ရိပ်သာတွေ တည်ထောင်ကြတယ်။ လွယ်လွယ်မဟုတ်ဘူး။ အင်မတန်တန်ဘိုးကြီးတဲ့ အင်္ဂလိပ်ငွေ ပေါင်စတာလင် တစ်သိန်းလောက်နဲ့ မြေကွက်ဝယ်ကြရတယ်။

ဘုန်းကြီးတို့ လယ်တီဝိပဿနာကျောင်းတိုက်ကြီးကလဲ သူ့အချိန်အခါနဲ့သူ တန်ဖိုးတော့မသေးလှပါဘူး။ ဆရာတော် ဦးဇာဂရ စတင်တည်ထောင်တုန်းက ၅၀၀၀ိ/- ကျော် ပေးရတယ်။

ကမ္ဘာ့လူထုကြီးဟာ "အဿဝနတာယမွေဿ ပရိဟာယန္တိ" တရားမနာရတော့ တရားတော်မှ ဆုတ်ယုတ်ကြတယ်။ "ဘဝိဿန္တိ

ဓမ္မသ အညာတာရော” တရားသာနာရလျှင် ဒီတရားသဘောကို သိမယ့်ပုဂ္ဂိုလ်တွေ ရှိပါ့မယ်။ သဟမ္ပတိဗြဟ္မာမင်းကြီးက ဒီစကား လျှောက်ထားတယ်။ မြတ်စွာဘုရားကလဲ ထိုထိုဒေသနာတော်တို့မှာ ဟောကြားတယ်။ နည်းလမ်းမသိကြလို့ နည်းလမ်းသိလို့ အားထုတ် ကြရင် တရားသိမည့်ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ပြန်ပြီးကြည့်မယ်ဆိုရင် ကမ္ဘာမှာ ပညာရှင်တွေအများကြီးပဲ။ အဲဒီ ပညာရှင်တွေ နာကြားခွင့် ရကြရဲ့လားဆိုတော့ လူနည်းစုပဲ နာကြားခွင့်ရ အားထုတ်ခွင့် ရကြတယ်။ သိခွင့်ရကြတယ်။ အခု ယောဂီများမှာတော့ မိမိတို့ မျက်မှောက်မှာ ရောက်ရှိနေတဲ့သာသနာ။ ဟိုနှစ် (၅၀)လောက်က ပြန်ကြည့်လိုက်ရင် ထေရဝါဒ (၅)နိုင်ငံ ရှိတယ်။ ယခုတော့ (၃)နိုင်ငံပဲ ကျန်ပါတော့တယ်။

နှစ် (၅၀)အတွင်း (၂)နိုင်ငံလောက် ဗုဒ္ဓဘုရားရဲ့သာသနာ တရားတော် ပျောက်သွားတယ်။ နှစ်ပေါင်း (၂၅၄၈)လောက်က ဗုဒ္ဓဘုရား ပွင့်တော်မူခဲ့တယ်။ ပွင့်တော်မူခဲ့တဲ့ အိန္ဒိယနိုင်ငံကြီးမှာ ဗုဒ္ဓတရားတော်တွေ သုဂ်မင်းသုံးဆက် ဖျက်ဆီးလိုက်တာ ပျောက်သွားတယ်၊ နှာမြောဖို့ ကောင်းလိုက်တာ။

ဒါကြောင့် မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ အကြောင်း အားလျော်စွာ တည်ရှိနေတယ်။ ပျက်စီးပြီဆိုရင် အလွယ်တကူနဲ့ ပြန်မရောက်နိုင်ဘူး။

မြန်မာနိုင်ငံ ကြည့်မယ်ဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာနိုင်ငံ လာပြီးတော့ တရားအားထုတ်ကြတဲ့ ယောဂီပေါင်းဟာ လစဉ် လစဉ် စာရင်းမှတ်တမ်းအရ လေးထောင်ကျော် ရှိပါတယ်။ တစ်ဦးကို သိန်း (၃၀)၊ (၄၀) မကုန်ပဲနဲ့ မြန်မာနိုင်ငံလာပြီးတော့

တရားအားမထုတ်နိုင်ပါဘူး။ ဒါကြောင့်မို့ ဒီတရားကို တန်ဖိုးကြီးမှန်း သိကြတဲ့ ပုဂ္ဂိုလ်တွေဟာ တန်ဖိုးထားပြီး ကြိုးစားအားထုတ်ကြပါတယ်။

အခု ယောဂီသူတော်စင်များ အင်မတန်တန်ဖိုးကြီးတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ တရားနဲ့တွေ့နေပြီ။ အင်မတန် ဒုက္ခငြိမ်းစေတတ်တဲ့ တရား ဒီထက် ပေါ်လွင်အောင် ပြောရရင်တော့ သုံးလောကထွဋ်မြတ်ထား မြတ်ဘုရားကိုယ်တိုင် ဘယ်တရားအားထုတ်ပြီး ဘုရားဖြစ်ပါသလဲ ဆိုရင် ဘုရားဖြစ်ခါနီး သုဇာတာကုန်းမှာ အနီးကပ်အားထုတ်တာက ဒီအာနာပါနကမ္မဋ္ဌာန်းပါပဲ။ ဗောဓိမဏ္ဍိုင်မှာလဲ ဒီအာနာပါနကမ္မဋ္ဌာန်း အားထုတ်ပြီး ပုရိမယာမ်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်၊ စတုတ္ထစျာန်ကို ဝင်စားပြီး စတုတ္ထစျာန်က ထပြီး ဝိပဿနာတရားအားထုတ်တာ အရှဏ်မတက်မီ အာသဝက္ခယဉာဏ်ဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်၊ သဗ္ဗညုတဉာဏ်များ မြတ်စွာဘုရားများ ရသိအပ်သော ဉာဏ်များ ရရှိလာခဲ့ပါတယ်။ ဘုရားဖြစ်ပြီးပြန်တော့လဲ ဒီအာနာပါနကမ္မဋ္ဌာန်းကို (၄၅)ဝါ ကာလပတ်လုံး လက်မလွှတ်ပဲ ပွားများခဲ့ပါတယ်။ လက်သုံးပြုတော်မူခဲ့ပါတယ်။ ဒါကြောင့် အဋ္ဌကထာ ဆရာကြီးများက ဒီအာနာပါနကမ္မဋ္ဌာန်းကို မဟာပုရိသဘူမိ။ မြင့်မြတ်ခေါင်ဖျား အမျိုးသားအာဇာနည်၊ အမျိုးသမီး အာဇာနည်တို့ရဲ့အရာ ဘုံဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။

ကမ္မဋ္ဌာန်းနာစရိယဆရာတော်များ ကမ္မဋ္ဌာန်းနာစရိယဆရာကြီးများသင်ပြတဲ့ ပရိယတ္တိကို ကောင်းမွန်စွာ သင်ယူကြပါ။ အဲဒီလို သင်ကြားနာယူတာ ပရိယတ္တိသာသနာတော်ကြီးရဲ့ တာဝန်ကို

ထမ်းဆောင်ခြင်းပါပဲ။

အဲဒီ ပရိယတ္တိက ညွှန်ပြတဲ့အတိုင်း သူ့အချိန်နဲ့သူ သူ့စည်းကမ်းလေးနဲ့သူ အားထုတ်ခြင်းဟာ ပဋိပတ္တိတာဝန် ထမ်းဆောင်တာ ဖြစ်ပါတယ်။ အခြေခံအကြောင်းဖြစ်တဲ့ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ နှစ်ရပ်ကို အားထုတ်ပြီးတော့ သွားလျှင်တော့ ပဋိဝေဓသာသနာခေါ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လျှင်လျှင်မြန်မြန် အေးအေးဆေးဆေး ရောက်ရှိနိုင်ပါတယ်။

ဒါကြောင့် ဒီတရားစခန်းကာလလေးမှာ ဗုဒ္ဓမြတ်ဘုရား ကိုယ်တော်တိုင် အားမရတမ်း၊ မတင်းတိမ်တမ်း၊ မဝတမ်း အားထုတ် တော်မူခဲ့တဲ့ အာနာပါနကမ္မဋ္ဌာန်း၊ သုံးလောကထွဋ်ထား မြတ်ဘုရား ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်မှာ နတ်ဗြဟ္မာအပေါင်းတို့အား ပေးတော်မူတဲ့ ကမ္မဋ္ဌာန်း၊ ကုရုတိုင်း ကမ္မာသဒမ္မဋ္ဌာန်းရွာမှာ ရဟန်း တော်တို့အား ပထမဆုံးပေးတော်မူတဲ့ ကမ္မဋ္ဌာန်း။

လွန်ခဲ့တဲ့ နှစ် (၁၀၀)ကျော်က ကင်းဝန်မင်းကြီးအိမ်မှာ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး ကိုယ်တိုင် (၃)ညဉ့်တိုင်တိုင် ပေးတော်မူခဲ့တဲ့ အာနာပါနအခြေခံပြီး ဓာတ်သဘာဝပေါက်အောင် အတ္တဒိဋ္ဌိပြုတ်အောင် ဟောတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်း။

အနာဂါမ်ဆရာသက်ကြီးအား ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးက ပေးပြီး အားထုတ်ခိုင်းသဖြင့် ဦးဘိုးသက်မှာ စူးနေတဲ့ သောကညောင့်ကို ထုတ်ပစ်နိုင်တဲ့ သူတော်စင်ကြီးဖြစ်လာတယ်။ အဲဒီ သူတော်စင်ကြီးရဲ့ ကျင့်စဉ်ဟာလဲ ဒီကမ္မဋ္ဌာန်းပါပဲ။ ဒါကြောင့်မို့

ယောဂီသူတော်စင်များ အလွန်လေးနက်အရေးပါလှတဲ့ ကမ္မဋ္ဌာန်းကို အားထုတ်နိုင်ကြပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အေးအေးမြမြ လွယ်လွယ်ကူကူ ကျက်သရေဖြိုးမောက် တန်ခိုးတောက်၍ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးကို ဆိုက်ကပ်ရောက်ရှိနိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့ တရားစကာကို နိဂုံးချုပ်အပ်ပါသတည်း။ သာဓု - သာဓု - သာဓု

**ခေတ္တူပမသုတ္တံ**

ယနေ့ ဟောမည့်တရားတော်က ဘုရားရှင်၏ ခေတ္တူပမ လယ်သုံးခင်း၊ ယာသုံးခင်း ဥပမာထား ဟောကြားထားတဲ့ တရားတော်။ နေရာက နာဠန္ဒမြို့အနီး ပါဝါရိကသရက်ဥယျာဉ်။ အတိုက်အခံ စောကြောမေးမြန်းသူက အသိဗန္ဓကရဲ့သား ရွာသူကြီး။

**ရွာသူကြီး** - **နနု ဘန္တေ ဘဂဝါ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတီတိ။**

မြတ်စွာဘုရား- အရှင်ဘုရားက သတ္တဝါအားလုံး အပေါ် အကျိုးလိုလား အစဉ်စောင့်ရှောက်နေတယ် မဟုတ်လား။

**ဘုရားရှင်** - အေး ဟုတ်တယ်။

**ရွာသူကြီး** - အဲဒီလိုဆိုရင် ဘာကြောင့် အချို့သူတို့အား သေသေချာချာ တရားဟောပြီး အချို့သူတို့ကျတော့ မဟောပါသလဲတဲ့။

**ဘုရားရှင်** - ဒီမေးခွန်းက ပြန်လှန်မေးခွန်းနဲ့ ဖြေရမှာမို့ သင့်ပဲ ပြန်မေးမယ်။ လယ်သုံးခင်း ယာသုံးခင်းရှိတယ်။

၁။ တစ်ချို့လယ်ယာက မြေကောင်းမြတ်တယ်။

၂။ တစ်ချို့လယ်ယာက မြေအလတ်စား။

၃။ တစ်ချို့လယ်ယာက မြေအညံ့စား၊ ကျစ်တီးကုန်း၊ ဆပ်ပြာမြေ၊ အဲဒီ မြေလယ်ယာသုံးခင်းထဲက ဘယ်လယ်ယာမှာ သင်ဦးစွာ စိုက်ပျိုးမလဲ။

**ရွာသူကြီး** - နံပါတ်(၁) မြေအမျိုးအစားလယ်ယာမှာ ပထမ စိုက်ပျိုးပါမယ်။ နံပါတ်(၂) မြေအမျိုးအစားလယ်ယာမှာ ဒုတိယ စိုက်ပျိုးပါမယ်။ နံပါတ်(၃) မြေအမျိုးအစားလယ်ယာမှာ နောက်ဆုံး စိုက်ပျိုးချင်စိုက်ပျိုးမယ်။ မစိုက်ပျိုးပဲလဲ ထားပါ့မယ်ဘုရား။ ဘာကြောင့် မြေအညံ့မှာ စိုက်ပျိုးရပါသလဲဆိုရင် အနည်းဆုံး နွားစာလေးမှရရ ဆိုပြီး စိုက်ပျိုးရပါတယ်ဘုရားတဲ့- မှန်ပါတယ်။ တောင်သူများ မြေညံ့ တဲ့နေရာ ခြံမလုံတဲ့ စည်းရိုးနားမြေမှာ နွားစာပြောင်းစသည် စိုက်ပျိုး လေ့ရှိပါတယ်။

**ဘုရားရှင်** - အဲဒီလိုပဲ ငါဘုရားက နံပါတ် (၁) ဘိက္ခုရဟန်း၊ ဘိက္ခုနီ၊ ဘိက္ခုနီမ တို့အား သေသေချာချာ တရားဟောတယ်။ ဘာကြောင့်လဲဆိုတော့- **ဧတေမံ ဒီပါ၊ မံ လေဏာ၊ မံတာဏာ မံ သရဏာ ဝိဟရန္တိ**= အဲဒီ ရဟန်း၊ ဘိက္ခုနီမတွေဟာ ငါဘုရားကို ကိုင်းကျွန်းသဖွယ် ထားနေကြတယ်။ ငါဘုရားလျှင် ပုန်းအောင်းမှီခိုရာ ကိုးကွယ်ရာ ထားနေကြလို့ပါပဲ။

နံပါတ် (၂) ဥပါသိကာ၊ ဥပါသိကာမတို့အားလဲ သေသေ ချာချာ ဟောပါတယ်။ ဘာကြောင့်လဲ သူတို့ကလဲ ငါဘုရားကို ကိုင်းကျွန်းသဖွယ် ကိုးကွယ်ကြတယ်။ ငါဘုရားလျှင် ပုန်းအောင်းမှီခို ကိုးကွယ်ရာထားနေကြလို့ပါပဲ။

နံပါတ် (၃) ဆန့်ကျင်ဘက် ရဟန်း၊ ပုဏ္ဏား၊ ပုရိုဟိတ်တို့အားလဲ တရားဟောပါတယ်။ ဘာကြောင့်လဲ သူတို့တတွေ တစ်ပုဒ်တစ်ခွန်းမျှ သိရင်ကောင်းမှာပဲ၊ အဲဒီလိုသိရင် "ကြာရှည်လေမြင့် အကျိုးစီးပွားဖြစ် ချမ်းသာပွားကြလိမ့်မယ်"ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါပဲ။

နောက် ဥပမာတစ်ခု ဆက်ဟောပါ့ဦးမယ်။

အိုးစရီး (ရေလှောင်အိုး)ကြီး သုံးလုံးရှိပါတယ်။

(၁) အပေါက်မပါ ရေမယိုု၊ ရေလုံ၊ ရေမစိမ့်တဲ့ အိုး၊

(၂) အပေါက်မပါ ရေယို၊ ရေမလုံ၊ ရေစိမ့်တဲ့ အိုး၊

(၃) အပေါက်ပါ ရေယို၊ ရေမလုံ၊ ရေစိမ့်တဲ့ အိုး၊

အိုးသုံးလုံးရှိရာ ရေထည့်သူ ရေခံသူက အစဉ်အတိုင်း ရေထည့်၊ ရေခံမှာပါပဲ။ အပေါက်ပါ ရေမလုံ၊ ရေယို၊ ရေစိမ့်တဲ့ အိုးထဲပင် ရေထည့်ရတာကတော့ နောက်ဆုံး အိုးဆေး၊ ခွက်ဆေး ရေလေးမှ ရရဆိုပြီး ထည့်သလို၊ ငါဘုရားလဲ ဆန့်ကျင်ဘက်တို့အားလဲ တရားဟောတာပါပဲ။ ရွာသူကြီး တရားသဘောကျ ဗုဒ္ဓဘာသာ ဖြစ်သွားပါတယ်။

## ကုလသုတ္တံ

နံနက်က ခေတ္တူပမသုတ္တန် ဟောခဲ့ပြီ။

အသိဗန္ဓကရဲ့သား ရွာသူကြီးနဲ့ ပတ်သက်တဲ့ ကုလသုတ္တန် ဟောပါ့မယ်။

မြတ်စွာဘုရား နာဠန္ဒာမြို့မှာ သီတင်းသုံးတော်မူတဲ့အခါ နာဠန္ဒာမြို့ကြီးကလဲ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေတဲ့အချိန်၊ ဒုဗ္ဘိက္ခန္တရကပ် ဆိုတာက ငတ်မွတ်ခေါင်းပါးပြီး သေချိန်မရောက်ပဲနဲ့ သေကျေပျက်စီး

ကြတဲ့ ကပ်ဆိုးကြီး၊ ကပ်ကြီးသုံးပါးထဲမှာ တစ်ခုအပါအဝင်ပါ။

ကပ်ကြီးသုံးပါးဆိုတာ ပျက်စီးခြင်းသုံးမျိုး ကပ္ပသဒ္ဒါကကပ်-ကမ္ဘာကိုမဟောဘဲ ဒီနေရာမှာ ပျက်စီးခြင်းကို ဟောဆိုပါတယ်။

၁။ သတ္ထန္တရကပ် = လက်နက်မျိုးစုံကြောင့် သေချိန်မရောက်ပဲ ပျက်စီးရခြင်းတစ်မျိုး၊

၂။ ရောဂါန္တရကပ် = ရောဂါကြောင့် သေချိန်မရောက်ပဲ ပျက်စီးရခြင်းတစ်မျိုး၊

၃။ ဒုဗ္ဘိက္ခန္တရကပ် = ငတ်လို့သေချိန်မရောက်ဘဲ ပျက်စီးရခြင်းတစ်မျိုး၊

အဲဒီ ကပ်ကြီး (၃)ပါးဟာ သတ္တဝါတွေ လောဘများတဲ့အချိန်၊ ဒေါသများတဲ့အချိန်၊ မောဟများတဲ့အချိန်တွေမှာ ဆိုက်ရောက်တတ်ပါတယ်။

သတ္တဝါတွေ လောဘများတဲ့အချိန်- ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီး ဆိုက်ရောက်တတ်ပါတယ်။

သတ္တဝါတွေ ဒေါသများတဲ့အချိန်- သတ္ထန္တရကပ်ဆိုးကြီး ဆိုက်ရောက်တတ်ပါတယ်။

သတ္တဝါတွေ မောဟများတဲ့အချိန်- ရောဂါန္တရကပ်ဆိုးကြီး ဆိုက်ရောက်တတ်ပါတယ်။

နာဠန္ဒာမြို့ကြီးမှာ အစာရေစာငတ်မွတ်ခေါင်းပါးတဲ့အတွက် သတ္တဝါတွေ သေကျေပျက်စီးကြတယ်။ စိုက်ပျိုးသမျှလဲ မဖြစ်ထွန်းပါဘူးတဲ့။

လူရိုးကောက်ရိုး ဖွေးဖွေးဖြူနေတဲ့အခါပါ။ အဲဒီအချိန်မှာ မြတ်စွာဘုရားက နာဠန္ဒာမြို့ထဲပဲ ဆွမ်းခံကြွတယ်။ သံဃာတော်

အရှင်မြတ်များနဲ့ ဆွမ်းခံကြွတော့ အသိဗန္ဓကရဲ့သား ရှာသူကြီးက သူစောစောကကိုးကွယ်တာက၊ "နိဂဏ္ဌနာဋပုတ္တ- ကချေသည်ရဲ့ သားဦးထုံးမဲ့"ကို ကိုးကွယ်တယ်။

တစ်နေ့ကျတော့ ဘုရားအမည်ခံတဲ့ နိဂဏ္ဌနာဋပုတ်ဆရာကြီး က အသိဗန္ဓကရဲ့သား ရှာသူကြီးကို ခေါ်တယ်။ ခေါ်ပြီးတော့ "ရဟန်း ဂေါတမက သတ္တဝါတွေအပေါ် သနားတတ်တယ်၊ ကြင်နာတတ် တယ်။ သတ္တဝါတွေအပေါ် သနားတာကို ချီးကျူးတယ်၊ မေးကြည့် စမ်း၊ နာဠန္ဒမြို့ကြီး အစာရေစာငတ်မွတ်ခေါင်းပါးနေပါတယ်ဆိုမှ အခု ရဟန်းဂေါတမ တပည့်ရဟန်းတွေနဲ့အတူ ဆွမ်းခံကြွနေတယ်။ အဲဒီတော့ သတ္တဝါတွေအပေါ် သနားဆိုတာနဲ့ ဘယ်နှယ့်လဲ။ ဒီလို "ဥဘတော ကောဋိကပဉ္စာ" အစွန်းနှစ်ဖက်မလွတ်တဲ့ မေးခွန်းမေးပါလို့ ပြောတယ်။ ရှာသူကြီးက ဒါအကွက်ပဲ။ ရဟန်းဂေါတမကို အခက်တွေ့ စေမည့် မေးခွန်းပဲ။

ဒီ "ဥဘတော ကောဋိကပဉ္စာ"ကို မေးပေတော့လို့ ပြောတယ်။

"ဥဘတော ကောဋိကပဉ္စာ" ဆိုတာ နှစ်ဖက်အစွန်းမလွတ်တဲ့ ပဉ္စာ၊ ဒီမေးခွန်းက အထွေးခက် အမျိုးခက်ကြီးပဲ။ ရဟန်းဂေါတမ ဒီတစ်ခါတော့ အခက်တွေ့မယ်လို့ ထင်တယ်ကွာတဲ့။ အဲဒီတော့ မင်းသွားမေးပါတဲ့။ ရှာသူကြီးက သူ့ဆရာခိုင်းတဲ့အတိုင်း မြတ်စွာ ဘုရားစီ သွားပြီး မေးတော့တာပါပဲ။

"အရှင်ဘုရား နာဠန္ဒာမြို့ကြီးဟာ အစာရေစာငတ်မွတ်ခေါင်း ပါးလို့ လူတွေသေကြ ကျေကြတယ်။ လူရိုးကောက်ရိုး ဖွေးဖွေးဖြူနေ တယ်။ သလာကာဝုတ္တာတဲ့ မဲစနစ်နဲ့ ရာရှင်စနဲ့ စားသောက်နေကြ ရတယ်။ အဲဒီ အချိန်အခါမှာ အရှင်ဘုရားဆွမ်းခံကြွတယ်။

အရှင်ဘုရား စောစောတုန်းကပြောတာက သတ္တဝါတွေအပေါ် အစဉ်သနားတယ်ဆို၊ ဘယ်လိုလုပ်ပြီးတော့ အရှင်ဘုရားရဲ့ဝါဒက သတ္တဝါတွေသနားတယ်၊ စောင့်ရှောက်တယ် ဆိုတာ ဖြစ်မလဲ။ ဟော အခုငတ်ပါတယ်ဆိုတဲ့အချိန် ဆွမ်းခံလာတယ်။ တစ်ပါးထဲလဲ မဟုတ်ဘူး။ နောက်ကလဲ အများကြီးလို့ စွဲချက်တင်တဲ့အခါ -

မြတ်စွာဘုရားက "ကမ္ဘာ (၉၀)တိုင် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်နဲ့ ကြည့်လိုက်တယ်။ ချက်ထားတဲ့ဆွမ်းကို လောင်းလှူလိုက်လို့ မွဲသွားတဲ့လူတစ်ယောက်မှ မတွေ့ဘူး။ သပိတ်ထဲ ဆွမ်းလောင်းလိုက်လို့ မွဲသွားတဲ့လူတစ်ယောက်မှ မတွေ့ဘူး။

**အထခေါ ယာနိတာနိကုလာနိ အဍ္ဍာနိ၊**

**မဟဒ္ဓနာနိ မဟာဘောဂါနိ ပဟူတဇာတရူပရဇတာနိ၊**

**ပဟူတ ဝိတ္တူပကရဏာနိ ပဟူတ ဓနဓညာနိ။**

လောကကြီးထဲမှာ အဍ္ဍာနိ= အတွင်းအပ အသုံးအဆောင် များပြောင်ကြွယ်ဝတဲ့ အမျိုးတွေရှိတယ်။ မဟဒ္ဓနာနိ= မြေ၌မြှုပ်ထား များပြားတဲ့ စည်းစိမ်ရှင်တွေလဲ ရှိတယ်။ မဟာဘောဂါနိ= အတွင်းအပ အသုံးအဆောင် များပြောင်တဲ့ပုဂ္ဂိုလ်တွေလဲ မြင်ရတယ်။ ပဟူတဝိတ္တူပ ကရဏာနိ= စိတ်ရဲ့နှစ်သက်ခြင်းကို ဖြစ်စေတတ်တဲ့ အဆင်းတန်ဆာမျိုးစုံ များပြားတယ်။ ပဟူတဇာတရူပရဇတာနိ= ရွှေငွေပိုက်ဆံပေါတယ်။ ဗဟုဓနဓညာနိ= ဥစ္စာစည်းစိမ် ဆန်ရေစပါး ပေါများတဲ့ ပုဂ္ဂိုလ်တွေလဲ တွေ့တယ်။

**သဗ္ဗာနိ တာနိ ဒါနသမ္ဘူတာနိ**

**စေဝ သစ္စသမ္ဘူတာနိစ**

**သာမညသမ္ဘူတာနိစ။**

အဲဒီ ဥစ္စာစည်းစိမ်ကြွယ်ဝတဲ့သူတွေအားလုံး စပါးဆန်ရေ ပေါများတဲ့သူတွေ အားလုံးဟာ ဒါန သမ္ပတ္တိကစေဝ ဒါနကြောင့်လဲ ဖြစ်ကြတယ်။

"သစ္စသမ္ပတ္တိကစ" မှန်ကန်မှုကြောင့်လဲ ရရှိကြတယ်။ "သာမညသမ္ပတ္တိကစ" အကျင့်သီလ သိက္ခာကြောင့်လဲ ရရှိကြတယ်။ သာမညဆိုတာ ရဟန်းဖြစ်ကြောင်း ကောင်းမြတ်သော အကျင့် သိက္ခာ။ ဟော- အကြောင်းသုံးမျိုးကြောင့် ရတယ်။ ဒီတော့ လောက ကြီးထဲမှာ ချမ်းသာတယ်ဆိုတဲ့သူတွေဟာ ဒါနသမ္ပတ္တိကစေဝ- စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းကြောင့်လဲ ရတယ်။ သစ္စသမ္ပတ္တိကစ- မှန်မှန် ကန်ကန် ဆောင်ရွက်ကြလို့လဲ ရတယ်။

ရေစကြိုကျောင်းကြီးရဲ့ ဒါယကာ ဦးချင်း အောက်မြန်မာပြည် မြစ်ဝကျွန်းပေါ်ကို လာပြီး အလုပ်လုပ်တော့ သူဌေးကြီးတွေရဲ့ ယုံကြည်မှုကိုရလို့ "ရေစကြိုဦးချင်း" ဆိုပြီး အလွန်ကြီးကျယ်တဲ့ ကျောင်းကြီးတွေဆောက်ပြီး လှူနိုင်တဲ့အထိ ချမ်းသာလာတာဟာ "သစ္စသမ္ပတ္တိ" ပါပဲ။

"သာမညသမ္ပတ္တိကစ" ရဟန်းဖြစ်ကြောင်း ကောင်းမြတ်တဲ့ အကျင့်သီလ သိက္ခာကြောင့်လဲ ရတတ်ပါတယ်။ အခု သာမည ဆရာတော်တို့၊ ကံ့လုံဆရာတော်တို့ ဆိုတာ ဘယ်လျှောက်ခွက်ထိုး လှည့်လည်အလှူခံမလဲ။ အကျင့်သီလသိက္ခာကြောင့် အလိုလို ရရှိလာကြတာ။

ရှေးအခါတုန်းက မန္တလေးတောင်မှာ သံတန်ဆောင်းကြီးတွေ ဆောက်ခဲ့တဲ့ ရသေ့ကြီးဦးခန္တီဟာ ဘယ်လှည့်အလှူခံနေမလဲ။ သူ့ရဲ့ အကျင့်စရဏကြောင့် ရရှိတာ။

မိုးညှင်းဆရာတော် သမ္ဗုဒ္ဓေစေတီတော်ကြီး တည်တာ။ ဗောဓိတစ်ထောင်ဆရာတော်ကြီး အခုကြီးမားလှတဲ့ဘုရားတွေ တည်နေတာ။

ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား အထက်ဗမာပြည်၊ အောက်ဗမာပြည် ရေချိုရေငန်အစုံ ဘုရားတန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြသာဒ်တွေ တည်ဆောက်ခဲ့တာ ဘယ်လှည်အလှူခံနေမလဲ။ အကျင့်စရဏကြောင့် ရရှိတော်မူကြတာ။ ဒီနေရာမှာ ကမ္ဘာပေါင်း (၉၀)နောက်ပြန်ကြည့်လိုက်တာ ဆွမ်းလောင်းလို့မွဲသွားတာ တစ်ယောက်မှမရှိဘူးလို့ မိန့်တော်မူတယ်။

လောကမှာ ဥစ္စာစည်းစိမ်နဲ့ ပြည့်စုံခြင်း၊ ဆန်ရေစပါး ပေါများကြွယ်ဝခြင်း စသည်တို့ဟာ စောစောကပြောခဲ့တဲ့ အကြောင်းတရားသုံးပါးကြောင့် ရရှိကြတာပါလို့ မြတ်စွာဘုရားက ဖြေကြားတော်မူပြီးတော့ ဆင်းရဲမွဲတေခြင်း အကြောင်းရှစ်မျိုးကို ဆက်ပြီးဟောပါတယ်။

လူတစ်ယောက်ဟာ ဆင်းရဲမွဲတေတယ်တဲ့ "ဝတ်စရာမရှိဖျဉ်တစ်တောင် နေစရာမရှိအိမ်မိုးခေါင်"ကိုး။ အဲဒီလိုဖြစ်ရတာ ဘာကြောင့်လဲဆိုတာ ဘုရားရှင်ဖြေတော်မူတယ်။ တစ်ယောက်နှင့်တစ်ယောက် မေးကြတယ်။ မင်းရွှေရှိသလား မူးလို့တောင် ရှုစရာမရှိဘူး။ ကုန်းကောက်စရာလဲ မရှိဘူး။ မတ်တတ်စာတောင်မဟုတ်ဘူး။ တုံးလုံးစာလဲ ရှာရသေးတယ်တဲ့။ မကျန်းမမာတဲ့အခါသုံးဖို့လဲလိုတဲ့အကြောင်း ပြောတာ။ "မွဲလိုက်တာမှ ဖွတ်ဘိုးအေဖြစ်နေပြီ။ ဖွတ်သည်ထက် ညစ်" ဒီစကားတွေ ရှိတယ်။

တစ်ခါက အိမ်တစ်အိမ်ကို မုန်းလို့ မွဲအောင် ဖွတ်တစ်ကောင်ကို အိမ်ပေါ်အတက်ခိုင်း၊ အဲဒီအချိန် ဖွတ်တက်ခိုင်းတဲ့အိမ်မှာ

အင်္ဂရိတ်သမား ရောက်နေတယ်။ အဲဒီတော့ ဖွတ်ကပြောတယ်။ “ငါတက်စရာ မလိုတော့ဘူး၊ ငါ့ထက်ဆိုးတဲ့ အင်္ဂရိတ်သမား ရောက်နေတယ်”လို့ ပြောပြီး ပြန်သွားသတဲ့။

ကလေးဝဆရာတော်ဘုရားကြီး ပြောဖူးတယ်။ ဟိုတုန်းက ချင်းတွင်းဖက်မှာ ရွှေသဘော်ဦးနန္ဒိယဆိုတာ ရှိသတဲ့။ အိမ်တစ်အိမ်မှာ ရွှေသဘော် ဦးနန္ဒိယ တည်းခိုအိပ်သွားရင် အဲဒီအိမ် မွဲတော့တာပဲတဲ့။

ရှေးအခါကလဲ လောသကတိဿ ဆိုတာ ရှိခဲ့တယ်။ လောသကတိဿ တံငါရွာမှာ ပဋိသန္ဓေနေတယ်။ အိမ်ခြေ တစ်ထောင် ရှိတယ်။ အရင်က အဲဒီတံငါရွာကြီးဟာ ငါးဖမ်းလို့ သိပ်ရတယ်။ သူလဲ ပဋိသန္ဓေနေရော ငါးဖမ်းလို့မရတော့ဘူးတဲ့။ အဲဒီတော့ တံငါတွေက စဉ်းစားကြတယ်။ အင်း ဒို့ရွာတော့ လူယုတ်မာ ရောက်နေပြီ။ လူစုခွဲကြည့်ရင် ကောင်းမယ်လို့တိုင်ပင်ကြီး ငါးရာစီ ငါးရာစီ ခွဲတယ်။ ဒီတော့ သူပါတဲ့ဘက်က ငါးရာက ငါးတစ်ကောင်မှ မရပြန်ဘူး။ အဲဒီလိုဖြစ်တာကိုး။ နောက် ၂၅၀ စီခွဲ၊ ထပ်ခွဲ ထပ်ခွဲ။ ဒီလိုနဲ့ ခွဲထုတ်လိုက်တာ သူကိုယ်ဝန်ဆောင်ထားရတဲ့ မိခင် တစ်ယောက်တည်း ခွဲထုတ်ခံထားရတဲ့ အထိပါပဲ။

ဆိုကြပါစို့။ မွေးဖွားလာတော့လဲ စားစရာ သောက်စရာ မရှိဘူး။ မိခင်ရင်းကကို မင့်ကြောင့် ငါဒုက္ခရောက်ခဲ့တာ ဆိုပြီး ကလေးကို စွန့်ပစ်တော့တာ။ အဲဒီကလေးက အိမ်တွေက စွန့်ပစ်လိုက်တဲ့ ထမင်းကျန်ဟင်းကျန်ကို ကောက်စားနေရတယ်။

တစ်နေ့ကျတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မြင်တော်မူလို့ ခေါ်ပြီး ကိုရင်ဝတ်ပေးတယ်။ ဆိုကြပါစို့၊ ရဟန္တာ

ဖြစ်တယ်။ သို့သော် ရဟန္တာသာဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့နေ့ တစ်ရက်သာ ဝအောင် ဘုဉ်းပေးရပါတယ်။ ဆွမ်းခံကြွတဲ့အခါ ဆွမ်းလောင်းမယ် ဆိုရင် အဲဒီအရှင်ရဲ့သပိတ်က အမြဲပြည့်လျှံနေပါသတဲ့။ တကယ်တော့ ဆွမ်းမရှိဘူး။ သံဃာကုန်ပင့်လဲ အဲဒီ လောသကတိဿအရှင်ရဲ့ သပိတ်ကို ကြည့်လိုက်ရင် သပိတ်က ပြည့်နေသယောင် ထင်ပြီးတော့ မလောင်းကြဘူးတဲ့။

ပရိနိဗ္ဗာန်စံမည့်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က သပိတ်ကို ကိုင်ပေးထားရသတဲ့။ ဘယ်လောက်အထိ အကုသိုလ်ကံ ကြီးသလဲဆိုရင် မကိုင်ထားရင် သပိတ်ထဲက ဆွမ်းက ပျောက်သွား မှာတဲ့။ ဘာကြောင့်လဲဆိုရင် ဘဝတစ်ခုမှာ ရဟန္တာ အရှင်မြတ်တစ်ပါး ကို ကုလမစ္ဆရိယဖြစ်ပြီးတော့ စော်ကားခဲ့တဲ့ အကုသိုလ်အပြစ်ကြီး ကြောင့်ပါပဲ။ လူမုန်းမှာ ကြောက်စရာမကောင်းဘူး။ ကံမုန်းမှာပဲ ကြောက် စရာကောင်းပါတယ်။ လူမုန်းတာ ပုန်းနေလို့ရတယ်။ ကံမုန်းတာက ပုန်းနေလို့မလွယ်ဘူး။

**"လူမုန်း၊ ကံမုန်း ဤနှစ်မုန်း၊ ကံမုန်း ကြောက်စရာ"**

လောသကတိဿမထေရ် ရဟန္တာအရှင်မြတ်ကြီး နောက်ဆုံး တစ်ရက်ပဲ ဆွမ်းဝဝဘုဉ်းပေးရရှာတယ်။

ရှာသူကြီး ဆင်းရဲမွဲတေခြင်းအကြောင်း (၈)မျိုးကို ဟောမယ် လို့မိန့်တော်မူပြီး ဆင်းရဲမွဲတေခြင်းအကြောင်း (၈)မျိုးကို ဟောပါတယ်။

**အဋ္ဌခေါ ဂါမဏိဟေတူ အဋ္ဌပစ္စယာ။**

၁။ မင်းကြောင့်လဲ မွဲတတ်တယ်၊ မင်းက ဥပဒေနဲ့အညီ ဆောင်ရွက်တာဆိုတော့ ဥပဒေဘောင်အတွင်းက ဆောင်ရွက်ရင် ကိုယ်က ဥပဒေနှင့်ညီရန် ဂရုပြုဖို့ လိုပါတယ်။

၂။ သူခိုးကြောင့်လဲ မွဲတတ်တယ်။ သူခိုးဆိုတာ စည်းမဲ့ကမ်းမဲ့ ခိုးတာပဲ။

၃။ မီးကြောင့်လဲ မွဲတတ်တယ်။

၄။ ရေကြောင့်လဲ မွဲတတ်တယ်။

၅။ မြှုပ်ထားတဲ့ ပစ္စည်းနေရာရွေ့သွားရင် မွဲတတ်တယ်။

၆။ မကျွမ်းကျင်သောအလုပ်ကို လုပ်ရင် မွဲတတ်တယ်။

၇။ အမျိုးမီးခဲကြောင့်လဲ မွဲတတ်တယ်။ အမျိုးထဲမှာ အမျိုးမီးခဲ ပေါ်တတ်တယ်။ ချမ်းသာတဲ့မိဘပဲ။ သားသမီးထဲမှာ မီးခဲလေး ပါလာတတ်တယ်။ အမျိုးမီးခဲ ပါလာရင် မွဲတတ်တယ်။ အမျိုးမီးခဲက ဥစ္စာစည်းစိမ်ကို ကြဲဖြန့်တတ်တယ်၊ မှုတ်ထုတ်တတ်တယ်၊ ဖျက်ဆီးတတ်တယ်။ အမွေခံဆိုးကြောင့်ပါပဲ။

၈။ မမြဲတဲ့အနိစ္စသဘောအရ မွဲတတ်ပါတယ်။ ဘယ်လောက် ချမ်းသာချမ်းသာ အနိစ္စသဘောအရ မွဲတတ်ပါတယ်။ ကမ္ဘာ့လူဦးရေ သန်းပေါင်း (၆၃၀၀)ရှိရာ တစ်နေ့ တစ်ဒေါ်လာအောက် ရရှိသူ သန်း (၆၀၀)လောက်ရှိတယ်။ ဆင်းရဲဆို မှန်ကန်မှုမရှိ၊ သီလချို့တဲ့ကြတာ များပါတယ်။ ရှာသူကြီး အဲဒီ (၈)မျိုးကြောင့် မည်သည့်ပုဂ္ဂိုလ်မဆို မွဲတတ်ပါတယ်။ ချမ်းသာခြင်း အကြောင်း (၃)မျိုးက -

ဒါန = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

သစ္စ = မှန်ကန်မှုရှိခြင်း၊

သာမည = အကျင့်သီလ သိက္ခာစရဏနှင့် ပြည့်စုံခြင်း

ဒီသုံးမျိုးဟာ ချမ်းသာခြင်းအကြောင်း (၃)မျိုးပါပဲ။

**မွဲခြင်းအကြောင်း (၈)မျိုး-**

- မင်း
- သူခိုး
- မီး
- ရေ
- မြှုပ်ထားတဲ့ပစ္စည်းရွှေ့သွားခြင်း
- မကျွမ်းကျင်သောအလုပ်ကို လုပ်ခြင်း
- အမျိုးမီးခဲ ပေါ်ခြင်း၊ အမွေခံဆိုး ပေါ်ခြင်း၊
- အနိစ္စသဘော တို့ဖြစ်ပါတယ်။

ရွာသူကြီး ငါဘုရားကို -

- သတ္တဝါတွေ အကြွင်းမဲ့ဖြတ်ဖို့ရာ ကျင့်တယ်။
- သတ္တဝါတွေ ဆင်းရဲမွဲတေဖို့ ကျင့်တယ်။
- သတ္တဝါတွေ နှိပ်စက်ဖို့ ကျင့်တယ်လို့ပြောဆိုရင် ဒီပုဂ္ဂိုလ်ဟာ သေလျှင် ငရဲရောက်မှာ သေချာပါတယ်။

ရွာသူကြီးက ဘုရားဟောသမျှ သဘောကျပြီးတော့ သရဏဂုံတည်သွားပါတယ်။ ဗုဒ္ဓဘာသာ ဖြစ်သွားတယ်။ မြတ်စွာဘုရားတို့ရဲ့ ထုံးစံကတော့ မဟာကရုဏာစာတ် သတ္တဝါတို့အပေါ် သနားကြင်နာတတ်တဲ့စိတ်ဓာတ်၊ သူက စွပ်စွဲတာက ဆွမ်းခံကြွလာတာနဲ့ အကြင်နာမဲ့၊ ကရုဏာမဲ့တယ်လို့ စွပ်စွဲတာ။

**“သဗ္ဗောဒိတော ကာရုဉေန၊ နာထော ပရတ္ထ မာဝဟော။**

**ကရော ပယာတ နိဗ္ဗာနံ၊ ဩသဇ္ဇ ဒုက္ကရံ ကရံ။”**

နာထော= သတ္တဝါအများ ဗိုလ်ခြေများ၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည်၊ ကာရုဉေန= သတ္တဝါခပင်း သနားခြင်း

ကြောင့် ထန်ပြင်းလှစွာ မဟာကရုဏာတော်သည်၊ သဒ္ဒေါဒိတော= အဖန်ဖန် အထပ်ထပ် တိုက်တွန်းအပ်သည်ဖြစ်၍၊ ကရောပယာတ= နိဗ္ဗာနံ= လက်တော်သို့ ရရောက်အပ်ပြီးသော နိဗ္ဗာန်ချမ်းသာတော်ကို၊ ဩသဇ္ဇ= စွန့်လွှတ်တော်မူ၍၊ ဒုက္ကရံ= အခြားသူတို့ ကျင့်ကြံဖို့ဝေး ကြံတွေးယုံမျှ ခက်ခဲလှသော ဒုက္ကရစရိယ အကျင့်ကြီးကို၊

ကရံကရောန္တော= ခြောက်နှစ်တာပတ်လုံး ကျင့်သုံးတော်မူလျှက်၊ ပရတ္ထံ= လူနတ်ပြဟ္မာ သတ္တဝါများ သူတစ်ပါး၏ အကျိုးစီးပွားကို၊ အာဝဟော= ကျင့်ဆောင်တော်မူပါပေသတည်း။ အာဝဟော= ဒါနစသည် ပါရမီတရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်၍ ဆောင်ရွက်တော်မူပါပေသတည်း။

မြတ်စွာဘုရား၏ မဟာကရုဏာစာတ် နှိုးဆော်တိုက်တွန်းလို့ သုမေဓာရသေ့ ဘဝက ရမည့် နိဗ္ဗာန်ကို စွန့်လွှတ်ပြီး ဘဝပေါင်းများစွာ ရေထုမြေပြင် မိုးကောင်းကင်မက ပါရမီတရားတွေကို ဖြည့်ဆည်း မယုတ် အားထုတ်ပြီးတော့ လူနတ်ပြဟ္မာ သတ္တဝါတို့ရဲ့ အကျိုးငှာ ကျင့်တော်မူခဲ့တဲ့ မြတ်စွာဘုရား။ အဲဒီ မြတ်စွာဘုရားကို နိဂဏ္ဍနာဋ္ဌပုတ်ဆရာကြီးနဲ့ အသိဗန္ဓကရဲ့သား ရွာသူကြီးတို့ တိုင်ပင်ပြီး "ဥဘတော ကောဋိကပုစ္ဆာ" နှစ်ဖက်အစွန်း မလွတ်တဲ့ မေးခွန်းကို မေးပြီးတော့ အထွေးခက် အမျိုခက်အောင် ဆောင်ရွက်ကြတယ်။

မြတ်စွာဘုရားက အားလုံးအသာတကြည်နဲ့ ဖြေရှင်းပေးလိုက်တော့ ရွာသူကြီး သဘောကျသွားတယ်။ သူ့ဆရာ နိဂဏ္ဍနာဋ္ဌပုတ်ကြီးလည်း သဘောကျသွားမှာပေ့ါလေ။ သူကတော့ သဘောကျပေမယ့် ဗုဒ္ဓဘာသာကို မပြောင်းနိုင်ဘူး။ တပည့်ဖြစ်တဲ့ ရွာသူကြီးကတော့ ဗုဒ္ဓဘာသာခံယူပြီး ဘုရား တရား သံဃာတော်များကို ကိုးကွယ်ပြီးတော့

မြတ်စွာဘုရားရဲ့ မဟာကရုဏာစေတ်ကို ယုံကြည်ကိုးစားသွားတာ သာဓုခေါ်စရာပါပဲ။

**သဗ္ဗောဒိတော ကာရုညေန၊ နာထော ပရတ္ထ မာဝဟော။**

**ကရော ပယာယ နိဗ္ဗာနံ၊ ဩသဇ္ဇ ဒုက္ကရံ ကရံ။**

နာထော= သတ္တဝါအများ ဗိုလ်ချေများ၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည်၊ ကာရုညေန= သတ္တဝါခပင်း သနားခြင်းကောင့် ထန်ပြင်းလှစွာ မဟာကရုဏာတော်သည်၊ သဗ္ဗောဒိတော= အဖန်ဖန် အထပ်ထပ် တိုက်တွန်းအပ်သည်ဖြစ်၍၊ ကရောပယာတ နိဗ္ဗာနံ= လက်တော်သို့ ရရောက်အပ်ပြီးသော နိဗ္ဗာန်ချမ်းသာတော်ကို၊ ဩသဇ္ဇ= စွန့်လွှတ်တော်မူ၍၊ ဒုက္ကရံ= အခြားသူတို့ ကျင့်ကြံဖို့ဝေးကြံတွေးယုံမျှ ခက်ခဲလှသော ဒုက္ကရစရိယအကျင့်ကြီးကို၊ ကရံ ကရောန္တော= ခြောက်နှစ်တာပတ်လုံး ကျင့်သုံးတော်မူလျှက်၊ ပရတ္ထံ= လူနတ်ပြဟ္မာ သတ္တဝါများ သူတစ်ပါး၏ အကျိုးစီးပွားကို၊ အာဝဟော= ကျင့်ဆောင်တော်မူပါပေသတည်း။ အာဝဟော= ဒါနစသည် ပါရမီတရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်၍ ဆောင်ရွက်တော်မူပါပေသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
## ပရိယတ္တိသာသနဟိတဓရ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
# (၉၅)ကြိမ်မြောက်

ယနေ့ သာသနာတော်နှစ် ၂၅၅၀ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု။ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့။

ဒီကဆုန်လပြည့် ဗုဒ္ဓနေ့ဟာ ၂၅၉၅ ကြိမ်မြောက် ဗုဒ္ဓနေ့။ ပွင့်တော်မူတဲ့နေ့က ပြောမယ်ဆိုရင် ၂၅၉၅ ကြိမ်မြောက် ကဆုန်လပြည့် ဗုဒ္ဓနေ့ပါပဲ။ ဖွားတော်မူကဲ့နေ့က ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ၂၆၃၀ ကြိမ်မြောက် ကဆုန်လပြည့် ဗုဒ္ဓနေ့။ ဗျာဒိတ်ပန်းဆင်မြန်းခဲ့တဲ့ နေ့ကို မျှော်ပြီးတော့ ကြည့်မယ်ဆိုရင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း နှင့် သာသနာနှစ် ၂၅၉၅ ကြိမ်မြောက် ကဆုန်လပြည့်ဗုဒ္ဓနေ့။ ပရိနိဗ္ဗာန် စံတော်မူတဲ့နေ့ကို အခြေခံပြီး ပြောမယ်ဆိုရင်တော့ ၂၅၅၀ ကြိမ် မြောက် ကဆုန်လပြည့် ဗုဒ္ဓနေ့လို့ ဒီလိုပြောနိုင်ပါတယ်။

**ဘုရားရှိသလား၊ မရှိဘူးလား**

အဲဒီလောက် ကြာသွားပြီ။ အဲဒီလောက် ကြာသွားတော့ မေးခွန်းတစ်ပုဒ် ဖြစ်ခဲ့ဖူးပါတယ်။ "ဘုရားရှိသလား၊ ဘုရားမရှိဘူးလား" တဲ့။

ယနေ့ ဗုဒ္ဓနေ့မှာ အားတက်မှုရှိအောင် ထိုက်တန်သလောက် ပြောကြားပါ့မယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း (၅၀၀)၊ အဲဒီအချိန်က ခရစ်တော်မပေါ်သေးပါဘူး။ ခရစ်ပေါ်ဖို့ရာ နှစ်တစ်ရာလောက် လိုပါသေးတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နောက် နှစ်ပေါင်း (၅၀၀)ခန့်မှာ အရှင်နာဂသိန်မထေရ်မြတ်နှင့် မိလိန္ဒ မင်းကြီးတို့ ပေါ်ထွန်းခဲ့တယ်။

မိလိန္ဒမင်းကြီးက မျှော်လင့်ချက် (၇)မျိုးကို အခြေခံထားပြီး တော့ ထားရှိရမယ့် အချက်အလက် (၄)မျိုး ထားရှိပြီးမှ အရှင်နာဂသိန် ထံရောက်သွားတယ်။ မျှော်လင့်ချက်ဆိုတာက -

(၁) သိလိုတယ်၊
(၂) ကြားလိုတယ်၊
(၃) နားထောင်လိုတယ်၊
(၄) ဉာဏ်ရောင်တွေ ရှုမြင်လိုတယ်၊
(၅) မသိမမြင်မှုကို ပယ်ဖျောက်လိုတယ်၊
(၆) ဉာဏ်အရောင်အလင်းကို ဖြစ်စေလိုတယ်၊
(၇) အဝိဇ္ဇာအမှောင်ကို ဖျက်ဆီးပြီး အလင်းဓာတ်ကြီး ရလိုတယ်။

ရည်ရွယ်ချက် (၇)မျိုးနဲ့ လွှန်ခဲ့တဲ့ တည်ကြည်မှု၊ အားထုတ်မှု၊ သတိ၊ ပညာများကို မိမိသန္တာန်မှာ ဖြစ်စေပြီး လက်ကိုင်ထားပြီး

အရှင်မြတ်ထံ ရောက်လာပါတယ်။ ရောက်လာပြီး ဘာမေးသလဲ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတာက နှစ်(၅၀၀)ဆိုတော့-

မိလိန္ဒမင်းကြီး ။ ။ "အရှင်ဘုရား၊ အရှင်ဘုရားဟာ မြတ်စွာဘုရားကို ဖူးမြင်ဘူးပါသလား။"

အရှင်နာဂသိန် ။ ။ "မဖူးမြင်ဘူးပါဘူး"လို့ ဖြေတယ်။

မိလိန္ဒမင်းကြီး ။ ။ "အရှင်ဘုရား မဖူးမြင်ဘူးတာထားတော့ အရှင်ဘုရားရဲ့ ဆရာများကော ဖူးမြင်ဘူးပါသလား"တဲ့။

အရှင်နာဂသိန် ။ ။ "မဖူးမြင်ဘူးပါဘူး"လို့ ပြန်ဖြေတယ်။

မိလိန္ဒမင်းကြီး ။ ။ "အဲဒီလိုဆိုရင် ဘုရားမရှိဘူးလို့ မဆိုသင့်ဘူးလား ဘုရား"လို့ လျှောက်တင်တယ်။

အဲဒီအခါမှာ အရှင်နာဂသိန်မထေရ်က ပြန်ပြီးတော့ မိန့်တယ်၊ မေးတယ်။ တစ်ချို့ မေးခွန်းတွေက ခွန်းတုန့်ပြန်မေးပြီးမှ အဖြေထွက်လာတယ်။ အင်္ဂလိပ်တစ်ယောက် မှန်ဘီလူးကိုင်ဆောင်လျှက် သင်္ဂဇာဆရာတော် လာမေးတယ်။ "ဘုရားကိုယ်က အကြီးကြီးပဲ၊ မုန်ညင်းစေ့လေးထဲဝင်ပြီး စကြ်န်လျှောက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"တဲ့။

သင်္ဂဇာဆရာတော်က သူ့ထံမှ မှန်ပြောင်းနဲ့ မန္တလေးတောင်ကို ကြည့်ပြီး မှန်ပြောင်းလေးထဲ မန္တလေးတောင် မဝင်ဘူးလားလို့ ပြန်မေးလိုက်တော့မှ အဖြေထွက်လာတာ ရှိဖူးတယ်။

တစ်ချိန်က ရွှေမန်း ဦးကေသရထံ အင်္ဂလိပ်တစ်ယောက် ရောက်လာပြီး ဘုရားတစ်ဆူတည်း မန္တလေးတောင်ပေါ် ဘုရားတွေ အများကြီး ဘာကြောင့်ထားရသလဲတဲ့။

ဒီအဖြေ တိပိဋကရေတွေ မဖြေနိုင်ဘူး။ ဒီက ဖြေမယ်တဲ့။ မင်းတို့ဆီမှာ ဘုရင်မတစ်ယောက်တည်း။ အိမ်တိုင်းမှာ မရှိဘူးလားလို့

ပြန်မေးလိုက်ရုံနဲ့ အဖြေထွက်သွားခဲ့ဘူးတယ်။

အရှင်နာဂသိန် ॥ ॥ "မင်းကြီး သင်ရဲ့ မင်းမျိုးမင်းနွယ်မှာ အစဦးဆုံး မင်းဆိုတာ မရှိဘူးလား"လို့ ပြန်မိန့်တယ်၊ မေးတယ်။

မိလိန္ဒမင်းကြီး ॥ ॥ "ရှိပါတယ်ဘုရား"။

အရှင်နာဂသိန် ॥ ॥ "သင်တို့ရဲ့ အစဦးဆုံးမင်းကို သင်မြင်ဘူးပါသလား"။

မိလိန္ဒမင်းကြီး ॥ ॥ "မမြင်ဘူးပါဘုရား။"

အရှင်နာဂသိန် ॥ ॥ "သင်နှင့်တကွ ပုရောဟိတ်များ၊ စစ်သူကြီးများ၊ ဝန်ကြီး၊ အမတ်ကြီးများ သင်တို့ရဲ့ အစဦးဆုံးမင်းကို မြင်ဘူးပါသလား" ဆိုတော့။

မိလိန္ဒမင်းကြီး ॥ ॥ "မမြင်ဖူးပါဘူး။ တပည့်တော်လဲ မမြင်ဖူးဘူး။ တပည့်တော်ကို ဆုံးမနေကြတဲ့ ပုရောဟိတ်၊ အမတ်၊ စစ်သူကြီးများလဲ အစဦးဆုံးမင်းကို မမြင်ဖူးပါဘူးဘုရား။"

အရှင်နာဂသိန် ॥ ॥ "ဒါဖြင့် သင်မင်းကြီးတို့ရဲ့ မင်းမျိုးမင်းနွယ်မှာ အစဦးဆုံးမင်း ရှေးအကျဆုံးမင်း ဆိုတာ မရှိဘူးပေါ့"။

မိလိန္ဒမင်းကြီး ॥ ॥ "ရှိပါတယ်ဘုရား"။

အရှင်နာဂသိန် ॥ ॥ "သင်မင်းကြီးတို့ရဲ့ အစဦးဆုံးမင်း၊ ရှေးအကျဆုံးမင်းဆိုတာ ရှိတယ်ဆိုတာ ဘယ်လိုနည်းနဲ့ သိနိုင်သလဲ"ဆိုတော့

မိလိန္ဒမင်းကြီး ॥ ॥ "တပည့်တော်များရဲ့ မင်းမျိုးမင်းနွယ်မှာ အသုံးဆောင်ထီးဖြူ၊ နဖူးသင်းကျစ်၊ ခြေနင်း၊ သားမြီးယပ်၊ သံလျက်၊ သလွန်၊ ညောင် စောင်းတွေ ရှိနေပါတယ် ဘုရား။ အဲဒီလို အသုံးဆောင်တွေကို ကြည့်သော အားဖြင့် တပည့်တော်တို့ရဲ့ မင်းမျိုးမင်းနွယ် မှာ အစဦးဆုံးမင်း၊ ရှေးကျတဲ့မင်း ရှိပါတယ် လို့ ယုံကြည်ရပါတယ်ဘုရား"လို့ လျှောက် ထားတယ်။

**ဘုရားရှိတယ်**

အရှင်နာဂသိန် ॥ ॥ "အဲဒီလိုပဲ သစ္စာလေးပါး သိတော်မူတဲ့ မြတ်စွာဘုရား လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်က ယခုအနေနဲ့ ပြောတာပါ။ အရှင် နာဂသိန်ဖြေစဉ်က လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀၀)ကျော်က သိ၊ ပယ်၊ ဆိုက်၊ ပွား သစ္စာလေးပါး လေးပါးကိစ္စ အပိုင်ရတဲ့ ဘုရားရှင်ရဲ့ အသုံးအဆောင် မဟာသတိ ပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင် ဆိုတဲ့ ဘုရားအသုံး အဆောင်တွေ ကြည့်ပြီးတော့ အနုမာန မှန်းဆသောအားဖြင့် -

**ဗဟုဇနေ တာရယိတွာ၊ နိဗ္ဗုတော ဥပဓိက္ခယေ။**
**အနုမာနေန ဉာတဗ္ဗံ၊ အတ္ထိ သောဒ္ဓိပဒုတ္တမော။**

ဗဟုဇနေ= သတ္တဝါအပေါင်းတို့ကို၊ တာရယိတွာ= ကယ်တင်တော်မူ၍၊ ဥပဓိက္ခယေ= ဥပဓိတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌၊ နိဗ္ဗုတော= ငြိမ်းချမ်းတော်မူခဲ့လေပြီ။ တသ္မာ= ထိုကြောင့်၊ သောဒ္ဓိပဒုတ္တမော= ထိုသုံးလောကထွဋ်ထား မြတ်ဘုရားသည်၊ အတ္ထိ= ရှိပါပေ၏။

မဟာသတိပဋ္ဌာန်ကျင့်စဉ်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင် ဒီတရားတော်တွေ ဘုရားရှင်တို့ရဲ့ အသုံးအဆောင်တွေ ကြည့်ပြီးတော့ ထိုသုံးလောကထွဋ်ထား မြတ်ဘုရားသည် ရှိပါပေ၏။ ဤသို့ ဉာဏ်ဖြင့် မှန်းဆသောအားဖြင့် သိအပ်ပါပေ၏လို့ ဖြေတော်မူတယ်။

မိလိန္ဒမင်းကြီးလဲ သဘောကျသွားတယ်။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မြတ်စွာဘုရားရဲ့ အသုံးအဆောင် မဟာသတိပဋ္ဌာန် ကျင့်စဉ်တရား၊ သိက္ခာသုံးပါးကျင့်စဉ်၊ မဂ္ဂင်ကျင့်စဉ်၊ ဒီကျင့်စဉ်တွေကို ညွှန်ပြနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘုရားမစစ်ပဲနဲ့ ဘုရားမမှန်ပဲနဲ့ မညွှန်ပြနိုင်ဘူး။ ဘုရားရှင်ရဲ့ အသုံးအဆောင်ဖြစ်တဲ့ ဗောဓိပက္ခိယတရားတော်တွေ ဘုရားရှင်ရဲ့ အသုံးအဆောင်တရားတွေ ဒီတရားတွေကို ကြည့်ပြီး မှန်းဆသောအားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်က ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရား မှန်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၅၀ နှစ်က ပရိနိဗ္ဗာန်စံသွားတဲ့ ဗုဒ္ဓမြတ်စွာဘုရားအား မှန်းဆပြီးတော့ ယုံကြည်ရတယ်၊ လက်ခံကြရတယ်၊ အားထားကြရတယ်။

ဒီနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့ ယုံကြည်တယ်၊ အားကိုးတယ်၊ အားထားတယ်။ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ မြတ်စွာဘုရားရဲ့ အသုံး

အဆောင်ဖြစ်တဲ့ တရားတော်တွေကို စွမ်းနိုင်သမျှ သုံးဆောင်ကြမယ် လို့ အားတင်းနေတဲ့ အချိန်ပါပဲ။

**တရားမြို့တော်**

မိလိန္ဒမင်းကြီးက ဒီလောက်ထင်ရှားတဲ့ ဥပမာပေးတော်မူပါဦး ဘုရားလို့ ထပ်လျှောက်တယ်။ မြို့တည်ဆောင်ကြသလိုပဲတဲ့။ မန္တလေး မြို့ကြီး တည်ထောင်ကြတယ်။ အခု နေပြည်တော်မြို့ကြီး တည်ထောင်ကြတယ်။

မြို့တည်ထောင်တဲ့ ပုဂ္ဂိုလ်များက မြို့ရဲ့အင်္ဂါ၊ မြို့ရဲ့အချက် အလက်တွေ ပြည့်စုံအောင် နန်းတော်ကြီးတွေရှိသလို ကျုံးကြီးတွေ ရှိတယ်။ မြို့ရဲ့အင်္ဂါ အစိတ်အပိုင်း အချက်အလက်တွေနဲ့ ပြည့်စုံ အောင် လမ်းမကြီးတွေ၊ လမ်းသွယ်တွေ၊ လမ်းဆုံတွေ စုံနေအောင် တည်ဆောက်ရတယ်။

အင်ဂျင်နီယာတစ်ယောက်၊ လက်သမားဆရာ၊ ဗိသုကာ တစ်ယောက်၊ မြို့တော်ဝန်က စီမံတည်ဆောက်လို့ ပြီးမြောက်သွားပြီ ဆိုတဲ့အခါ တည်ထောင်ထားတာကို ကြည့်ပြီး ပညာရှိတဲ့ ပုဂ္ဂိုလ်များက "အချင်းတို့ ဤမြို့ကို တည်ထောင်ထားတဲ့ အင်ဂျင်နီယာ၊ လက်သမား ဆရာ၊ ဗိသုကာ၊ မြို့တော်ဝန်ဟာ ကျွမ်းကျင်လိမ္မာပါပေတယ်"လို့ အမြင်အတိုင်း ချီးကျူးစကား ပြောတယ်။

အဲဒီလိုပဲ မြတ်စွာဘုရားက တရားမြို့တော်ကြီး တည်ထောင် ခဲ့တာ စီမံလို့ ပြီးမြောက်သွားပြီဆိုတဲ့အခါ တည်ထောင်ထားတာကို ကြည့်ပြီး ပညာရှိတဲ့ ပုဂ္ဂိုလ်များက "အချင်းတို့ ဤမြို့ကို တည်ထောင် ထားတဲ့ အင်ဂျင်နီယာ၊ လက်သမားဆရာ၊ ဗိသုကာ၊ မြို့တော်ဝန်က

အင်မတန် ကျွမ်းကျင်လိမ္မာပါပေစွ”လို့ အမြင်အတိုင်း ချီးကျူးစကား ပြောတယ်။

အဲဒါကိုပဲ မြတ်စွာဘုရား တည်ထောင်တော်မူတဲ့ တရားမြို့တော်၊ တရားနိုင်ငံတော်ကြီး မြတ်စွာဘုရား တည်ထောင်တော်မူတဲ့ တရားမြို့တော်ကြီးမှာ ဘာတွေရှိသလဲ။

သီလတည်းဟူသော မြို့ရိုးတံတိုင်းကြီးရှိတယ်။ ယောဂီသူတော်စင်များ (၈)ပါးသီလ စောင့်ထိန်းနေကြဖို့ အကျဉ်းချုပ်သီလ ပေးခဲ့တယ်။ ကာယကံမှု၊ ဝစီကံမှု ရန်သူတွေ ကာရန်ပြီးထားတာ။ ကာယကံမှု၊ ဝစီကံမှု ကျူးလွန်မှုမဖြစ်အောင် သီလဆိုတဲ့ တံတိုင်းကြီးနဲ့ ကာထားတာ။

ဟိရီခေါ်တဲ့ ကျုံးမြောင်းကြီးကလဲ နက်နက်ရှိုင်းရှိုင်း တူးထားတာ။ အကုသိုလ်ရန်သူတွေ ဝင်ရောက်မနှောက်ယှက်နိုင်အောင် ဟိရီဆိုတဲ့ ကျုံးကြီး မြတ်စွာဘုရားရဲ့ တရားမြို့တော်မှာ ရှိတယ်။ ဉာဏ်ဆိုတဲ့ တံခါးမုခ်ကြီးကလဲ အင်မတန်ကြီးကျယ်တယ်။ သဗ္ဗညုတဉာဏ်တော်တည်းဟူသော တံခါးမုခ်။ ဝီရိယက ပြအိုး၊ သဒ္ဓါတရားက တုရိုင်းတိုင်၊ ရတနာသုံးပါး ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါက တုရိုင်းတိုင်။ သတိဆိုတဲ့ တံခါးစောင့်လဲရှိတယ်။ တရားအားထုတ်တဲ့ အခါမှာ သတိဆိုတဲ့ တံခါးစောင့်နဲ့ အဝင်အထွက် စောင့်ဖမ်းကြရတာ။ ရုပ်တရား နာမ်တရားတို့ကို မြင်နိုင်တဲ့ အသိဉာဏ်ပညာ ပြသာဒ်ရှိတယ်။ ပြသာဒ်ပေါ်က ကြည့်လိုက်ရင် ထင်းကနဲ ရှင်းကနဲ လင်းကနဲ မြင်နိုင်တယ်။ သုတ္တန်ဒေသနာဆိုတဲ့ လမ်းဆုံလဲ ရှိတယ်။ ဝိနည်းဒေသနာခေါ်တဲ့ အဆုံးအဖြတ်မှတ်တိုင်လဲ ရှိတယ်။ သတိပဋ္ဌာန်တည်းဟူသော လမ်းမတော်ကြီးလဲ ရှိတယ်။

မြတ်စွာဘုရားရဲ့ တရားမြို့တော်မှာ မဟာသတိပဋ္ဌာန်ဆိုတဲ့ ဗဟိုလမ်းမကြီးပေါ်မှာ ဈေးရုံကြီး (၈)ရုံရှိတယ်။

(၁) ပန်းဈေးရုံ

(၂) နံ့သာဈေးရုံ

(၃) အသီးဈေးရုံ

(၄) အဆိပ်ဖြေဈေးရုံ

(၅) ဆေးဈေးရုံ

(၆) အမြိုက်ရေစင်ဈေးရုံ

(၇) ရတနာဈေးရုံ

(၈) ကုန်မျိုးစုံရုံ

မြတ်စွာဘုရားရဲ့ မဟာသတိပဋ္ဌာန်တည်းဟူသော လမ်းမကြီးပေါ်မှာ ဈေးရုံကြီး (၈)မျိုးရှိရာ မြတ်စွာဘုရားရဲ့ ပန်းဈေးရုံမှာ အာရုံ (၂၇)မျိုး။

အနိစ္စသညာ= မမြဲဘူးဆိုတဲ့ အမှတ်သညာ၊

ဒုက္ခသညာ= ဆင်းရဲဆိုတဲ့ အမှတ်သညာ၊

အနတ္တသညာ= မပိုင်မစိုးဆိုတဲ့ အမှတ်သညာ၊

အာဒီနဝသညာ= အပြစ်အနာဆိုတဲ့ အမှတ်သညာ၊

အသုဘသညာ အစရှိသည်တဲ့။ အာနာပါနသ္သတိ အပါအဝင် အာရုံနဲ့ပိုင်းခြားပြီး ပြထားတဲ့ ဈေးရုံကြီး မဟာသတိပဋ္ဌာန်ဆိုတဲ့ လမ်းမကြီးပေါ်မှာ ခင်းကျင်းထားတဲ့ ပန်းဈေးရုံကြီး။ အဲဒီ ပန်းဈေးရုံမှာ သုံးစွဲမယ်ဆိုရင် (၂၇)မျိုးရှိပါတယ်။ အာရုံတွေပါပဲ။

အဲဒီ (၂၇)မျိုးထဲမှာ အခုယောဂီတို့ စတင်အားထုတ်ရမည့် အာနာပါနသ္သတိလဲ ပါပါတယ်။ အဲဒါကို ဘယ်လိုများ ဝယ်ခြမ်းရမည်လဲဆိုတော့ -

**ကမ္မမူလံ ဂဟေတွာန၊ အာပဏံ ဥပဂစ္ဆထ။**

ကမ္မမူလံ= ကံတည်းဟူသော အဖိုးအခကို၊ ဂဟေတွာန= ကိုင်ယူပြီး၍ မိမိကြိုးစား အားထုတ်နေတဲ့လုပ်အား၊ ဒီလုပ်အားကို မိမိလက်ထဲကိုင်သွားတာ ဒါငွေပဲ။ အာပဏံ= ဈေးရုံဆီသို့ ဥပဂစ္ဆထ= ကပ်ရောက်ကြကုန်လော့။

မိမိအားထုတ်ခြင်းဆိုတဲ့ လုပ်အားတည်းဟူသော ငွေကို ယူ၍ ဈေးသွားပါ။ စောစောကပြောတဲ့ တရားမြို့တော် မဟာသတိပဋ္ဌာန် ဆိုတဲ့ လမ်းမတော်ကြီး ဗဟိုလမ်းကြီးဘေးမှာ ဈေးရုံကြီး (၈)ရုံ ရောင်းချပြီးနေခဲ့တာဆိုရင် နှစ်ပေါင်း ၂၅၉၅ နှစ်ရှိသွားပြီ။

နှစ်ပေါင်း ၂၅၉၅ နှစ်ဆိုတော့ သာသနာ ၅၀၀၀ နဲ့ ပြောမယ် ဆိုရင် ဈေးပေါင်ကျိုးအချိန်ကာလ၊ အဲဒီ ဈေးပေါင်ကျိုး အချိန်ကာလ ဆိုတာ -

"ရာတန် (၁၀)၊ ထောင်တန် (၁၀) ပေးလို့ဝယ် ဘယ်မင်းဘုရား ဈေးဆိုင်နည်း"။

တစ်ရာတန်တဲ့ပစ္စည်းလဲ (၁၀)ပဲ၊ တစ်ထောင်တန်တဲ့ ပစ္စည်းလဲ (၁၀)ပဲ၊ တစ်သောင်းတန်တဲ့ ပစ္စည်းလဲ (၁၀)ပဲ၊ တစ်သိန်းတန်လဲ (၁၀)ပဲ ပေးရမယ်။

"ရာတန် (၁၀)၊ ထောင်တန် (၁၀) ပေးလို့ဝယ် ဘယ်မင်း ဘုရား ဈေးဆိုင်နည်း"။

အဲဒါ ဘုရားဈေးဆိုင်ပဲ။ ခင်းကျင်းထားတဲ့ ဈေးရုံ (၈)ရုံ။ မြတ်စွာဘုရားက လောကသားတို့အတွက် စုံနေအောင် ခင်းကျင်း ထားပါတယ်။ ကမ္မမူလ= မိမိရဲ့လုပ်ငန်းဆိုတဲ့ အသပြာကိုင်ထားပြီး ဈေးပေါင်ကျိုးအခါကာလ၊ ဒါကြောင့် -

"နှစ်ထောင်ကျော်ဟိုး၊ ဈေးပေါင်ကျိုး၊ တိုးလို့ဝယ်လိုက်ပါ"

**ကမ္မံမူလံ ဂဟေတွာန၊ အာပဏံ ဥပဂစ္ဆထ။**

**အာရမ္မဏံ ကိဏိတွာန၊ တတော မုစ္စထ မုတ္တိယာ။**

အာရုံဈေးဆိုင် ဈေးရုံမှ အာရုံ (၂၇)ပါးထဲက တစ်မျိုးမျိုး ကြိုက်တာဝယ်ပြီး မောဟစတဲ့ အမူအကျင့်တွေက လွတ်ပြီးတော့ သန့်ရှင်းစင်ကြယ်တဲ့အဖြစ်မှာ တည်ရှိနိုင်ပတယ်။ မြတ်စွာဘုရား တရားမြို့တော်နဲ့ ပတ်သက်ပြီး ယခုလို တိုက်တွန်းစကား ရှိတဲ့အတိုင်းပဲ မြတ်စွာဘုရားရဲ့ တရားမြို့တော်ကြီးမှာ ယောဂီများ မြို့တော်သူ မြို့တော်သား အဖြစ်နဲ့ ရောက်ရှိနေကြပြီး၊

ထိုတရားမြို့တော်ထဲက မဟာသတိပဋ္ဌာန်ဆိုတဲ့ ဗဟိုလမ်းမ ကြီးမှာ ဈေးရုံကြီးကလဲ (၈)ရုံ၊ အဲဒီအထဲမှာ ပထမဦးဆုံး ဈေးရုံကြီးက ပန်းဈေးရုံ၊ ဝယ်စရာက (၂၇)မျိုး အဲဒီထဲက ရွေးဝယ်ပါ။ "ဘုရားကြီး ဈေး ဆစ်တိုင်းပေး အလေးမမှန် ဝယ်သူ့ကံ" ဆိုတာ သတိပြုပြီး မိမိတို့ရဲ့ လုံ့လဝီရိယနဲ့ ဝယ်ယူပြီးတော့ ကိလေသာအညစ်အကြေးမှ ကင်းစင်၍ လျှင်လျှင်မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေဖြိုးမောက် တန်ခိုးတောက်ပြီးတော့ ဝိဇ္ဇာဉာဏ် အဆင့်ဆင့်သို့ ရောက်ရှိနိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော် ရင်း ဘုန်းကြီးရဲ့ နှစ်ပေါင်း ၂၅၉၅ ကြိမ်မြောက် ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့တရားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီမခက် လယ်လုပ်ခက်

ယနေ့ သာသနာနှစ် ၂၅၅၀ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် (၅)ရက် (၉၅)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)တရား ကြိုးပမ်းအားထုတ်နေတဲ့ ယောဂီများ သမထ ပိုင်းကနေပြီးတော့ ဝိပဿနာပိုင်းရောက်ရှိလာခဲ့ကြပြီ။

ဘုန်းကြီးတို့မူအားဖြင့် ပြောရမယ်ဆိုရင် သမထပိုင်းမှာ အားထုတ်နည်းလေးလောက် ညွှန်ပြပြီးတော့ တရားဟောတာ ပြောတာ လျှော့ထားရတယ်။ တစ်ခါတရံ အချိန်မရလို့ ဝိပဿနာပိုင်း မှာ မဟောဖြစ်ပေမယ့် သမထပိုင်းမှာ သိပ်မဟောသင့်ပါဘူး။ ဘာပြုလို့လဲဆိုတော့ သမထဆိုတာ သတိ၊ ဝီရိယကို အခြေခံတာ။ ဝိပဿနာပိုင်း ရောက်တဲ့အခါကျတော့ ဝိပဿနာရှုနည်းကို နည်းမျိုးစုံ နဲ့ ပြောကြ၊ ဟောကြရတယ်။ တရာပေးတဲ့ပုဂ္ဂိုလ်များကလဲ ဝိပဿနာ ရှုနည်းကို နည်းမျိုးစုံနဲ့ပဲ ပြောကြရ ဟောကြရတယ်။ တကယ်တမ်း ကျတော့ ဘုန်းကြီးတို့ တွေ့ဆုံပြီးတော့ နေကြတာတွေ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ လျှက်သမျှ၊ ထိသမျှ၊ တွေ့သမျှ၊ တွေးတောကြံစည် မှုတွေဟာ ဝိပဿနာရဲ့ အာရုံတွေချည်းဖြစ်ပြီးနေတော့ "ဝိပဿနာ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" ဆိုတဲ့အတိုင်း ဝိပဿနာမှ လွတ်တဲ့ သဘောတရားမရှိပါဘူး။

အခုလို ဝိပဿနာ ရှုပွားအားထုတ်ကြရခြင်းဟာ မြတ်ဗုဒ္ဓ သာသနာတော်ကြီး ပွင့်လင်းစည်ပင်နေလို့ပါပဲ။ မြတ်ဗုဒ္ဓသာသနာ တော် ပွင့်လင်းစည်ပင်နေတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ "လယ်တီ မခက်၊ လယ်လုပ်ခက်" ဆိုတဲ့စကားလိုပါပဲ။ "လယ်တီမခက်" ဘုရား တရားတွေကို ကြားရနာရဖို့ မခက်ဘူး။ တရားအားထုတ်နည်းတွေကို

ကြားရဖို့ မခက်ဘူး။ "လယ်လုပ်ခက်" ဆိုတာ တကယ်တမ်း အားထုတ်ဖို့ခက်တာ။

သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တွေဟာ အထင်အရှားရှိပြီးနေတော့ "လယ်တီမခက်ဘူး" ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ခက်နေတော့ လယ်လုပ်ခက်နေတာ သတိပြုဖို့ ဖြစ်ပါတယ်။ **"အသိမခက် အကျင့်ခက်"**နေတာပါပဲ။

အခြားအခြား သာသနာမပွင့်လင်းတဲ့ နေရာတွေမှာ ပရိယတ္တိ သာသနာတော်ကြီး မပွင့်လင်းတဲ့နေရာတွေမှာ မစည်ပင်တဲ့ နေရာတွေ မှာဆိုရင်တော့ "လယ်လုပ်မခက်၊ လယ်တီခက်" လယ်လုပ်ဖို့ မခက်ဘူး။ လယ်တီဖို့ ခက်တယ်။ တရားနာရဖို့ အားထုတ်နည်းရဖို့ ခက်ပါတယ်။ နည်းရပြီးရင် အားထုတ်ဖို့မခက်ဘူး။ လယ်လုပ်ဖို့ မခက်ဘူး။ **"အကျင့်မခက် အသိခက်"**နေတာပါ။

ဒါကြောင့် ဘုန်းကြီးတို့ အတွေ့အကြုံနဲ့ ပြောမယ်ဆိုရင် လယ်တီဆရာတော်ဘုရားကြီးထံက နည်းနာနိဿယယူခဲ့တဲ့ အနာဂါမ်ဆရာသက်ကြီး၊ အနာဂါမ်ဆရာသက်ကြီးထံက နည်းနာ နိဿယယူခဲ့တဲ့ ဆရာကြီးဦးဘခင်၊ အဲဒီ ဦးဘခင်ရိပ်သာကို ဘုန်းကြီးတို့ ၁၉၅၄ ခုလောက်စပြီး ဥရောပတိုက်သားတွေ လာရောက် ပြီးတော့ အားထုတ်ကြတယ်။ ခဲရာခဲဆစ်လာပြီး အားထုတ်ကြတယ်။

၁၉၇၈ ခုနှစ်ရောက်တဲ့အခါ အဲဒီ ဥရောပတိုက်သားတွေ လွယ်လင့်တကူ အားထုတ်နိုင်ဖို့ဆိုပြီးတော့ ဦးဘခင်ရဲ့တပည့်ဖြစ်တဲ့ ဆရာကြီးဦးချစ်တင်၊ ဆရာမကြီး ဒေါ်မြသွင်တို့ကို တောင်းပန်လို့ ဥရောပတိုက်အပါအဝင် ကမ္ဘာမှာ ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ဘုရားကြီးရဲ့ ဗုဒ္ဓဘုရားထံမှ ရရှိလာတဲ့ နားနာနိဿယ၊

ဆရာတော်ဘုရားကြီးထံမှ ထပ်ဆင့်ပြီး ဖြန့်ဖြူးခဲ့တယ်။ ဦးဂိုအင်ဂါကတည်း ဖြန့်ဖြူးခဲ့တယ်။ နိုင်ငံပေါင်း (၈၀)ကျော်မှာ ပြန့်နှံ့တည်ရှိပြီးနေတယ်။

သို့သော်လဲ ကမ္ဘာ့လူဦးရေနဲ့စာရင်တော့ အင်မတန်ရှားပါးပါသေးတယ်၊ နည်းပါသေးတယ်လို့ ဒီလိုပြောရမှာပါပဲ။ အဲဒီ ပုဂ္ဂိုလ်တွေကျတော့ "လယ်လုပ်မခက် လယ်တီခက်"တယ်။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာရှိကြတဲ့ ယောဂီသူတော်စင်များအနေနဲ့ ပြောမယ်ဆိုရင် "လယ်တီမခက် လယ်လုပ်ခက်" ဘုရားတရားတော်တွေ ဘုရားကျင့်စဉ်တွေ တွေ့ကြုံဆုံဆည်းဖို့ မခက်ဘူး။ ကျင့်ကြံကြိုးကုတ် လယ်လုပ်ဖို့ရာ ခက်ပါတယ်။

ယခု (၉၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းနေကြတဲ့ ယောဂီသူတော်စင်များ "လယ်လုပ်ခက်တယ်" ဆိုတဲ့အတိုင်းပဲ။ တရားတွေကို လက်တွေ့ကျင့်ဖို့ရာ ခက်ပါတယ်။

ယမန်နေ့က ဒါယိကာမကြီးဒေါ်ဖွားရင် ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာနမှာ လုပ်ခဲ့တယ်။ အသက်က (၈၆)နှစ်ရှိပြီ။ ကိုယ်တိုင်ဘုန်းကြီးကျောင်းကို လာပါတယ်။ ဘာလျှောက်ထားသလဲဆိုတော့ဘုန်းကြီးတို့ပြုစုပြီးတော့ ဓမ္မဒါနပြုထားတဲ့ နာဂလိုဏ်ဂူ (၁၁)ရက်အဓိဋ္ဌာန်ကျင့်စဉ်နဲ့ လယ်တီဝိပဿနာဆိုတဲ့ တရားစာဖတ်ပြီးတော့သူဟာလေ့ကျင့်တိုင်းတာပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နေပါတယ်ဘုရား။ အသက်က (၈၆)နှစ် မျက်စိတစ်ဖက် ရေတိမ်ရှိနေတော့တစ်ဝက်မကောင်းဘူး၊ တစ်ဖက်ကတော့ မြင်ပါသေးတယ်။

ဟိုတစ်ချိန်ကတော့ ခေတ်ပညာတတ်ဆိုပြီးတော့ ဗုဒ္ဓတရားတော်နဲ့ ပတ်သက်ပြီးတော့ ဗုဒ္ဓပေးတဲ့ အသိဉာဏ်ပညာ သာသနာတော်ကပေးတဲ့ အသိဉာဏ်ပညာတွေကို သေသေချာချာ လေ့လာလိုက်စားမှု မပြုခဲ့ပါဘူးရား။

အခုမှ ဒီစာအုပ်လေ့လာပြီးတော့ ဗုဒ္ဓဘုရားရဲ့ဂုဏ်နှင့်ကျင့်စဉ်တွေကို နားလည်ရလို့ ဝမ်းသာတယ်ဘုရား။ မိမိကိုယ်တိုင် ကျင့်ကြံကြိုးကုတ်အားထုတ်ရုံတင်မဟုတ်ဘူး။ သူနဲ့စပ်တဲ့ သားသမီးတွေ တူတွေ တူမတွေပါ သူတို့က နေပြည်တော်ပြောင်းကြမယ်ဘုရား။ နေပြည်တော်ရောက်ရင် ဒီစာအုပ်ဖတ်ပြီးတော့ ကျကျနန လေ့လာပြီးတော့ လိုက်နာကျင့်ကြံကြဖို့ဆိုပြီး စာအုပ်လာတောင်းပါတယ်။

စာအုပ်ကလဲ တစ်ကြိမ် တစ်ကြိမ်ဆို ၁၀၀၀/၁၀၀၀ ရိုက်ပြီးတော့ ဓမ္မဒါနပြုခဲ့တာ သုံးကြိမ်ရှိသွားပြီ။ ကုန်နေလို့ စာအုပ်တော်တော်ရှာပြီးတော့မှ သူကလဲ အသက် (၈၆)နှစ်က တကူးတက လာတောင်းတယ်ဆိုပြီး ဆရာလေးတွေ သွားအပေးခိုင်းရတယ်။

ဆိုလိုတာက ဘာလဲဆိုရင် မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး ပွင့်လင်းစည်ပင်နေသော်လဲ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာနေကြတဲ့ ဗုဒ္ဓဘာသာများဟာ အမှတ်တမဲ့နဲ့ အမှုမဲ့အမှတ်မဲ့ အချိန်တွေ ကုန်သွားကြတာများနေတယ်။

ဘုရားကဟောတယ်။ ဗုဒ္ဓကျင့်စဉ်က ဘာဆိုတာကို ငယ်ငယ်ရွယ်ရွယ်ထဲက လေ့လာနိုင်တဲ့ ပုဂ္ဂိုလ်က တော်တော်ရှားပါတယ်။

ဒါကြောင့် ဟိုတုန်းက အရေးပိုင်ကြီးတစ်ယောက်က ပြောတယ်။ တပည့်တော်တို့ ငယ်ရွယ်စဉ်တုန်းက ခေတ်ပညာတွေ တတ်ပြီးတော့ ဘယ်သာသနာ ဘယ်ဘာသာမှ အာရုံမထားခဲ့ဘူးဘုရား။

အခုလို အသက်ကြီးလာတဲ့အခါ ဒီတရားတော်တွေစီ အာရုံရောက်ပြီး ဒီထက်ရိုင်းရိုင်းလေးပြောမယ်ဆိုရင် တပည့်တော်တို့မြို့သားတွေဖြစ်တဲ့ အရေးပိုင်မင်းတို့ ဝန်ထောက်မင်းတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်ကြီးတဲ့အခါကျမှ တောသားတွေကို ဦးညွတ်နေရတာ ဘုရားလို့ သူကပြောတယ်။

ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးက ရယ်လိုက်တာ။ ငယ်ငယ်တုန်းကတော့ ခေတ်ပညာတွေနဲ့ မိမိတို့တတ်ထားတဲ့ အတတ်ပညာဟာ သိပ်ဟုတ်လှပြီလို့ ထင်တာကိုး။ အသက်ကြီးလာတဲ့အခါကျမှ မပြည့်စုံမှန်း သိလာတာကိုး။ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိရိပ်သာများကို ဦးဆောင်ခဲ့တာ ဒါယကာကြီး ဦးဘခင်ပင် အသက်ကြီးမှ ဗုဒ္ဓတရားလေ့လာတာပါ။ သိတဲ့အခါ ဗုဒ္ဓတရားတော်နဲ့ပတ်သက်ပြီး ဆရာတော် သံဃာတော်တွေစီ ချဉ်းကပ်ပြီး လေ့လာကြရတာ အားထုတ်ကြရတာ။ အခု ယောဂီသူတော်စင်များ အားလုံးဟာ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်ကြီး ၂၅၉၅ ကြိမ်မြောက် ကဆုန်လပြည့်နေ့။ နှစ်ပေါင်း ၂၅၉၅ ကြိမ်မြောက် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုတော့ ၂၆ ရာစုနှစ်ထဲ ရောက်လာခဲ့ကြပြီ။ ၂၆ ရာစုထဲ ရောက်လာကြတော့ ဗုဒ္ဓတရားတော်ဟာ တွေ့ခဲ၊ ရခဲပါတယ်။

ဒါကြောင့် ဗုဒ္ဓဘုရားရဲ့ အဆုံးအမတရားတော်များကို နာကြားလိုက်နာပြီးတော့ လက်တွေ့ အားထုတ်ခွင့်ရကြတာဟာ အင်မတန်ကံကောင်းပါတယ်။

ဖွင့်ပွဲနေ့က ပြောခဲ့တဲ့ စကားအဆက်ကလေး ပြန်ပြောမယ်ဆိုရင် "ပန်းဈေးရုံတော်ဆိုတဲ့ အမည်သည် ဘယ်ဟာပါလဲ"။

မြတ်စွာဘုရားရဲ့ တရားမြို့တော်မှာ အာရုံ(၂၇)မျိုး ကြိုက်ရာဝယ်ရုံပါပဲ။ အဲဒီ အာရုံ (၂၇)မျိုးက "အနိစ္စသညာ" ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲမှုကို မှတ်သားတဲ့ မမြဲမှုကို ရှုပွားတဲ့ အမှတ်သညာ။ "ဒုက္ခသညာ" ရုပ်တရား နာမ်တရားတို့ရဲ့ ဆင်းရဲမှုအမှတ်သညာ။ "အနတ္တသညာ" ရုပ်တရား နာမ်တရားတို့ရဲ့ ကိုယ်ပိုင်မဟုတ် သူ့သဘောသူဆောင်နေတဲ့ အမှတ်သညာ။

အဲဒီ (၂၇)မျိုးထဲမှာ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ။ ဒါကတော့ အရေးအကြီးဆုံးလို့ ပြောရမှာပါပဲ။

လက္ခဏာယာဉ် အမှတ်သညာတွေကိုး။ ပြီးတော့ အသုဘသညာ၊ အသုဘ (၁၀)မျိုး၊ အသုဘ (၁၀)မျိုးပြီးတဲ့အခါ ဗြဟ္မဝိဟာရတရားလေးပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ ပေါင်းလိုက်တော့ (၂၇)မျိုး။ အဲဒီ မြတ်စွာဘုရားရဲ့ တရားမြို့တော် ပန်းဈေးရုံကြီးက (၂၇)မျိုး ကြိုက်ရာဝယ် အသုံးချကြဖို့ လိုတာပါပဲ။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အာနာပါနဿတိခေါ်တဲ့ ပန်းကိုလဲ ဝယ်ခဲ့ကြပြီ။ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ် ဒါတွေကို မြင်အောင် ကြည့်တဲ့အခန်း ရောက်ရှိလာပြီ။ အဲဒီလို ရောက်လာတော့ အနိစ္စသညာ မိမိတို့သန္တာန်မှာရှိနေကြတဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲပုံကို ဆင်ခြင်စဉ်းစား ပွားများရှုမြင်တဲ့ သညာ အဲဒါကလဲ မမြဲမှန်းတော့ သိတန်သလောက် သိတယ်။ သို့သော်လည်း သန္တတိခေါ်တဲ့ ရုပ်အစဉ် နာမ်အစဉ်ကြီးက ဖုံးလွှမ်းပြီးနေတော့ "နဒီသောတော ဝိယ" မြစ်ရေအယဉ်လိုပါပဲ။

"ဒီပဇာလာ ဝိယ" ဆီမီးလျှံလိုပဲ။ ဆီမီးတိုင်က မီးဟာ အမြဲတမ်း အစဉ်ကမပြတ်တဲ့အခါကျတော့ မြဲတယ်လို့ပဲ ထင်နေတာ။ မြစ်ရေကလဲ အစဉ်မပြတ် စီးဆင်းနေတဲ့အခါကျတော့ မြဲတယ်လို့ပဲ ထင်နေတာ။ အမှန်တကယ်တော့ ရေပြောင်းရေလွှဲက ရှိနေတာပဲ။

**စ၍ဖြစ်ပြီး မီးလျှံရေယဉ် ကဲ့အသွင် အစဉ်သွားလေ၏။**

ဘုန်းကြီးတို့ ဘဝတစ်ခုစပြီးဖြစ်တော့ ပဋိသန္ဓေ၊ ပဋိသန္ဓေက နေပြီး အခြားအာရုံ မြင်သိစိတ် ကြားသိစိတ် မရှိပါဘူးဆိုရင် ဘဝင်စိတ်၊ ဒါနာမ်တရားတွေနဲ့ ပတ်သက်ပြီး မြင်စရာအာရုံတွေ တွေ့လာတော့ မြင်သိစိတ်၊ ကြားသိစိတ် အစရှိသဖြင့် ဝီထိစိတ်တွေ ဖြစ်ပေါ်လာတယ်။ ပြီးတော့ စုတိ ဒါဟာနာမ်တရားတို့ရဲ့ အစဉ်ပါပဲ။

ရုပ်တရားတို့ရဲ့ ဖြစ်စဉ်ကလဲ ဒီအတိုင်းပါပဲ။ ပဋိသန္ဓေ ဖြစ်တယ်၊ စုတိဖြစ်တယ်၊ ဖြစ်တယ်၊ ပျက်တယ်ဆိုတဲ့ ဒီစက်ဝိုင်း ပေါ်က မကျော်လွန်ပြီးတော့ မသွားနိုင်ဘူး။ သို့သော်လည်း ဘုန်းကြီး တို့ရဲ့ဘဝက လူဟာ အသက် (၅၀)ရှိတယ်ဆိုရင် အသက် (၅၀) အသက်ရှည်တယ်၊ အသက်ရှည်တယ်လို့ပဲ ထင်တယ်။ အစဉ်က မပြတ်ပဲကိုး။ အစဉ်ကမပြတ်ဘူး ထင်ရသော်လဲ ဝိပဿနာရှုပွားတဲ့ နေရာမှာ အပိုင်းအပိုင်းပြတ်သွားတာကို မြင်အောင်ရှုဖို့ လိုပါတယ်။

**"အမျှင်မပြတ်ရင် ပညတ်၊ အမျှင်ပြတ်မှ ပရမတ်"**

မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ် အမျှင်ပြတ်မှ အပိုင်းပိုင်း ပြတ်ရှုမြင်နိုင်မှ ဝိပဿနာဖြစ်တယ်။ အမျှင်မပြတ်ရင် ဝိပဿနာမဖြစ် ဘူး။ ဒါကြောင့် မိမိသန္တာန်မှာ ဖြစ်ပွားတဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်ပုံကိုလဲသိ၊ ပျက်ပုံကိုလဲသိ၊ ဖြစ်တာလဲ သိတယ်၊ ပျက်တာလဲ သိတယ်။

ဖြစ်တာပျက်တာကို သေသေချာချာ ဉာဏ်နဲ့မသိနိုင်ဘူးဆိုရင် အမှျင်ကမပြတ်တော့ မြဲတယ်ထင်ပြီး တစ်ဘဝတစ်ခါသေမြဲလို့ ပြောကြတယ်။ သမထကမ္မဋ္ဌာန်းပိုင်းမှာတော့ မရဏာနုဿတိ ဖြစ်ပါတယ်။ ခုနက (၂၇)မျိုးထဲမှာ မရဏာနုဿတိ ဆိုတာပါပါတယ်။ မရဏာနုဿတိကတော့ ပညတ် ငါ၏သေခြင်းဟာ မြဲတယ်။ ငါသေရ လိမ့်မယ်။ သမထပိုင်းမှာတော့ ဒီလို ရှုပွားသင့်ပါတယ်။

ဝိပဿနာပိုင်းကျတော့ တစ်ဘဝတစ်ခါသေဆိုတဲ့ မရဏမျိုး ရှုပွားရုံနဲ့ မပြည့်စုံဘူး။ အဲဒီလို အစဉ်မပြတ်တာ၊ သန္တတိက ဖုံးလွှမ်း ပြီးထားတော့ အနိစ္စလို့ မြင်နိုင်ဖို့ ခက်ခဲပါတယ်။

ဒုက္ခကျပြန်တော့လဲ ဣရိယာပုတ်က ဖုံးလွှမ်းထားတော့ ဒုက္ခလို့ မြင်နိုင်ခဲ့ပါတယ်။ ဒုက္ခဖြစ်တဲ့ ခန္ဓာကိုယ်လို့ မြင်ခဲတယ်။ တရားရှုပွားတဲ့အခါ ကျင်တယ်၊ ထုံတယ်၊ လေးတယ်၊ လံတယ်။ သူ့အပိုင်းလေးနဲ့သူ ပြတ်ပြတ်သွားအောင် မြင်မှ ဒုက္ခာနုပဿနာ။ အနတ္တာနုပဿနာကျတော့ အခဲအတုံးကြီးတွေက တခဲနက် ဃနပညတ်ကြီးတွေက ဖုံးလွှမ်းထားတော့ အနတ္တကိုယ်မပိုင်ပါဘူး ဆိုတာ မြင်နိုင်ခဲပါတယ်။

အဲဒီတော့ ပန်းဈေးရုံတော်ပေါ်မှာ ရောင်းနေတဲ့ (၂၇)မျိုးထဲက ကြိုက်ရာကို အသုံးပြုပြီး "ကမ္မမူလံ ဂဟေတွာန" ဆိုတဲ့အတိုင်း လုပ်အားတည်းဟူသော ငွေကြေးပေးပြီးတော့ မိမိတို့ သတိ ဝီရိယ ဆိုတဲ့ ငွေကြေး ဉာဏ်ပညာဆိုတဲ့ ငွေကြေးပေးပြီး ဝယ်ကြရမယ်။

**ကမ္မမူလံ ဂဟေတွာန၊ အာပဏံ ဥပဂစ္ဆထ။**

**အာရမ္မဏံ ကိဏိတွာန၊ တတော မုစ္စထ မုတ္တိယာ။**

ကမ္မမူလံ= ကံတည်းဟူသော လုပ်အားတန်ဖိုးငွေကို၊ ဂဟေတွာန= ယူသွားပြီး၍၊ အာပဏံ= ဘုရားဈေးရုံတော် တရားမြို့တော်ကြီးသို့ ဥပဂစ္ဆထ= ချဉ်းကပ်ကြပါကုန်လော့။ အာရမ္မဏံ= အာရုံ (၂၇)မျိုးမှ ကြိုက်ရာအာရုံကို၊ ကိဏိတွာန= ဝယ်ပြီး၍၊ မုတ္တိယာ= အရဟတ္တဖိုလ်စိတ်ဖြင့်၊ တတော= မောဟစသည်မှ၊ မုစ္စထ= လွတ်နိုင်ကြပါကုန်လော့။ လွတ်အောင်ကြိုးစားနိုင်ကြပါစေကုန်သတည်း။

ဘုရားရှင်ရဲ့ တရားမြို့တော်က ပန်းဈေးရုံတော်မှာ 'ကံ' လုပ်အားဆိုတဲ့ ငွေနဲ့ ကြိုက်နှစ်သက်တဲ့ ပန်းအာရုံကိုဝယ်ပြီး ကြိုးစားအားထုတ်တာ အိုနာသေက ထွက်မြောက်နိုင်ကြပါတယ်။

အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ စသည်တို့ကို အသုံးချပြီးလာတဲ့အတွက်ကြောင့် ဘာအကျိုးတွေရနိုင်သလဲဆိုတော့ ရာဂမှလွတ်ကင်းနိုင်တယ်။ ရာဂဆိုတာ အာရုံမြင်က ထင်သမျှ၌ မဝအောင်လိုက်စားတတ်တဲ့ ရာဂဆိုတဲ့ တရားဆိုး၊ တရားပျက်၊ ဒေါသမှလဲ လွတ်ကင်းနိုင်တယ်။ မာနမှလဲ လွတ်ကင်းနိုင်တယ်။ မိစ္ဆာဒိဋ္ဌိမှလဲ လွတ်ကင်းနိုင်တယ်။ သံသရာကို ကူးမြောက်နိုင်တယ်။ တဏှာအယဉ်ကို တားမြစ်နိုင်တယ်။ တဏှာအယဉ် မိမိသန္တာန်မှာ ယိုစီးနေတာကို တားမြစ်နိုင်တယ်။ အညစ်အကြေး (၃)မျိုးကို သုတ်သင်နိုင်တယ်။ လောကအညစ်အကြေး၊ ဒေါသအညစ်အကြေး၊ မောဟအညစ်အကြေးတွေ ထူပြောနေတာနဲ့ မတူဘူး။ အလုံးစုံသော ကိလေသာတွေကို သတ်ဖြတ်နိုင်စွမ်းရှိတယ်။ သတ္တိရှိတယ်။

အနိစ္စသညာ စသည်တို့ဟာ အဲဒီလို အကျိုးတရားတွေ ရရှိစေနိုင်တဲ့ အနိစ္စသညာ အစရှိတဲ့ (၂၇)မျိုးသော အာရုံတွေကို တရားမြို့တော်ကြီးက ဝယ်ခြမ်းရတာ။ အဲဒီလို ဝယ်ခြမ်းပြီး နိဗ္ဗာန်ဆိုတဲ့

ရွှေမြို့တော်ကြီးသို့ ရောက်စေနိုင်တယ်။ နိဗ္ဗာန်ရွှေမြို့တော်ကြီးကျ တော့ ဘယ်ဂုဏ်သတ္တိတွေ ရှိသလဲ။ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးမှာ-

စင်ကြယ်တယ်၊ ဖြူဖွေးတဲ့ သတ္တိရှိတယ်၊ ပင်္ဂိသန္တေနေခြင်း ကင်းတယ်၊ ချမ်းသာအပြည့်အဝ ရှိတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်း တယ်။ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးက နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့

"ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်း ပြည်နိဗ္ဗာန်" ဒုက္ခတွေ အားလုံး ငြိမ်းသွားတာ နိဗ္ဗာန်၊ ဘယ်ဒုက္ခမှ မရှိတာ နိဗ္ဗာန်။

လောကကြီးထဲမှာ ဒုက္ခတွေ တစ်ထမ်းတစ်ပိုး တစ်ပွေ့ တစ်ပိုက်ကြီးနဲ့ နေကြရတာ။

"ဘေးပေါင်းတရံ မဆက်ဆံ နိဗ္ဗာန် မြတ်ချမ်းသာ"

ဘယ်ဘေးမှမရှိတာ နိဗ္ဗာန်၊ ဘေးကင်းရတာ နိဗ္ဗာန်ပါပဲ။

(၂၅)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါ၊ (၁၀)ပါးသောဒဏ်၊ (၉၆)ဖြာသောအနာရောဂါတွေ မရှိတာ နိဗ္ဗာန်။ အဲဒီ မြို့တော်ကြီးဆီ သွားတဲ့နည်းက ဒီနည်းပဲ။ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ အစရှိသည်ဖြင့် သွားတဲ့နည်းပါပဲ။

မြတ်စွာဘုရား၏ တရားမြို့တော်ကြီးက ဝယ်ယူပြီး ဒီအာရုံ တွေကို ရယူပြီးတော့မှ အရဟတ္တဖိုလ်ဆိုတဲ့စိတ်၊ ဒီစိတ်နဲ့မောဟ အစရှိတဲ့ အညစ်အကြေးတို့မှ ကင်းစင်နိုင်တယ်။

**ကမ္မမူလံ ဂဟေတွာန၊ အာပဏံ ဥပဂစ္ဆထ။**

**အာရမ္မဏံ ကိဏိတွာန၊ တတော မုစ္စထ မုတ္တိယာ။**

ကမ္မမူလံ= သတိဝီရိယ ရှေ့ထားလုပ်အား (ကံ)တည်းဟူသော ငွေကြေးကို၊ ဂဟေတွာန= ယူကြကုန်ပြီး၍၊ အာပဏံ= တရားမြို့တော်

ဈေးရုံတော်သို့၊ ဥပဂစ္ဆထ= ကပ်ရောက်ကြပါကုန်လော့။ အာရမ္မဏံ= အနိစ္စသညာ အစရှိသော (၂၇)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကို၊ ကိဏိတွာန= ဝယ်ခြမ်းအသုံးချကြကုန်ပြီး၍၊ မုတ္တိယာ= အရဟတ္တဖိုလ်စိတ်ဖြင့်၊ တတော= ထိုမောဟအစရှိသည်တို့မှ၊ မုစ္စထ= လွတ်အောင်ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

ယနေ့ သာသနာနှစ် ၂၅၅၀ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် (၆)ရက်နေ့၊ (၉၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းကြီးပမ်းအားထုတ်နေကြတဲ့ ယောဂီများ အစဉ်အတိုင်း ဟောလာခဲ့တဲ့အတိုင်း ပြောမယ်ဆိုရင် -

မြတ်စွာဘုရား တရားမြို့တော်ကြီးမှာ နံ့သာဈေးရုံဟူသည် အဘယ်ပါနည်း။ နံ့သာဆိုသည်မှာ သီလရနံ့ နတ်နှင့်တကွသော လောကကြီးကို မွှေးကြိုင်စေနိုင်တယ်။ တူရူဖြစ်တဲ့အရပ်၊ ဒေါင့်အရပ်၊ အထက်အရပ်၊ အောက်အရပ် အားလုံးသီလရနံ့က ပြန့်နှံ့နိုင်တယ်။

သီလရနံ့ဆိုတာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ဥဒ္ဒေသမှာ ပြထားတဲ့ ပါတိမောက္ခသံဝရသီလ အားလုံးပါဝင်ပါတယ်။ ယောဂီသူတော်စင်များ တရားအားထုတ်ကြတယ်ဆိုတော့ ရှေးဦးမှာ ရှစ်ပါးသီလ၊ သီလနံ့သာ၊ သီလရနံ့ ထုံမွှမ်းပြီးတော့ သီလနံ့သာ သီလရနံ့ လိမ်းကျံထားခဲ့ကြတယ်။ ယခုလို တရားအားထုတ်တဲ့အခါ ယူတဲ့ သီလဆိုတော့ ကျိုးလဲမကျိုးဘူး။ ပေါက်လဲမပေါက်ဘူး။ ကျားလဲ မကျားဘူး။ မကျိုးမပေါက် မပြောက်ကျားဘူး။ အခြားအခြား အချိန်တွေမှာ သီလဟာကျိုးနိုင်တယ်၊ ပေါက်နိုင်တယ်၊ ပြောက်နိုင်တယ်၊ ကျားနိုင်တယ်။

ယခုလို သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နေတဲ့အခါကျတော့ ဒီသီလဟာ အပြစ်ကင်းစင်ပါတယ်။ အပြစ်ကင်းစင်တဲ့ သီလ၊ ပြည့်စုံတဲ့သီလ ဖြစ်ပါတယ်။ အဲဒီ သီလရနံ့ဟာ

**န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊**

**န စန္ဒနံ တဂ္ဂရမလ္လိကာ ဝါ။**

**သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊**
**သဗ္ဗဒိသာ သပ္ပုရိသော ပဝါယတိ။**

ပန်းတို့ရဲ့အနံ့ဟာ လေညာကို မဆန်တက်နိုင်ပါဘူး။ စန္ဒကူး ပန်းနံ့သာ၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း၊ ဒီပန်းတွေရဲ့ အနံ့ဟာ လေညာကို မဆန်တက်နိုင်ဘူး။ "သတဉ္စဂန္ဓော ပဋိဝါတမေတိ" သူတော်ကောင်းတို့ရဲ့ သီလရနံ့ဟာ လေညာကို မွှေးကြိုင်စေပါတယ်။ "သဗ္ဗဒိသာ သပ္ပုရိသော ပဝါယတိ" အရပ်ခပ်သိမ်း သူတော်ကောင်း တို့ရဲ့ ရနံ့ဟာ ပြန့်နှံ့စေပါတယ်။

**စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။**
**ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။**

လောကကြီးထဲမှာ စန္ဒကူးနံ့၊ တောင်ဇလပ်ပန်းနံ့၊ ကြာညို ပန်းနံ့၊ မြလေးပန်းနံ့တို့ ဒီလိုအနံ့တွေ ရှိပါတယ်။ အဲဒီ ပန်းရနံ့တွေထဲမှာ သီလရနံ့ဟာ အမြတ်ဆုံးဖြစ်ပါတယ်။ အမြတ်ဆုံးရနံ့ဟာ သီလရနံ့ ပါပဲ။

**အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။**
**ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု စ ဥတ္တမော။**

စန္ဒကူးနံ့၊ တောင်ဇလပ်ပန်းနံ့တွေဟာ အနည်းငယ်မျှ မွှေးကြိုင် နိုင်ပါတယ်။ သီလရှိသူတို့ရဲ့ သီလရနံ့ကတော့ နတ်ပြည်တိုင်အောင် မွှေးပျံ့ကြိုင်လှိုင်တဲ့အတွက် အမြတ်ဆုံးရနံ့ ဖြစ်ပါတယ်လို့ ဒေသနာ တော်ရှိတဲ့အတိုင်း ယခုယောဂီသူတော်စင်များ မြတ်စွာဘုရားရဲ့ တရားမြို့တော်မှာ ခင်းကျင်းရောင်းချပေးနေတဲ့ နံ့သာဈေးရုံကြီးက သီလနံ့သာများ ဝယ်ယူပြီး သုံးစွဲနေကြရတယ်။

**သစ်သီးဝလံဈေးရုံ**

နောက်သစ်သီးဝလံ ဈေးရုံဆိုတာ ဘယ်လိုဈေးရုံလဲ။ မြတ်စွာဘုရားရဲ့ တရားမြို့တော်ကြီးမှာ သစ်သီးဝလံဈေးရုံရှိတယ်။ အဲဒီသစ်သီးဝလံဈေးရုံတော်ကြီးက သောတာပတ္တိအသီး၊ သကဒါဂါမိအသီး၊ အနာဂါမ်အသီး၊ အရဟတ္တဖိုလ်အသီး၊ အသီး (၄)မျိုး။ ဖလအသီး (ဖလ=ဖိုလ်) ဒီလိုဘာသာပြန်ရမယ်။ ဒီနေရာမှာ ဖလံ-အသီးပါ။ မြတ်စွာဘုရားရဲ့ တရားမြို့တော်ကြီးမှာ ရောင်းချနေတဲ့ အသီးလေးမျိုးပါပဲ။

အဲဒီကနေ သုညတဖလ သမာပတ္တိဆိုတာ အနတ္တာနုပဿနာကို များများရှုလို့ရအပ်တဲ့ သမာပတ်အသီး။ အနိမိတ္တသမာပတ္တိဆိုတာ အနိစ္စာနုပဿနာ ရုပ်တရား နာမ်တရားတို့ကို မမြဲဟုအမြဲရှုမှတ်သဖြင့် ရအပ်သော အနိမိတ္တသမာပတ်အသီး။

အပ္ပဏိဟိတသမာပတ္တိ သင်္ခါရသဘောတရားတို့ကို ဒုက္ခ (ဆင်းရဲ)ဟု အဖန်ဖန် အထပ်ထပ် ရှုမှတ်သဖြင့် (ဒုက္ခာနုပဿနာဖြင့်) ရရှိအပ်တဲ့ အပ္ပဏိဟိတ သမာပတ်အသီး၊ သမာပတ်သုံးမျိုးခေါ်တဲ့ အသီး၊ အဲဒီ အသီးတွေကို ကမ္မမူလလုပ်အားတည်းဟူသော ငွေနဲ့ ဝယ်ယူတယ်။ အဲဒီလို အသီးတွေကို ဝယ်ယူကြရတော့ ဥပမာ အမြဲတမ်းသီးနေတဲ့ သရက်ပင်ကြီးတစ်ပင် ရှိတယ်။ ပိုင်ရှင်က ဝယ်သူလာမှ အသီးကိုဆွတ်ပေးပါတယ်။

ဝယ်သူက အကင်းကလေးတွေ လိုချင်တယ်ဆိုရင် အကင်းကလေးတွေ ဆွတ်ပြီးတော့ ရောင်းလိုက်၊ အစေ့မရှက်သေးတဲ့ အနုအသီးကိုလိုချင်ရင် အစေ့မရှက်သေးတဲ့ အနုအသီးစိမ်းကို ဆွတ်ပြီးတော့ ရောင်းလိုက်၊ အစေ့ရှက်နေတဲ့ အသီးရင့်ရင့် အမှည့်

လိုချင်သူကို သရက်ပင်ပိုင်ရှင်က ဝယ်သူကို အစေ့ရှက်ရင့်ရင့် အသီးကိုပဲ ဆွတ်ခူးရောင်းချပေးသလို အမြဲသီးနေတဲ့ အသီးမျိုးစုံကို ဝယ်ယူသူက ငွေကြေးနဲ့ ဝယ်ယူရသလို လုပ်အားကံဆိုတဲ့ အရင်းဥစ္စာ (ငွေ)နဲ့ -

သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် ဆိုတဲ့အသီးများ၊ သုညတသမာပတ်၊ အနိမိတ္တ သမာပတ်၊ အပ္ပဏိဟိတသမာပတ် ဆိုတဲ့အသီးများကို ဝယ်ယူပြီး သုံးစွဲကြရပါတယ်။ ဥပမာ- သုညတသမာပတ်။

သုညတသမာပတ်ရယူလိုရင် အနတ္တာနုပဿနာအနတ္တဟု များများရှုရမယ်။ မိမိတို့သန္တာန်မှာ ထင်ရှားရှိနေတဲ့ ရုပ်တရား၊ နာမ်တရားတို့ ဖြစ်ပျက်အမှန်တို့သိပြီး အနတ္တလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ပွားများ၊ အဲဒီလို အနတ္တာနုပဿနာကို ရှုမှတ်ပွားများလို့ ရောက်ရှိအပ်တဲ့ သုညတသမာပတ်။

ရုပ်နာမ်တို့ရဲ့မမြဲပုံ အဖန်ဖန်ရှုမှတ်လို့ရတဲ့ အနိမိတ္တသမာပတ်။ ရုပ်တရား နာမ်တရားတို့ရဲ့ ဆင်းရဲပုံကို အဖန်ဖန်အထပ်ထပ် ရှုမှတ် ပွားများလို့ ရရှိအပ်တဲ့ သမာပတ်။ အပ္ပဏိဟိတသမာပတ်ပါ။

**ကမ္မမူလံ ဇနာဒတွာ၊ ဂဏှန္တိ အမတပ္ဖလံ။**

ကမ္မမူလံ= ကုသိုလ်ကံအားတည်းဟူသော အရင်းဥစ္စာကို၊ ဇနာ= လူတို့သည်၊ ဒတွာ= ပေးကြကုန်၍၊ အမတဖလံ= အမြိုက်နိဗ္ဗာန် တည်းဟူသော အသီးကို၊ ဂဏှန္တိ= ရယူကြကုန်၏။

အမတပ္ဖလံ= မသေတဲ့အသီးတွေ ပြောမယ်ဆိုရင် အသီး (၇)မျိုး။ အမတပ္ဖလံ= မသေတဲ့အသီး၊ ဒီအသီးစားရင် မသေတော့ဘူး။ ဒါကြောင့် ခုခေတ်မှာ အဗ္ဗန္တရ သရက်သီးစားရင် အသက်ရာကျော်

ရှည်တယ်လို့ ဆိုတယ်။ အဗ္ဗန္တရ သရက်သီးများတွေ့လို့ရှိရင် ပျားရည်နဲ့ တေပြီး စားကြတယ်။ အသက်ရှည်ချင်တာကိုး။

အမတပ္ဖလ- မသေတဲ့အသီးကို ဘယ်ပုဂ္ဂိုလ်တွေ သုံးဆောင်နိုင်ပါသလဲဆိုတော့ -

**ကမ္မမူလံ ဇနာဒတ္တာ၊ ဂဏှန္တိ အမတပ္ဖလံ။**

ယောဂီသူတော်စင်များက ကုသိုလ်မူလ အရင်းဥစ္စာကို ပေးပြီး မသေတဲ့ အမတပ္ဖလ မသေတဲ့အသီးများ ရယူစားသုံးနိုင်ကြ ပါတယ်။

**တေန တေ သုခိတာ ဟောန္တိ၊ ယေကီတာ အမတဖလံ။**

ယေ= အကြင်ပုဂ္ဂိုလ်တို့သည်၊ အမတဖလံ= အမြိုက်အသီးကို၊ ကီတာ= ဝယ်ခြမ်းကြကုန်၏။ တေ= ထိုသူတို့သည်၊ တေန= အမြိုက်အသီးကြောင့်၊ သုခိတာ= ချမ်းသာကြကုန်သည်၊ ဟောန္တိ- ဖြစ်ကြကုန်၏။ အမြိုက်အသီးကို ဝယ်ယူစားသုံးကြတဲ့ ပုဂ္ဂိုလ်များဟာ အဲဒီ အမြိုက်သီးကြောင့် ချမ်းသာကြတယ်။

မြတ်စွာဘုရားရဲ့ တရားမြို့တော် မဟာသတိပဋ္ဌာန်ဆိုတဲ့ လမ်းမတော်ကြီးဘေးမှာ ခမ်းနားကြီးကျယ်စွာ တည်ရှိနေတဲ့ သစ်သီးဝလံ ဈေးရုံကြီးထဲ ဝင်ရောက်ပြီး အခုဝယ်ခြမ်းနေကြတာပါပဲ။

နောက် မဟာသတိပဋ္ဌာန်တည်းဟူသော မိန်းလမ်းမကြီးဘေးမှာ အဆိပ်ဖြေဈေးရုံကြီးဆိုတာလဲ ရှိနေတယ်။ အဆိပ်ဖြေဈေးရုံကြီးက အဆိပ်အတောက်ပျောက်တဲ့ ဆေးကို သုံးစွဲကြရတယ်။

**အဆိပ်ဖြေဆေး**

အဲဒီ အဆိပ်ဖြေဆေးက ဘာလဲဆိုတော့ ကိလေသာအဆိပ် အထွေထွေပါ။ လောဘ ဒေါသ မောဟ မာန မိစ္ဆာဒိဋ္ဌိ ဝိစိကိစ္ဆာ

ထိန ဥဒ္ဒစ္စ အဟိရိက အနောတ္တပ္ပ ကိလေသာအဆိပ်အတောက်ပေါ့။ အဲဒီ အဆိပ်အတောက်တွေ ပျောက်စေနိုင်တဲ့ဆေး၊ အဲဒီဆေးက ဘာတွေလဲဆိုတော့ "သစ္စာလေးပါး" ပါပဲ။

"ယေ အညာ ပေက္ခာ စတုသစ္စံ ဓမ္မံ သုဏန္တိ" ယောဂီသူတော်စင်တွေက သိလိုတဲ့စိတ်နဲ့ သစ္စာလေးပါးကို နာကြားကြတယ်။ သိအောင် အားထုတ်ကြတယ်။

အဲဒီ သစ္စာလေးပါး နာကြားလို့သိအောင် အားထုတ်လိုက်တဲ့ အခါကျတော့ "ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ"တို့မှ လွတ်ကင်းစေတယ်။ လောကလူသားတွေ ကြောက်စရာဘေးတွေက လွတ်ကင်းနိုင်တယ်။

သစ္စာလေးပါးဆိုတဲ့ အဆိပ်ဖြေဆေးဟာ သတ္တဝါတွေသန္တာန်မှာရှိတဲ့ ကိလေသာအဆိပ်တွေကို ပျောက်စေနိုင်တယ်။ ကင်းစေနိုင်တယ်။ အဆိပ်ပျောက်အောင် ဆောင်ရွက်ပေးနိုင်တယ်။ ကိလေသာအဆိပ်တွေဟာ မြွေပွေး၊ မြွေဟောက်တို့ရဲ့ အဆိပ်အတောက်တွေထက် အဆပေါင်းများစွာ ပြင်းထန်တယ်။

သတ္တဝါတို့ အမြဲတမ်းအဆိပ်သင့်နေကြတယ်။ ဘာဆေးသောက်ရမလဲဆိုတော့ "သစ္စာလေးပါး" အဆိပ်ဖြေဆေးသောက်ပါတဲ့။ သစ္စာလေးပါးက -

၁။ ဒုက္ခသစ္စာ

၂။ သမုဒယသစ္စာ

၃။ နိရောဓသစ္စာ

၄။ မဂ္ဂသစ္စာ

အဲဒါက ဟောစဉ် ကျင့်စဉ်နဲ့ပြောရင် မဂ္ဂသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ ဟောစဉ်အားဖြင့်တော့ "သိ၊ ပယ်၊ ဆိုက်၊ ပွား"၊ ကျင့်စဉ်အားဖြင့် "ပွား၊ သိ၊ ပယ်၊ ဆိုက်"လို့ စဉ်ရမှာပါ။ အခုယောဂီများ ပွားနေကြတာ မဂ္ဂသစ္စာပွားနေကြတာ။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သိက္ခာသုံးပါး ကျင့်စဉ်တရားကို ပွားနေကြတာ။ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ကျင့်နေကြတာပင်လျှင် မဂ္ဂသစ္စာ ပွားနေကြတာမည်ပါတယ်။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ဝိပဿနာ (ပွား)တဲ့အခါ (သိ)ဒုက္ခကို ပိုင်းပြီး သိပါလိမ့်မယ်။ ဒုက္ခက ပရိညေယျတရား ပိုင်းပြီး၊ ခြားပြီးတော့ သိရမည်တရားစုပါ။

ဒုက္ခကို ပိုင်းခြားသိဖို့က သမာဓိရှိရှိနဲ့ မိမိရဲ့ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခတွေကို တစ်ခုချင်း၊ တစ်ခုချင်း၊ တစ်ပိုင်းချင်း၊ တစ်ပိုင်းချင်း၊ အကန့်အသတ်နဲ့ ဒီလိုဖြစ်အောင် ကြည့်ရမှာ။ ဒုက္ခကို မြင်တယ်၊ သိတယ်ဆိုတာ မပွားပဲနဲ့ သိတာ မဟုတ်ဘူး။ ယခုလို အားထုတ်ပြီးမှ ပွားများပြီးမှ သိနိုင်ပါတယ်။

အဲဒီလို ဒုက္ခကိုသိပြီဆိုရင် သမုဒယသစ္စာကိုလဲ ပယ်နိုင်တယ်။ အဲဒီလို တွယ်တာမှု သမုဒယတဏှာကို ပယ်နိုင်တဲ့အတွက်ကြောင့် ဒုက္ခအားလုံးတို့ချုပ်ရာ နိဗ္ဗာန်ဆိုတဲ့ နိရောဓကို (ဆိုက်)နိုင်တယ်။ ဒါကြောင့် "ပွား၊ သိ၊ ပယ်၊ ဆိုက် ကျင့်စဉ်လိုက်"တဲ့။

**ယေကေစိ အဂဒါ လောကေ၊ ဝိသာနံ ပဋိဗာဟကာ။**

**ဓမ္မာဂဒ သမံနတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။**

ဘိက္ခဝေါ= သူတော်ကောင်းတို့၊ ဝိသာနံ= အဆိပ်တို့ကို၊ ပဋိဗာဟကာ= တားဆီးနိုင်ကုန်သော၊ ယေကေစိ= အလုံးစုံကုန်သော၊

အဂဒါ= ဆေးတို့သည်၊ လောကေ= လောက၌၊ သန္တိ= ရှိကြပါပေကုန်၏။ (လောက၌ အဆိပ်တွေကို တားဆီးနိုင်တဲ့ အဆိပ်ဖြေဆေးတွေ ရှိတယ်။) အဆိပ်ကို ဖြေနိုင်တဲ့ ဆေးဝါးတစ်ခု ရပြီဆိုရင် ဝမ်းသာကြရတယ်။

ဘုန်းကြီးတို့ ငယ်ငယ်က ကင်း၊ မဟူရာတောင်က မဟူရာကျောက်တွေမှာ အချို့ကျောက်တွေဟာ အဆိပ်ကိုနိုင်ပါတယ်။ ကလေးတစ်ယောက် ကင်းကိုက်တဲ့အခါ မဟူရာကျောက်နဲ့ ကပ်ထားပေးလိုက်တယ်။ အဆိပ်ကုန်တော့ မဟူရာကျောက်က ကွာလာပါတယ်။ အဲဒီကျောက်ကို ရေထဲစိမ်တဲ့အခါ ဒီရေဟာ အရောင်ပြောင်းသွားပါတယ်။ အဆိပ်တွေကျလာပါတယ်။ ဝမ်းသာနေကြတာပဲ။ အဆိပ်ဖြေမဟူရာကျောက် သွားဝယ်ကြတာ။ ကျောက်တွေထဲက တစ်လုံးတစ်လေပဲ အဆိပ်ဖြေကျောက်က ပါတာကိုး။ ဒီကျောက်ရတဲ့ ပုဂ္ဂိုလ် သိပ်ကံထူးတယ်လို့ ပြောရမယ်။

**“ဓမ္မာဂဒသမံ”**

တရားဆေးနှင့်တူသော အဆိပ်ဖြေဆေး မရှိပါဘူး။ ယခု ယောဂီသူတော်စင်များ တွေ့နေရတဲ့ ဆေးကတော့ ဘဝများစွာ သံသရာက ဂျိုးကပ်မျိုမိစူးဝင်နေတဲ့ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာအဆိပ်အတောက်တွေ ဆေးမတွေ့နိုင်ဘူး။ ဤကမ္ဘာလောက၌ လောဘပျောက်ဖို့ရာဆေး၊ ဒေါသအဆိပ်ပျောက်ဖို့ရာဆေး၊ မောဟအဆိပ်ပျောက်ဖို့ရာ ဆေးကောင်းဝါးကောင်း ကမ္ဘာ့လူထုကြီး အများစုဟာ မတွေ့နိုင်ကြပါဘူး။ ဒီဆေးနည်းကို ကြားဖို့တောင် မလွယ်ပါဘူး။ ယခုလို ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့်ရဖို့ဆိုတာ ပိုပြီးတော့ ခက်ပါတယ်။

ဒါကြောင့်မို့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ အဆိပ်အတောက်တွေ ကင်းစင်လွင့်ပျောက်ကြောင်းဖြစ်တဲ့ ဆေးကောင်းဝါးကောင်းတွေ သုံးစွဲနေရတဲ့အတွက် ဝမ်းသာဖွယ် ဖြစ်တယ်။

"ဓမ္မာ ဂဒ သမံ နတ္ထိ" တရားဆေးနှင့်တူသော အဆိပ်ဖြေဆေး မရှိပါ။ တသ္မာ= ထိုကြောင့်၊ ဇတံ= ဤတရားဆေး တော်ကြီးကို၊ ပိဝထ= သောက်ကြသုံးကြပါကုန်လော့။

လောဘအစရှိတဲ့ ကိလေသာအဆိပ်အတောက်တွေ ပျောက်စေတတ်တဲ့ ဆေးဆိုတာ လောကမှာ တွေ့ခဲပါတယ်။

**အမှားတွင် ဒိဋ္ဌိ၊ အရှားတွင် သာသနာ။**

မှားတဲ့နေရာမှာ မိစ္ဆာဒိဋ္ဌိလောက်မှားတာ မရှိဘူး။ ရှားတဲ့ နေရာမှာ သာသနာလောက် ရှားတာမရှိဘူး။

ကျီးကန်းငှက် အဆီမရှိသလို၊ သဖန်းပင်မှာ သဖန်းအပွင့် မရှိသလို၊ လမှာယုန်ရေးတံဆိပ်လို လောကထဲမှာ ဗုဒ္ဓဆိုတာလဲ ရှားပါတယ်။ ဗုဒ္ဓ သစ္စာသိဘုရားဆိုတာ အသံပင်ကြားရဖို့ ခက်ပါတယ်။ အချို့ကမ္ဘာ့နိုင်ငံသားတွေကို ကြည့်ပါ။ ဒါကြောင့် "အမှားတွင် ဒိဋ္ဌိ၊ အရှားတွင် သာသနာ" ဆိုတဲ့အတိုင်း ဗုဒ္ဓသာသနာ တော်၌သာ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ အဆိပ်ဖြေဆေး ရှိပါတယ်။ အခြားနေရာ အခြားသာသနာမှာ မရှိပါဘူး။ ဒါနဲ့ ပတ်သက်လို့ "က္ကခ ဘိက္ခဝေ" စသည် ဟောရာ၌ က္ကခအဖွင့်က ပြဆိုပါတယ်။

ဘိက္ခဝေါ= ယောဂီသူတော်စင်အပေါင်းတို့၊ ဘိက္ခဝေါ= (၉၅)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်း ကြိုးပမ်း

အားထုတ်နေကြကုန်သော သူတော်ကောင်းတို့၊ လောကေ= လောက၌၊ ယေကေစိ= အလုံးစုံကုန်သော၊ ဝိသာနံ= အဆိပ် အတောက်တို့ကို၊ ပဋိဗာဟကာ= တားမြစ်တတ်ကုန်သော၊ အဂဒါ= ဆေးတို့သည်၊ သန္တိ= ရှိပါပေကုန်၏။ လောကကြီးထဲမှာ အဆိပ် အတောက်ကို ဖယ်ရှားတတ်တဲ့ ဆေးတွေ အများကြီးရှိပါတယ်။

ဟော ပြည်တွင်းပြည်ပ ဆေးဝါးခတ်စာတွေ အဆိပ် တောက်ကို ပယ်တတ်တဲ့ဆေးတွေ အများကြီးရှိပါတယ်။ သို့သော် ကိလေသာ အဆိပ်အတောက် ဖယ်ရှားဖို့ဆေးကျတော့ မရှိဘူး။ ဒါကြောင့် "ဓမ္မာဂဒသမံ= တရားတော်တည်းဟူသော အဆိပ်ဖြေဆေး နှင့်တူသော ဆေးသည်၊ နတ္ထိ= မရှိပါချေ။ တသ္မာ= ထိုကြောင့်၊ ဧတံ= တရားတော်တည်းဟူသော အဆိပ်ဖြေဆေးကို၊ ပိဝထ= ကိလေသာ အဆိပ်အတောက် ပျောက်အောင် ကောင်းစွာသောက်ကြ သုံးကြပါ စေကုန်သတည်း။

သာဓု - သာဓု - သာဓု

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် (၇)ရက်။ လယ်တီဝိပဿနာ (၇)ရက် တရားစခန်း (၉၅)ကြိမ်မြောက် နောက်ဆုံးနေ့ မနက်ဖြန်ဆိုရင် အောင်ပွဲခံကြတော့မယ်။ (၇)ရက်တာအတွင်း မိမိတို့ကျန်းမာရေး အခြေအနေအရ ကြည့်ပြီး အားထုတ်ခဲ့တာ အောင်မြင်ပြီးမြောက်ဖို့ နီးလာပါပြီ။

**ဆေးမျိုးစုံ**

မြတ်စွာဘုရားရဲ့ တရားမြို့တော်ကြီးမှာ မဟာသတိပဋ္ဌာန် ဆိုတဲ့ လမ်းကောင်းအကျော် လမ်းမတော်ကြီးဘေးမှာ တည်ရှိနေတဲ့ ဈေးရုံတော်ကြီး (၈)ရုံထဲက "ဩသဓာပဏ"ခေါ်တဲ့ ဆေးမျိုးစုံရောင်းတဲ့ ဆိုင်ကြီးလဲ ဖွင့်ထားပါတယ်။ ဒီဆိုင်ကြီး ဈေးရုံကြီးတို့ ဘာပြုလို့ ဖွင့်ရတာလဲဆိုတော့ လောကသားတွေ ရောဂါမျိုးစုံ အနာမျိုးစုံနဲ့ ဖိစီးနှိပ်စက်ခံနေကြရတော့ မြတ်စွာဘုရားက ဆေးမျိုးစုံရောင်းတဲ့ ဆိုင်ကြီးဖွင့်ပြီး အဲဒီဆေးတွေနဲ့ နတ်၊ လူ၊ ဗြဟ္မာတွေကို ကုသပေး တယ်။

ပုဂ္ဂိုလ်တစ်ယောက်ဟာ အရဟတ္တဖိုလ် မရသေးခင် ငါဟာ ကျန်းမာပါတယ်လို့ ပြောရင် ဒီထက်မိုက်တဲ့လူ မရှိဘူးတဲ့။ မှန်ပါတယ်။ အရဟတ္တဖိုလ် မရသေးခင် အားလုံးရောဂါသည်တွေချည်းပါပဲ။ ရောဂါက ကုသရခက်တဲ့ အတေကိစ္ဆရောဂါနဲ့ ကုသရလွယ်ကူတဲ့ သတေကိစ္ဆရောဂါ။ ကိုယ်မှာဖြစ်တဲ့ရောဂါ၊ စိတ်မှာဖြစ်တဲ့ရောဂါ စသည်ဖြင့် မြောက်များစွာ ရှိပါတယ်။

ဘုန်းကြီးတို့ သာမဏေဘဝက ကမ္ဘာ့လူထုကြီးကို ခြိမ်းခြောက်နေတဲ့ ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ဒီနောက်ကျပြန်တော့ အဆုတ်ရောဂါဆိုပြီး ကမ္ဘာ့လူထုကြီးကို ခြိမ်းခြောက်နေခဲ့ပါတယ်။ အဲဒီကမ္ဘာ့ရောဂါတွေ ကုစားလို့ထိုက်တန်သလောက် ရတဲ့အခါကျတော့ နောက်ထပ် ပေါ်ပေါက်လာတာက ကင်ဆာရောဂါ၊ ခုခံအားကျဆင်းတဲ့ရောဂါ "အေအိုင်ဒီအက်စ်" ရောဂါ၊ သူတို့က ခေါင်းထောင်လာပြန်ရော။ အချို့ရောဂါတွေဆိုရင် ဆေးဝါးဖော်စပ်လို့ မရတဲ့အထိဆိုပါတယ်။ အချို့ရောဂါတွေကတော့ ဆေးဝါးရှာလို့ ရပါသေးတယ်။

မြတ်စွာဘုရားက "တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ" ရောဂါမျိုးစုံကို ကုသတဲ့ သမားတော်ကြီးဟူသော အမည်သည် ငါဘုရားရဲ့အမည် ဖြစ်တယ်။

မြတ်စွာဘုရားလဲ ဆေးကုတယ်။ အဲဒီလို ဆေးကုတဲ့အခါကျတော့ ရောဂါကလဲ အမျိုးစုံပါပဲ။ အရှင်နာဂသိန်မထေရ်မြတ်က မိလိန္ဒမင်းကြီးအား ဘယ်လိုဟောသလဲ။ "ဩသဓာနိ ခေါ မဟာရာဇ ဘဂဝတော အက္ခာတာနိ ယေဟိဩသဓေဟိ သောဘဂဝါ ဒေဝမနုဿေ တိကိစ္ဆတိ"။

မဟာရာဇ= မင်းမြတ်၊ ယေဟိဩသဓေဟိ= အကြင်ဆေးဝါးဓာတ်စာတို့ဖြင့်၊ သောဘဂဝါ= ထိုမြတ်စွာဘုရားသည်၊ ဒေဝမနုဿေ= နတ်လူပြဟ္မာ သတ္တဝါတို့ကို၊ တိကိစ္ဆတိ= ဆေးကုပေး၏။ တာနိဩသဓာနိ= ထိုဆေးတို့ကို၊ ဘဂဝတာ= မြတ်စွာဘုရားသည်၊ အက္ခာတာနိ= ဟောကြားတော်မူအပ်ပါကုန်၏။

နတ်နှင့်တကွသော လောကသားတွေကို ဆေးကုပေးတဲ့ ဆေးတွေရှိတယ်။ အဲဒီဆေးတွေက သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်

လေးပါး၊ ကြ္ဒိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး။

ဆေးတွေပေးတယ်ဆိုတဲ့ နေရာမှာ မြတ်စွာဘုရားက ဆေးနည်းတွေ ပေးတော်မူတယ်။ ဒီဆေးနည်းတွေကို လေးသချော်နဲ့ ကမ္ဘာတစ်သိန်း ရှာဖွေခဲ့တာ။

အဲဒီ ဆေးတွေက မဟာသတိပဋ္ဌာန်ဆိုတဲ့ ဆေး၊ သမ္မပ္ပဓာန်၊ ကြ္ဒိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင် ဆိုတဲ့ဆေးတွေ၊ ဆေးတွေရဲ့ အစွမ်းသတ္တိက "မိစ္ဆာဒိဋ္ဌိ ဝိရောစေတိ" မှားမှားယွင်းယွင်း ဖောက်ဖောက်ပြန်ပြန် မြင်မှုကို လျှော့ကျစေတယ်၊ ပြေပျောက်စေတယ်။ အမြင်မှားတာကို အကြောင်းပြုပြီးတော့ လောကမှာ အပြစ်တွေ တောင်ပုံယာပုံပဲ။

မိစ္ဆာဒိဋ္ဌိ= မှားတဲ့အမြင် ပပျောက်စေတယ်၊ လျှော့ကျစေတယ်။ မိစ္ဆာသင်္ကပ္ပ= မှားတဲ့အကြံ၊ မိစ္ဆာဝါစာ= မှားတဲ့စကား၊ မိစ္ဆာကမ္မန္တ= မှားတဲ့အလုပ်၊ မိစ္ဆာအာဇီဝ= မှားတဲ့အသက်မွေးမှု၊ မိစ္ဆာဝါယမ= မှားတဲ့အားထုတ်မှု၊ မိစ္ဆာသတိ= မှားတဲ့သတိ၊ မိစ္ဆာသမာဓိ= မှားတဲ့သမာဓိ။

အဲဒီရောဂါတွေကိုလဲ ပျောက်စေတယ်။ "လောဘဝမန် ကရောတိ" လောဘကိုလဲ ပျို့အန်စေတယ်။ ဒီနေ့ဆေးမျိုးစုံ မနေ့တုန်းကတော့ အဆိပ်ဖြေဆေးတစ်မျိုးပဲ။

ဒီနေ့တော့ မြတ်စွာဘုရားရဲ့ ဩသဓာပဏဆိုတဲ့ ဆေးဆိုင် ဈေးရုံကြီးက ဆေးမျိုးစုံရောင်းတဲ့ဆိုင်ကြီးပါပဲ။ လောဘအစရှိတဲ့ ကိလေသာတို့ကို ပျို့အန်စေနိုင်တယ်။

"သဗ္ဗ ကိလေသဝမန် ကာရေတိ" ဘယ်ကိလေသာမှ မကျန်အောင် ပျို့အန်စေနိုင်တယ်။ အဲဒါ မြတ်စွာဘုရားဆေးတော်ရဲ့ အစွမ်းသတ္တိတွေပါပဲ။

တစ်ခါတစ်ရံ လောကမှာ တွေ့ကြကြုံကြတဲ့ ရောဂါတွေထဲမှာ အချို့ရောဂါတွေက စွဲလိုက်ပြီဟေ့ ဆိုတာနဲ့ အင်မတန်ကြောက်စရာကောင်းပါတယ်။ ယခုခေတ်မှာ ကင်ဆာရောဂါတို့၊ ခုခံအားကျဆင်းတဲ့ရောဂါတို့ အခြားအခြားရောဂါတွေလဲ တစ်ခါတစ်ရံ တွေ့ကြရတယ်။

ဥပမာ- ရေဖျဉ်းရောဂါ စွဲပြီဆိုရင် ဆေးတွေ့ခဲတယ်။ ရေတွေဖောက်ထုတ်လိုက်ပြန်၊ တော်ကြာ တင်းလာပြန်နဲ့။ နည်းမသိရင်ခက်တယ်။ ပျို့အန်စေတတ်တဲ့ နည်းမသိရင်တော့ လောဘကို ပျို့အန်စေဖို့ မလွယ်ဘူး။ ကိလေသာတွေ ပျို့အန်စေတတ်တဲ့နည်း မသိဘူးဆိုရင် ဆေးမသိဘူးဆိုရင် ဒါခက်တော့တာပဲ။

ကမ္ဘာ့လူထုကြီး လောဘကို ပျို့အန်စေတဲ့နည်း ရှာလဲမရှာကြဘူး။ တွေ့လဲမတွေ့ဘူး။ အခုခေတ် သိပ္ပံပညာရှင်တွေ လောဘကို ပျို့အန်စေတတ်တဲ့ ဆေးမတွေ့ဘူး။ ဒေါသ၊ မောဟ ကိလေသာတို့ကို ပျို့အန်စေတတ်တဲ့ဆေးနည်း။ မိစ္ဆာဒိဋ္ဌိကို ပျို့အန်စေတတ်တဲ့ ဆေးနည်း။ ကမ္ဘာ့ဆေးပညာရှင်တွေ ရှာမတွေ့ကြဘူး။ ဆေးနည်း မသိရင် ဒီရောဂါတွေပျောက်ဖို့ မလွယ်ဘူး။

ဥပမာ= ရေဖျဉ်းရောဂါ စွဲနေတဲ့သူ ဆေးရုံတင် အကြိမ်ကြိမ်ဖောက် လေးငါးကြိမ်လောက် ဖောက်တဲ့အခါကျတော့ အသက်ပျောက်သွားတာပါပဲ။ ဆေးနည်းသိရင်တော့ လွယ်လွယ်လေးပါပဲ။

လောဘကို ပျို့အန်စေတတ်တဲ့နည်း။ မြတ်စွာဘုရား သိတော်မူလို့ ပေးတော်မူတာ။ အခုယောဂီများ အားထုတ်နေတာဟာ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေကို အန်ထုတ်နေတာပါ။ အလုံးစုံသော ကိလေသာတွေကို အန်ထုတ်နေတာပါ။ အလုံးစုံသော ကိလေသာတွေကို အန်ထုတ်တဲ့ဆေးကောင်းဝါးကောင်းစားနေတာ။

ကိုယ်မှာဖြစ်တဲ့ ရောဂါသည်ပင်လျှင် ဆေးနည်းမသိရင် အကုရခက်တတ်ပါတယ်။ ရေဖျဉ်းရောဂါစွဲနေတဲ့ လူတစ်ယောက် ဈေးထဲက ဗူးသီးတစ်လုံး ဈေးမဆစ်ပဲနဲ့ဝယ်။ ဝယ်ပြီးဆေးပြီးတော့ မြင့်တဲ့နေရာလေးထား။ ညဉ့်အိပ်တဲ့အခါ "ဗူးဆရာကြီး ကွပါ၊ ဆေးကုပေးပါ"ဆိုပြီး ဖျဉ်းရောဂါရှင်အနားမှာ ဗူးသီးထားပြီး အိပ်ရမယ်။

သုံးညဉ့်ထားပြီးတော့ လည်ပင်းကနေပြီး ဗူးသီးကိုဖြတ်လိုက်၊ အညှာပါတဲ့ဘက်ကိုယူပြီး မီးဖိုချောင်မှာဆွဲထား။ ဗူးသီးလုံးကြီးကို လွှင့်ပြစ်လိုက်ပါ။

ဗူးသီးညှာလေး ညှိုးသွားသလို ဗိုလ်ကလျှော့သွားပြီး ရေဖျဉ်းဝေဒနာရှင်တွေ သက်သာသွားပါတယ်။ ပျောက်သွားပါတယ်။ နည်းသိရင် လွယ်တယ်။ နည်းမသိရင် အင်မတန်ခက်ပါတယ်။

အခုလောဘ ကိလေသာစတဲ့ ပျို့အန်ဖို့နည်းမသိဘူး။ ကမ္ဘာ့လူထုကြီး ဒီနည်းကို သိချင်ရှာကြမှာပဲ။ ဘုန်းကြီးတို့ ကံကောင်းထောက်မလို့ ဗုဒ္ဓဘုရားသာသနာတော်နဲ့တွေ့လို့ ဒီနည်းတွေသိကြရတာ။ ဒါကြောင့် "လယ်တီမခက် လယ်လုပ်ခက်၏" ဆိုတဲ့အတိုင်း ကြားနာရပြီ။ သိကြပြီ။ လယ်လုပ်တာလေးပဲ ခက်တယ်။ လယ်တည်ဖို့ မခက်ဘူး။ နည်းတွေက ရှိနေကြပြီ။

ဆေးတွေလဲရှိနေပြီ။ ဆေးမှန်မှန်စားဖို့ပဲ လိုတယ်။ တစ်ခါ တစ်ရံ လောကမှာ ရောဂါဆိုးတွေ "စည်ပိတ်"ဆိုတဲ့ရောဂါ ဆိုပါစို့။ တစ်ချို့ မကြားဖူးဘူးလို့ ဆိုကြတယ်။ အထက်မလှန် အောက်လဲ မလျှော ဝမ်းဗိုက်ကြီး တင်းနေတဲ့ဟာမျိုး။ ဆေးရွက်ကြီးကို ရေလေးနဲ့ ဖျော်ပြီး တိုက်လိုက်ရင် အံပြီးအထက်အောက်ပွင့်သွားတယ်။ လေပိတ်နေတဲ့ရောဂါ။ လေလမ်းပွင့်ပြီးတော့ ပျောက်ကင်းပြီးသွား တယ်။ အကယ်၍ ဆေးရုံတွေပေါ်မှာ သွားပြီးခွဲစိတ်လိုက်မယ်ဆိုရင် သေတာများပါတယ်။ အဲဒီတော့ နည်းမသိလို့ပါပဲ။ ကိလေသာ ရောဂါတွေ ပျို့အန်ဖို့ ဝမ်းဗိုက်ထဲမှာ အပြည့်ရှိနေတဲ့ ကိလေသာတွေ အန်ထုတ်လိုက်မှ သက်သာရာရမှာပါပဲ။ ဒါကြောင့် -

**ယေကေစိ ဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ။**

လောကေ= လောက၌၊ ဝိဝိဓာ= အထူးထူး အပြားပြားကုန် သော၊ ဗဟူ= များကုန်သော၊ ယေကေစိ= အလုံးစုံကုန်သော၊ ဩသဓာ= ဆေးတို့သည်၊ ဝိဇ္ဇန္တိ= ရှိကြပါကုန်၏။

လောကကြီးထဲမှာ ဆေးတွေအများကြီးရှိကြတယ်။ ကမ္ဘာ့နာ များဖြစ်ကြတဲ့ ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာ ရောဂါ၊ အေအိုင်ဒီအက်ရောဂါ အစရှိသည်ဖြင့် ရောဂါတွေ အမျိုးစုံ ရှိတယ်။ အဲဒီရောဂါမျိုးစုံကို ကုသဖို့ဆေးတွေကလဲ အများကြီးရှိတယ်။

**ဓမ္မောသဓ သမံနတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။**

ဘိက္ခဝေါ= သူတော်ကောင်းတို့၊ ဓမ္မောသဓသမံ= တရားဆေး နှင့် တူသောဆေးသည်၊ နတ္ထိ= မရှိပါချေ။ တသ္မာ= ထိုကြောင့်၊ ဧတံ= မဟာသတိပဋ္ဌာန် စသော ဆေးကောင်းအကျော် တရားတည်း

ဟူသော ဆေးတော်ကြီးကို၊ ပိဝထ= သောက်ကြပါကုန်လော့။

ဒီလို အရှင်နာဂသိန်ရဟန္တာ အရှင်မြတ်ကြီးက "တရားဆေးနှင့် တူသောဆေးမရှိပါဘူး"။ တရားဆေးသောက်ကြပါလို့ တိုက်တွန်းတော်မူတဲ့အတိုင်း အခုယောဂီသူတော်စင်များ (၉၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဝင်ရောက်ပြီးတော့ တရားဆေးတွေ သောက်နေကြတာ။

**ဓမ္မောသဓံ ပိဝိတွာန၊ အဇရာ မရဏာ သိယုံ။**

**ဘာဝယိတွာ စ ပဿိတွာ၊ နိဗ္ဗုတာ ဥပဓိက္ခယေ။**

ဓမ္မောသဓံ= တရားတည်းဟူသော ဆေးတော်ကြီးကို၊ ပိဝိတွာန= သောက်သုံးကြကုန်ပြီး၍၊ အဇရာမရဏာ= အိုနာသေကင်းကုန်သည်၊ သိယုံ= ဖြစ်ကြကုန်ရာ၏။ ဘာဝယိတွာ= မဂ်ကိုပွားစေကြကုန်၍၊ ပဿိတွာ= နိဗ္ဗာန်ကို မြင်ကြကုန်၍၊ ဥပဓိက္ခယေ= ဥပဓိငါးပါးတို့ကုန်ရာ နိဗ္ဗာန်၌၊ နိဗ္ဗုတာ= ငြိမ်းကြလေကုန်သတည်း။

ရဟန္တာအရှင်မြတ်ကြီးက တိုက်တွန်းထားခဲ့တာ တရားတော်တည်းဟူသော ဆေးကို သောက်ကြပါ။ တရားတော်တည်းဟူသော ဆေးကိုသောက်ရင် အို၊ နာ၊ သေ ကင်းနိုင်ပါတယ်။ မဂ်ကိုပွား နိဗ္ဗာန်ကိုမြင်ပြီးတော့ ဥပဓိကုန်ရာ နိဗ္ဗာန်၌ ငြိမ်းချမ်းရေးကြပါကုန်လော့လို့ တိုက်တွန်းစကား မိန့်ကြားသွားတယ်။

## အမြိုက်ရေစင်

နောက်တစ်ခါ မြတ်စွာဘုရားရဲ့ တရားမြို့တော် မဟာသတိပဋ္ဌာန် မိန်းလမ်းမကြီးမှာ "အမတာပဏ" ဆိုတဲ့ ဈေးရုံတော်ကြီး၊ အမြိုက်ရေစင် ကုန်ဆိုင် ကုန်တိုက်။ အမြိုက်ရေစင် ဆိုတာ မသေတဲ့ ဆေးပါပဲ။

**"အမတံ ခေါ မဟာရာဇ ဘဂဝတာ အက္ခာတံ ယေန အမတေန သောဘဂဝါ သဒေဝကံ လောကံ အဘိသိဉ္စိ"** မိလိန္ဒမင်းကြီး မြတ်စွာဘုရားက အမြိုက်ရေစင်ဖြင့် နတ်နှင့်တကွသော လောကကို သွန်းလောင်းပေးတယ်။ အမြိုက်ရေစင် ဖြန်းပေးတယ်။

အဲဒီ အမြိုက်ရေစင် အဖြန်းခံရတဲ့ နတ်တွေ၊ လူတွေအားလုံး ရဟန်းရှင်လူ နတ်လူပြဟ္မာ အားလုံးဟာ ပဋိသန္ဓေနေရခြင်းဘေး၊ အိုဘေး၊ နာဘေး၊ သေဘေး၊ စိုးရိမ်ပူဆွေး စိတ်မအေးရပဲ ငိုကြွေးရတဲ့ဘေး၊ ဒုက္ခကိုယ်ဆင်းရဲတဲ့ဘေး၊ ဒေါမနဿစိတ် မသက်သာ နှလုံးနာတဲ့ဘေး၊ ဉပါယာသ တက်သွားလောက်အောင် ပူပန်တဲ့ဘေးတို့မှ လွတ်မြောက်နိုင်တယ်။

အဲဒီတော့ မြတ်စွာဘုရားရဲ့ အမြိုက်ရေစင် အသွန်းခံရဖို့ အရေးကြီးတာ။ အမြိုက်ရေစင် သွန်းလောင်းခံရတဲ့ ပုဂ္ဂိုလ်တွေ အို၊ နာ၊ သေဘေးစသည်တို့မှ လွတ်ကင်းနိုင်တယ်။ အမြိုက်ရေစင်ဆိုတာ ဘာလဲဆိုတော့ "ကာယဂတာသတိ"တဲ့။ အာနာပါနဿတိ အပါအဝင် ကာယဂတာသတိ (၁၈)မျိုးရှိပါတယ်။ အခုယောဂီသူတော်စင်များ (၉၅)ကြိမ်မြောက် စပြီးတော့ အာနာပါနဿတိနဲ့စတာ။

အာနာပါနဿတိဆိုတဲ့ ကာယဂတာသတိနဲ့ စပြီး ဓမ္မခရီးစဉ် ထွက်လာခဲ့ကြတယ်။ "အမတံ တေ ဘိက္ခဝေ ပရိဘုဉ္စန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္စန္တိ"။

ဘိက္ခဝေ= ချစ်သားတို့၊ ယေ= အကြင်ပုဂ္ဂိုလ်တို့သည်၊ ကာယဂတာသတိံ= အာနာပါနအပါအဝင်ဖြစ်သော ကာယဂတာသတိကို၊ ပရိဘုဉ္စန္တိ= သုံးဆောင်ကြကုန်၏။ တေ= ထိုအာနာပါနအပါအဝင်ဖြစ်သော ကာယဂတာသတိကို သုံးဆောင်ကြရကုန်သော

သူတို့သည်၊ အမတံ= အမြိုက်ရေစင်ကို၊ ပရိဘုဥ္စန္တိ= သုံးဆောင်ကြရကုန်၏။

မြတ်စွာဘုရား၏ ကာယဂတာသတိနဲ့ သွန်းလောင်းခံရတဲ့ ပုဂ္ဂိုလ်တွေ။ တစ်နည်းအားဖြင့် ကာယဂတာသတိကို အသုံးချအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသလိုပါပဲ။

**ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာမဏံ ပသာရယိ။**

**ကမ္မေန တံ ကိဏိတ္ဝာန၊ အမတံ အာဒေထ ဘိက္ခဝေါ။**

ဘိက္ခဝေါ= ယောဂီသူတော်စင်အပေါင်းတို့၊ ဗျာဓိတံ-ဇနတံ= ကျင်နာကိုက်ခဲ ရောဂါစွဲနေသောသူကို၊ ဒိသွာ= မြင်တော်မူ၍၊ အမတာပဏံ= အမြိုက်ရေစင်တည်းဟူသော ဆေးတော်ကြီးကို၊ ပသာရယိ= ဖြန့်ခင်းထားတော်မူခဲ့လေပြီ။

မြတ်စွာဘုရားက ကျင်နာကိုက်ခဲ ရောဂါစွဲနေတဲ့သူတွေကို မြင်ပြီးတော့ သူအို သူနာ သူသေတွေကိုမြင်ပြီးတော့ သြော် လောကကြီး ဒုက္ခရောက်လှချည့်လား။ လောကကြီး ပင်ပန်းလှချည်လားဆိုပြီးတော့ အမြိုက်ရေစင်ဆေးဆိုင် ဈေးရုံကြီးကို ဖြန့်ခင်းတော်မူတယ်။

**ကမ္မေနတံ ကိဏိတ္ဝာန၊ အမတံ အာဒေထ ဘိက္ခဝေါ။**

ဘိက္ခဝေါ= သူတော်ကောင်းတို့၊ ကမ္မေန= ကုသိုလ်ကံဖြင့် (ဝါ) လုပ်အားဖြင့်၊ တံ= ထိုမြတ်စွာဘုရား ဖြန့်ခင်းရောင်းချအပ်သော အမြိုက်ရေစင်ကို၊ ကိဏိတ္ဝာန= ဝယ်ကြခြမ်းကြကုန်၍၊ အမတံ= မအိုမနာမသေ ဖြစ်သော အမြိုက်နိဗ္ဗာန်ကို၊ အာဒေထ= မရအရ ယူကြပါကုန်လော့။

အရှင်နာဂသိန် အရှင်မြတ်ဟောပုံက မြတ်စွာဘုရားက အမြိုက်ရေစင် ဖြန့်ခင်းတယ်။ အမြိုက်ရေစင် ဈေးရုံကြီးဖြန့်ခင်းတယ် ဆိုတာ အိုနေတဲ့ပုဂ္ဂိုလ်တွေမြင်တယ်။ ကျင်နာကိုက်ခဲ ရောဂါစွဲနေတဲ့ ပုဂ္ဂိုလ်တွေမြင်တယ်။ ဒုက္ခမျိုးစုံ ဝိုင်းအုံနေတဲ့ ပုဂ္ဂိုလ်တွေမြင်တယ်။

အဲဒီလိုမြင်တဲ့အခါ မြတ်စွာဘုရားက အမြိုက်ရေစင် တိုက်ကျွေးချင်တယ်။ ဒါကြောင့် အမြိုက်ရေစင်ရောင်းချတဲ့ ဈေးရုံကြီး ဖွင့်ပြီးထားပါတယ်။ မိမိတို့ရဲ့ အားထုတ်မှု ကုသိုလ်ကံလုပ်အားဖြင့် အဲဒီ အမြိုက်ရေစင်ကို ဝယ်ပြီးတော့ မအိုမနာမသေရာဖြစ်တဲ့ အမြိုက် နိဗ္ဗာန်ကို ဝင်စံနိုင်ကြပါစေလို့ တိုက်တွန်းစကားကို အရှင်နာဂသိန် မထေရ်မြတ်ကြီးက မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် -

**ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာပဏံ ပသာရယိ။**

**ကမ္မေနတံ ကိဏိတွာန၊ အမတံ အာဒေထ ဘိက္ခဝေါ။**

ဘိက္ခဝေါ= ယောဂီသူတော်စင်အပေါင်းတို့၊ တုမှေ= သင်တို့ သည်၊ ဗျာဓိတံ= အိုနာယှဲ့ယိုင် ဒုက္ခဆိုင်နေကြရ။ သော ဇနတံ= လူအပေါင်းကို၊ ဒိသွာ= မြင်၍၊ အမတာပဏံ= အမြိုက်ရေစင် ဈေးရုံ တော်ကြီးကို၊ ပသာရယိ= ခင်းကျင်းပြသ ရောင်းချတော်မူခဲ့ပေပြီ။ ဘိက္ခဝေါ= ယောဂီ သူတော်စင်အပေါင်းတို့၊ တုမှေ= သင်တို့သည်၊ ကမ္မေန= သင်တို့ ကြိုးစား ကုသိုလ်ကံလုပ်အား တရားအဖိုးအခဖြင့်၊ တံ= ထိုအမြိုက် ရေစင်ကို၊ ကိဏိတွာန= ဝယ်၍၊ အမတံ= မအိုမနာ မသေ အမြဲနေရာ ဖြစ်သော နိဗ္ဗာန်ကို၊ အာဒေထ= ကောင်းမွန်စွာ ရရှိအောင် ကြိုးစားအားထုတ် ရယူကြကုန်ရာသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

**တွဲဖက်အကျိုးတော်ဆောင်(၁)**

**ကလေးဝတောရဆရာတော်**

**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**

**အဂ္ဂမဟာပဏ္ဍိတ**

**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**

## (၉၆)ကြိမ်မြောက်

ယနေ့ သာသနာတော်နှစ် ၂၅၅၀ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု။ နယုန်လပြည့်၊ "မဟာသမယနေ့" လယ်တီဝိပဿနာ (၇)ရက် တရားစခန်း (၉၆)ကြိမ်မြောက် ဖွင့်လှစ်နိုင်တဲ့ နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါတယ်။

မဟာသမယနဲ့ ပတ်သက်ပြီးတော့ အရင်နှစ်တွေက ဟောခဲ့ပါပြီ။ ယနေ့ ထူးခြားတာကတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး လွန်ခဲ့နှစ် (၁၀၂)နှစ်က တောထွက်ပြီး အားထုတ်ရာဖြစ်ခဲ့တဲ့ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ယင်းမာပင်မြို့နယ်ထဲမှာ ရှိတဲ့ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာကြီးမှာ "ကမ္မဋ္ဌာနာစရိယ မွမ်းမံသင်တန်း" ဒီနေ့စတင်ပြီးတော့ ဖွင့်နိုင်ခြင်းပါပဲ။

လယ်တီဝိပဿနာတရားစခန်းအား အားထုတ်ကြိုးပမ်းကြတဲ့ ယောဂီသူတော်စင်တို့အား ဗုဒ္ဓဘုရားရဲ့ နည်းနိဿယနဲ့ မလွဲမချော် အောင် နည်းလမ်းညွှန်ကြားကြမည့် ကမ္မဋ္ဌာနာစရိယများအား မွမ်းမံ သင်တန်းဖွင့်ပြီး (၁၀)ရက်တိုင်တိုင် လက်တွေ့အားထုတ်၊ လက်တွေ့ ဟောပြော၊ လက်တွေ့တရားပြ ဒီနည်းတွေနဲ့ မွမ်းမံသင်တန်း ဖွင့်ပါ တယ်။

ဘုန်းကြီးတို့ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာ လယ်တီဝိပဿနာ (၇)ရက် တရားစခန်းကျင်းပလာခဲ့တာ (၉၆)ကြိမ် မြောက်ရှိခဲ့ပါပြီ။

အားလုံးယောဂီသူတော်စင်များ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်က မြတ်စွာဘုရားကိုယ်တော်တိုင် ပေးသနားတော်မူခဲ့တဲ့ တရား အားထုတ် နည်းနိဿယ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်က ဖွင့်ဖော်ပေးခဲ့တဲ့ နည်းနိဿယ။

ဒီနည်းနိဿယတွေကို မှီငြမ်းပြုပြီးတော့ လယ်တီကမ္မဋ္ဌာနာ စရိယများက ဆက်လက်ပြီးတော့ ပေးကြတယ်။ အဲဒီလိုပေးခဲ့တော့ အားထုတ်ရမှာက ဘုရားနည်း၊ ဘုရားနည်းကို မှီငြမ်းပြုထားတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့နည်း။

တစ်ခါတစ်ရံကျတော့ ဘုရားအပေါ်မှာ နှစ်ကဝေးနေတာ။ အနေကဝေးနေတော့ ကိုယ်မှီလိုက်တဲ့ ဆရာသမားအပေါ်မှာ အလေး အမြတ်ထားတာ ဘုရားထက် လွန်ကဲလာတတ်တယ်။ ဘုရားအပေါ် မှာ ခပ်ပေ့ါပေ့ါလေး ပြောဆိုတာတွေလည်း ရှိတတ်ပါတယ်။ သတိပြု

စရာပါပဲ။ စာမျက်နှာ အနည်းငယ်လေးရှိတဲ့ စာအုပ်ကလေးတစ်အုပ်မှာ "မြတ်စွာဘုရားကိုတော့ ဘုရားသေပြီ၊ မသေခင်က ဘာပြောခဲ့တယ်"လို့ လေးကြိမ်၊ ငါးကြိမ်လောက် သုံးတယ်။

အဲဒီရေးတဲ့ ဆရာတော်က သူတို့ရဲ့ဆရာတော်ကျတော့ "ခန္ဓာဝန်ချသွားတာက ဘယ်တုန်းက"လို့ သုံးတယ်။ ဘုရားကိုတော့ သေတယ်၊ သူ့ဆရာတော်ကျတော့ ခန္ဓာဝန်ချတယ်လို့ သုံးတယ်။ မသုံးသင့်တဲ့ စကားလုံးတွေပါပဲ။

"မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်။ ရှင်ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်စံတယ်။ ရဟန္တာများ ပရိနိဗ္ဗာန်စံတယ်။ ရဟန်း၊ သာမဏေများ ပျံတော်မူတယ်။ ရှင်ဘုရင်များ နတ်ရွာစံတယ်။ လူများ ကွယ်လွန်၊ အနိစ္စရောက်၊ သေတယ်လို့ သုံးပါတယ်။ ပုဂ္ဂိုလ်အလိုက် သူ့အသုံးအနှုန်းနဲ့ သူပါ။ သူ့အသုံးအနှုန်းသူ ပုဂ္ဂိုလ်အလိုက်တော့ သုံးနိုင်ရမှာပေါ့။

အဲဒီတော့ ဘုရားအပေါ်မှာ အလေးအနက်ထားမှု လျော့သွားရင် တရားအားထုတ်တဲ့နေရာမှာ အနှောင့်အယှက်ဖြစ်တတ်တယ်။ ဘုရားစကားတော်တွေ လွန်ခဲ့တဲ့ ၂၅၉၅ နှစ်က ပွင့်တော်မူခဲ့တဲ့ ဘုရားစကားတော်တွေ တဖြည်းဖြည်း တဖြည်းဖြည်း တည်ရာဌာနဒေသ ပုဂ္ဂိုလ်အားဖြင့် ပြောင်းရွှေ့ပြီး (၂၆)ရာစုအထိ ခရီးရှည်ကြီးလျှောက်လှမ်းလာရတော့ ကံကောင်းလို့ တွေ့ရပါတယ်။

ဒါကြောင့် လွန်ခဲ့တဲ့လက ဥရောပခရီးစဉ်ကို ကြည့်မယ်ဆိုရင်တော့၊ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မြတ်ဗုဒ္ဓဒေသနာတော်နဲ့အညီ ပြဋ္ဌာန်းထားနည်းအတိုင်း တရားပြကြတဲ့ ဆရာကြီးဦးဘခင်၊ ဆရာကြီးဦးချစ်တင်၊ ဆရာမကြီးဒေါ်မြသွင်တို့

ဟောပြောပြသနေတဲ့ တရားစခန်းတွေရောက်ရတာ အင်မတန် အားရဖို့ ကောင်းတယ်။ ဝမ်းသာဖို့ ကောင်းတယ်။

ဘုရားနည်းတွေ ကျင့်သုံးပြီးတော့နေကြလို့ ဝမ်းသာစရာ။ လွန်ခဲ့တဲ့ရက်တစ်ပတ်ကတော့ ကိုရီးယား ရောက်ပါတယ်။ ကိုရီးယား သာသနာက မဟာယာနတွေပဲ များပါတယ်။

(၄၅)ပေ ဉာဏ်တော်ရှိတဲ့ ရုပ်ပွားတော်ကြီးဖွင့်ပွဲအခမ်းအနား မှာ မဟာယာနဆရာတော်ကြီးများလည်း အသီးအသီးစကားပြော ကြတယ်။ ဘုန်းကြီးတို့လည်း တက်ရောက်ပြီးစကားပြောပါတယ်။ အခမ်းအနားပြီးမှ ဘုန်းတော်ကြီးများအား နေ့လည်စာကျွေးပါတယ်။ ဆက်ကပ်တယ်ပေါ့။ ဘယ်အချိန်ရောက်နေပြီလည်းဆိုတော့ နေ့ (၂)နာရီ ရှိပါပြီ။

ဘုန်းကြီးနဲ့ အတူပါလာတဲ့ စကားပြန် ဒကာလေးနဲ့ ဒကာမ လေးတို့က သူတို့ကနားလည်တယ်။ “ဆရာတော် ဟိုရောက်လို့ရှိရင် အခမ်းအနားက ကျင်းပနေပြီ။ ပြီးမှာက (၂)နာရီလောက်မှ ပြီးမှာ။ နေ့ဆွမ်းခေါ်မှာပေါ့။ နေ့လည်စာက အခမ်းအနားပြီးမှ ကျွေးမှာ။ အခမ်းအနား မတက်ရောက်မီ လမ်းမှာသင့်လျော်တဲ့နေရာမှာ ဆွမ်းဘုဉ်းပေးရအောင်”တဲ့။ မှန်တာပေါ့။ ကိုယ့်အချိန် သူ့အချိန် ဝိကာလဘောဇနဆိုတာ ရှိနေတာကိုး။

ဟိုရောက်တဲ့အခါ ပြောတဲ့အတိုင်းပဲ။ ဟောပြောကြတာက အခမ်းအနားက (၂)နာရီလောက် ပြီးသွားတယ်။ ပြီးတဲ့အခါ စားသောက်ဖို့ကြွတော်မူပါဆိုတော့ ရဟန်းတော်တွေရော၊ သီလရှင် တွေပါ ကြွသွားပြီး စားကြတယ်။

ဘုန်းကြီးတို့က တစ်နေရာမှာထိုင်နေတော့ လာ,လာပြီးတော့ ခေါ်တယ်။ ထမင်းစားဖို့၊ ဆွမ်းဘုဉ်းဖို့ပါပဲ။ စကားပြန်လေးတွေက နားမလည်တော့ ခပ်ရိုင်းရိုင်းပဲပြောတယ်။ မွန်းလွဲအခါ ထမင်းမစားဘူး။ ဆွမ်းမစားဘူးလို့ ပြန်ပြောတယ်။

ဟဲ့ အဲဒီလိုမပြောနဲ့။ စားခဲ့ပြီးပြီလို့ ဒီလိုပြောပါလို့ ပြောရတယ်။ အခြားကိစ္စတွေ အသာထား။ ဝိကာလဘောဇနသိက္ခာပုဒ်ကိုပဲ ဘုန်းကြီးတို့ ထေရဝါဒမြန်မာနိုင်ငံမှာဆိုရင် ဥပုသ်သည်တွေ၊ လူသူတော်စင်တွေ စောင့်ထိန်းကြတာ။ ဟိုမှာ ရဟန်းတော်တွေ၊ သီလရှင်တွေပင် အဲဒီသိက္ခာပုဒ်ကိုတောင် စောင့်ဖို့ရာခက်နေတယ်။ နောက်တော့ မေးကြည့်လိုက်တဲ့အခါ ဂိုဏ်းတွေကအများကြီးရှိတယ်။ ဘုန်းကြီးတို့က ဂိုဏ်းကြီးကိုးဂိုဏ်းရှိတယ်။ ဝိနည်းတူတယ်၊ စာပေတူတယ်။

တောင်ကိုရီးယားမှာ ဂိုဏ်း (၂၈)ဂိုဏ်းရှိတယ်။ ဝိနည်းလည်း မတူဘူး။ တရားလည်းမတူဘူး။ ဂိုဏ်းခေါင်းဆောင်က သူစီစဉ်ချင်တာ ရဟန်းပြုပုံကစ စီမံနေတာကိုး။ အလေ့အထလည်း မတူဘူးတဲ့။

ဘုန်းကြီးတို့ မြန်မာနိုင်ငံက ဂိုဏ်းကြီး (၉)ဂိုဏ်းလို့သာ ပြောရတယ်။ စာကလည်း ဒီစာပဲ။ ဝိနည်းကလည်း ဒီဝိနည်းပဲ။ ရဟန်းပြုတော့လဲ ဒီကမ္မဝါပဲ။ သာမဏေပြုတော့လည်း ဒီသရဏဂုံသီလပဲ။ ဝမ်းသာဖို့ကောင်းတယ်။ စာမေးပွဲတစ်ခုမှာ "ရူပဗြဟ္မာနှင့် အရူပဗြဟ္မာ အဘယ်သို့ ထူးပါသနည်း"ဟု မေးတယ်။ ဖြေတဲ့သူက "အချွန်မျှသာ ထူးပါသည်"ဟု ဖြေသလိုပါပဲ။ ဒီမှာ အဆောင်အယောင်မျှသာ ထူးပါတယ်၊ အနှစ်သာရက အတူတူပါပဲ။

ဘုန်းကြီးတို့ ထေရဝါဒသာသနာ ထွန်းကားတဲ့နေရာမှာ လူရယ်လို့ဖြစ်ပြီး ယခုလို ဒါန၊ သီလ၊ ဘာဝနာ- ဒါနရယ်၊ သီလရယ်၊ ဘာဝနာရယ်၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကျင့်စဉ်၊ မဂ္ဂင်ရှစ်ပါး ဒီကျင့်စဉ်အတိုင်း အားထုတ်နေရတာ အင်မတန်ဝမ်းသာဖို့ ကောင်းတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ပါဠိတော်တွေ၊ အရှင်မဟာဗုဒ္ဓဃောသ အစရှိတဲ့ ဆရာတော်ကြီးတွေ ဖွင့်ဆိုထားတဲ့ အဋ္ဌကထာတွေ၊ ဋီကာတွေ၊ အဲဒါတွေဟာ ယေဘုယျအားဖြင့် ပါဠိဘာသာနဲ့ တည်ရှိခဲ့တယ်။ အဲဒီ ပါဠိဘာသာ ကို မြန်မာလိုပြန်ဖို့ကို အင်မတန်ခက်တယ်။

လွန်ခဲ့တဲ့နှစ် (၁၀၀)ကျော်က ဆရာတော်ဦးဗုဓ် စသော ရှေးဆရာတော်ကြီးများနှင့် ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမ လယ်တီဆရာတော်ဘုရားကြီးတို့က ရဟန်းရှင်လူတွေ တရားအားထုတ်နိုင်အောင် ဆိုပြီးတော့ မြန်မာလို ကြိုးစားပြီးရေးတယ်၊ ဟောတယ်၊ ပြောတယ်၊ တရားအားထုတ်တယ်၊ တရားပြတယ်၊ အာနာပါနကမ္မဋ္ဌာန်း ဘယ်လိုအားထုတ်ရတယ် စသည်ရေးတယ်။

အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်းသို့ ဘယ်လိုတက်ရမယ်လို့ ဝိပဿနာတက်ပုံကို ဆရာတော်ဘုရားက ပါဠိ၊ အဋ္ဌကထာ၊ ဋီကာမှာလာတဲ့နည်းနိဿယတွေထဲက ထုတ်နှုတ်ပြီးတော့ ရှင်းလင်းအောင် မြန်မာစကားနဲ့ မိန့်ကြားခဲ့တယ်။

ဒါကြောင့် မြန်မာနိုင်ငံသက်ဆိုင်ရာအကြီးအကဲများက မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိကို မြဝတီရုပ်သံက ဗုဒ္ဓဘာသာများအား ပြသပြီးကြည်ညိုခွင့်ရအောင် ဆောင်ရွက်ပေးခဲ့ကြတယ်။

အမရပူရ ဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ သမိုင်းကြောင်းကို ရိုက်ပြီးတော့ ဝေဝေဆာဆာ အကြိမ်ကြိမ်အခါခါ ပြသခဲ့တယ်။ သက်ဆိုင်ရာ လူကြီးမင်းများက နားလည်တယ်။ မြန်မာကမ္ဘာ သာသနာမှာ လွန်ခဲ့တဲ့နှစ် (၁၀၀)ကျော်က ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တွေကို ကျကျနန ဘာသာပြန်ပြီးတော့ အသိဉာဏ်မျက်လုံးဖွင့်ပေးခဲ့တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ သာသနာရေး ဆောင်ရွက်ချက်ကိုလဲ တိုင်းသူပြည်သားတွေ သိသင့်တယ်ဆိုပြီးတော့ လွန်ခဲ့တဲ့ (၂)နှစ်လောက်က စပြီး မြဝတီရုပ်သံက ဆရာတော် ဘုရားကြီး သီတင်းသုံးခဲ့တဲ့ ဌာနတွေ၊ ဆောင်ရွက်ခဲ့ပုံတွေ၊ ကျောက် စာတိုက်ကြီးတွေ ရိုက်ကူး ပြီးတော့ထားတာ အခန်းပေါင်း (၂၈)ခန်း ရှိပါတယ်။

ယခုနှစ် ဝါဆိုဦးက စပြီးတော့ အခန်းဆက်ကလေးတွေနဲ့ တိုင်းသူပြည်သား ရဟန်းလူအများတို့နဲ့ အတူတကွ ဘုန်းကြီးတို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ တပည့်စဉ်ဆက် ကြည်ညိုခွင့် ရအောင် ထုတ်လွှင့်ပါလိမ့်မယ်။

**အနာမျိုး (၉၆)ပါး**

ဒါကတော့ (၉၆)ကြိမ်မြောက် တရားစခန်းမှာ နိဒါန်းအနေနဲ့ ပြောကြားတာပါပဲ။ (၉၆)ကြိမ်မြောက်ဆိုတော့ အနာမျိုး (၉၆)ပါးကို ဒကာ၊ ဒကာမတွေ ကြားဖူးတယ်။ ဘယ်သူမှ မလိုချင်ဘူး။ အနာမျိုး (၉၆)မျိုးမပြောမီ အင်္ဂုတ္တရနိကာယ်မှာပါတဲ့ ရောဂါတွေအကြောင်း ပြောရအောင် -

| | | | |
|---|---|---|---|
| ၁။ | ပိတ္တသမုဋ္ဌာနာ | = | သည်းခြေကြောင့်ဖြစ်တဲ့အနာ။ |
| ၂။ | သေမှသမုဋ္ဌာနာ | = | သလိပ်ကြောင့်ဖြစ်တဲ့အနာ။ |
| ၃။ | ဝါတသမုဋ္ဌာနာ | = | လေကြောင့်ဖြစ်တဲ့အနာ။ |
| ၄။ | သန္နိပါတသမုဋ္ဌာနာ | = | သည်းခြေ၊ သလိပ်၊ လေ (၃)မျိုး ကြောင့်ဖြစ်တဲ့အနာ။ |
| ၅။ | ဥတုဝိပရိဏာမဇာ | = | ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ် သည့်အနာ။ |
| ၆။ | ဝိသမပရိဟာရဇာ | = | ခန္ဓာကိုယ်မနေတတ်လို့ (အသွား မတော်တစ်လှမ်း၊ အစားမတော် တစ်လုပ်)ကြောင့် ဆိုတာလို ဖြစ် ပေါ်တဲ့အနာရောဂါ။ |
| ၇။ | ဩပက္ကမိကာ | = | ထိုးခုတ်၊ သတ်ဖြတ်စတဲ့ သူတစ်ပါး ပယောဂကြောင့်ဖြစ်ပေါ်တဲ့အနာ။ |
| ၈။ | ကမ္မဝိပါကဇာ | = | ကံကြောင့်ဖြစ်တဲ့အနာ၊ ကံနာ၊ ဝဋ်နာလို့ သုံးပါတယ်။ ကံနာ၊ ဝဋ်နာ စွဲကပ်ပြီဆိုရင်တော့ အရှုံး ပေးကြရပြီ။ |
| ၉။ | သီတ | = | ချမ်းအေးခြင်းဆိုတာလည်း အနာ ရောဂါတစ်မျိုးပဲ။ |
| ၁၀။ | ဥဏှ | = | ပူခြင်းကလည်း အနာတစ်မျိုးပဲ။ |
| ၁၁။ | ဇိဃစ္ဆာ | = | ဆာလောင်တဲ့အနာ။ |
| ၁၂။ | ပိပါသ | = | မွတ်သိပ်အနာ။ |
| ၁၃။ | ဥစ္စာရ | = | ကျင်ကြီးစွန့်ချင်တဲ့အနာရောဂါ။ |

၁၄။ ပဿာဝ = ကျင်ငယ်စွန့်ချင်တာလည်း အနာရောဂါ။ ဒီအနာရောဂါတွေဟာလည်း (၉၆)ပါးထဲမှာ အကျုံးဝင်သွားဦးမှာပါပဲ။

အဲဒါတွေလဲ အနာရောဂါဖြစ်တယ်။ ဒါဟာ ယေဘူယျပြောရင် ကိုယ်မှာဖြစ်တဲ့ အနာရောဂါတွေပါပဲ။ စိတ်မှာဖြစ်တဲ့ အနာရောဂါကိုတော့ ရေတွက်လို့မပြနိုင်ဘူး။ ကိုယ်မှာဖြစ်တဲ့ ရောဂါတွေပဲ။ အနာမျိုး (၉၆)ပါးတဲ့။ ဘာရောဂါတွေလဲလို့ဆိုတော့-

၁။ စက္ခုရောဂ = မျက်စိရောဂါ၊ မျက်စိစွန်တယ်၊ မျက်ခမ်းစပ်တယ်၊ မျက်တောင်စူးတယ်၊ ရောဂါတွေအများကြီးပဲ။ မျက်စိနဲ့ပတ်သက်လို့ ရေတိမ်၊ အတွင်းတိမ်၊ အနီးမှုန်တယ်၊ အဝေးမှုန်တယ်။

ဘုန်းကြီးတို့ ကိုရင် (၁၂)နှစ်သားထဲက မျက်စေ့မှုန်လာခဲ့တာ။ ဟိုနာရီကို အဝေးကလှမ်းကြည့်လို့ မမြင်ရဘူး၊ အသက် (၆၀)ကျမှ မြင်တာ။

၂။ သောတရောဂ = နားမှာဖြစ်တဲ့ရောဂါ၊ နားကိုက်တယ်၊ နားပြည်ယိုတယ်၊ နားယားတယ်။

၃။ ဃာနရောဂ = နှာခေါင်းရောဂါ။

၄။ ဇိဝှါရောဂ = လျှာရောဂါ။

၅။ ကာယရောဂ = ခန္ဓာကိုယ်မှာဖြစ်တဲ့ရောဂါ။

၆။ သီသရောဂ = ဦးခေါင်းရောဂါ၊ ခေါင်းကိုက်တယ်၊ ခေါင်းခဲတယ်၊ ခေါင်းပူတယ်။

၇။ ကဏ္ဏရောဂ = နားရွက်ရောဂါ၊ ကလေးများအဖြစ်များတဲ့ နှာပူလောင်နာ၊ ဇီးရွက်သတ္တုရေလေးနဲ့ကုရင် နားရွက်နာပျောက်တယ်။

၈။ မုခရောဂ = ခံတွင်းမှာဖြစ်တဲ့ရောဂါ။

၉။ ဒန္တရောဂ = သွားရောဂါ။

၁၀။ ကာသရောဂ = ချောင်းဆိုးရောဂါ။

၁၁။ သာသရောဂ = ကြို့ထိုးရောဂါ၊ ကြို့လေးထိုးရင် ကိစ္စမရှိဘူး။

သပြေပင်တောရမှာနေစဉ်က မိတ်ဆွေကြီးဖြစ်တဲ့ ဆရာတော်ဦးဂုဏိယ ကြို့ထိုးတာ (၈)ဧကလောက် ကျယ်တဲ့ကျောင်းတိုက်ကြီးအကုန်ကြားရတာပဲ။ ရေလေးကို လက်ဖက်ရည် ပန်းကန်ထဲထည့်ပြီးပြောင်းပြန်သောက် လိုက်ရင် အဲဒီကြို့ထိုးတဲ့ရောဂါ ပျောက်နိုင်တယ်။ တစ်နည်းအားဖြင့် မိမိတို့သုံးနေတဲ့ ကြယ်သီးလေးကို သွေးပြီးလျှက်လိုက်ရင် ကြို့ထိုးရောဂါ ပျောက်တတ်တယ်။ စပါးလင်နဲ့ငံပြာရည် ဖျော်သောက်လဲ ပျောက်တယ်။

၁၂။ ပိနာသရောဂ = နှာခေါင်းပြင်မှာ ဖြစ်တဲ့ရောဂါ၊ နှာခေါင်းထဲမှာဖြစ်တဲ့ရောဂါက ဖွတ်စအိုနာ၊ ထိပ်ကပ်နာ ပျောက်ခဲတယ်။

မဟာလယ်တီတိုက်မှာ ရောက်နေတဲ့ ကျောင်းသားလေး ထိပ်ကပ်နာဖြစ်လို့ ရန်ကုန်ပြန်ပြီးခဲ့ဖို့ နဝမြောက်ဆရာတော်သွားလျှောက်၊ ဆရာတော်က မင်းမခွဲနဲ့ ဟိုနားမှာ ဉဏ်ပင်ရှိတယ်။ အဲဒီဉဏ်ပင်နဲ့ ဆားလျော်ထုထောင်းပြီး လေးငါးရက် ရှုလိုက်ရင် ပျောက်တယ်လို့ ဆရာတော်ညွှန်ကြားတဲ့အတိုင်း ရှုလိုက်တာ ပျောက်သွားပါတယ်။

၁၃။ ဒ္ဒာဟရောဂ = ကိုယ်ပူရောဂါ

၁၄။ ဇရရောဂ = ဖျားနာရောဂါ၊

ရောဂါတွေက အမျိုးမျိုးပဲ။ တုပ်ကွေးရောဂါဆိုရင် ဘုန်းကြီးတို့ ငယ်ငယ်တုန်းက စခဲ့တာ (၁၈)နှစ်သားအရွယ်တုန်းက စခဲ့တာ။ အခန်းတစ်ခန်းခဲ တုပ်ကွေးရောဂါ ဖျားသူရှိရင် အဲဒီအနံ့တွေ တစ်ခန်းလုံး ပြန့်သွားတာ။ အဲဒီအနံ့ ရှူမိရင် တစ်ကျောင်းလုံး ကူးစက်သွားတာပါပဲ။

ဘုန်းကြီးတို့ သံဃာ (၄၀)ရှိတာ အကုန်လုံးကူးတာပဲ။ ဘုန်းကြီးက နေမကောင်းတဲ့ ကိုယ်တော်တွေဆန်ပြုတ်ကြိုကပ်နေလို့ မီးပူနဲ့နေလို့ တုပ်ကွေးမကူးလိုက်ဘူး။ အဲဒီတုပ်ကွေးက အခုအခါ ကမ္ဘာ့လူထုကြီး ကြောက်နေကြတာ။ ကြက်တုပ်ကွေး၊ ငှက်တုပ်ကွေး ဆိုပြီးတော့ ကြက်တွေ၊ ငှက်တွေမှာ တုပ်ကွေးရောဂါဖြစ်နေတယ်။

ဆေးဝါးရှိသလားဆိုတော့ ကြိုးစားနေကြဆဲပဲ။ လူတွေကို ကူးမှာစိုးလို့ ဘုန်းကြီးတို့ မြန်မာနိုင်ငံတောရွာတွေမှာ ကြက်နာကျတယ်ဆို အင်မတန်ဆိုးပါတယ်။ ရွာထဲမှာရှိတဲ့ ကြက်ကုန်သလောက်သွားတာပါပဲ။

၁၅။ ကုစ္ဆိရောဂ = ဝမ်းထဲဖြစ်တဲ့ရောဂါ။

၁၆။ မုစ္ဆာရောဂ = တွေဝေမိန်းမောတဲ့ရောဂါ။

သတိမေ့တာ။ ယခုနာနည်ကြီးတဲ့ တန့်ကြည့်တောင်ဆရာတော် မူးမူးမေ့မေ့ ဖြစ်ပြီးတော့ “ဒီဘဝတော့ လူစဉ်မှီမှီ ဖြစ်တော့မှာ မဟုတ်ဘူး”လို့ ထင်ရတဲ့ရောဂါ လွန်ခဲ့တဲ့ငါးနှစ်ခန့်က ဖြစ်တယ်။ ဆရာတော်က ဘုန်းကြီးတို့ စာသင်ဘက်ပါပဲ။ အဲဒီလို မူးမူးမေ့မေ့ ဖြစ်နေတာ ဘာနဲ့ပျောက်သလဲလို့မေးတော့ တစ်နေ့ ရဲယိုရွက် (၇)ရွက်

စားတာ အခုပြန်ကောင်းလို့ တရားဟောနိုင်ပြီတဲ့။ အနာရှိရင် ဆေးရှိတယ်။ ဆေးသိရင် ပျောက်ပါတယ်။

၁၇။ ပက္ခန္ဒိက = သွေးသွန်အန်စေတတ်တဲ့ ဝမ်းလေနာ။

၁၈။ သူလာ = ဝမ်းတွင်းလေတံကျင် ထိုးတဲ့အနာ။ ဘေးထိုးရင်ကြပ်နာ။

ဘုန်းကြီးတို့ ငယ်ငယ်က ဒေါ်သိုင်းခြုံဆိုတဲ့ ဒကာမကြီး ဘေးထိုးရင်ကြပ်ရောဂါနဲ့ သေတယ်လို့ သိရတယ်။ ဘုန်းကြီးတို့ဆရာ ဘုန်းကြီးတစ်ပါးရယ်၊ ကိုရင်ကြီးတစ်ပါးရယ် ဘေးထိုးရင်ကြပ် ဖြစ်တာ ဘုန်းကြီးကိုယ်တိုင် ဆေးနည်းတိုနဲ့ ကုပေးခဲ့ဘူးတယ်၊ ပျောက်တယ်။

၁၉။ ဝိသုစိကာ = ကာလဝမ်းလျှောနာပါပဲ။

အခုချိန်မရှိပါဘူး။ ငယ်ငယ်ကတော့ ဒီရောဂါတွေ တွေ့ခဲ့ရတယ်။ တစ်ချို့အိမ်တွေမှာ အကုန်လုံးကွယ်လွန်ရှာကြတယ်။

၂၀။ ကုဋ္ဌနူနာ

၂၁။ ဂဏ္ဍာ = အိုင်းအမာ

၂၂။ ကိလာသ = ပွေး၊ ညှင်း၊ တင်းတိတ်နာ။

၂၃။ သောသ = အဆုပ်နာ၊ ပန်းနာ၊ ကုတ်ဟီးနာ။

ကမ္မာအေးဆရာတော်တစ်ပါး ကုတ်ဟီးနာဖြစ် ချောင်းဆိုးပြီးတော့ အနံ့အသက်တွေနဲ့ အပြင်လဲ ထွက်တာမဟုတ်ဘူး။ ဒကာတစ်ယောက်က ဝက်ချေးမနဲပင် ဆန်းလျက်နဲ့ကြိုတိုက်လိုက်တာ အဲဒီကုတ်ဟီးနာ ပျောက်တယ်။

၂၄။ အပမာရရ = ဝက်ရူး၊ ကြက်ရူးနာ၊ နတ်ဘီလူးဖမ်းစားတဲ့အနာမျိုး။

၂၅။ ဒဒ္ဒု = ပွေးနာ။

၂၆။ ကဏ္ဍု = ဝဲနာ၊ ဝဲခြောက်နာ။
၂၇။ ကစ္ဆု = ဝဲစိုနာ (ဝဲကြီးနာ)။
၂၈။ နခသာ = ခြေသည်းလက်သည်းနဲ့ ခြစ်မိတဲ့အနာမျိုး။
၂၉။ ဝိတစ္ဆိကာ = ခြေကွဲလက်ကွဲနာ။
၃၀။ လောဟိတ ပိတ္တနာ= သွေး၊ သည်းခြေနာ။
၃၁။ မဓုမေဟ = ဆီးချိုနာ။

ဘုန်းကြီးတို့ ဝိနည်းပိဋကတ်မှာ အနာရောဂါခွဲခြားတဲ့အခါ ဟီနာ ဗာဓ= ယုတ်ညံ့သေးသိမ် မှေးမှိန်အောက်ကျတဲ့ အနာ၊ ဥက္ကဋ္ဌာ ဗာဓ= မြင့်တဲ့အနာ၊ အဲဒီလို ခွဲခြားတဲ့အခါမှာ ဆီးချိုရောဂါက ဥက္ကဋ္ဌအနာထဲပါတယ်။ (ဒုက္ခဝေဒနာယ အဘာဝတော) ဆီးချိုရောဂါ ဟာ ဒုက္ခဝေဒနာမရှိလို့ ဥက္ကဋ္ဌအနာလို့ ဋီကာဆရာက ဖွင့်ဆိုတယ်။

ကမ္ဘာ့လူထုကြီး သန်းပေါင်းများစွာ ဆီးချိုရောဂါဖြစ်လာကြ တယ်။ ဆီးချိုရောဂါက အခြားရောဂါတွေ ခေါ်လာတတ်တဲ့အတွက် အလွန်ဒုက္ခပေးတဲ့ရောဂါပါပဲ။ အသံတိတ်သေနတ်ဟုပင် တင်စားခေါ် ကြပါသေးတယ်။

ဘုန်းကြီးတို့ လွန်ခဲ့တဲ့တစ်လလောက်က လန်ဒန်မှာ ကျန်းမာရေးစစ်တော့ ဆီးချိုရောဂါတွေ့တယ်။ သတိပြုကုစားလိုက် တော့ ဆေးကြောင့်ရာနှုန်း ၅၀%၊ အစာကြောင့်က ၅၀% သက်သာ ပါတယ်။ ဘုန်းကြီးကို ဆေးရောဓာတ်စာရော တာဝန်ယူကုသပေးတဲ့ ဒေါက်တာဒီတာဆိုတဲ့ ဂျာမန်ဆရာဝန်က အစားအသောက် သူစီမံပေးပါမယ်ဆိုပြီး လန်ဒန်ရိပ်သာမှာ စီမံပေးတယ်။ သူစီမံပေးတဲ့ အစာကို မစားပဲ ကိုယ်စားနေကြအတိုင်း ထမင်း၊ ခေါက်ဆွဲ

စားမယ်ဆိုရင် သွေးချို ဆီးချိုက တက်တော့တာပါပဲ။

ဘုန်းကြီးတို့က ပဲတို့ သစ်သီးသစ်ရွက်စားတာများတော့ တော်ပါသေးရဲ့။ မချိုတာမှန်သမျှ တည့်ပြီး၊ ပဲနှင့်ဟင်းသီးဟင်းရွက် အားလုံးတည့်ပါတယ်။

၃၂။ အံသာ = ရိုဖြူ ရိုနီနာ။

၃၃။ ပိဠကာ = ထွက်မြင်းနာ၊ ဖောရောင်နာ။

၃၄။ ဘဂန္ဒလာ = ဂရင်ဂျီနာ။

ထို့တွင် နခသာ အပမာရတို့က လေ၊ သည်းခြေ၊ သလိပ် ကြောင့်မဟုတ်၍ ကျန် (၃၂)ပါး သည်းခြေနာ (၃၂)ပါး၊ လေနာ (၃၂)ပါး၊ သလိပ်နာ (၃၂)ပါး၊ ပေါင်း အနာမျိုး (၉၆)ပါးဖြစ်၏။ ယခင် (၂)ပါးနဲ့ ပေါင်းတော့ (၉၈)ပါး ဖြစ်ပါတယ်။

အရဟတ္တဖိုလ်မရသေးပဲ "ငါကျန်းမာပါတယ်"လို့ပြောရင် ဒီထက် မိုက်တဲ့သူမရှိဘူး။ ကျန်းမာရေးဟာ အရေးကြီး တယ်။ "အာရောဂျံ ပရမာလာဘာ"လို့ ဟောတော်မူတာ ငယ်ငယ်က လက်တွေ့မကျဘူး။ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိသာ ပါတယ်။ လူချင်းတွေ့ရင် နှုတ်ဆက်ကြတာ၊ ကျန်းမာရဲ့လား၊ နေကောင်းရဲ့လား။

ရှေးအခါက မြတ်စွာဘုရား ရဟန်းတော်တွေနဲ့ လာရောက် ကန်တော့တဲ့အခါ "ကစ္စိ ခမနီယံ၊ ကစ္စိ ယာပနီယံ" "ခန့်ကျန်းသာလို့ မာရဲ့လား" ဒီလို မေးတော်မူပါတယ်။ ကိုယ်နဲ့ပတ်သက်တာတော့ ပြောလို့ရတယ်။ သာမန်အားဖြင့် စိတ်နဲ့ပတ်သက်တာဆိုရင် အရဟတ္တဖိုလ် မရောက်မချင်း ကျန်းမာပါတယ်လို့ ပြောလို့မရပါဘူး။ (၉၆)ပါးသော ရောဂါတွေမဖြစ်လိုကြဘူး။ ဘဝရှိရင်တော့

ရောဂါတွေက တစ်ပါတည်း ပါလာတာပဲ။ မွေးရာပါတွေပါပဲ။

ရှေ့ကနာမည် တပ်ပြီးတော့ ပြောလို့သာမရတာ။ အခု ကင်ဆာရောဂါတို့၊ အေအိုင်ဒီအက် = ခုခံအားကျဆင်းတဲ့ရောဂါတို့ အခု (၉၆)ပါးသော ရောဂါထဲအပါအဝင်ဖြစ်တဲ့ ရောဂါတွေပါပဲ။ ဆေးဝါးဓာတ်စာတွေက နိုင်သွားတဲ့ ကျောက်ရောဂါ၊ ကာလဝမ်း ရောဂါတို့ ဘုန်းကြီးတို့ငယ်ငယ်ကတော့ ကျောက်ရောဂါတွေ အင်မတန်ခေတ်စားပါတယ်။

ခုနေအခါမှာ ကျောက်ရောဂါ၊ ကာလဝမ်းရောဂါ နိုင်နင်းနိုင် လာပါပြီ။ တီဘီရောဂါ ထိန်းနိုင်ပါပြီ။ ကမ္ဘာမှာ သန်းပေါင်းများစွာ တီဘီရောဂါ စွဲကပ်နေကြပါတယ်။ ကမ္ဘာမှာ စီမံကိန်းချပြီးတော့ တီဘီရောဂါ တိုက်ဖျက်နေကြပါတယ်။

အဲဒီလို ကိုယ်မှာဖြစ်နေတဲ့ရောဂါတွေ၊ စိတ်မှာဖြစ်နေတဲ့ ရောဂါတွေကို ယခုလို ကုသမှုအမျိုးမျိုးခံယူကြပြီးတော့ ဟိုတစ်နေ့က ရွာက ကလေးတစ်ယောက် မျက်စိခွဲသွားပြီး ပြန်လာတယ်။ ကြည့် မကောင်းလို့ ဘုရားလို့ဆိုပြီး ကုသမှုခံယူရပြန်တယ်။

ဒီဘဝမှာလည်း အကြိမ်ကြိမ် ကိုယ်မှာဖြစ်တဲ့ရောဂါတွေ၊ စိတ်မှာဖြစ်တဲ့ရောဂါတွေ ပျောက်သွားတယ်လို့မရှိဘူး။ (၉၆)ပါးသော ရောဂါတွေတစ်ခါတည်း ပျောက်ချင်တယ်ဆိုရင် စိတ်မှာဖြစ်တဲ့ ရောဂါကို ပထမဆုံးကုသကြရမယ်။ စိတ်မှာဖြစ်တဲ့ရောဂါတွေ ကုသနိုင်ဖို့အတွက် မြတ်စွာဘုရားက မဟာသတိပဋ္ဌာန်ဆိုတဲ့ လမ်းမတော်ကြီးတစ်လျှောက်မှာ ဈေးရုံကြီးတွေဖွင့်ထားပြီ။ ဆေးအမျိုးမျိုးကို ရောင်းချတဲ့ ဆေးမျိုးစုံဈေးရုံကြီးလဲပါတယ်။

မြန်မာဆေးလည်းရှိတယ်။ အင်္ဂလိပ်ဆေးလည်း ရှိတယ်။ အရှေ့တိုင်းဆေး၊ အနောက်တိုင်းဆေး စုံနေအောင်ရှိတယ်။ ဆေးအမျိုးစုံ၊ ရောဂါမျိုးစုံ ပျောက်ကင်းစေနိုင်တယ်။ (၉၆)ပါးသော ရောဂါတွေတင်မကဘူး။ စိတ်၌ဖြစ်ပွားတဲ့ ၁၅၀၀ ကိလေသာအနာ ရောဂါတွေပါ ပျောက်ကင်းနိုင်တယ်။

ဆေးဝါးခာတ်စာတွေ ပေးတော်မူခဲ့တယ်။ အဲဒီ ဆေးဝါး ခာတ်စာကဘာလဲလို့ဆိုရင် မဟာသတိပဋ္ဌာန် အစရှိတဲ့ ဗောဓိပက္ခိယ (၃၇)ပါးသော ဆေးကို မြတ်စွာဘုရားက ဆိုင်ပေါ်မှာတင်ပြီး ပြသရောင်းချပေးနေတယ်။ လျှော့ဈေးနဲ့ (၁ဝ/-)နဲ့ပဲ ရောင်းတယ်။ ဘုရားရှင်ရဲ့ ဈေးဆိုင်ကြီးမှာ ရှိနေတဲ့ ဆေးတွေ လျှော့ဈေးနဲ့ ရောင်းနေပြီ။

ဘုရားရှင်က လွန်ခဲ့တဲ့ ၂၅၉၅ နှစ်က ရောင်းခဲ့တာ။ နေရာ တကာတိုင်းတော့ ဆိုင်မရှိဘူး။ စောစောကပြောသလိုပဲ ကမ္ဘာ့နိုင်ငံ အသီးသီးကို ကြည့်မယ်ဆိုရင် အနီးအနားနိုင်ငံတွေပဲကြည့်ကြည့်၊ ဝေးလံသီခေါင်တဲ့ နိုင်ငံတွေပဲကြည့်ကြည့်၊ သူတို့လည်း သာသနာကို ကြည်ညိုကြတယ်။ ဘုရားကိုလဲ ကြည်ညိုကြတယ်။ ကိုးရီးယားနိုင်ငံ မှာ ဘုန်းကြီးသွားတဲ့ကျောင်းက ဆရာတော်က ထိုင်တော်မူရုပ်ပွား တော်ကြီးက ဉာဏ်တော် (၄၅)ပေ၊ ထင်းရှူးသားအနှစ်နဲ့ ထုပြီးပူဇော် ထားတာက ရုပ်ပွားတော် (၁၀၀၀) သူ့ကျောင်းထဲမှာ ပူဇော်ထားတယ်။

"သဒ္ဓါတရားကတော့ ပြောစရာမလိုဘူး"။ သို့သော် ယောဂီ များ အားထုတ်ကြရမယ့် မဟာသတိပဋ္ဌာန်ဆိုတဲ့နည်း၊ ဗောဓိပက္ခိယ (၃၇)ပါးဆိုတဲ့ဆေးတော်၊ ဆိုင်ဖွင့်ရောင်းချတဲ့ ပုဂ္ဂိုလ်က မရှိသလောက် နည်းပါးသွားပြီ။

ဒါနဲ့ အဲဒီမြို့ကနေပြီး ဆောမြို့ကို သွားပြီးလေ့လာကြတော့ နန်းတော်ရာသို့ မြောက်ဖက်တောင်တို့ သွားလေ့လာကြည့်ရှုတယ်။ ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတိုက်ကြီး (၁၀)ကျောင်း ရှိပါတယ်။ ဒါဗုဒ္ဓဘာသာကျောင်းကြီးတွေ။ အခြားအခြားဘာသာတွေလဲ ရှိပါတယ်။

အခြားအခြားဘာသာတွေ ပြောမနေနဲ့။ ဗုဒ္ဓဘာသာ ခေါင်းဆောင်များဖြစ်ကြတဲ့ မဟာယာနဆရာတော် အုပ်ချုပ်တဲ့ ကျောင်းကြီး (၁၀)ကျောင်းထဲက (၁)ကျောင်း ရောက်သွားတယ်။ သိပ်ကြီးကျယ်တာပဲ။ မော်တော်ကားတွေ အစီး (၅၀)လောက် ရပ်ထားတာလဲ တွေ့တယ်။

မော်တော်ကားကြီး (၉)စီး၊ (၁၀)စီး လောက်ကလဲ ကြိုပို့အတွက် အဆင်သင့် ရပ်ထားတယ်။ ဧည့်သည်တွေ ပြန်ဖို့ပဲ။ ကြည့်လိုက်တော့ ခန်းမကြီး ထဲမှာ တရားထိုင်မယ်ဆိုရင် လူ (၁၀၀၀)လောက် တရားထိုင်နိုင်ပါတယ်။ ရုပ်ပွားတွေ ပူဇော်ထားလိုက်တာ။ ရုပ်ပွားတော် (၁၀၀၀) (၁၀၀၀) ဆိုတဲ့နေရာက (၂)နေရာတွေ့ခဲ့တယ်။ အဲဒီဘုန်းကြီးက တာဝန်ယူကြောင့်ကြစိုက်ပြီးတော့ နယ်ဘက်မှာ ရုပ်ပွားတော် (၁)သန်း ပူဇော်ဖို့ စီစဉ်ထားပါတယ်။

အလားတူပဲ။ ၂၀၀၆ ခုနှစ် နှစ်သစ်ကူးအချိန် စက်ာပူမှာ သရဏဂုံ (၁)သန်း ရွတ်ကြတယ်။ တစ်ချို့နေရာတွေမှာ သရဏဂုံ (၁၀)သန်း ရွတ်တယ်လို့ ပြောပါတယ်၊ ရွတ်ကြပါတယ်။ ဘုရားပူဇော်တာလဲ လှုလှပပ ဆီမီးပန်းမာလ်တွေနဲ့ အများကြီးပူဇော်ကြပါတယ်။

သို့သော်လဲပဲ အခုလို ဘုရားပေးတဲ့ ဗောဓိပက္ခိယလမ်းစဉ်ကျင့်ပြီး ပူဇော်ကြသူက တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် မရှိနိုင်ဘူး။

အခု ယောဂီသူတော်စင်များ အင်မတန်ကံကောင်းကြတယ်။ မြတ်စွာဘုရားက အမြင့်ဆုံးဖြစ်တဲ့ ပူဇော်မှုဟာ “ဓမ္မာနုဓမ္မပဋိပတ်”လို့ လောကုတ္တရာတရားအား လျှောက်တဲ့အကျင့်မြတ်ကို ညွှန်းတော်မူပါတယ်။ အမြင့်ဆုံးပူဇော်မှု မြတ်စွာဘုရားကို ဆီမီး၊ ရေချမ်း၊ ပန်း၊ ဆွမ်းတို့ဖြင့် ပူဇော်တာကောင်းတယ်။ ဒါနနဲ့ ပူဇော်တာကောင်းတယ်။ သီလနဲ့ ပူဇော်တာကောင်းတယ်။ သမထနဲ့ ပူဇော်တာကောင်းတယ်။

သို့သော် ဆင့်ကဲဆင့်ကဲ မြင့်တက်သွားတဲ့ ပဋိပတ်အကျင့်၊ ဝိပဿနာအကျင့်နဲ့ ပူဇော်တာက ပိုပြီးတော့ ကောင်းတယ်။ အကောင်း တွေထဲမှာ အကောင်းဆုံးဖြစ်တယ်။

**ယေကေစိဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာဗဟူ။**
**ဓမ္မောသဓ သမံနတ္ထိ၊ ဧတံ ပိဝထဘိက္ခဝေါ။**

ဘိက္ခဝေါ= (၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းသို့ ဝင်ရောက်အားထုတ်ကြကုန်သော ရဟန်းရှင်လူ ယောဂီသူတော်စင်အပေါင်းတို့၊ လောကေ= လောက၌၊ ယေကေစိဩသဓာ= ဆေးအမျိုးမျိုးတို့သည်၊ ဝိဇ္ဇန္တိ= ရှိကြပါပေကုန်၏။ ဓမ္မောသဓသမံ= တရားတော်တည်းဟူသော ဆေးနှင့်တူသော ဆေးမည်သည်၊ နတ္ထိ= မရှိပါပေ။ တသ္မာ= ထို့ကြောင့်၊ ဧတံ= တရားတော်တည်းဟူသော ဆေးတော်ကြီးကို၊ ပိဝထ= သောက်ကြသုံးကြ ကျင့်ကြံကြိုးကုတ်အားထုတ်ကြပါကုန်လော့။

စတုရာရက္ခကျမ်းမှ ဂါထာ (၂)ဂါထာကို ထပ်ပြီး ပူဇော်ကာ နိဂုံးချုပ်ပါမည်။

**၁။ ကာယရောဂံ တိတိက္ခာယ၊**
**စိတ္တရောဂံ စိကိစ္ဆတု။**

**သုခိတော ကာယရောဂီပိ၊**
**စိတ္တေနိရာမယေသတိ။**
**၂။ ကာယရောဂေဗဟူဝေဇ္ဇာ၊**
**ဗုဒ္ဓုတ္တိဝ မနောဂဒေ။**
**ဣမာပိကာယိကောသန္တော၊**
**အနန္တာဝ မနောရုဇာ။**

၁။ ကာယရောဂံ= ကိုယ်၌ဖြစ်ပွား ရောဂါများကို၊ တိတိက္ခာယ= သည်းခံ၍၊ စိတ္တရောဂံ= စိတ်၌ဖြစ်ပွား ရောဂါများကို၊ စိကိစ္ဆတု= ဦးစားပေးကာ ကုစားပါလော့။ စိတ္တေ= စိတ်သည်၊ နိရာမယေ= အနာရောဂါ ကင်းရှင်းကွာ၍ ကျန်းမာသည်ရှိသော်၊ ကာယရောဂီပိ= ကိုယ်၌ဖြစ်ပွား ရောဂါသည် သည်လည်း၊ သုခိတော= ဘေးဘျမ်း ကင်းကွာ ချမ်းသာရလေသတည်း။

၂။ ကာယရောဂေ= ကိုယ်၌ဖြစ်ပွား ရောဂါများ၌၊ ဝေဇ္ဇာ= ဆေးဆရာတို့သည်၊ ဗဟူ= များလှပါကုန်၏။ မနောဂဒေ= စိတ်ရောဂါကု ဆေးဝါးဓာတ်စာ၌၊ ဗုဒ္ဓုတ္တိဝ= ဘုရားစကားတော်သာတည်း၊ ဣမေ= ဤဘဝ၌၊ ကာယိကော= ကိုယ်၌ဖြစ်ပွား ရောဂါသည်၊ သန္တောပိ= ငြိမ်းပျောက်ပါသော်လည်း၊ မနောရုဇာ= စိတ်၌ဖြစ်ပွား ရောဂါတို့သည်၊ အနန္တာဝ= အဆုံးမရှိ များလှကုန်သည်သာလျှင်တည်း။

(၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်ကြကုန်သော ယောဂီသူတော်စင်များဟာ မနေ့က စပြီး ဝိပဿနာပိုင်း ရောက်လာခဲ့ကြတယ်။

(၉၆)ကြိမ်မြောက် တရားစခန်း ကြိုးပမ်းအားထုတ်ကြတဲ့ ယောဂီသူတော်စင်များအနေနဲ့ ဖွင့်ပွဲနေ့က (၉၆)ပါးသော ရောဂါများနဲ့ ကုသတဲ့နည်းတွေ၊ ကုသတဲ့ဌာနတွေ ကမ္ဘာမှာ အများကြီးရှိပါတယ်။ အဲဒီ (၉၆)ပါးသော ရောဂါတွေအပြီးတိုင် ပျောက်ကင်းသွားအောင် ကုသတဲ့နည်းနဲ့ ဆေးဝါးဓာတ်စာတွေ ရှိရဲ့လားဆိုရင်တော့ မြတ်စွာဘုရားရဲ့ တရားဆေးနည်းမှတစ်ပါး အခြားမရှိပါဘူး။ တစ်ခါတည်း အမြစ်ပြတ်ပျောက်ကင်းအောင် ကုသတဲ့နည်းကတော့ မြတ်စွာဘုရား တရားတော်တည်းဟူသော ဆေးပါပဲ။

(၉၆)ပါးသော မိစ္ဆာဝါဒတရားတွေရှိတယ်။ အဲဒီ မိစ္ဆာဝါဒ တရားတွေထက် "ယဒိဒံ ယောအယံ သုဂတ ဝိနယော" အကြင် မြတ်စွာဘုရား၏ အဆုံးအမ ဝိနည်းတရားတော်သည်၊ အတ္ထိ= ရှိ၏။ သော= ထိုမြတ်ဘုရား၏ အဆုံးအမဝိနည်းတရားသည်၊ ဆ နဝုတီနံ= (၉၆)ပါးကုန်သော၊ ပါသဏ္ဍာနံ= တဏှာဒိဋ္ဌိတည်းဟူသော ကျော့ကွင်း ကို ထောင်တတ်ကုန်သော၊ ဓမ္မာနံ= တရားတု တရားယောင် မိစ္ဆာဝါဒ တရားတို့ထက်၊ ပဝရံ ပဝရော= မြတ်၏။

ပါသဏ္ဍအယူ လောက၌ တဏှာဒိဋ္ဌိကျော့ကွင်းကို ထောင် တတ်တဲ့ မိစ္ဆာဓမ္မ (၉၆)မျိုးရှိတယ်တဲ့။ အဲဒီ (၉၆)မျိုးသော မိစ္ဆာဝါဒ တရားတွေရဲ့ အောက်မှာပဲ တဏှာဒိဋ္ဌိ ကျော့ကွင်းထဲမှာ ကမ္ဘာ့လူထု ကြီး နေကြရတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာမှာရှိကြတဲ့ အဆုံးအမတွေ လမ်းညွှန် ချက်တွေဟာ ဗုဒ္ဓဘုရားရဲ့ စကားမှတစ်ပါး

အခြားအဆုံးအမတွေ ဩဝါဒတွေ တဏှာကျော့ကွင်း ဒိဋ္ဌိကျော့ကွင်၊ တဏှာကျော့ကွင်း သက္ကာယဒိဋ္ဌိကျော့ကွင်း နိယတမိစ္ဆာဒိဋ္ဌိသုံးပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ကျော့ကွင်းတွေက လွတ်အောင် ရှင်းပြထားတာ ဟောကြားထားတာ ဘုရားဝါဒ ဘုရားစကားတော်မှတစ်ပါး မရှိပါဘူး။

ဒါကြောင့် ယနေ့ (၉၆)ပါးသော တဏှာ၊ ဒိဋ္ဌိကျော့ကွင်းကို ထောင်တတ်တဲ့ ကျော့ကွင်းထောင်ထားသလို ဖြစ်တဲ့ တရားတို့ကို ကျော်လွှန်နိုင်တဲ့ မြတ်စွာဘုရားရဲ့ တရားတွေကို (၉၆)ကြိမ်မြောက် တရားစခန်းမှာ အားထုတ်နေကြရတဲ့အတွက် ဝမ်းမြောက်ဖို့ ကောင်းပါတယ်။

ဘုရားရှင်ရှိစဉ်အခါက မက္ခလိဂေါသာလဆိုတဲ့ ဘုရား အမည်ခံ မိစ္ဆာဒိဋ္ဌိခေါင်းဆောင်ကြီးကို “လူ့မြုံး”လို့ ဒီလိုသုံးစွဲခဲ့ဖူးတယ်။

လူ့မြုံးဆိုတာ ဘယ်လိုဟာလဲဆိုရင် ငါးထောင်တဲ့ မြုံးဟာ ငါးတွေကို အကျိုးမဲ့ပြုလုပ်တတ်သလို အဲဒီခေါင်းဆောင်ကြီးကလဲ လူတွေကို အကျိုးမဲ့အောင် ဆောင်ရွက်တတ်တဲ့အတွက်ကြောင့် မက္ခလိဂေါသာလဟာ လူ့မြုံးကြီးပဲတဲ့။

ကမ္ဘာမှာ လူ့မြုံးတွေက အင်မတန်များပါတယ်။ အခြားအခြား နိုင်ငံတွေမပြောနဲ့။ ဗုဒ္ဓဘာသာ ထွန်းကားပါတယ်ဆိုတဲ့ မြန်မာနိုင်ငံ မှာပဲ ဗုဒ္ဓဝါဒကို ချေဖျက်တဲ့စကားတွေ ချေဖျက်တဲ့ဝါဒတွေ အများကြီး ရှိခဲ့ဖူးပါတယ်။ သာမန်ပုထုဇဉ်တို့ရဲ့ ဉာဏ်နဲ့ဝါဒတစ်ခု ထူထောင်မယ် ဆိုတော့ တကယ်တမ်းတော့ လွတ်အောင်မပြေးနိုင်ကြပါဘူး။

ဆရာတော်တစ်ပါးက တစ်ချိန်ကရေးခဲ့ဖူးပါတယ်။ “လူ့ဘဝ ဟာ ပုခက်နဲ့ခေါင်းကြားမှာပါပဲတဲ့။ ဒါပဲရှိတယ်လို့ အပြတ်ဝါဒဉစ္ဆေဒ

ဆန်ဆန်ပြောပြီးတော့ အဲဒီဆရာတော်ကပဲ တစ်နေရာမှ အင်မတန် ဆင်းရဲနွမ်းပါးတဲ့သူရဲ့ တဲကုဋ်နဲ့ ရှင်ဘုရင်နန်းတော်ဟာ အင်မတန်မှ အနေအထားကွာခြားပါတယ်တဲ့။ ဒါဘာဖြစ်လို့လဲဆိုတော့ သူတို့ ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေကြောင့်ပါပဲတဲ့။

ရှေးရှေးက သူတို့ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေကြောင့်လို့ဆိုတော့ လူ့ဘဝဟာ ပုခက်နှင့်ခေါင်းကြားထဲမှာပင် ပြီးသွားတာ မဟုတ်ဘူးလို့ ဝန်ခံပြောပြီးသား ဖြစ်သွားပါတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ အကြောင်းအကျိုး ကုသိုလ်ကံ အကုသိုလ်ကံ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်အတွင်းမှာ လည်ပတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ တစ်မျိုးတစ်မည်ဖြစ်အောင် ပြောကြဆိုကြတာတွေ ရှိပါတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမဝိနည်းတရားတော်ဟာ (၉၆)ပါးသော မိစ္ဆာဓမ္မ၊ မိစ္ဆာဝါဒတို့ထက် မွန်မြတ်တယ်။ တဏှာကျော့ကွင်း ဒိဋ္ဌိကျော့ကွင်း လွန်မြောက်အောင် ပေးစွမ်းနိုင်တာမှ အစစ်အမှန်တရားပါပဲ။

ဘယ်ဝါဒပဲဖြစ်ဖြစ် တဏှာကျော့ကွင်း ဒိဋ္ဌိကျော့ကွင်းထောင်သလို ဝါဒမျိုးဆိုရင်တော့ မှားယွင်းတဲ့ဝါဒပဲလို့ ပြောရမှာပါပဲ။ အဲဒီတော့ မြတ်စွာဘုရားရဲ့ တရားမြို့တော် မဟာသတိပဋ္ဌာန်ဆိုတဲ့ လမ်းမတော်ကြီးဘေးမှာ ဈေးရုံတော်ကြီးတွေ တည်ဆောက်ထားတော့ ဒီနေ့ရတနာဈေးရုံတော်ကြီး သွားကြည့်ရအောင်။ ရတနာဈေးရုံတော်ကြီးမှာ ဘယ်ရတနာတွေ ရှိသလဲဆိုတော့-

သီလရတနာ၊ သမာဓိရတနာ၊ ပညာရတနာ၊ ဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်ရတနာ၊ ဝိမုတ္တိဉာဏဒဿနခေါ်တဲ့ ပစ္စဝေက္ခဏာ

ဉာဏ်ရတနာ၊ ပဋိသမ္ဘိဒါလေးပါးရတနာ၊ ဗောဇ္ဈင်ခုနစ်ပါးရတနာ အမျိုးအစားအားဖြင့် ရတနာ(၇)မျိုးရှိပါတယ်။

အဲဒီ ရတနာဈေးရုံတော်ကြီးမှာရှိတဲ့ သီလအစရှိတဲ့ ရတနာတွေကို ယနေ့ယောဂီသူတော်စင်များ သီလရတနာ ပန်ဆင်ထားကြတယ်။ သမာဓိရတနာ ပန်ဆင်ထားကြတယ်။ ပညာရတနာ ပန်ဆင်ထားကြတယ်။ အဲဒီ ရတနာ (၃)ပါးရှိမှ ဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်ရတနာ၊ ဝိမုတ္တိဉာဏဒဿနပစ္စဝေက္ခဏာဉာဏ်ရတနာ၊ ပဋိသမ္ဘိဒါရတနာ၊ ဗောဇ္ဈင်ရတနာများ ပန်ဆင်နိုင်မှာ ဖြစ်ပါတယ်။

သီလအစရှိတဲ့ ရတနာတွေနဲ့ ပန်ဆင်ထားကြတဲ့ မြတ်စွာဘုရားရဲ့ သားတော်၊ သမီးတော်တွေဟာ နတ်နှင့်တကွသော လောကကို တင့်တယ်စေနိုင်ပါတယ်။

"ရွှေငွေပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာ" ခေါ်တဲ့ ရတနာတွေက လူ့လောက လူ့အသိုင်းအဝိုင်းကိုသာ တင့်တယ်စေပြီး သီလစတဲ့ ရတနာများကတော့ နတ်နှင့်တကွသော လောကကို လူ့လောက နတ်လောက ဗြဟ္မာလောကကို တင့်တယ်စေနိုင်ပါတယ်။ တောက်ပစေနိုင်ပါတယ်။ အရောင်အလင်း ပေးစွမ်းနိုင်ပါတယ်။ အထက်အရပ်၊ အောက်အရပ်၊ ဖီလာအရပ်တို့ကို တောက်ပစေပါတယ်။

မြတ်စွာဘုရားရဲ့ ရတနာဈေးရုံတော်ကြီးမှာ သီလအစရှိတဲ့ ရတနာတွေကို ဝယ်ခြမ်းပြီးတော့ ဆင်မြန်းပြီးတော့ နေကြတာပါပဲ။ သီလအစရှိတဲ့ ရတနာတွေနဲ့ ဆင်မြန်းထားတဲ့ ပုဂ္ဂိုလ်များဟာ အင်မတန် တင့်တယ်တယ်၊ တောက်ပတယ်။ သီလအစရှိတဲ့ ရတနာတွေဟာ အလင်းရောင်ကို ပေးစွမ်းနိုင်ပါတယ်။ အလင်းရောင်ကို

ပေးစွမ်းနိုင်တဲ့ ရတနာပင်ဖြစ်စေကာမူ မိမိက ရတနာလို့သိမှသာ ပန်ဆင်နိုင်ပါတယ်။

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးရဲ့ ဇာတိရွာအနီးမှာ မဟူရာတောင်ဆိုတာ ရှိတယ်။ အဲဒီ မဟူရာတောင်က ညဥ့်ပိုင်းမှာ တစ်ခါတစ်ရံ အလင်းရောင်တွေ ထွက်တယ်။ ဒါကို ကလေးဝဆရာတော်နှင့် တပ်ကုန်းက ဆရာတော်နှစ်ပါး လေ့လာရေးခရီး ထွက်ခဲ့ဘူးတယ်။ အဲဒီ မဟူရာတောင်ကြီးရဲ့ တောင်ခြေမှာ ပဲနှမ်းကောက်စိုက်နေတဲ့ ယာသမားတစ်ယောက်က အချိန်အကြာထဲက ကျောက်တုံးကြီးတွေ့တယ်။ နေ့မှာဆိုရင် အရောင်မှိန်ပြီး ညဥ့်ပိုင်းကြရင် အင်မတန်လင်းတယ်။

အဲဒီလူက တန်ဖိုးရှိမှန်း မသိဘူး။ ကျောက်စုန်းကြီးပဲလို့ ထင်တားတယ်။ ဒီကျောက်တုံးကြီးကို ကြောက်စရာကြီးလို့ မြင်တယ်။ ကျောက်ကို အသုံးမချတတ်ဘူး။ နားလည်တဲ့လူတွေရောက်လာတဲ့ အခါ အဲဒီကျောက်ကို ယူပြီး သွားရောင်းတဲ့အခါ တန်ဖိုးမဖြတ်နိုင် အောင် ဖြစ်နေတယ်။

နားမလည်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်တုံးကို ကျောက်စုန်းလို့ ထင်တယ်။ ထိုက်တဲ့နားလည်တဲ့ ပုဂ္ဂိုလ်ကြတော့ အဲဒီ ကျောက်စုန်းက တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်တုံးကြီးဖြစ်ရတယ်။ တစ်သက်စားမကုန်နိုင်တဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။

သီလအစရှိတဲ့ ရတနာ (၇)မျိုးကို ပန်ဆင်ရကောင်းမှန်း မသိတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးရှိပါတယ်။ သီလရတနာ၊ သမာဓိ ရတနာ၊ ပညာရတနာတွေ ပန်ဆင်ခွင့်ရတဲ့အတွက် တို့ဟာကံကောင်း လေစွာ့လို့ ဒီလိုဝမ်းမြောက်ဖွယ်စကား ပြောလိုပါတယ်။ သီလဆိုတာ ဘာတွေလဲ-

(၁) ပါတိမောက္ခသံဝရသီလ= ရဟန်းသီလ၊ ရှင်သာမဏေသီလ၊
(၂) ဣန္ဒြိယသံဝရသီလ= ဣန္ဒြေစောင့်စည်းတဲ့အကျင့်။
(၃) အာဇီဝပါရိသုဒ္ဓိသီလ= အသက်မွေးဝမ်းကျောင်းသီလ။
(၄) ပစ္စယသန္နိဿိတသီလ= ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့် ပတ်သက်တဲ့သီလ။
(၅) ဟီနသီလ= အငယ်စားသီလ။
(၆) မဇ္ဈိမသီလ= အလတ်စားသီလ။
(၇) မဟာသီလ= အမြတ်စားသီလ။
(၈) မဂ္ဂသီလ= မဂ်သီလ။
(၉) ဖလသီလ= ဖိုလ်သီလ။

ရတနာဈေးရုံတော်မှာ သီလရတနာ (၉)မျိုး -

**ဧဝံ ရူပါနိ သီလာနိ၊ သန္တိ ဗုဒ္ဓဿ အာပဏေ။**

**ကမ္မေန တံ ကိဏိတွာန၊ ရတနံဝေါ ပိဠန္ဓထ။**

ဗုဒ္ဓဿ= မြတ်စွာဘုရား၏၊ အာပဏေ= ဈေးရုံတော်ကြီး၌၊ ဧဝံ ရူပါနိ= ဤသို့သဘောရှိသော၊ သီလာနိ= သီလ (၉)မျိုးတို့သည်၊ သန္တိ= ရှိပါပေကုန်၏။

မြတ်စွာဘုရားရဲ့ ရတနာဈေးရုံတော်မှာ ပါတိမောက္ခ သံဝရ သီလ စတဲ့ သီလ (၉)မျိုးရှိတယ်။ ကမ္မေန= မိမိတို့ပြုလုပ်သော ကုသိုလ်ကံဖြင့်၊ တံ= ထိုသီလ (၉)မျိုးကို၊ ကိဏိတွာန= ဝယ်ယူ၍၊ ဝေါ= သင်တို့သည်၊ ရတနံ= သီလရတနာကို၊ ပိဠန္ဓထ= ပန်ဆင်ကြပါကုန်လော့။

အရှင်နာဂသိန်အရှင်မြတ်က သီလရတနာကို ပန်ဆင်ကြပါလို့ တိုက်တွန်းထားသည့်အတိုင်း ယောဂီသူတော်စင်များလဲ သီလရတနာ

ပန်းမြတ်မဟာ ပန်ဆင်ကြပါ။ တရားအားမထုတ်မီကပင် သီလရတနာကို ပန်ဆင်ထားကြပြီ။ နောက်သမာဓိရတနာ (၆)မျိုး -

(၁) သဝိတက္က သဝိစာရသမာဓိ= ဝိတက် ဝိစာရနှင့်တကွဖြစ်တဲ့ သမာဓိ။

(၂) အဝိတက္က သဝိစာရသမာဓိ= ဝိတက်မရှိ ဝိစာရရှိသော သမာဓိ။

(၃) အဝိတက္က အဝိစာရသမာဓိ= ဝိတက်မရှိ ဝိစာရမရှိတဲ့ သမာဓိ။

(၄) သုညတ သမာဓိ= အနတ္တ အနတ္တလို့ ပွားများသဖြင့် ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိအောင်မြင်လို့ ရရှိတဲ့သမာဓိ။

(၅) အနိမိတ္တသမာဓိ= အနိစ္စ အနိစ္စလို့ အဖန်ဖန်အထပ်ထပ် ရှုမှတ် ပွားများလို့ရရှိတဲ့ သမာဓိ။

(၆) အပ္ပဏိဟိတသမာဓိ= ဒုက္ခ ဒုက္ခလို့ ရှုမှတ်ပွားလို့ရရှိလာတဲ့ သမာဓိ။

အဲဒီ သမာဓိ (၆)မျိုးရှိတဲ့ ပုဂ္ဂိုလ်မှာဆိုရင် "ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်" အကုသိုလ်မှန်သမျှ သမာဓိရှိသူနားမကပ်တော့ဘူး။ ပိန်းကြာဖက်မှာ ရေမတင်သလိုပဲတဲ့။ ပိန်းကြာဖက် ဟာ သန့်ရှင်းစင်ကြယ်နေတဲ့အတွက် ရေမတင်တာပါပဲ။

သမာဓိရှိတဲ့ ယောဂီအနားမှာ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် ဆိုတဲ့အကြံဆိုးတွေ၊ ဣဿာမစ္ဆရိယ- မာနအစရှိတဲ့ အကုသိုလ်တရားဆိုးတွေဟာ မရောက်လာနိုင်ဘူး၊ မကပ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သမာဓိရတနာပန်ဆင်ထားလို့ပါပဲ။ ဒါကြောင့် အရှင်နာဂသိန်ရဟန္တာအရှင်မြတ်ကြီးက-

**သမာဓိ ရတနမာလဿ၊ ကုဝိတက္ကာ နဇာယရေ။**
**နစဝိက္ခိပတေ စိတ္တံ ရတနံ ဝေါ ပိဠန္ဓထ။**

သမာဓိ ရတနမာလဿ= သမာဓိရတနာ ပန်ဆင်မြန်းထားသော ပုဂ္ဂိုလ်အား၊ ကုဝိတက္ကာ= အကြံဆိုးတို့သည်၊ နဇာယရေ= မဖြစ်ကုန်။ ဟော အကြံဆိုးတွေ မဖြစ်ဘူး။ စိတ္တံ= သမာဓိရှိသူ၏စိတ်ကို၊ နစ ဝိက္ခိပတေ= မပစ်လွှင့်နိုင်။ သမာဓိရတနာကို ပန်ဆင်ထားသော ပုဂ္ဂိုလ်ရဲ့စိတ်ကိုလဲ မပစ်လွှင့်နိုင်ဘူးတဲ့။

တုမှေ= သင်သူတော်စင်အပေါင်းတို့သည်၊ ဧတံ ရတနံ= ထိုသမာဓိရတနာကို၊ ပိဠန္ဓထ= ပန်ဆင်ကြကုန်လော့။ ရဟန္တာအရှင်မြတ်ကြီး မိန့်တော်မူသည့်အတိုင်း ယောဂီသူတော်စင်များ သမာဓိရတနာကို ပန်ဆင်ထားကြရပြီ။ ပညာရတနာလဲ ပန်ဆင်ကြဦးစို့။ အသိအလိမ္မာ ဉာဏ်ပညာဆိုတာ ဘယ်လိုဉာဏ်ပညာမျိုးလဲဆိုတော့-

- ဤတရားတွေက ကုသိုလ်၊ ဤတရားတွေက အကုသိုလ်၊
- ဤတရားတွေက အပြစ်ရှိတယ်၊ ဤတရားတွေက အပြစ်မရှိဘူး။
- ဤတရားတွေက သုံးစွဲရမယ်၊ ဤတရားတွေက ရှောင်ကြဉ်ရမယ်၊
- ဤတရားတွေက ယုတ်ညံ့သေးသိမ်တယ်၊ ဤတရားတွေက မွေးမှိန်အောက်ကျတယ်။
- ဤတရားတွေက မြင့်မြတ်တဲ့အထက်တန်းစားတရားတွေ၊
- ဤတရားတွေက မဲညစ်တဲ့တရားတွေ၊ ဤတရားတွေက ဖြူစင်တဲ့တရားတွေ။

အဲဒီလို သိပြီးတော့ တေဘူမက ရုပ်တရား၊ နာမ်တရားတွေ၊ ပဋိသန္ဓေ၊ အို၊ နာ၊ သေ ဆိုတဲ့တရားတွေ၊ မချစ်ယှဉ်တွဲ ချစ်သူကွဲ တရားတွေ၊ မအို၊ မနာ၊ မသေပါလို့ ငါကဆိုလဲ မရတဲ့တရားတွေ၊ ခန္ဓာငါးပါးဆိုတဲ့ တရားတွေဟာ ဒုက္ခတွေလို့ အဲဒီလိုသိနိုင်တဲ့ ပညာရတနာ။

လောဘခေါ်တဲ့ တဏှာသမုဒယဟာ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းပဲလို့ သိနိုင်တဲ့ပညာရတနာ၊ နိဗ္ဗာန်ဟာ ဒုက္ခချုပ်ရာပဲလို့ သိနိုင်တဲ့ပညာရတနာ၊ မဂ္ဂင် (၈)ပါးဟာ ဒုက္ခချုပ်ရာသို့ရောက်ကြောင်း အကျင့်ကောင်းပဲလို့ သိနိုင်တဲ့ ပညာရတနာ။

အခု ယောဂီသူတော်စင်များ တရားအားထုတ်ကြည့်တဲ့အခါ ဒီတရားတွေက အနိစ္စ၊ ဒီတရားတွေက ဒုက္ခ၊ ဒီတရားတွေက အနတ္တလို့ မိမိတို့ရဲ့ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ ရုပ်နာမ်တရားတွေဟာ သူတို့ရဲ့ကိုယ်ပိုင်တံဆိပ်ကြီးတွေ အသီးသီးရှိကြတယ်။

အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ် တံဆိပ် အဲဒီလို တံဆိပ်ခပ်ထားတဲ့ တရားတွေပဲ ငါတံဆိပ် ထပ်ခပ်လို့ ရှိရင် ငါရဲ့ "ငါ"တံဆိပ်က အတုအပ တံဆိပ်များဖြစ်မယ်လို့ သိနိုင်တဲ့ ပညာ။ အမျိုးအစားအားဖြင့် -

**ကုသိုလ်၊ အကုသိုလ် ခွဲခြားသိတဲ့ ပညာ၊**
**အပြစ်ရှိ မရှိကို ခွဲခြားသိတဲ့ပညာ၊**
**လက်ခံသုံးစွဲသင့် မသုံးစွဲသင့်ကို ခွဲခြားပြီးသိတဲ့ ပညာ၊**
**အယုတ် အမြတ် ခွဲခြားပြီးသိတဲ့ပညာ၊**
**အဖြူအမဲ ခွဲခြားပြီးသိတဲ့ပညာ။**

ဟောဒီ (၅)မျိုး။ သစ္စာလေးပါးကို သိနိုင်တဲ့ပညာက (၄)မျိုး၊ အဲဒီ ပညာရတနာတွေကို ပန်ဆင်ထားတဲ့ ပုဂ္ဂိုလ်များ ရှေးကဆရာတော်ကြီးများ ဆုပေးကြသလို ဝဋ္ဋဘဝတိုတိုနဲ့ ဆိုတဲ့စကားအတိုင်း ဝဋ္ဋဘဝတိုနိုင်တယ်။ ဒါကြောင့် -

**ပညာ ရတနမာလဿ၊ နစိရံ ဝဋ္ဋတေ ဘဝေါ။**

**ခိပ္ပံ ပါပေတိ အမတံ၊ နစသော ရောစတေ ဘဝေ။**

ပညာရတနာ ပန်ဆင်ထားတဲ့ပုဂ္ဂိုလ်မှာ ဒုက္ခတုံး ဒုက္ခခဲဖြစ်တဲ့ ဘဝဟာ ကြာရှည်မနေရပါဘူး။ ဝဋ္ဋဘဝတိုနိုင်ပါတယ်။ **"ခိပ္ပံ ပါပေတိ အမတံ"** အမြိုက်နိဗ္ဗာန်ကို လျှင်မြန်စွာရောက်စေနိုင်ပါတယ်။

အခု ယောဂီသူတော်စင်များ ပန်ဆင်နေတဲ့ ပညာရတနာဟာ **"နစ သော ရောစတေ ဘဝေ"** ဘဝသုံးပါး၌ နှစ်သက်မှုမရှိနိုင်ဘူး၊ မပျော်နိုင်ဘူး။ ဒါကြောင့် "ပျော်ဖွယ်ကိုကြောက် ကြောက်ဖွယ်ကိုပျော် မသူတော် နင်နော်သတိထား"လို့ ဆုံးမတော်မူကြတယ်။

ဒါကြောင့် အခုယောဂီသူတော်စင်များ (၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်ပြီးတော့-

၁။ သီလရတနာ

၂။ သမာဓိရတနာ

၃။ ပညာရတနာ

၄။ ဝိမုတ္တိအရဟတ္တဖိုလ်ရတနာ

၅။ ဝိမုတ္တိဉာဏ ဒဿန ပစ္စဝေက္ခဏရတနာ

၆။ ပဋိသမ္ဘိဒါရတနာ

၇။ ဗောဇ္ဈင်ရတနာ

ရတနာ (၇)မျိုးတို့ ရောင်းချရာဖြစ်တဲ့ မြတ်စွာဘုရား ဈေးရုံတော်ကြီးမှာ သီလရတနာ စသည်တို့ကို ဝယ်ယူပန်ဆင်နေကြတာ။

အဲဒီ (ရတနာ)များ ပန်ဆင်ထားကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ (၉၆)ပါးသော ရောဂါတွေ ပယ်နိုင်တယ်။ တစ်ခါထဲ ကင်းရှင်းပြီး တဏှာဒိဋ္ဌိတည်းဟူသော ကျော့ကွင်းကို ထောင်တတ်တဲ့ အဓမ္မဝါဒ၊ မိစ္ဆာဓမ္မတို့ကို လွန်မြောက်နိုင်တယ်။ ဒါကြောင့် (၉၆)ပါ းသော ရောဂါတို့ကို ကျော်လွှန်ခြင်းအကြောင်း၊ တဏှာဒိဋ္ဌိကျော့ကွင်းကို ကျော်လွှန်နိုင်ခြင်းအကြောင်း၊ ကောင်းမြတ်တဲ့ ဗုဒ္ဓတရားရဲ့ ရတနာဈေးရုံတော်ကြီးမှာ သီလရတနာ စသည်တို့ကို နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ်နဲ့ ပန်ဆင်အသုံးချအလှဆင်နိုင်ပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**အောင်ပွဲ**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ နယုန်လပြည့်ကျော် (၈)ရက်နေ့။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပတဲ့ (၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ပြီးမြောက်အောင်မြင်လို့ သြဝါဒခံယူကြတဲ့ အခမ်းအနားမှာ ဘုန်းကြီးတို့ လောကသားတွေ အနေနဲ့ အစွဲပြင်းထန်လှပါတယ်။

လောကသားများ အနတ္တဉာဏ်ရရှိဖို့ရန် အင်မတန်ခက်ပါ တယ်။ သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းပေါ်ထွက်လာတဲ့အခါမှာမှ အနတ္တဆိုတဲ့အသံဟာ မြည်ဟိန်းပေါ်ထွက်လာပြီး အနတ္တတရား တော်ကို နာကြားခွင့်ရကြ၊ အားထုတ်ခွင့်ရကြပါတယ်။

အတ္တလောကသားတို့ အနတ္တမြင်ရန် ခက်ခဲတဲ့အတွက် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်တာကာလက မြတ်စွာဘုရား အနတ္တ လက္ခဏာသုတ္တန်ကို အပိုင်းသုံးပိုင်းထားပြီးတော့ ဟောကြားတော်မူခဲ့ ပါတယ်။

"ရူပံဘိက္ခဝေ" အစချီတဲ့ ပထမပိုင်းစကားတော်က ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ ဒုက္ခဖြစ်ပုံ၊ နှိပ်စက်တတ်ပုံတွေကို ညွှန်းပြတော်မူ ပြီးတော့ အနတ္တဉာဏ်ရင့်သန်စေခဲ့ပါတယ်။

"တံကိံမညထ ဘိက္ခဝေ" အစချီတဲ့ ဒုတိယပိုင်းလာ စကား တော်ဖြင့် သုံးကျော့ပြန် လက္ခဏာယာဥ်ရှုပွားနည်းက စပြီးတော့ ရှင်းပြကာ အနတ္တဉာဏ်ကို ရင့်သန်စေခဲ့ပါတယ်။

"တဿာတိပဟ ဘိက္ခဝေ ယံကိဉ္စိရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ" အစရှိတဲ့ တတိယပိုင်းလာ စကားနဲ့တော့ ရုပ်နာမ်အပေါင်း ရှုတဲ့နည်း၊ ကလာပသမ္မသန ဝိပဿနာနည်းက စပြီးတော့ ဓမ္မစကြာစွမ်းအား ကြောင့် ဓမ္မမျက်လုံး၊ တရားမျက်လုံး၊ တရားမျက်စိ ရရှိတော်မူကြပြီး ဖြစ်တဲ့ ပဉ္စဝဂ္ဂီအရှင်မြတ်ကြီးငါးပါး အနတ္တတရားကို နာကြားကြရတဲ့ အခါ တရားအထွဋ်တင် ဆုံးခန်းတိုင်မြောက် ရောက်ရှိပုံကို ဟောတော် မူပါတယ်။

## စွဲလမ်းကြ

လောကသားတွေကို ကြည့်မယ်ဆိုရင် စွဲလမ်းမှုက အင်မတန် များပါတယ်။ လောကသားများဟာ အတ္တအစွဲနှင့်တကွ အမျိုးမျိုး စွဲလမ်းကြပါတယ်။

ဖားကိုမြွေကဖမ်းသလို မိမိတို့ဆိုင်ရာဆိုင်ရာ အာရုံစွဲလမ်းမှုကို ဉပါဒါန်လို့ ခေါ်ပါတယ်။ အဲဒီလို ဉပါဒါန်ရဲ့အကြောင်းကို မြတ်စွာ ဘုရားက တဏှာကြောင့် ဉပါဒါန်ဖြစ်တာပါလို့ ဟောတော်မူပါတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက -

**တဏှာခြောက်မည် အရင်းတည်လျှက်**
**အရှည်များလျား အစဉ်ပွားက**
**လေးပါးအမှန် ဉပါဒါန်တည်း**
**ခန္ဓာကာယ အဇ္ဈတ္တနှင့်**
**ကာမအာရုံ အလုံးစုံ၌**
**အကုန်နှီးရင်း အစွဲပြင်း၏။**

ကာမအာရုံ အလုံးစုံမှာ အကုန်နှိုးရင်း အစွဲပြင်းတဲ့တရားကို ဥပါဒါန်လို့ ဖွင့်ဆိုထားပါတယ်။ ဥပါဒါန်နဲ့ ပတ်သက်ပြီးတော့ -

ဥပါဒါန်က (၄)မျိုး၊ အဲဒီ ဥပါဒါန် (၄)မျိုးက -

၁။ ကာမုပါဒါန်

၂။ ဒိဋ္ဌုပါဒါန်

၃။ သီလဗ္ဗတုပါဒါန်

၄။ အတ္တဝါဒုပါဒါန်

"ဖွတ်ကြီးရင် မိကျောင်း၊ တဆွေကြီးတော့ သရဲ၊ မြွေကြီးရင် နဂါး" ဆိုတာလိုပါပဲ။ အဲဒါကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက -

**"အသင်ပွားများ သားမယားက**

**စသည်ဖြာဖြာ မဆုံးရာသား**

**ကာမဝတ္ထု စွဲလမ်းပြုသည် ကာမုပါဒါန်"။**

အဲဒီ ကာမုပါဒါန်ကို အစိတ်စိတ်ပြန်ပြီး ခွဲခြားလိုက်တဲ့အခါ အဆင်းမျိုးစုံ ရူပါရုံမှာ စွဲလမ်းတဲ့ ရူပကာမုပါဒါန်၊ အသံမျိုးစုံ သဒ္ဒါရုံမှာ စွဲလမ်းတဲ့ သဒ္ဒကာမုပါဒါန် စသည်ဖြင့် (၆)မျိုး ဖြာထွက်လာပါတယ်။

"တစ်ဖန်ထို့ပြင် မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက် အယူမှောက်သည့် ခြောက်ဆယ့်နှစ်ပါး ဖြာသည့်ဒိဋ္ဌိ" ဆိုတဲ့စကားအရ နိယတမိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ ဒိဋ္ဌိ (၆၂)ပါးက ဒိဋ္ဌုပါဒါန်။

"တစိထိုမှ ဂေါသီလကို ဝဋ်မှုထုတ်တတ် စွဲထင်မှတ်သည် သီလဗ္ဗတုပါဒါန်" ဒီစကားအရ နွားတို့၏အကျင့်၊ ခွေးတို့အကျင့်ဟာ သံသရာမှ ထွက်မြောက်နိုင်တယ်လို့ စွဲလမ်းမှုက သီလဗ္ဗတုပါဒါန်၊ ပေါ့ပေါ့တန်တန်ယူပြီး ပေါ့ပေါ့တန်တန် ကျင့်မယ်ဆိုရင်တော့

သေတာနဲ့ နွားတို့ ခွေးတို့ ဒီလိုဖြစ်တတ်ပါတယ်။ တင်းတင်းရင်းရင်း ယူပြီးတော့ တင်းတင်းရင်းရင်း ကျင့်ကြံမယ်ဆိုရင် သေတာနဲ့ ငရဲ ကျနိုင်ပါတယ်။

**"ခန္ဓာငါးပါး တရားအစု**
**ခတ်အနုကို ကိုယ်ဟုစွဲကပ်**
**အမြဲမှတ်သည် အတ္တဝါဒုပါဒါန်"**

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငါ၊ ငါ့ဥစ္စာလို့ စွဲယူထင်မှတ်တဲ့ ဥပါဒါန်က အတ္တဝါဒုပါဒါန်။

အတ္တဝါဒုပါဒါန်ရယ်၊ အတ္တဒိဋ္ဌိရယ်၊ သက္ကာယဒိဋ္ဌိရယ် အတူတူပါပဲ။

ယခု (၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရယ်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ အဓိတအားဖြင့် ဒီအတ္တဝါဒုပါဒါန်ကို ဖယ်ရှားပြီး အနတ္တဉာဏ်မြင်ပေါက်အောင် အားထုတ်နေကြတာပါပဲ။

"အတ္တဝါဒုပါဒါန်၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ" ဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်းရှင်းပြီး ပြောမယ်ဆိုရင်တော့ အနတမဂ္ဂသံသရာ အဆက်ဆက်၊ ကမ္ဘာအဆက်ဆက်၊ ဘဝအဆက်ဆက်၊ စကြာဝဠာအနန္တ၊ သတ္တဝါအနန္တ၊ မြေ၊ မြင့်မိုရ်၊ သတ္တရဘန်၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ၊ နတ်ပြည်ခြောက်ထပ်၊ အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင် အကုန်သတ္တချပြီးတော့ ရုပ်အနေအားဖြင့် စုချုပ်ကြည့်ရင် (၂၈)မျိုးသာ ခတ်သားအမှန်ရပါတယ်။

အဲဒီ (၂၈)မျိုးကို သက္ကာယဒိဋ္ဌိ (၄)မျိုးနဲ့ မြောက်ပွားလိုက်တော့ ရုပ်နဲ့ဆိုင်တဲ့ သက္ကာယဒိဋ္ဌိ (၁၁၂)မျိုး၊ ဝေဒနာနဲ့ဆိုင်တဲ့ သက္ကာယဒိဋ္ဌိ

က (၇၂)မျိုး၊ သညာနဲ့ဆိုင်တဲ့ သက္ကာယဒိဋ္ဌိ (၂၄)မျိုး၊ သင်္ခါရနဲ့ဆိုင်တဲ့ သက္ကာယဒိဋ္ဌိ (၂၄)မျိုး၊ ဝိညာဉ်နဲ့ဆိုင်တဲ့ သက္ကာယဒိဋ္ဌိက (၂၄)မျိုး။

ဒီနည်းနဲ့ ရေတွက်မယ်ဆိုရင် လူ၊ နတ်၊ ဗြဟ္မာ ပုထုဇဉ် သတ္တဝါအားလုံးဟာ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်၊ ပေါင်း (၂၅၆)မျိုးစီ ရှိကြပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် (၂၅၆)မျိုး မပယ်နိုင်သေးတဲ့သူတိုင်းရဲ့ ကိုယ်ထဲ၊ ရင်ထဲမှာ ငရဲမီးတောက် တရှိန်ရှိန်တောက်နေပါတယ်။

ငရဲကြီး (၈)ထပ်၊ ဥဿဒငရဲငယ် (၁၂၈)ထပ်၊ ပြိတ္တာအမျိုးမျိုး၊ အသူရကာယ်အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ နိယတမိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး၊ သက်သတ်ဆိုးမှု ကာမေသု သုံးခုကာယကံနဲ့ ဒုစရိုက်မှု အဆိုးဟူသမျှ ဝဋ်ဆိုး ကြမ္မာဆိုး ဘုံဆိုး ဘဝဆိုးမှာ ရောက်ရှိ နေကြရတာ မှန်သမျှဟာ ဒီအတ္တဝါဒုပါဒါန် ခေါ်တဲ့ သက္ကာယဒိဋ္ဌိ ကြောင့်ဖြစ်ပါတယ်။

ဒါကြောင့် အစွဲပြင်းထန်လှတဲ့ ဥပါဒါန်တွေနဲ့ ပတ်သက်ပြီး တော့ ဒီဥပါဒါန်တွေကို မခွာနိုင်သေးဘူးဆိုရင် ငရဲမီး မငြိမ်းသေးပါဘူး။

ဒီ ဥပါဒါန်ရဲ့ စွဲလမ်းမှုဟာ အင်မတန်အားကြီးပါတယ်။

**"စွမ်းရည်ပြင်းထန် ဥပါဒါန်ဖြင့်**
**ခန္ဓာမမွ ကိုယ်ကာယ၌**
**အတ္တအစွဲ မြဲကြီးမြဲ၍**
**ရဲရဲရက်ရက် ကိုယ့်အတွက်ကြောင့်**
**သက်သတ်ခိုးမှု စသည်ပြုလျှက်**
**အကုသလ မမွဆယ်တန်**

**အပြစ်လျှံ၏**" စသည်ဖြင့် ဥပါဒါန်ရဲ့ ဆိုးကျိုးများကိုလည်း မိန့်ကြားတော်မူခဲ့ပါတယ်။ အဲဒီ ဥပါဒါန်တို့ရဲ့ ဖျက်အား၊ ဥပါဒါန်တို့ရဲ့ စွမ်းအားဟာ ဒီကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းမိုးပြီးနေပါတယ်။ ဒါကြောင့်-

**"အထန်အပြင်း အယူတင်၍**
**ဝင့်ခင်းဝင့်နယ် ဝင့်ပင်လယ်မှ**
**လွတ်ဖွယ်မအား တမားမားသည်**
**လေးပါး ဥပါဒါန် စွမ်းရည်တည်း"** ဆိုတဲ့အတိုင်း ဘုန်းကြီးတို့ သတ္တဝါအများ ဒီဥပါဒါန်မကင်းသည့်အတွက် ဝင့်ခင်းဝင့်နယ် ကျင်လည်ပြီးနေကြရတယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများမှာတော့ ဒီဥပါဒါန်လေးပါးထဲက သီလဗ္ဗတုပါဒါန်နဲ့ ဒိဋ္ဌုပါဒါန်အဖြစ် နည်းပါတယ်။ အစွဲနည်းပါတယ်။

အခြားအခြား ကမ္ဘာ့ဘာသာကြီးများမှာတော့ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်နဲ့ စွဲလမ်းမှုများပါတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများမှာ ကာမုပါဒါန်နဲ့ အတ္တဝါဒုပါဒါန်များမှာ အများလိုပဲ အစွဲအလမ်းကြီးကြပါတယ်။

ဒီကာမုပါဒါန်၊ အတ္တဝါဒုပါဒါန်နှစ်ပါးကို ခုန်ကျော်နိုင်ဖို့အတွက် ခုနေခါမှာ နည်းလမ်းများတွေ့နေကြပါပြီ။ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ပေါင်း ၂၅၉၅ နှစ်က ဗုဒ္ဓဘုရားပေးသနားတော်မူခဲ့တဲ့ နည်းလမ်း မပျောက်သေးပါဘူး။

**ငါးမျှားချိပ်မိတဲ့ ငါးပမာ**

ဒီကာမုပါဒါန်၊ အတ္တဝါဒုပါဒါန် (၂)ပါး ရှိနေကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ သက်ရှိသက်မဲ့ တွယ်တာစရာတွေ အာရုံဝတ္ထုတို့ရဲ့အလယ်မှာ နေတုန်း၊ ထိုင်တုန်း၊ ပူးကပ်နေတုန်းတော့ သိပ်ပြီးမသိသာဘူး။ ငါးမျှားချိပ်မိတဲ့ငါးဟာ ငါးမျှားချိပ်ချည်ထားတဲ့ တိုင်ခြေမှာနေတုန်း တော့ တင်းမှန်းကြပ်မှန်း မသိသေးဘူး။ ရုန်းကန်လိုက်တဲ့အခါကျမှ ငါးမျှားချိပ်က အူထဲ အသည်းထဲထိအောင် မိနေတော့ တင်းမှန်း ကြပ်မှန်းသိလာတယ်။ ပြေးလဲမပြေးနိုင်ဘူး။ ငါးခါလက်တွင်းမှာပဲ အသက်ဆုံးရှုံးရတယ်။

အဲဒီလိုပဲ ကာမုပါဒါန်၊ အတ္တဝါဒုပါဒါန် အစွဲရှိနေကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ တွယ်တာစရာ သက်ရှိသက်မဲ့အာရုံတွေထဲမှာ နေတုန်းတော့ တဏှာရဲ့စွမ်းအား ကြီးမားတယ်လို့ သိပ်ပြီးမထင်ရဘူး။ ဘုရားတရားတော်ကို နာကြား၊ သဒ္ဓါတရားဖြစ်၊ ဖြစ်ပြီးတော့ ဒီစွဲလမ်း စရာတွေက ထွက်မှပဲလို့ ကြံစည်လိုက်တဲ့အခါ တင်းကြပ်လာတာ တွေ့ရတယ်။

အဲဒီလို တင်းကြပ်လာလို့ နေ့တွေ၊ ရက်တွေ၊ လတွေ ပြောင်း ဘယ်နေ့ဘယ်ရက်ရောက်ရင် ဒီစွဲလမ်းစရာတွေက ထွက်မြောက်နိုင် အောင် ကြိုးစားမယ်လို့ စိတ်ကအကြံဖြစ်ပေါ်ပါတယ်။ အဲလို ဖြစ်ပေါ် သော်လဲပဲ သူ့နေ့ သူ့ရက် သူ့အချိန်ရောက်တဲ့အခါ နောက်ဆံတင်းပြီး နေတတ်ပါတယ်။

သို့သော်လဲ ဒီဥပါဒါန်တွေမှ ထွက်မြောက်ဖို့ အကြံကောင်း ဉာဏ်ကောင်းကတော့ ကြံစည်သင့်ပါတယ်။ တဖြည်းဖြည်း ကြံစည် ရာကနေ တစ်ဘဝနဲ့တစ်ဘဝ ရင့်သန်လာပြီးတော့ ဒီစွဲလမ်းစရာ

တွေက ထွက်မြောက်အောင် ခုန်ထွက်နိုင်တဲ့အထိ ဖြစ်ပါလိမ့်မယ်။

ယခုလို ဘုရား၊ တရား နာကြားရ၊ ဘုရားသာသနာနဲ့ ကြုံကြိုက်ပြီး တရားနာကြားရပါလျှက်နဲ့မှ ဉပါဒါန်က ထွက်မြောက်ဖို့ စိတ်ဆန္ဒမဖြစ်ဘူးဆိုရင်တော့ ထွက်မြောက်နိုင်တဲ့ မျိုးစမြင်းစလေးပင် ရရှိဖို့ ခက်ပါတယ်။

အတ္တဝါဒုပါဒါန် အနေနဲ့ပြောမယ်ဆိုရင် လူ့ခန္ဓာကိုယ် ပမာဏ ရှိတဲ့ မီးခြစ်ခဲကြီး ပွေ့ပိုက်ထားမယ်ဆိုရင်တော့ အေးမြသလိုပဲ။ သို့သော်လဲ ကော်ပတ်နဲ့တိုက်လိုက်တဲ့အခါ မီးဟုန်းဟုန်းထတောက်ပြီး အနီးအနားရှိတဲ့ အဆောက်အဦတွေပင် မီးလောင်နိုင်ပါတယ်။ မီးမတောက်တဲ့နေရာ မရှိဘူး။

အဲဒီလို အတ္တဝါဒုပါဒါန်ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ သာမန် နေရင်ကတော့ သိပ်မထင်ရှားဘူး။ တစ်စုံတစ်ယောက်က ကာယကံ မြောက်၊ ဝစီကံမြောက် ထိပါးပုတ်ခတ်ပြီးလာတဲ့အခါ ငါ့ကိုပြောရလေ ခြင်း၊ ပြုရလေခြင်း အစရှိသဖြင့် နေရာတိုင်းကနေပြီး ငါမီးတွေ တောက်လာတတ်ပါတယ်။

## ဉပါဒါန်ကြောင့် ဉပါဒ်ရောက်

အစွဲမကင်းကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဉပါဒါန်ကြောင့် ဉပါဒ် ရောက် ဆိုတာလိုပဲ။ ရန်သူမျိုးငါးပါး၊ (၂၅)ပါးသောဘေး၊ (၃၂)ပါး သော ကံကြမ္မာ၊ (၁၆)ဖြာသော ဉပဒ္ဒဝေါ၊ (၁၀)ပါးသောဒဏ် စတဲ့ အနှောက်အယှက် အဆီးအတားတွေနဲ့ ကြုံတွေ့ကြလို့ ပျက်စီးကိန်း ကြုံတဲ့အခါ စိုးရိမ်ဖွယ်တွေ တွေ့လာပြီဆိုတဲ့အခါ ဉပါဒါန်ပြင်းထန်လျှင် ပြင်းထန်တဲ့အလျောက်၊ ဉပါဒါန်အားနည်းလျှင် အားနည်းတဲ့

အလျှောက်၊ ဥပါဒါန်ရဲ့ အခိုးအကင်းဖြစ်တဲ့ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်းတွေဖြစ်ပြီး လာတော့တာပါပဲ။ ဒါဟာ ဥပါဒါန်ကြောင့် ဥပါဒ် ရောက်ဆိုတဲ့ စကားအတိုင်း ဥပါဒ်ရောက်ခြင်းပါပဲ။

**ဆေးနိဒါန်း**

ယနေ့ ဘုန်းကြီးတို့တတွေ ယောဂီတို့ပါ ဥပါဒါန်ဆိုတဲ့ စွဲလမ်းမှု ရောဂါဆိုးကြီး ကုစားနိုင်ဖို့ရန် ဆေးဝါးကောင်းများ ရရှိနေကြပါပြီ။ ဥပါဒါန်ရောဂါကို ကုစားနိုင်တဲ့ ဆေးကောင်းဝါးကောင်း ရရှိပုံ ဆေးနိဒါန်းလေး ဆက်ပြီးပြောမယ်ဆိုရင်တော့ သာသနာပအခါမှာ သံဝေဂရလို့ တောထွက်ကြတဲ့ ရသေ့များပင် ကာမုပါဒါန်ကို ခွာနိုင် ပါသေးတယ်။ သရဘင် အစရှိတဲ့ အလောင်းတော်ကြီးများပင် အတ္တဝါဒုပါဒါန်ကိုတော့ မခွာနိုင်ပါဘူး။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးများ ကာမုပါဒါန်ကို မိမိကိုယ်တိုင် အကြွင်းမဲ့ခွာနိုင်သလို သူတစ်ပါးတို့အား အကျယ်ချဲ့ပြီး ဟောနိုင်ပါ တယ်။ အတ္တဝါဒုပါဒါန်ကိုတော့ မိမိကိုယ်တိုင် အကြွင်းမဲ့ခွာနိုင်ပြီး သူတစ်ပါးတို့အား မဟောနိုင်ပါဘူး။

မြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ ဒုတိယတရားတော်ဖြစ်တဲ့ အတ္တဝါဒုပါဒါန် ခွာနည်းခေါ်တဲ့ အနတ္တလက္ခဏာသုတ်တော် ဟောသလို ဟောတော်မမူကြဘူး။

ဒါကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက "ငါသည် သံသရာတစ်လျှောက်လုံး အတ္တဝါဒ၊ ဗြဟ္မာဝါဒတွေကို သင်ယူမှတ်သား နာကြားပြီးတော့ တည်နေခဲ့ရပေပြီ။ ယခုအခါ ယခုဘဝ ကံကောင်းထောက်မသဖြင့် ဘုရားသာသနာနှင့် ကြုံကြိုက်

သဖြင့် အနတ္တတရားကို ကြိုးစားပြီးတော့ နာယူသင်ကြား ရေးသား အားထုတ် ဟောပြမှ တော်ပေမည်”လို့ မိန့်ကြားဖူးပါတယ်။

မှန်ပါတယ်။ သာသနာပအခါမှာ မဟာကမ္ဘာတွေ အသင်္ချေ လွန်လေငြားသော်လဲ အတ္တဝါဒုပါဒါန်ဆိုတဲ့ ရောဂါဆိုးကြီးကို ကုစား နိုင်တဲ့ ဆေးကောင်းဝါးကောင်း မရနိုင်ပါဘူး။ သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းလာမှသာ အနတ္တဆိုတဲ့ စကားလုံး အနတ္တဆိုတဲ့ တရားတော် အသံကြီးဟာ ပေါ်ထွက်လာခဲ့ပါတယ်။

အနတ္တဆိုတဲ့ တရားတော်ကြီး ပေါ်ထွက်လာမှ ဘုန်းကြီးတို့ တတွေ နာကြားခွင့်၊ ကျင့်ကြံအားထုတ်ခွင့် ရရှိကြပါတယ်။ မှန်ပါတယ်။ သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာမှ အနတ္တ ဆိုတဲ့ အသံတော်၊ တရားတော် အနတ္တဆိုတဲ့ ဆေးကောင်းဝါးကောင်း သုံးစွဲမှီဝဲခွင့် နာကြားခွင့် ရရှိကြပါတယ်။

ဘုရားရှင်တို့ ပွင့်ထွန်းလာကာမှ အတ္တဝါဒုပါဒါန်ကို ငရဲမီးကြီး မှန်း သိလာကြပါတယ်။ ကုစားနိုင်တဲ့ ဆေးကောင်းဝါးကောင်းတွေလဲ အရာအထောင်မက ပေါ်ပေါက်ခဲ့ပါတယ်။

အဘိဓမ္မာ (၇)ကျမ်းဟာ အတ္တဝါဒုပါဒါန်ဆိုတဲ့ ငရဲမီးကြီးကို ငြိမ်းသတ်ဖို့ရာ ဆေးကောင်းဝါးကောင်းဖြစ်သလို သုတ္တန်ဒေသနာ တော်မှာ ခန္ဓာ အာယတနဓာတ် ဒေသနာတော်များဟာလဲ အတ္တဝါဒုပါဒါန်ကို ငြိမ်းသတ်တဲ့ နည်းကောင်းဆေးကောင်းတွေ ဖြစ်ပါတယ်။

အတ္တဝါဒုပါဒါန်ခေါ်တဲ့ သက္ကာယဒိဋ္ဌိကို ငြိမ်းသတ်ဖို့ ဆေးနိဒါန်းအနေနဲ့ "ရေ၊ မြေ၊ လေ၊ မီးဓာတ်ကြီးလေးခု၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ဆ အကြည်ဓာတ်၊ ဖဿဝေဒနာ၊ စေတနာနှင့် သညာတဝ၊ ဤဓာတ်မျှကို လှလှကိုယ်တွင် ကွင်းကွင်းမြင်က ငြင်သက္ကာယ၊ သေကိန်းကျသည်၊ ဆေးများသိဒ္ဓိအကျော်တည်း" လို့ ဆရာတော်ဘုရားကြီးက ညွှန်းပြတော်မူခဲ့ပါတယ်။

ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးစတဲ့ (၁၄)ပါးသော ဓာတ်မြစ်ဓာတ်ရင်းတွေကို ကျကျနန သူ့သန္တာန်၊ ကိုယ့်သန္တာန် ကွင်းကွင်းကွက်ကွက် မြင်အောင်အားထုတ်ပါ။ အတ္တဝါဒုပါဒါန် ခေါ်တဲ့ သက္ကာယဒိဋ္ဌိ ပျောက်ပါလိမ့်မယ်။

ယခု အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ မိမိတို့ သန္တာန်မှာ ဓာတ်ကြီးလေးပါး ဖဿဝေဒနာတို့ရဲ့ ဖောက်ပြန်ပုံ ရှုမှတ်နေကြတာဟာ အတ္တဝါဒုပါဒါန်ဆိုတဲ့ ငရဲမီးကြီး ငြိမ်းသတ်နေကြတာပဲ။

ဒါကြောင့် ဆေးနိဒါန်းကို ကျေအောင်ကျက်ပြီး (၁၄)ပါးသော ဓာတ်ရင်းဓာတ်မြစ်တို့ကို သူ့သန္တာန် ကိုယ့်သန္တာန် လှလှပိုင်ပိုင် မြင်အောင် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ကျင့်ကြံပွားများ အားထုတ်ဖို့ရာ တိုက်တွန်းရင်း ဘုန်းကြီးတို့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**
## **လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**
**ဟောကြားတော်မူသော**
**မေတ္တာအခါတော်နေ့**

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ဝါခေါင်လပြည့်ကျော် (၈)ရက်၊ (၈-၈-၂၀၀၆) အင်္ဂါနေ့၊ မေတ္တာအခါတော်နေ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)၊ အခါတော်နေ့။

**ပဉ္စတာလီသ ဝဿာနိ၊ ဌတွာ လောကံ သဒေဝကံ။**
**ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော ယော သသာဝကော။**
**ဇတေန သစ္စဝဇ္ဇေန ဟောတုနော ဇယမင်္ဂလဂ္ဂံ။**

ယော= အကြင် ဘုရားမြတ်စွာသည်၊ ပဉ္စတာလီသဝဿာနိ= (၄၅)ဝါတို့ပတ်လုံး၊ ဌတွာ= တည်တော်မူ၍၊ သဒေဝကံ လောကံ= နတ်နှင့်တကွသောလောကကို၊ ဓမ္မရသံ= တရားအမြိုက်ရသာရည်ကို၊ ပိဝယိတွာ= တိုက်ကျွေးတော်မူပြီး၍၊ သသာဝကော= ကပည့်သား သာဝကနှင့်တကွ၊ နိဗ္ဗုတော= ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူပြီ၊

တံပုဒ္ဒံ= ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) များမြောင်လှစွာသော တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့သော ထိုဘုရားမြတ်စွာကို၊ ဝန္ဒာမ= ရှိခိုးကြပါကုန်၏။

ဧတေနသစ္စဝဇ္ဇေန= ဤသို့ မှန်ကန်သော သစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ နော= အကျွန်ုပ်တို့အား၊ အဂ္ဂံ= မွန်မြတ်သော၊ ဇယံ မင်္ဂလံ= အောင်ခြင်းမင်္ဂလာအဖြာဖြာသည်၊ ဟောတု= ဖြစ်ပါစေသတည်း။

ဝေါ= (၉၈)ကြိမ်မြောက် လယ်တီဝိပဿနာစခန်း ကြိုးပမ်းအားထုတ်ကြမည့် ယောဂီသူတော်စင်အပေါင်းတို့အား၊ အဂ္ဂံ= မွန်မြတ်သော၊ ဇယံမင်္ဂလံ= အောင်ခြင်းမင်္ဂလာအဖြာဖြာသည်၊ ဟောတု= ဖြစ်ပါစေသတည်း။

ဘုန်းကြီးတို့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တဖြည်းဖြည်း ဖွင့်လာခဲ့တာ လာမည့် တော်သလင်းလပြည့်နေ့မှာ (၉၉)ကြိမ်ဖြစ်ပြီး သီတင်းကျွတ်လပြည့်ဆိုရင် အကြိမ် (၁၀၀)ပြည့်မြောက်ပါမည်။

ဒီဂါထာက ဘုန်းကြီးတို့ ဝါဆိုဦးကစပြီးတော့ နေ့စဉ်အမြဲမပြတ် ရွတ်ဖတ်ပူဇော်နေတဲ့ ဂါထာပါပဲ။ ဘာကြောင့် ပူဇော်ရသလဲဆိုရင် ဘုန်းကြီးတို့လဲ မြတ်ဘုရား သာသနာ့တာဝန် ကြည်ကြည်ညိုညိုလေးလေးစားစား ထမ်းလာခဲ့တာ (၄၅)ဝါရှိပါပြီ။

(၄၅)ဝါကာလပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့တဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်မှာ စာပေသင်ကြားခြင်း၊ တရားဟောခြင်း၊ တရားအလုပ်အာရုံပြုခြင်း၊ တရားစာအုပ်များဖြန့်ဝေခြင်း၊ တရားတော်များ မိမိတတ်နိုင်သလောက်ရေးသားပြီးတော့ ဓမ္မဒါနပြုခြင်းတို့ဖြင့် မြတ်စွာဘုရားအား မိမိရဲ့

(၄၅)ဝါအတွင်းမှာ အားထုတ်ခဲ့တဲ့ လုပ်အားနဲ့ပူဇော်နေတာပါပဲ။

ဘာကြောင့် ပူဇော်ရသလဲဆိုရင် မြတ်စွာဘုရား (၄၅)ဝါ ပြန်ကြည့်မယ်ဆိုရင် -

- ဆွမ်းမဘုန်းပေးမီ ဆောင်ရွက်တော်မူတဲ့ = ပုရေဘတ္တကိစ္စ၊
- ဆွမ်းဘုန်းပေးပြီး ဆောင်ရွက်တော်မူတဲ့ = ပစ္ဆာဘတ္တကိစ္စ၊
- ညဦးယာမ် ဆောင်ရွက်တော်မူတဲ့ = ပုရိမယာမကိစ္စ၊
- သန်းခေါင်ယာမ် ဆောင်ရွက်တော်မူတဲ့ = မဇ္ဈိမယာမကိစ္စ၊
- မိုးသောက်ယာမ် ဆောင်ရွက်တော်မူတဲ့ = ပစ္ဆိမယာမကိစ္စ၊

အဲဒီလို တစ်နေ့တစ်ရက်မှာ အချိန်ကြီး (၅)ပိုင်း ပိုင်းပြီးတော့ မြတ်စွာဘုရားဟာ တစ်နေ့တစ်ရက် (၂၄)နာရီရှိတာထဲက နာရီ (၂၀)ကျော် သတ္တဝါအားလုံး ကြီးပွားဖို့ ချမ်းသာဖို့ သံသရာဝဋ္ဋဒုက္ခကြီးက လွတ်မြောက်သွားဖို့ ဆောင်ရွက်တော်မူခဲ့တယ်။

နောက်ဆုံးသက်တော် (၈၀)ပြည့်လို့ ဝါတော် (၄၅)ဝါ ပရိနိဗ္ဗာန်စံသည့်အချိန်တိုင်အောင် ဓာတ်တော် မွေတော်ထား ကိုယ်ပွားဖြစ်တဲ့ ဓမ္မစေတီတော်တွေထား တရားအမွေတော်ကြီး ပေးပြီး (၃၁)ဘုံသား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့ရဲ့ ကြီးပွားမှု ချမ်းသာမှုကို ဆောင်ရွက်တော်မူခဲ့တယ်။

**စရံယော ယဒိဝါ တိဋ္ဌံ၊ နိသိန္နော ဥဒဝါသယံ။**

**နိဗ္ဗာယံ ဓာတု ဘာဝေန၊ ဟိတံ သတ္တာန မာစရေ။**

ယော= အကြင်မြတ်စွာဘုရားသည်၊ စရံဝါ= သံဃာတော်များ ရှေ့တော်ဖျားက ကြွသွားထို၍ စက်တော်ချီလျှက် (မြတ်စွာဘုရား သံဃာတော်များရှေ့တော်က ဦးဆောင်သွားတဲ့အချိန်မှာလဲ)၊ သတ္တာနံ= ပိုလ်ချေများစွာ သတ္တဝါတို့၏၊ ဟိတံ= အကျိုးစီးပွားကို၊

အာစရေ= ပြုကျင့်တော်မူခဲ့ပါပေ၏။ (သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ပြုကျင့်တော်မူခဲ့တယ်။ ကြီးပွားအောင်၊ ချမ်းသာအောင် ပြုကျင့်တော်မူခဲ့တယ်။) ယဒိဝါတိဋ္ဌေ= မကြွမသွား ရွှေတောင်အလားသို့ မားမား မတ်မတ် ရပ်တော်မူလျှက်၊ သတ္တာနံ= ဗိုလ်ချေများစွာ သတ္တဝါတို့၏၊ ဟိတံ= အကျိုးစီးပွားကို၊ အာစရေ= ပြုကျင့်တော်မူခဲ့ပါပေ၏။ (မကြွမသွား ရွှေတောင်ကြီးအလား ရပ်တော်မူလျှက်လဲ ဝေနေယျ သတ္တဝါများရဲ့ အကျိုးစီးပွားကို ပြုကျင့်တော်မူပါတယ်။) နိသိန္နော= ပရိသတ်အလယ်ရောင်ခြည်သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူလျှက်လည်းကောင်း၊ (ပရိသတ်တို့အလယ် ရောင်ခြည်တော် ခြောက် သွယ် အပြိုင်ပြိုင်လွှတ်ပြီး တရားဓမ္မဟောပြနေတဲ့အခါမှာလဲပဲ ဝေနေယျ သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တော်မူပါတယ်)

ဥဒ သို့မဟုတ်၊ အာသယံ ဝါ= အမေးပုစ္ဆာ ဖြေရှင်းကာ ညဥ့်ခါ ကျောင်းပေါ်လျောင်း တော်မူလျှက်လည်းကောင်း၊ (အမေးပုစ္ဆာဖြေရှင်း ကာဖြင့် ညဥ့်ခါတော့ နည်းနည်းလေး အညောင်းဖြေလျောင်းတော် မူမယ်ဆိုတဲ့အခါမှာလဲ နတ်ပြဟ္မာတို့ရဲ့အလှည့်ပေးရတယ်။)

**ကီသု ယာဝ ဇရာသာဓု၊ ကီသု သာဓု အဓိဋ္ဌိတာ။**
**ကီသု နရာနံ ရတနံ၊ ကီသု စောရေဟိ ဒူဟရံ။**

အစရှိသဖြင့် နတ်တွေ၊ ပြဟ္မာတွေက မေးကြတယ်။ အဲဒီလို မေးခွန်းတွေကိုတော့ သန်းခေါင်ယံအချိန် လူသူလေးပါးရှင်းတဲ့အခါ နတ်ပြဟ္မာတို့ရဲ့ ယုံမှားသံသယကို ပျောက်အောင် မြတ်စွာဘုရား ဟောကြား ဖြေကြားပေးတော်မူပါတယ်။

အဲဒီလိုနဲ့ ဆွမ်းမဘုဉ်းပေးမီ ပုရေဘတ္တကိစ္စတွေလဲ အများကြီး။ ဆွမ်းဘုဉ်းပေးပြီးတော့ ပစ္ဆာဘတ္တကိစ္စတွေလဲ အများကြီး။ ပုရိမယာမ

ကိစ္စ- ညဉ့်ဦးယံ၊ မဇ္ဈိမယာမကိစ္စ- သန်းခေါင်ယာမ်၊ သီလံယာဝဇရာ သာဓု= သီလသည် အိုမင်းရင့်ရော်သည့်တိုင် မြင့်မြတ်တယ်၊ သဒ္ဓါတရားကို ဆောက်တည်ထားရင် ကောင်းတယ်၊ သတ္တဝါတို့ မြတ်နိုးဖွယ် ရတနာကား အဘိညာဏ်ပညာ၊ သူခိုးတွေ မခိုးနိုင်တာက ကုသိုလ်ပါပဲ စတဲ့ အဖြေစကားတွေ ရှိပါတယ်။

ပစ္ဆိမယာမကိစ္စ- မိုးသောက်ယာမ် ကာလတွေမှာ ဘုရားရှင်တို့ ဆောင်ရွက်ဖွယ် ကိစ္စတွေ တစ်နေ့ နာရီ (၂၀)ကျော်လုပ်ငန်းတွေ၊ တရားရေအေး အမြိုက် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းတွေ၊ (၄၅)ဝါ ကာလပတ်လုံး နေ့စဉ်ဆောင်ရွက်ပြီး တပည့်သာဝကနှင့်တကွ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းတော်မူတဲ့ ဗုဒ္ဓဘုရား။

ဗုဒ္ဓဘုရားကို မပြတ်မလတ်ရှိခိုးပြီးတော့ ပူဇော်ကြရမယ်။ ဒီနေ့ မေတ္တာအခါတော်နေ့ဆိုတော့ မေတ္တာသုတ္တန် ဒေသနာတော်မြတ်ကြီးကို ဟောကြားတော်မူတဲ့နေ့၊ ဘုရားပရိနိဗ္ဗာန်စံပြီး နောက်နှစ်လနဲ့ ငါးရက် ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှာ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) တို့ကို စုပေါင်းပြီး အရှင်မဟာကဿပ အစရှိတဲ့ အရှင်မြတ်ကြီးတွေက စောင့်ရှောက်တော်မူခဲ့ကြတယ်။ ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော် နေ့၊ ဝါခေါင်လပြည့်နေ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) အခါတော်နေ့ ပေါင်းပြီးတော့ ခေါ်ကြတယ်။

ကမ္ဘာလောကကြီးမှာဖြစ်လာတဲ့ သတ္တဝါတွေ ရှေ့ဆောင်လမ်းပြသည့်ပုဂ္ဂိုလ် အင်မတန်အရေးကြီးပါတယ်။ ရှေ့ဆောင်လမ်းပြသူမရှိတဲ့အခါ မျက်စိမမြင်တဲ့သူ လမ်းသွားသလိုပဲ။ တစ်ခါတစ်ရံ လမ်းမှန်တယ်။ တစ်ခါတစ်ရံ လမ်းမှားတယ်။ အဲဒီလိုနဲ့ ဘဝသံသရာ လည်ပတ်ပြီး လာခဲ့တယ်။ မြတ်စွာဘုရား ပွင့်ခဲ့တာဟာ (၂၆)ရာစုထဲ

ရောက်လာပြီး၊ ကုန်တော့မှာပါပဲ။

အဲဒီလို (၂၆)ရာစုတိုင်အောင် ထိန်းသိမ်းလာခဲ့တဲ့ သာသနာ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ ယနေ့တိုင်ကြာရှည်ပြီး နေတယ်။ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြရတယ်။ ပရိကမ်အပိုင်းမှာလည်း မေတ္တာပွားတာ ပါပါတယ်။ အစုံအလင်ပြောမယ်ဆိုရင်တော့ မြတ်စွာဘုရားက တောထဲတောင်ထဲမှာ တရားအားထုတ်နေကြတဲ့ ရဟန်းငါးရာတို့ တောထဲမှာပဲ တရားအားထုတ်ပြီး တရားထူး တရားမြတ်ရနိုင်ဖို့ မေတ္တာသုတ္တန် ဒေသနာတော်ကို ဟောတော်မူတာ အလွန်ပြည့်စုံပါတယ်။ ရှေးဦးစွာပြုရမယ့်ကိစ္စ ဆောင်ရွက်ဖွယ်ကိစ္စ (၁၅)မျိုး-

- သတ္တဝါတွေ အားလုံးခြုံပြီးတော့ မေတ္တာပွားနည်း။
- ကမ္ဘာလောကဓာတ် ရှိရှိသမျှ သတ္တဝါတွေ နှစ်စု၊ နှစ်ပုံပုံပြီးတော့ မေတ္တာပွားတဲ့နည်းက လေးနည်း။
- သတ္တဝါတွေ သုံးစုသုံးပုံ ပုံပြီးတော့ မေတ္တာပွားနည်းက သုံးနည်း။
- အဲဒီကနေ ဆက်ပြီးတော့ လူအချင်းချင်း သတ်ဖြတ်ခြင်း ကင်းရှင်းကြပါစေ။ (လူအချင်းချင်း သတ်ဖြတ်ခြင်း မရှိပါစေနဲ့လို့ မေတ္တာပွားကြရတာ။)

လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေလို့ ဟောကြားပြီးတဲ့နောက် တိဋ္ဌံစရံ စသောဂါထာဖြင့် သွားရပ်ထိုင်လျောင်း လှည့်ကာပြောင်းပြီး မေတ္တာပွားနေနိုင်ရင် မြတ်သောနေခြင်း၊ ဗြဟ္မာတွေနေသလိုနေခြင်း ဖြစ်တယ်လို့ ဟောကြားပြီး သားတစ်ယောက်မိခင်က သားလေး အသက်ရှင်နေနိုင်ရေးအတွက် အလေးပေးစောင့်ရှောက်သလို သတ္တဝါအားလုံးအပေါ် နယ်စီးမခြား အကျိုးလိုလား မေတ္တာစိတ်ပွားရန်အတွက် ဆက်လက်ညွှန်ကြားပါတယ်။ ဝဲယာရှေ့နောက်

ထက်အောက်ခြောက်ထွေ အရပ်နေသတ္တဝါတွေအပေါ် မေတ္တာပွားရန်လည်း ညွှန်ပြတော်မူပါတယ်။ မေတ္တာသုတ်အဆုံးမှာ -

**ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ သီလဝါဒဿနေန သမ္ပန္နော။**

**ကာမေသု ဝိနေယျဂေဓံ နဟိဇာတု ဂဗ္ဘသေယျ ပုနရေတိ။**

ဟောဒီ နိဂုံးဂါထာက ဝိပဿနာဉာဏ် အဆင့်ဆင့်ရောက်ရှိပြီးတော့ အရိယာစခန်း တက်လှမ်းနိုင်ဖို့အထိ ညွှန်ပြတော်မူပါတယ်။

အဲဒီတော့ မေတ္တာပွားတဲ့နည်း အပြည့်အစုံ ဒီလိုဟောကြားထားတဲ့ သာသနာဘယ်မှာမှ မရှိဘူး။ အခုချိန်မှာ သူ့ဘာသာကိုယ့်ဘာသာတော့ ရှိကြပါတယ်။ သို့သော် ဘယ်ဘာသာမှ မေတ္တာသုတ္တန်ကြီးလို ကျယ်ကျယ်ဟောထားတာ မတွေ့ရဘူး။ ရှင်တော်ဗုဒ္ဓဂေါတမရဲ့ ဘာသာမှတစ်ပါး အခြားဘာသာကြီးတွေမှာ မတွေ့ရဘူး။ ဓမ္မစကြာဒေသနာတော်မြတ်ကြီး ဟောကြားထားတဲ့ အခြားဘာသာမရှိဘူး။ အနတ္တလက္ခဏသုတ်တော် ဟောကြားထားတဲ့ အခြားဘာသာမရှိဘူး။ ခြုံပြီးတော့ပြောရင် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဟောကြားထားတဲ့ ဘာသာဆိုတာ ဗုဒ္ဓဘာသာတစ်ခု သာသနာတစ်ခုသာ ရှိပါတယ်။

## ၅၂၈ သွယ်မေတ္တာ

အဲဒီ မေတ္တာအခါတော်နေ့မှာ ဘုန်းကြီးတို့ လယ်တီဝိပဿနာစခန်း ပရိကမ်အပိုင်းမှာ မေတ္တာပို့ခဲ့ကြပြီ။ ၅၂၈သွယ်မေတ္တာဆိုတာ ပိုင်းခြားပြီးတော့ မထားပဲနဲ့ ပွားများတာက (၅)မျိုး-

**သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊**

**သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ။**

ပုဂ္ဂိုလ်အပိုင်းအခြားမရှိပဲ မေတ္တာပို့တာ ပွားတာ (၅)မျိုး၊ ပိုင်းခြားပြီးပွားတာက (၇)မျိုး ရှိတယ်။

သဗ္ဗေ ဣတ္ထိယော - အမျိုးသမီးအားလုံး၊

သဗ္ဗေ ပုရိသာ- အမျိုးသားအားလုံး၊

သဗ္ဗေ အရိယာ- အရိယာအားလုံး၊

သဗ္ဗေ အနရိယာ- ပုထုဇဉ်သတ္တဝါအားလုံး၊

သဗ္ဗေ ဒေဝါ- နတ်အားလုံး၊

သဗ္ဗေ မနုဿာ- လူအားလုံး၊

သဗ္ဗေ ဝိနိပါတိကာ- ဖရိုဖရဲ အလိုနည်းလျှက် ပြိုကွဲပျက်စီးကျရာ သတ္တဝါတွေလို့ (၇)ယောက် ပုဂ္ဂိုလ်အနေနဲ့ ပိုင်းခြားပြီးတော့ မေတ္တာပို့နည်း။ အမျိုးသမီးတွေ၊ အမျိုးသားတွေ၊ အရိယာတွေ၊ ပုထုဇဉ်တွေ၊ လူတွေ၊ နတ်တွေ၊ ဝိနိပါတိက ပုဂ္ဂိုလ်တွေ (၇)ယောက်။

ဘယ်ပုဂ္ဂိုလ်ရယ်လို့ မပိုင်းခြားတာ (၅)ယောက်၊ ပိုင်းခြားတာက (၇)ယောက်၊ ပေါင်းလိုက်တော့ ပုဂ္ဂိုလ် (၁၂)ယောက်။ အဲဒီ (၁၂)ယောက်ကို ဟောန္တု လေးဖြာနှင့်မြှောက်-

အဝေရာ ဟောန္တု- ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

အဗျာပဇ္ဈာ ဟောန္တု- ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

အနီဃာ ဟောန္တု- ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

သုခီအတ္တာနံ ပရိဟရန္တု- ကိုယ့်ကိုယ်ကို ချမ်းသာအောင်ဆောင်ရွက်နိုင်ကြပါစေ။

နောဓိပဉ္စ ဩသတ္တနှင့် ဒွါဒသဟု ပုဂ္ဂိုလ်စုကို န္တုလေးဖြာနှင့်မြှောက်လင့်ပါမူ။

ရှစ်ဖြာလေးဆယ် ဂဏန်းကွယ်၏။ လေးဆယ့်ရှစ်ကို ရပ်ဆယ်နှင့်လှောက်။

ထပ်ဆင့်မြှောက်က မှတ်လောက်ပွားထ လွန်များလှသည် ၅၂၈ စွန်းသတည်း။

မပိုင်းခြားပုဂ္ဂိုလ် (၅)ယောက်၊ ပိုင်းခြား(၇)ယောက်၊ ပေါင်း (၁၂)ယောက်၊ (၁၂)ယောက်ကို "န္တ" လေးဖြာနဲ့ မြှောက်၊ (၄၈) ဖြစ်လာ၏။ (၄၈)ကို အရပ်(၁၀)မျက်နှာနှင့်မြှောက်ရင် ၅၂၈ သွယ် မေတ္တာ ဖြစ်တယ်။ ၅၂၈ သွယ်မေတ္တာပို့နည်းတွေလဲ ဗုဒ္ဓသာသနာမှာ အပြည့်အစုံရှိတယ်။ အခုပြောခဲ့တဲ့အတိုင်း ၅၂၈ သွယ်မေတ္တာကို ရေတွက်ပါ။

အဲဒီလို အပြည့်အစုံပါတဲ့ မေတ္တာသုတ္တန် ဒေသနာတော်မြတ်ကြီးကို မြတ်စွာဘုရားက ဝါခေါင်လပြည့်နေ့မှာ ဟောကြားသလိုပဲ။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာလဲ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကိုလဲ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှာပဲ သံဃာတော်အရှင်မြတ်များက သံဂါယနာတင်ပြီးတော့ ထိန်းသိမ်းထားခဲ့တာ။ သံဂါယနာတင်ထားတဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကို အကျဉ်းချုပ်လိုက်တော့ ဗောဓိပက္ခိယ (၃၇)ပါး၊ ဗောဓိပက္ခိယ (၃၇)ပါး အကျဉ်းချုပ်လိုက်တော့ မဂ္ဂင် (၈)ပါး၊ မဂ္ဂင် (၈)ပါး အကျဉ်းချုပ်လိုက်တော့ သီလ သမာဓိ ပညာ၊ သီလ သမာဓိ ပညာ အကျဉ်းချုပ်လိုက်တော့ စရဏနဲ့ဝိဇ္ဇာ၊ တစ်နည်းအားဖြင့် သမထနဲ့ဝိပဿနာ။ (၉၈)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းကြတဲ့ ယောဂီသူတော်စင်များ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကို အဆီထုတ်ထားတဲ့ သမထ ဝိပဿနာ ဒီတရားနှစ်မျိုးကို အားထုတ်ကြရမှာ။ အခုသီလကတော့ ဆောက်တည်ပြီးပြီ။ အာနာပါနကမ္မဋ္ဌာန်းလို့ ခေါ်တဲ့ သမထကမ္မဋ္ဌာန်းကို အားထုတ်ကြရမှာ။

အာနာပါန ထွက်လေ ဝင်လေ ကာယဂတာ သတိ ကမ္မဋ္ဌာန်း တစ်မျိုးတည်းနဲ့ သတိပဋ္ဌာန်လေးပါးလုံး ပြည့်စုံသွားလိမ့်မယ်။ ဗောဇ္ဈင် (၇)ပါးလဲ ပြည့်စုံသွားလိမ့်မည်။ မဂ်လေးပါး ဖိုလ်လေးပါးလဲ ပြည့်စုံသွားလိမ့်မယ်။ ဒါကြောင့် ယနေ့ မေတ္တာအခါတော်နေ့မှာ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ က ညွှန်းပြတဲ့ သမထဝိပဿနာ တရားများကို ကြိုးစားပွားများကြပါလို့ တိုက်တွန်း ရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့။

ဒီဝါခေါင်လပြည့်ကျော် (၅)ရက်နေ့ဟာ ရဟန်းရှင်လူတို့ မသိကြတဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ အခါတော်နေ့အမှန်ပါ။ နီးစပ်ရာကိုယူပြီးတော့ ဝါခေါင်လပြည့်နေ့ကိုပဲ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ အခါတော်နေ့လို့ သတ်မှတ်ကြပါတယ်။ တကယ်တမ်းတော့ မြတ်စွာဘုရား ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန်စံပြီးသောအခါ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့ကျမှ (၄၅)ဝါကာလပတ်လုံး ဟောကြားတဲ့တရားတွေကို စုပေါင်းပြီးတော့ ထိန်းသိမ်းစောင့်ရှောက်တဲ့အနေဖြင့် သံဂါယနာ စတင်တော်မူခဲ့ကြပါတယ်။

**ပင်မပဒေသာ**

ယနေ့ထိဆိုရင် ၂၅၉၅ နှစ်လို့ ဒီလိုပြောရမှာပေါ့။ တိတိကျကျပြောမယ်ဆိုရင် လွန်ခဲ့တဲ့ ၂၅၉၄ ခုနှစ်၊ (၂)လနဲ့ (၅)ရက်က သုံးလောကထွဋ်ထား မြတ်ဘုရား ပွင့်တော်မူခဲ့တယ်။ မြတ်စွာဘုရားတည်းဟူသော ပင်မပဒေသာပင်ကြီးဟာ လောကအလယ်မှာ ပေါ်ထွန်းတော်မူခဲ့ပါတယ်။ အဲဒီ ပင်မပဒေသာပင်ကြီးဟာ -

**ဣစ္ဆိတတ္ထပဒေါသာရော၊ ဖလပုပ္ဖောဝသောဘိတော။**
**သစ္စာယောယမပုဗ္ဗောဝ၊ ကပ္ပရုက္ခော သမုဋ္ဌိတော။**

အယံ ကပ္ပရုက္ခော= ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည်၊ ဣစ္ဆိ တတ္ထ ပဒေါ= လောကီ လောကုတ္တရာ အလိုရှိအပ်သော အကျိုးကို ပေးတော်မူတတ်ပါပေ၏။ သာရော= သီလ သမာဓိ ပညာ ဖြည့်၍ ပြည့်သော အနှစ်သာရရှိတော်မူပါပေ၏။ ဗုဒ္ဓမြတ်စွာ

ပဒေသာပင်ကြီးဟာ လောကီလောကုတ္တရာ အလိုရှိအပ်သော အကျိုးကို ပေးတော်မူပါတယ်။ သီလ သမာဓိ ပညာရှိ၍ ပြည့်သော အနှစ်သာရလဲ ရှိတော်မူပါတယ်။

ဖလပုပ္ဖောပ သောဘိတော= သိ၍မကုန် သီးပွင့်စုံသို့ အဖုံဖုံ အစားစား များပြားမြင့်ကြွယ် တင့်တယ်တော်မူပါပေ၏။ ဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည် သိ၍မကုန် နာကြား၍လဲမကုန် လေ့လာလို့လဲ မကုန် သိဖွယ်အမျိုးမျိုးနဲ့ တင့်တယ်တော်မူပါပေ၏။ သဏ္ဍာယော= ရောင်ခြည်တော်ခြောက်သွယ်ဟု ဆိုအပ်သော ကျယ်ပြန့်သော အရောင်ရှိတော်မူပါပေ၏။ (ညို ရွှေ နီ ဖြူ မောင်းရည်ပြိုးပျက် တစ်ခဲနက်သော ရောင်ခြည်တော်ဆိုတဲ့ ကျယ်ပြန့်တဲ့ အရိပ်အာဝါသ လဲ ရှိတော်မူပါပေတယ်။)

အယံကပ္ပ ရုက္ခော= ဤမြတ်စွာဘုရားတည်းဟူသော ပဒေသာပင်ကြီးသည်၊ အပုဗ္ဗောဝ= ရှေးရှေးခေတ်က မကြုံစဖူး အထူး အသစ်ဖြစ်၍သာလျှင်၊ သမုဋ္ဌိတော= တို့ကံအလျှောက် ကောင်းစွာ ပေါ်ပေါက်၍ လာပါပေပြီတကား။

ဘုန်းကြီးတို့ ကံအားလျော်စွာ ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီး နဲ့ ကြုံခဲ့ရတယ်။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၉၄ နှစ်နဲ့ (၂)လနဲ့ (၅)ရက်က ပွင့်ပေါ်ခဲ့တဲ့ ဗုဒ္ဓပဒေသာပင်ကြီး လောကအလယ်က ပျောက်ကွယ် သွားတဲ့အခါ တစ်လောကလုံး အမိုက်အမှောင်ဖြစ်ခဲ့တယ်။ အလင်း တွေပျောက်ပြီး မျက်စိအမြင်တွေ ကန်းသလို ဖြစ်ခဲ့တယ်။

အဲဒီလို ဖြစ်ပြီးနေသော်လည်း သုံးလောကထွဋ်ထား မြတ်ဘုရားရဲ့ ပင်မပဒေသာပင်ကြီးက ပင်ပွားပဒေသာပင် ၈၄၀၀၀ တို့ကို ပွားပြီးထားခဲ့တယ်။ ပွားပြီးထားခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀

ပင်ပွားပဒေသာပင်တို့ ပြန်လည်ရှင်သန်အောင် ဟိုနားတစ်ပင် ဒီနား တစ်ပင် နတ်ပြည်မှာ အပင်ပေါင်း ၄၂၀၀၀၊ လူ့ပြည်မှာ ၄၂၀၀၀၊ အဲဒီလို ပင်ပွားပဒေသာပင်တွေ ပွားပြီးထားခဲ့တယ်။ မြို့အသီးသီး ရွာအသီးသီး အဲဒီ ပင်ပွားပဒေသာပင် ၈၄၀၀၀ တို့ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၄၉ နှစ်နဲ့ (၂)လ၊ (၅)ရက်က အရှင်မဟာကဿပ အစရှိတဲ့ ရဟန္တာအရှင် မြတ်များက စုပေါင်းပြီးတော့ ထိန်းသိမ်း စောင့်ရှောက် သံဂါယနာ တင်ခဲ့တာ ဒီနေ့ပါပဲ။

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ က ညွှန်းပြတဲ့တရားတွေကို ညွှန်ကြားပြီးနေကြရတယ်။ အားထုတ်ပြီ နေကြရတယ်။ ဟောပြီး နေကြရတယ်။ လွန်ခဲ့တဲ့ ၂၅၄၉ နှစ်၊ (၂)လနဲ့ (၅)ရက်က စုပေါင်း သံဂါယနာတင်ခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဟာ အင်မတန်ကျေးဇူး များတယ်။ ဓမ္မစေတီတော်တွေအဖြစ်နဲ့ ဘုရားကိုယ်စား တရားဟော နေတယ်လို့ ဒီလိုဆိုရတယ်။ နိကာယ်ငါးရပ် ပိဋကတ်တော်သည် ဘုရားကိုယ်စား တရားဟောနေကြတယ်။

## ဓမ္မစေတီ

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဆရာတော်များ၊ သံဃာတော်များ၊ ရှင်သာမဏေ၊ သီလရှင်များ သင်အံပို့ချနေကြတဲ့ ပါဠိ အဋ္ဌကထာ တရားတော်တွေဟာ သံဂါယနာ ခြောက်တန် တင်ပြီးတော့ ရဟန္တာအရှင်မြတ်ကြီးများ စုပေါင်းပြီးတော့ သံဂါယနာ တင်ထားတဲ့ တရားတော်တွေ၊ အဲဒီ တရားတော်တွေဟာ ယခုတိုင် တည်ရှိနေသေးတော့ ဘုန်းကြီးတို့ တရားအားထုတ်ခွင့်ရကြတယ်။ အဲဒါကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်

ဘုရားကြီးက ထူးထူးခြားခြား ရှိခိုးတော်မူခဲ့တဲ့ ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီးကို တွေ့ရတယ်။ အဲဒီ ဘုရားရှိခိုးကြီးက -

**တေန ဘဂဝတာ ဇာနတာ ပဿတာ**

**အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ၊**

**ပညတ္တာနိ တီဏိ ပိဋကာ နိသုတ္တန္တ ပိဋကံ**

**ဝိနယ ပိဋကံ အဘိဓမ္မ ပိဋကန္တိ။**

သိတော်မူ မြင်တော်မူ၍ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ပူဇော်အထူးကို ခံယူတော်မူအပ်တဲ့ ဘုရားမြတ်စွာ သည် ပိဋကတ်သုံးပုံကို ဟောခဲ့ပါတယ်။ အဲဒီ ပိဋကတ်သုံးပုံက ဝိနည်းပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာပိဋကလို့ သုံးမျိုး၊ နိကာယ် အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ အဲဒီ ပိဋကတ်သုံးပုံ တရားတော်တွေဟာ ဘယ်လိုဂုဏ်ကျေးဇူးနဲ့ ပြည့်စုံသလဲဆိုရင် -

ဣမာနိ တီဏိပိဋကာနိ= ဤပိဋကတ်သုံးပုံတို့သည်။ အာဒိ ကလျာဏာနိ= ဒေသနာတော်ရဲ့ အစပိုင်းမှာ သီလဂုဏ်တွေကို ပြဆို တဲ့အတွက်ကြောင့် ဒေသနာတော်ရဲ့ အစပိုင်းမှာလဲ ကောင်းမွန် မြင့်မြတ်တဲ့ဂုဏ်ရှိတယ်။ မဇ္ဈေကလျာဏာနိ= ဒေသနာတော်ရဲ့ အလယ်ပိုင်းမှာလဲ သမာဓိဂုဏ်တွေကို ပြဆိုထားတဲ့အတွက်ကြောင့် ဒေသနာအလယ်ပိုင်းမှာလဲ ကောင်းမွန်မြင့်မြတ်တဲ့ဂုဏ်တွေရှိတယ်။ ပရိယောသာနကလျာဏာနိ= ဒေသနာတော်ရဲ့အဆုံးမှာလဲ ဝိပဿနာ ဉာဏ်ပညာအစရှိတဲ့ ပညာတွေနဲ့ ပြည့်စုံတဲ့အတွက်ကြောင့် ဒေသနာ တော်ရဲ့ အဆုံး၏ မြင့်မြတ်ကောင်းမွန်ခြင်းနဲ့လဲ ပြည့်စုံပါကယ်။

သာတ္ထာနိ= အနက်နဲ့လဲ ပြည့်စုံတယ်၊ သဗျဉ္ဇနာနိ= သဒ္ဒါနဲ့လဲ ပြည့်စုံတယ်၊ ကေဝလပရိပုဏ္ဏာနိ= မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်တွေဟာ ဒီနေရာလေးတော့ လိုပါသေးတယ်ဆိုပြီး ဖြည့်စွက်စရာမရှိ။ ဒီနေရာလေးတော့ ပိုပါတယ်ဆိုပြီးတော့ ထုတ်ပယ်စရာ ဖြုတ်ပယ်စရာလဲမရှိဘူး အားလုံးပြည့်စုံတယ်။

ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီး "အာနန္ဒာ သင်တို့ အလိုရှိရင် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တွေ ပယ်ဖျက်ကြလို့ မိန့်တော်မူသော်လည်းပဲ သံဂါယနာထေရ် အရှင်များက မဖြုတ်မပယ်ပဲနဲ့ နဂိုအရှိ ပကတိအတိုင်း ထားတော်မူကြပါတယ်။ ပရိသုဒ္ဓါနိ စင်ကြယ်သန့်ရှင်း အပြစ်ကင်းပါကုန်၏။ ပိဋကတ်သုံးပုံဟာ စင်ကြယ်သန့်ရှင်းတယ်။

သိက္ခတ္တ သင်္ဂဟိတသ ဗြဟ္မစရိယဿ ပကာသကာနိ= သိက္ခာသုံးပါးတို့နဲ့ သိမ်းကျုံးယူအပ်တဲ့ ဗြဟ္မစရိယ မြတ်တဲ့အကျင့်ကို ပြတော်မူတယ်။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဒီသိက္ခာ သုံးပါးတို့နဲ့ သိမ်းကျုံးယူအပ်တဲ့ မြတ်တဲ့အကျင့်ကို ပြတော်မူပါတယ်။

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သော ပဒေသာပင်တို့က အဲဒီလို ပြကြတော့ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်လဲ မှန်မှန်ကန်ကန် ရှိနေတာပါပဲ။

သိက္ခတ္တယ သင်္ဂဟိတသ ဗြဟ္မစရိယ ပကာသကာနိ= သိက္ခာသုံးပါးနဲ့ သိမ်းကျုံးယူအပ်တဲ့ မြတ်တဲ့အကျင့်ကို ပြထားတယ် ဆိုတော့ ပြထားတဲ့အတိုင်း -

ယနေ့ (၃၈)ကြိမ်မြောက် (၇)ရက် တရားစခန်းသို့ ဝင်ရောက်ပြီးတော့ ကျင့်ကြံပွားများ အားထုတ်ကြတဲ့ ယောဂီသူတော်စင်များက သိက္ခာသုံးပါးနဲ့ ရေတွက်အပ်တဲ့ မြတ်တဲ့အကျင့်ကို ပိဋကတ်သုံးပုံ

ဓမ္မစေတီတော်ကြီးက ညွှန်ပြသည့်အတိုင်း ယနေ့ဝိပဿနာဉာဏ် ပညာပိုင်း ရောက်ရှိလာကြပြီ။

အတ္ထဂမ္ဘီရာနိ= အနက်ကလဲ နက်နဲတယ်၊ ဓမ္မဂမ္ဘီရာနိ= ပါဠိတရားတော်လဲ နက်နဲတယ်၊ ဒေသနာ ဂမ္ဘီရာနိ= ဒေသနာတော်လဲ နက်နဲတယ်၊ ပဋိဝေဓ ဂမ္ဘီရာနိ= ထိုးထွင်း၍ သိစရာတွေကလဲ နက်နဲတယ်၊ သီလက္ခန္ဓ ဘာဇနာနိ= သီလအစုတို့ တည်ရာလဲ ဖြစ်တယ်။ (ပိဋကတ်သုံးပုံသာမရှိရင် သီလအစုတွေ ဘယ်လိုစောင့်ထိန်းရမယ် ဆိုတာ မသိဘူး။) နွားကျောင်းသားဟာ မိမိနွားသိမှ နွားကျောင်းနိုင် သလိုပဲ။

သမာဓိက္ခန္ဓ ဘာဇနာနိ= သမာဓိအစုတို့ရဲ့ တည်ရာလဲ ဖြစ်တယ်၊ ပညာက္ခန္ဓ ဘာဇနာနိ= ဝိပဿနာပညာ မဂ်ပညာ အစုတို့ရဲ့ တည်ရာလဲဖြစ်တယ်၊ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ= အရဟတ္တဖိုလ်တရားစု တို့ရဲ့ တည်ရာလဲဖြစ်တယ်၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ= ပစ္စဝေက္ခဏာဉာဏ်အစုတို့ရဲ့ တည်ရာလဲဖြစ်တယ်၊ အဘိညာ သံဝတ္တ နိကာနိ= အသိထူးလဲ ဖြစ်စေနိုင်တယ်၊ ပရိညာ သံဝတ္တနိကာနိ= ပိုင်းခြား၍ သိမှုလဲ ဖြစ်စေနိုင်ပါတယ်။ (ယောဂီများ အားထုတ်နေကြ တော့ ခွဲဝေပိုင်းခြား သိခွင့်ရတယ်။)

ဉာတ ပရိညာဉ်၊ တီရဏ ပရိညာဉ်၊ ပဟာန ပရိညာဉ်၊ ပရိညာဉ် သုံးမျိုးလည်း ဖြစ်စေနိုင်ပါတယ်။

ဘုန်းကြီးတို့ ဓမ္မစေတီတော်ပိဋကတ်တော်က ပြထားသည့် အတိုင်း ပရိညာဉ် (၃)တန်နဲ့ ပြည့်စုံဖို့ရာ ယခုအားထုတ်နေကြတာပါပဲ။

သမ္ဗောဓ သံဝတ္တနိကာနိ= သစ္စာလေးပါးကိုလဲ သိစေတတ် ပါတယ်၊ သစ္စာလေးပါး သိမှုကိုလဲ ဖြစ်စေတတ်တယ်၊ ဝိရာဂ သံဝတ္တ

နိကာနိ= ရာဂကင်းခြင်းကိုလဲ ဖြစ်စေတတ်တယ်၊ နိရောဓ သံဝတ္တနိကာနိ= ဝဋ်ဒုက္ခ ချုပ်ငြိမ်းခြင်းကိုလဲ ဖြစ်စေတတ်ပါတယ်၊ နိဗ္ဗာန သံဝတ္တနိကာနိ= နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မှန် တွေလဲ ဓမ္မစေတီ ပိဋကတ်တော်ထဲမှာ ရှိနေပါတယ်။ အဲဒီ (၂၃)မျိုးနဲ့ ဆရာတော်ဘုရားကြီးက ဖွင့်ဆိုခဲ့ပြီး ထိုအာဒိ ကလျာဏဂုဏ်အစ နိဗ္ဗာန သံဝတ္တနိကအဆုံး ဂုဏ်တော် (၂၃)မျိုး တို့ရဲ့ ပြည့်စုံတော်မူတဲ့ သုံးပုံပိဋကတ် တရားတော်မြတ်တို့ကို ရှိခိုးပါ၏။

ပထမလယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးလေ့ရှိ တဲ့ သုံးပုံပိဋကတ် ဓမ္မစေတီတော် ဘုရားရှိခိုးကြီး။ ဒီဘုရားရှိခိုးကြီးကို လယ်တီဝိပဿနာအမှတ် (၅)မှာ ထည့်ရှိခိုးဘူးတယ်။ အဂ္ဂမဟာ ပဏ္ဍိတ အရှင်ဂုဏိဿရ မြောင်းမြဆရာတော်က စာအုပ်လက် ဆောင်ရရခြင်း အာဂုံဆောင်လိုက်ကြောင်း အမိန့်ရှိပါတယ်။

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦးစေတီ ယခုအခါ လယ်တီလိုဏ်ဂူလို့ ထင်ရှားတဲ့ဂူမှာ ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ဘုရားကြီး လွန်ခဲ့တဲ့ (၁၀၃)နှစ်က တောထွက်ပြီးတော့ တရား အားထုတ်ခဲ့တယ်။ အဲဒီမှာ အာဟာရဒီပနီကျမ်း၊ သီလဝိနိစ္ဆယကျမ်း များကို ရေးသားခဲ့တယ်။ ဆရာတော်ဘုရားကြီးရဲ့ ပဋိပတ္တိကျင့်စဉ် တရားများ ကျင့်ပွားခဲ့တဲ့ မှတ်တိုင်ကြီးတစ်တိုင် စိုက်ထူခဲ့ပါတယ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သာအေး ဦးဆောင်ပြီးတော့ ဓမ္မစေတီပိဋကတ်တော်များ ကျက်မှတ်တော်မူ ကြတဲ့ အရှင်မြတ်များသီတင်းသုံးဖို့(၁၇)ဧက ကျယ်ဝန်းတဲ့ မြေပေါ်မှာ တည်ဆောက်ပြီး ကျောင်းပေါင်း (၁၇)ကျောင်း တည်ဆောက်ကာ

ပိဋကတ်သုံးပုံ ပြန်ဆိုဖြေကြားတော်မူကြမည့် အရှင်မြတ်များကို ပြုစု ပျိုးထောင်ပေးနေတယ်။ "ဓမ္မပါလ" ကျောင်းတိုက် ဒုတိယပရိယတ္တိ မှတ်တိုင်ကြီး စိုက်ထူထားတာကို တွေ့ခဲ့တယ်။

လွန်ခဲ့တဲ့ (၁၀)ရက်က အဲဒီ ဓမ္မပါလကျောင်းတိုက် နှစ်ပတ်လည်မှာ တရားဟောတော့ ပိဋကတ်သုံးပုံစေတီတော် ဘုရားရှိခိုးကြီး ရိုက်ပြီးတော့ ဝေခဲ့တယ်။ အဲဒီ သုံးပုံပိဋကတ် ဓမ္မစေတီတော် တစ်စုတစ်ပေါင်းထဲ တည်ရှိစေတဲ့နေ့ဟာ ဒီဝါခေါင်လပြည့်ကျော် (၅)ရက် နေ့ပါပဲ။

လွန်ခဲ့တဲ့ ၂၅၄၉ နှစ် နှစ်လနဲ့ ငါးရက်နေ့မှာ သင်္ဂါယနာ တင်ပြီး စောင့်ရှောက်ခဲ့ကြပါတယ်။ အဲဒီ ပထမသင်္ဂါယနာကစပြီး ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌ ထိအောင် သင်္ဂါယနာ(၆)တန် တင်ပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ဓမ္မစေတီတော်တွေ၊ အဲဒီ ဓမ္မစေတီတော်က-

| | | | |
|---|---|---|---|
| အုပ်ရေ (ပါဠိ) | = | ၄၀ | အုပ် |
| စာမျက်နှာ | = | ၁၆၅၇၅ | မျက်နှာ |
| အဋ္ဌကထာ ကျမ်းစာအုပ် | = | ၅၁ | အုပ် |
| စာမျက်နှာ | = | ၁၉၂၂၄ | မျက်နှာ |
| ဋီကာ အုပ်ရေ | = | ၂၆ | အုပ် |
| စာမျက်နှာ | = | ၁၁၄၄၂ | မျက်နှာ |

အဲဒီ သုံးပုံပိဋကတ်ဓမ္မစေတီတော်တွေ မြန်မာ့နယ်မြေပေါ် တည်ရှိနေတဲ့အတွက် မြန်မာ့မြေသည် သာသနာ့နယ်မြေ အဖြစ်နဲ့ တည်ရှိနေတာပါပဲ။ အားလုံးကံကောင်းနေကြတာပါပဲ။ ဒီထက် ထင်ရှားအောင် ပြောမယ်ဆိုရင် မြန်မာပြည်မှာ ရိပ်သာကြီး

(၅၀၀)ခန့်ကို စာသင်တိုက်ကြီးပေါင်း (၁၀၀၀)ခန့်မှာ ရှိကြတဲ့ အရှင်မြတ်များက ဒီပိဋကတ်တော်တွေကို သင်ယူပို့ချပြီး ပဲ့ကိုင်ပေးကြတယ်။

ရိပ်သာကြီးတွေ မှန်မှန်ကန်ကန် တရားအားထုတ်နိုင်ဖို့ စာသင် တိုက်ကြီးတွေက ပဲ့ကိုင်ပေးနေကြတာပါပဲ။ ဒါကြောင့်မို့ ဘုန်းကြီးတို့ရဲ့ လယ်တီဒီပသဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်ရဲ့ ဆောင်ပုဒ်က -

"ပရိယတ်သည် သာသနာ့ရေသောက်မြစ်၊

ပဋိပတ်သည် သာသနာတော်ရဲ့ အနှစ်"၊

"ပဋိပတ်ကျင့်စဉ်သည် ပရိယတ်ခေါ် စာပေက ပဲ့ကိုင်ပေးမှ ဖြောင့်မှန်သည်"။

လယ်တီဒီပသဿနာတရားစခန်းမှာ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့အခါမှာ ပရိယတ်စာပေက ပဲ့ကိုင်ပေးရတယ်။ ဒါမှ ဖြောင့်မှန်တယ်။ အဲဒါကြောင့် ပဋိပတ်ကျင့်စဉ်များသည် ပရိယတ်က ပဲ့ကိုင်ပေးမှ ဖြောင့်မှန်ပါတယ်။

ပရိယတ်စာပေများသည် ပဋိပတ်ကျင့်စဉ်ဖြင့် အမွှန်းတင်ပေးပါမှ တောက်ပပါမည်၊ ဒါဟာ ဘုန်းကြီးတို့လယ်တီဒီပသဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်ရဲ့ မူပါပဲ။ ဒီမူကတော့ မပြောင်းနိုင်ပါဘူး။

**ပဏ္ဍိတော တေပိဋကံ သုတွာဒွေပိ ပူရေတိ။**

ပဏ္ဍိတော= ကြောင်းကျိုးမြင်သိ ပညာရှိသည်၊ တေပိဋကံ= ပိဋကတ်သုံးပုံကို၊ သုတွာ= ကြားနာသင်ယူမှတ်သား၍၊ ဒွေပိ= သာသနာနှစ်ရပ်တို့ကိုလည်း၊ ပူရေတိ= ပြည့်စေနိုင်၏။

ပိဋကတ်သုံးပုံကို သင်ယူမှတ်သားပြီး သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကိုလဲ ပြည့်စုံစေပါတယ်။ ဒါကြောင့် စာသင်တိုက်ကြီးတွေမှာ ပရိယတ်စာပေ သင်ကြားပို့ချနေကြတဲ့ အရှင်မြတ်များလဲ အနှစ်သာရဖြစ်တဲ့ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ် သိက္ခာသုံးပါး အကျင့်တရားများ ထွန်းနောက်ရေပါ နည်းနဲ့ အားထုတ်ကြရတယ်။ သီးခြားလဲပဲ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရတယ်။

လွန်ခဲ့တဲ့ ၂၅၉၄ ခုနှစ်၊ (၂)လနဲ့ (၅)ရက်က ဗုဒ္ဓဘုရား ပွင့်တော်မူပြီး (၄၅)ဝါကာလပတ်လုံး ဟောကြားတော်မူတဲ့ ဒေသနာတွေ၊ တစ်နည်းအားဖြင့် ပင်ပွားပဒေသာပင်တွေ ပေါ်ပေါက်စေခဲ့တယ်။

မြတ်စွာဘုရားက ပင်ပွားပဒေသာပင်တွေ (၄၅)ဝါပတ်လုံး လူ့ပြည်၊ နတ်ပြည် အနှံ့ စိုက်ပျိုးထားခဲ့တာ။ အဲဒီ ပင်ပွားပဒေသာပင် တွေ လူ့ပြည်၊ နတ်ပြည်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ရွာ အသီးသီးမှာ ပြန့်ကျဲနေတဲ့အတွက် အရှင်မဟာကဿပ အစရှိတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေက သာသနာ့ဥယျာဉ်ကြီးထဲမှာ တစ်စု တစ်စည်းတည်းဖြစ်အောင် -

ဒါက သုတ္တန်၊ ဒါ ဝိနည်း၊ ဒါက အဘိဓမ္မာ၊ ဒါက ဒီဃနိကာယ်၊ ဒါက မဇ္ဈိမနိကာယ်၊ ဒါက သံယုတ္တနိကာယ်၊ ဒါက အင်္ဂုတ္တရနိကာယ်၊ ဒါက ခုဒ္ဒကနိကာယ် ဆိုပြီးတော့ သူ့အပုံလေးနဲ့သူ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓအားဖြင့် ၈၄၀၀၀ အက္ခရာတစ်လုံး ဘုရားတစ်ဆူအနေနဲ့ ပြောရလျှင် အောင်စံပြိုး ဟိုးလေးကျော် ဟောနန်းလုံးရေတော်လို့ ဆိုကြသည့် အတိုင်း တစ်ကုဋေ သုံးသန်းကျော်လောက်ရှိတဲ့ မြတ်စွာဘုရားရဲ့

စကားတော်တွေ အဲဒီ စကားတော်တွေ မပျောက်သေးတဲ့အတွက် ဘုန်းကြီးတို့ ယခုလို သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တွေကို ကြိုးစား အားထုတ်ခွင့်ရကြတာပါပဲ။ အဲဒီစကားတော်တွေ သင်အံကျက်မှတ်ထားတဲ့ ရဟန်းရှင်လူတို့ရဲ့ ခန္ဓာအိမ်ဟာလဲ စေတီအိမ်ဖြစ်လာတယ်။

ဒါကြောင့် (၉၈)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ကြိုးစားအားထုတ်ကြတဲ့ ယောဂီသူတော်စင်များ ပင်ပန်းတာက သမထပိုင်း၊ အဲဒီ သမထပိုင်းကို လွန်မြောက်ပြီးလာတဲ့ ဝိပဿနာပိုင်းမှာ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာနဲ့ မိမိတို့သန္တာန်မှာရှိနေတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ် အရှိတရားတွေကို မိမိတို့ရဲ့ အသိဉာဏ်နဲ့မြင်အောင် ထင်အောင် ရှုမြင်ပြီးတော့ အသိဉာဏ် အထွဋ်ထိပ်သို့ ရောက်ရှိနိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**၏**

## နိဂုံးစကား

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်သည်၊ ဝါ= မြတ်စွာဘုရား၏ စကားတော်သည် ပိဋကအားဖြင့် သုံးပုံ၊ နိကာယ် အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ ရသ၏ အစွမ်းဖြင့် တစ်ပါးရှိ၏ စသည်ဖြင့် ခွဲခြားရသည်။ ထို့တွင် ရသ၏ အစွမ်းဖြင့် တစ်ပါးကား "ဝိမုတ္တိရသ"ပင်တည်း။

**ဝိမုတ္တိရသအရ**

ရသ အရသာသည် (၄)မျိုးရှိ၏။ အရသာမျိုးစုံသည် ရသာယတန မည်သည်။

ဖိုလ် (၄)ခု စိတ္တုပ္ပါဒ်သည် အတ္ထရသ မည်သည်။ မဂ် (၄)ခု စိတ္တုပ္ပါဒ်သည် ဓမ္မရသ မည်သည်။ နိဗ္ဗာန်သည် ဝိမုတ္တိရသ မည်သည်။

**"ဝိမုတ္တိ သုခ ပဋိသံ ဝေဒီတိ ဝိမုတ္တိသုခံ ဖလသမာပတ္တိသုခံ ပဋိသံဝေဒိယမာနော နိသိန္နော ဟောတီတိ အတ္ထော"**ဟု ပထမ ဗောဓိသုတ်အဖွင့်၌ကား ဝိမုတ္တိသုခအရ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျှက် နေတော်မူသည်ဟူသော စကားနှင့်အညီ ဝိမုတ္တိအရ ကိလေသာတို့မှ လွတ်ပြီးသော အရဟတ္တဖိုလ်ကို ကောက်ယူရသည်။

အရသာ မဟုတ်သော်လည်း ချိုမြိန်သာယာအပ်သော အနက်သဘောရှိကြသောကြောင့် ဖိုလ်လေးခု စိတ္တုပ္ပါဒ် ဟူသော အတ္တ၊ မဂ်လေးခု စိတ္တုပ္ပါဒ်ဟူသော ဓမ္မ၊ နိဗ္ဗာန်ဟူသော ဝိမုတ္တိတို့သည် "ရသ"အမည်ရကြသည်။ အရသာမျိုးစုံ ရသသည် ပယ်မြစ်အပ်သော ရသဖြစ်သည်။

## ဝိမုတ္တိရသ

ပင်လယ်သမုဒ္ဒရာ၏ အံ့ဖွယ်တို့ကို မဟာရာဒအသုရိန်က လျှောက်ထားရာ၌ သမုဒ္ဒရာ၏ တစ်ခုတည်းသော ဆားငံအရသာရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်၌ သတ္တဝါတို့ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သည့် ကိလေသာတရားဆိုးတို့မှ လွတ်မြောက်ခြင်းဟူသော တစ်ခုတည်းသောအရသာကို တွေ့ကြမြင်ကြသဖြင့် တပည့်သာဝကအားလုံး သာသနာတော်မှာ ပျော်ပိုက်တော်မူကြ၊ ကျေနပ်တော်မူကြသည် ဟူသော သာသနာ့အံ့ဖွယ်တော်တစ်ခုမှာ "ဝိမုတ္တိရသ" ပင်ဖြစ်သည်။

ကိံသုဟဝေ သာဒုတရံ ရသာနံ= အရသာတွေထဲမှာ စင်စစ်အဘယ်အရသာသည် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း

အရသာကောင်းမည်ပါသနည်းဟူသော အာဠဝကေ၏အမေးကို ဖြေဆိုရာ၌ "သစ္စံ ဟဝေ သာဒုတရံ ရသာနံ"ဟု ဖြေကြားတော်မူခဲ့သည်။ "ဖွတ်ဥ လိပ်သဲ နွားနို့ခဲ၊ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လ္ဘက်"ဟု လောကအကောင်း အရသာကို ပြောသကဲ့သို့ မဟုတ်ပဲ၊ မဟုတ်စကား ရှောင်ရှားပယ်ခွာ ဝစီသစ္စာ သည် တစ်နည်းအားဖြင့် ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရား သည် စင်စစ်ဧကန် အမှန်အားဖြင့် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာ အပ်တောင်း အရသာကောင်းမည်လေ၏"ဟု နိဗ္ဗာန်ဟူသော ဝိမုတ္တိ ရသသည် "သာဒုတရ"ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အကောင်းဆုံးအရသာဖြစ်ကြောင်း ဘုရားရှင်၏ အဖြေစကားတော် အရ ထင်ရှားသည်။

## ဝိမုတ္တိ (၂)မျိုး

သုတ်ပါဠိတော်ဝဂ္ဂဋ္ဌကထာနှင့် စဉ်တွဲ၍ ဝိမုတ္တိ (၂)မျိုးကို ပြသသည်။
သုတ်ပါဌေယျ သင်္ဂီတိသုတ် ၄-၃/၁၆၇ ၌ ဝိဇ္ဇာစ ဝိမုတ္တိစ ဟူသော ဒုကကိုဖွင့်ပြသည်။ ဝိမုတ္တိပုဒ်အဖွင့်၌ ဝိမုတ္တီတိ ဒွေ ဝိမုတ္တိယော ဟု ဝိမုတ္တိ (၂)ပါးရှိပုံကို ဖွင့်ပြသည်။ သမာပတ်ရှစ်ပါးတို့ သည် နီဝရဏစသည်တို့မှ ကောင်းစွာလွတ်မြောက်သောကြောင့် အဓိမုတ္တိ မည်၏။ နိဗ္ဗာန်သည် အလုံးစုံသော အကြောင်းတရားတို့ ပြုပြင် စီရင်အပ်သော တရားတို့မှ လွန်မြောက်သောကြောင့် "ဝိမုတ္တိ" မည်၏ဟု ဖွင့်ပြသည်။

**ဝိမုတ္တိ (၅)မျိုး**

ဥဒါနအဋ္ဌကထာ ပထမဗောဓိသုတ်အဖွင့် (၂၉)၌ ဝိမုတ္တိ (၅)မျိုးကို စုံစုံလင်လင် ဖွင့်ပြထားသည်။ ထို့အတူပင် မဟာပဒါနသုတ်အဖွင့်တို့လည်း တွေ့ရှိရသည်။ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ ဟု (၅)မျိုးရှိရာ (၅)မျိုး၏အနက်ကို မဖွင့်မီ ဝိမုတ္တိဟူသောစကား၏ အနက်အဓိပ္ပါယ်ကို ဦးစွာဖွင့်ပြသည်။

လျှူဖွယ်ကို စွန့်လွှတ်လှူဒါန်းခြင်း စသည်တို့ဖြင့် ထိုထိုဂုဏ်အင်္ဂါတို့ဖြင့်လည်းကောင်း၊ နာမ်ရုပ်ကိုပိုင်းခြားခြင်း စသော ဝိပဿနာဆိုင်ရာ အချက်အလက်တို့ဖြင့်လည်းကောင်း၊ ထိုထိုအချက်အလက်မှ မယုတ်လျော့သည်၏ အစွမ်းဖြင့် ဖြစ်နေသမျှ ကာလပတ်လုံး ဆန့်ကျင်ဘက်မှ လွန်မြောက်ခြင်းကြောင့် လွတ်မြောက်ခြင်း ပယ်ခြင်းသည် ဝိမုတ္တိမည်သည်ဟု ဝိမုတ္တိရဲ့အနက်ကို လွန်မြောက်ခြင်း၊ ပယ်ခြင်းဟု ဖွင့်ဆိုသည်။

**တဒင်္ဂ ဝိမုတ္တိ**

ဒါနဖြင့် မစ္ဆရိယ လောဘ စသည်မှ လွန်မြောက်ခြင်း၊ သီလဖြင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း စသည်မှ လွန်မြောက်ခြင်း၊ နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိမှ၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အကြောင်းမဲ့ဖြစ်ခြင်း၊ မညီညွတ်သော အကြောင်းကြောင့် ဖြစ်ခြင်းမှ၊ ကင်္ခါဝိတရဏဉာဏ်ဖြင့် သို့လော သို့လော တွေးတောယုံမှားခြင်းမှ၊ ရုပ်နာမ်အစုအဝေး သုံးသပ်ခြင်းဖြင့် ငါ, ငါ၏ဥစ္စာ ဟူသော စွဲလမ်းခြင်းမှ၊ လမ်းစဉ် ဟုတ်သည်၊ မဟုတ်

သည်ကို ခွဲခြားသိခြင်းဖြင့် လမ်းစဉ်အမှားကို အမှန်ဟုထင်မှတ်ခြင်းမှ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံရှုခြင်းဖြင့် ဉစ္ဆေဒဒိဋ္ဌိမှ၊ အပျက်ကိုရှုခြင်းဖြင့် သဿတဒိဋ္ဌိမှ၊ ကြောက်ဖွယ်ဘေးကို ရှုခြင်းဖြင့် ကြောက်ဖွယ်ကို ပျော်ဖွယ်ဟု ထင်မှတ်ခြင်းမှ၊ ရုပ်နာမ်တို့၏အပြစ်ကို ရှုပွားခြင်းဖြင့် သာယာဖွယ်ဟူသော အမှတ်သညာမှ၊ ငြီးငွေ့ဖွယ်ဟု ရှုခြင်းဖြင့် ကြောက်ဖွယ်၌ ပျော်နေခြင်းမှ၊ လွတ်လိုလှ၍ ကျင့်ကြံခြင်းဖြင့် ကျွတ်ဆု လွတ်ဆု မလိုလားမှုမှ၊ လျစ်လျူရှုခြင်းဖြင့် လျစ်လျူမရှုခြင်းမှ မဂ်တရား အားလျော်သော ရှုပွားခြင်းဖြင့် တရားသဘောအမှန် နိဗ္ဗာန်၌ ဆန့်ကျင်ခြင်းမှ၊ ပုထုဇဉ်အနွယ်ကိုဖြတ် အရိယာဇာတ် ကူးတော့မည့် ဂေါတြဘုဉာဏ်ဖြင့် သင်္ခါရနိမိတ်မှ လွတ်မြောက်ခြင်းများသည် **"တဒင်္ဂဝိမုတ္တိ"** မည်၏။

ထို့ပြင် မဟာဝဂ္ဂ-၌-၌ အနိစ္စာနုပဿနာ စသော အနုပဿနာဉာဏ် (၇)ပါးတို့သည် ကိုယ်တိုင် ထိုထိုတရား၏ ဆန့်ကျင်ဘက် အချက်အလက်၏အစွမ်းဖြင့် စွန့်လွှတ်နိုင်တဲ့ မြဲ၏ဟူသော အမှတ်သညာ စသည်တို့မှ လွန်မြောက်သည်၏ အဖြစ်ကြောင့် "တဒင်္ဂဝိမုတ္တိ" မည်ကြ၏။

သမာပတ်ရှစ်ပါးတို့သည် မိမိဈာန်စွမ်းအားဖြင့် ခွာထုတ်အပ်ကုန်သော နီဝရဏ စသည်တို့မှလည်းကောင်း၊ ဝိတက်စသော ဆန့်ကျင်ဘက်တရားတို့မှလည်းကောင်း လွန်မြောက်သောကြောင့် "ဝိက္ခမ္ဘနဝိမုတ္တိ" မည်ကြ၏။

အရိယာမဂ် (၄)ပါးတို့သည် မိမိတို့ဖြတ်တောက်အပ်ကုန်သော ကိလေသာတို့မှ လွန်မြောက်သောကြောင့် "သမုစ္ဆေဒဝိမုတ္တိ" မည်ကြ၏။ အရိယာဖိုလ် (၄)ပါးတို့သည် မဂ်၏အစွမ်းဖြင့် ကိလေသာ

တို့မှ ငြိမ်းချမ်းသည်၏အဆုံး၌ ဖြစ်တတ်သောကြောင့် ပဋိပဿဒ္ဓိ ဝိမုတ္တိ မည်ကြ၏။

နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့မှ ထွက်မြောက် ကင်းကွာ၍ အဝေး၌တည်သောကြောင့် "နိဿရဏဝိမုတ္တိ" မည်၏။ ဤ(၅)မျိုးသော ဝိမုတ္တိဂုဏ်တို့ဖြင့် ဘုရားရှင်တို့ကို ချီးကျူးပူဇော်ထား သည်။ ကြည်ညိုဖွယ် ဖြစ်သည်။

## ဝိမုတ္တာယတန (၅)မျိုး

ဝိမုတ္တိ+အာယတန ဟု ပုဒ်ခွဲ၍ ဝိမုတ္တိခေါ် လွတ်မြောက်ရေး အတွက် အကြောင်း (၅)မျိုးကို ဟောတော်မူထား၏။ ဝိမုတ္တိကို ရလိုသူတိုင်း အာယတနခေါ် အကြောင်းတရားတို့ကို ဖြည့်ဆည်းပူး ရန် လိုအပ်သည်။ အကြောင်း (၅)မျိုးကား -

၁။ ဤသာသနာတော်၌ ရဟန်းတစ်ပါးအား ဘုရားရှင် သို့မဟုတ် လေးစားလောက်သော သီတင်းသုံးဖော်တစ်ပါးပါးက တရားဟောတယ်။ အဲဒီ ဟောတရားအပေါ် ပါဠိကို သိတယ်။ ပါဠိကို အနက်ကိုသိတယ်။ အဲဒီလို ပါဠိအနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ်ဆိုက်ရာကို သိသောရဟန်းအား) နုနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသောသူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၂။ နောက်ရဟန်းတစ်ပါးက မိမိကြားဖူး သိဖူးသော တရားကို သူတစ်ပါးတို့အား အကျယ်တဝင့်ဟော၏။ အဲဒီ ဟောတရားအပေါ်

ပါဠိကို သိတယ်။ ပါဠိကို အနက်ကိုသိတယ်။ အဲဒီလို ပါဠိအနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ်ဆိုက်ရာကို သိသောရဟန်းအား) နုနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသောသူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၃။ နောက်တစ်ပါးက မိမိကြားဖူး သင်ဖူးသော တရားကို အကျယ်တဝင့် ရွတ်အံသရဇ္ဈာယ်၏။ အဲဒီ ဟောတရားအပေါ် ပါဠိကို သိတယ်။ ပါဠိကို အနက်ကိုသိတယ်။ အဲဒီလို ပါဠိအနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ်ဆိုက်ရာကို သိသောရဟန်းအား) နုနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသောသူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၄။ နောက်ရဟန်းတစ်ပါးက မိမိသင်ဖူး ကြားဖူးသော တရားကို စိတ်ဖြင့် ဆင်ခြင်သုံးသပ်၏။ နှလုံးသွင်းဆင်ခြင်၏။ အဲဒီ ဟောတရား အပေါ် ပါဠိကို သိတယ်။ ပါဠိကို အနက်ကိုသိတယ်။ အဲဒီလို ပါဠိ အနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ် ဆိုက်ရာကို သိသောရဟန်းအား) နုနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသော

သူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၅။ နောက်ရဟန်းတစ်ပါးက သမထကမ္မဋ္ဌာန်း (၃၈)မျိုးထဲမှ တစ်မျိုးမျိုးသော ကမ္မဋ္ဌာန်းကို ဆရာထံမှ ကောင်းစွာသင်ယူ ကောင်းစွာနှလုံးသွင်း ကောင်းစွာဆောင်၍ ပညာဖြင့် ကောင်းစွာ မျက်မှောက်ပြု ထိုးထွင်းသိ၏။ ဆိုင်ရာဆိုင်ရာ ပါဠိအနက်ကို သိသော ထိုရဟန်းအား နုနယ်သောပီတိ အားကြီးသောပီတိဖြစ်၍ နာမကာယ ငြိမ်းအေး၏။ ချမ်းသာကို ပွားစေ၏။ ချမ်းသာသောသူ၏ စိတ်သည် အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်၏ဟု ဝိမုတ္တိရရန် အခြေခံ အကြောင်း (၅)ချက်တို့ကို ဟောကြားသည့်အတိုင်း လယ်တီဝိပဿနာ အမှတ် (၁၀)၌ ဝိမုတ္တိရသ ရရှိရန် အခြေခံအကြောင်းအရာတို့ကို ညွှန်ပြထားသည်ကို တွေ့ရှိရမည်။

## ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး

ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုးကို ဟောတော်မူရာ အဖွင့် အဋ္ဌကထာ၌ ဝိမုတ္တိ ဝုစ္စတိ အရဟတ္တံ ပါရှိသဖြင့် ဤနေရာ၌ ဝိမုတ္တိအရ အရဟတ္တဖိုလ်ကို ကောက်ယူပြီး အရဟတ္တဖိုလ်ကို ရင့်သန်စေတတ်သော သညာတရား (၅)မျိုးကို ဟောကြားခဲ့သည်။ သညာ (၅)မျိုးကား-

အနိစ္စသညာ- အနိစ္စဟု ရှုမှတ်သောဉာဏ်၌ဖြစ်သော သညာ၊

အနိစ္စေ ဒုက္ခ သညာ- အနိစ္စရုပ်နာမ်အပေါ် ဒုက္ခဟု ရှုမှတ်သော ဉာဏ်၌ဖြစ်သော သညာ၊

ဒုက္ခေ အနတ္တ သညာ- ဒုက္ခရုပ်နာမ်အပေါ် အနတ္တဟု ရှုမှတ်သော ဉာဏ်၌ဖြစ်သော သညာ၊

ပဟာန သညာ- ပယ်ရမည့်တရားဟု အဖန်ဖန် ရှုပွားသော ဉာဏ်၌ဖြစ်သော အမှတ်သညာ၊

ဝိရာဂ သညာ- တပ်မက်ဖွယ်ကင်းအောင် ရှုမှတ်သောဉာဏ် ၌ ဖြစ်သော အမှတ်သညာ တို့တည်း။

## ဘုရားရှင်၏ တိုက်တွန်းချက်

ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဖွယ်ကောင်းသော အာရာမ် တော မြေ ရေကန် တို့သည် အနည်းငယ်မျှ ရှိကြသည်။ မြေကြမ်း၊ ရေကြမ်း၊ ဆူးငြောင့်ခလုတ်တို့သာ များသကဲ့သို့ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ခံစားရရှိသူတို့ နည်းပါးပြီး ထိုရသတို့ကို မခံစား မရရှိသူ တို့သာ များကြသောကြောင့် ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ ဟု မြတ်ဘုရား တိုက်တွန်းတော်မူသည်။ "ငါတို့သည် အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ကို ရရှိခံစားနိုင်သူများ ဖြစ်ကြကုန်အံ့"ဟု ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြလေဟု တိုက်တွန်းချက်အတိုင်း ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်များ ဟောပြောသင်ကြား ပို့ချ၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ညွှန်ကြားပြသရာ ဤလယ်တီဝိပဿနာ အမှတ်(၁၀)လာရှိ ပရိယတ္တိ တရားစာပေတို့အတိုင်း လိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ တို့ကို ရယူနိုင်ပါစေဟု ပတ္ထနာပြုအပ်ပါသတည်း။

**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**

(၁၀-၁၀-၂၀၀၇)

*"Wherever the Buddha's teachings have flourished,*

*either in cities or countrysides,*

*people would gain inconceivable benefits.*

*The land and people would be enveloped in peace.*

*The sun and moon will shine clear and bright.*

*Wind and rain would appear accordingly,*

*and there will be no disasters.*

*Nations would be prosperous*

*and there would be no use for soldiers or weapons.*

*People would abide by morality and accord with laws.*

*They would be courteous and humble,*

*and everyone would be content without injustices.*

*There would be no thefts or violence.*

*The strong would not dominate the weak*

*and everyone would get their fair share."*

~THE BUDDHA SPEAKS OF
THE INFINITE LIFE SUTRA OF
ADORNMENT, PURITY, EQUALITY
AND ENLIGHTENMENT OF
THE MAHAYANA SCHOOL~

With bad advisors forever left behind,
From paths of evil he departs for eternity,
Soon to see the Buddha of Limitless Light
And perfect Samantabhadra's Supreme Vows.

The supreme and endless blessings
of Samantabhadra's deeds,
I now universally transfer.
May every living being, drowning and adrift,
Soon return to the Pure Land of Limitless Light!

**✻ The Vows of Samantabhadra ✻**

I vow that when my life approaches its end,
All obstructions will be swept away;
I will see Amitabha Buddha,
And be born in His Western Pure Land of
Ultimate Bliss and Peace.

When reborn in the Western Pure Land,
I will perfect and completely fulfill
Without exception these Great Vows,
To delight and benefit all beings.

**✻ The Vows of Samantabhadra Avatamsaka Sutra ✻**

# DEDICATION OF MERIT

May the merit and virtue
accrued from this work
adorn Amitabha Buddha's Pure Land,
repay the four great kindnesses above,
and relieve the suffering of
those on the three paths below.
May those who see or hear of these efforts
generate Bodhi-mind,
spend their lives devoted to the Buddha Dharma,
and finally be reborn together in
the Land of Ultimate Bliss.
Homage to Amita Buddha!

**NAMO AMITABHA**

**南無阿彌陀佛**

《緬甸文：LALTI VIPASSANA 内觀禪修 第九冊》

財團法人佛陀教育基金會 印贈

台北市杭州南路一段五十五號十一樓

Printed and donated for free distribution by

**The Corporate Body of the Buddha Educational Foundation**

11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.

Tel: 886-2-23951198 , Fax: 886-2-23913415

Email: overseas@budaedu.org

Website:http://www.budaedu.org

**This book is strictly for free distribution, it is not for sale.**

ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

Printed in Taiwan

3,000 copies; June 2010

BU219 - 8619